# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရှမ်းပြည်နယ်လွှတ်တော်

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေးမှတ်တမ်း

၁၃၈၈ ခု၊ နယုန်လပြည့်ကျော် (၁၀) ရက်နေ့မှ (၁၃) ရက်နေ့အထိ

(၂၀၂၆ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့မှ ဇွန်လ (၁၂) ရက်နေ့ထိ)

# တတိယအကြိမ်

# ရှမ်းပြည်နယ်လွှတ်တော်

# ဒုတိယပုံမှန်

# အစည်းအဝေး

# မှတ်တမ်း

# ရှမ်းပြည်နယ်
# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| **(က)** | **ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ မှတ်တမ်း** | |
| (၁) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ | ၁ |
| (၂) | ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ | ၂ |
| (၃) | ပြည်နယ်လွှတ်တော်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း။ | ၂ |
| (၄) | အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ | ၃ |
| (၅) | ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း။ | ၅ |
| (၆) | ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- | ၉ |
| | (က) ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)၏ | ၁၀ |
| | (၁) **"ရှမ်းပြည်နယ်အတွင်း နေထိုင်ကြသည့် ဒေသခံများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားအိမ်တွင်းမှုလုပ်ငန်းများအတွက် ချေးငွေလိုအပ်လျှင် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေမတည်ပေးနိုင်ရေးအတွက် မည်သည့်ဌာနများတွင်မည်သို့ လျှောက်ထားရယူနိုင်မည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ | |

(၂) **“မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ နောင်လေကျေးရွာအား လျှပ်စစ်မီးသွယ်တန်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၂

(၃) **“ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ဝမ်တာခတ်ကျေးရွာအုပ်စု၊ နားကောက်ကျေးရွာ၏ မြောက်ဘက်ခြမ်းတွင် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန်ဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိနှင့် စီမံချက်များရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃

(ခ) ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **“နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထားရသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် အခြားပစ္စည်းများကို အချိန်တိုအတွင်း လေလံတင်ရောင်းချသွားရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄

(ဂ) ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)

(၁) **“ပုံပါကျင်မြို့ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးထွက်ကုန်၊ ဓာတ်မြေဩဇာများနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အခွန်ကင်းလွတ်ခွင့်ပြုရန် သို့မဟုတ် လျှော့ချပေးရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၉

(၂) **“ပုံပါကျင်မြို့အတွင်းရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ပစ္စည်းများတင်သွင်းရန်နှင့် ပြည်ပမှ ကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များ ခေါ်ယူမှုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀

(ဃ) ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“မက်မန်းမြို့ပေါ်ရှိ မင်းသုခလမ်းအရှည် (၁၀၄၀)ပေ ရှိသော မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂

(၂) **“မက်မန်းမြို့ပေါ်ရှိ အနောက်မြို့ပတ်လမ်း အရှည်(၁၆၂၄) ပေအား မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃

( င ) ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်ကျေးရွာအုပ်စု၊ နောင်ဆာကျေးရွာ၊ ဟွေပုံ(အထက်)ကျေးရွာ၊ ဟွေပုံ(အောက်)ကျေးရွာ၊ ပါခါးကျေးရွာနှင့် ကောင်းပျက်ကျေးရွာ ချင်းဆက်လမ်းပေါ်ရှိ နမ့်ခပ်ချောင်းကူးတံတားအား ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ရှိပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၆

(၂) **“ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ တာလုတာလေကျေးရွာအုပ်စု၊ မိုင်းဝကျေးရွာမှ တာလုံး - ဝမ်ပုံ - တာလေ - လိုင်ကန်ကျေးရွာတို့နှင့် ဆက်သွယ်ထားသော မြေသားလမ်းဖောက်လုပ်ရန် ကျန်ရှိသည့် (၈)မိုင်အား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၇

( စ ) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကွန်ဟိန်းမြို့ရှိ ဌာနဆိုင်ရာ ဝန်ထမ်းများအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အတွင်း ကျန်ရှိသည့်မြေပေါ်တွင် RC(၄)ခန်းတွဲ (၄)ထပ်၊ ဝန်ထမ်းအိမ်ရာ(၁)လုံး ထပ်မံတည်ဆောက်ပေးနိုင်ရန်”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၂၉

(၂) **“နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်အတွင်းရှိ သစ်တော ကြိုးဝိုင်း/ ကြိုးပြင်တောများအတွင်း ကျရောက်လျက်ရှိသည့် ကျေးရွာအုပ်စုများအား ၂၀၁၃ခုနှစ်တွင်ဆောင်ရွက်ခဲ့သော ဆိုင်ရာပိုင်ခွင့်ကောက်ခံရေးစီမံချက်ကဲ့သို့ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်”** နှင့် စပ်လျဉ်း သည့်မေးခွန်း။ ၃၀

(ဆ) ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **“ရှမ်း ပြည်နယ်တွင် ပညာရေးဝန်ထမ်းများ မလုံလောက်ပါသဖြင့် ၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာရေးဝန်ထမ်းများ ခန့်ထားမှု၊ လစ်လပ်ဝန်ထမ်းဦးရေနှင့် မည်ကဲ့သို့ဖြည့်ဆည်း ခန့်ထားပေးမည်ကို သိရှိလိုပါသည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၃၈

( ဇ ) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“မိုင်းတုံမြို့နယ်၊ ဟိုပန်ကျေးရွာအုပ်စု၊ အောင်ချမ်းသာ ကျေးရွာတွင် လမ်းအရှည် (၄၀၀)ပေ၊ အကျယ်(၁၂)ပေအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းခင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ”**နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၀

(၂) **“မိုင်းတုံမြို့နယ်၊ မိုင်းကန်ကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာ တွင် အလျား(၅၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့်(၁၂)ပေရှိသော ခန်းမ(၁)ဆောင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၁

(ဈ) ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ၏

(၁) **“လဲချားမြို့နေ ပြည်သူလူထုများအတွက် မြို့တွင်းရေချောင်းများ ရေပြန်လည်ရရှိရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၂

(၂) **“လဲချားမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများအားရာသီမရွေးဆက်သွယ်သွားလာနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၅

(ည) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **“ရှမ်းပြည်နယ်အတွင်းရှိ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့်မော်တော်ဆိုင်ကယ်များကို ဒေသတွင်း အထူးအခွန်နှုန်းထား သို့မဟုတ် မှတ်ပုံတင်သတ်မှတ်ချက်တစ်ခုခုဖြင့် သတ်မှတ်ကာလတစ်ခုအတွင်း တရားဝင်လိုင်စင်ပြုလုပ်ပေးရေး ရှမ်းပြည်နယ်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၄၇

(၇) ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတို့၏ ကော်မတီဝင်ဦးရေ ပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်၏သဘောတူညီချက်ရယူခြင်း။ ၅၃

(၈) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၅၄

(၉) ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၅၆

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၅၉

(၁၁) စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၆၁

(၁၂) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၆၅

**( ခ) ဒုတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ မှတ်တမ်း**

(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။ ၆၇

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။ ၆၇

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကြေညာခြင်း။ ၆၈

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ ၆၈

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ် အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၇၀

(က) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းရှိ ဝိန်းလုံ- နားပေါင်း - ဝမ်တုံ - နားကျိုင်း - လုံစန်းကျေးရွာ လမ်းပေါ်ရှိ ကျောက်ကြမ်းလမ်းမကြီးအား အဆင့်မြှင့်တင်ပေးနိုင် ရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၀

(ခ) ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"ကျောက်မဲခရိုင်၊ သီပေါမြို့နယ်အတွင်းရှိ နမ့်အွန် - ကုန်းညလမ်းပိုင်း ကျောက်ခင်းလမ်း (၄)မိုင်၊ အကျယ် (၁၂)ပေအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၃

(၂) **"ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ မိုးတေကျေးရွာအုပ်စု၊ မိုးတေကျေးရွာ၏ သီပေါ - နမ္မတူလမ်းမကြီးမှ ရွာအတွင်းသို့ သွားသည့် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၇၄

(ဂ) ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်း ရပ်ကွက်၊ ကားကြီးကွင်း မဟာဗန္ဓုလ(ကမ်းနား)လမ်းတွင် ပြုပြင်ရန်ကျန်ရှိသည့် လမ်းအရှည်(၁၃၄၀)ပေကို ကွန်ကရစ် လမ်းအဖြစ်အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၇၆

(၂) **"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်း ရပ်ကွက်ရှိ ပုလဲလမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၇

(၃) **"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်နှင့် မိုင်းဆတ်ခရိုင်၊ မိုင်းဆတ် မြို့နယ်တို့ကို ဆက်သွယ်ထားသော မိုင်းပျဉ်း - မိုင်းပုအွန် - မိုင်းဆတ်မြို့နယ်ချင်းဆက်လမ်းများရှိသည့်အနက် ယမ်းမိုင် ရွာမှ မိုင်းပုအွန်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော လမ်းအရှည် (၁၃)မိုင်အား ကတ္တရာလမ်းအဖြစ် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၇၉

(ဃ) ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၏

(၁) **"လွိုင်လင်ခရိုင်၊ လဲချားမြို့တွင် မီးသတ်ဦးစီးဌာနအတွက် လိုအပ်သော ပစ္စည်းကိရိယာများကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၈၁

(၂) **"လွိုင်လင်ခရိုင်၊ လဲချားမြို့ရှိ မြို့နယ်စည်ပင်သာယာရေး ဌာနအတွက် လိုအပ်နေသော အမှိုက်သိမ်းယာဉ်(၁)စီး ဖြည့်ဆည်းနိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၂

(၃) **"လွိုင်လင်ခရိုင်၊ လဲချားမြို့တွင် မြို့နယ်စည်ပင်သာယာရေး ဌာနမှ လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာ၌ မြို့နယ် အတွင်း အခွန်ကောက်ခံရရှိမှု နည်းပါးသောကြောင့် မြို့အင်္ဂါရပ်နှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၈၃

(င) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၏ **"ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ရှမ်းပြည်နယ်သို့ စက်သုံးဆီ များအား သတ်မှတ်ချက်များနှင့်အညီ သယ်ယူပို့ဆောင်ရာတွင် ဒေသန္တရ ထောက်ခံချက်များ မလိုအပ်ဘဲ ထပ်မံတောင်းခံနေ ခြင်းကြောင့် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်နေခြင်းအတွက် ပြည်သူများထံ ဆီဈေးနှုန်း တည်ငြိမ်စွာဖြင့် အချိန်မီဖြန့်ဖြူးပေး နိုင်ရေး မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၈၇

(စ) ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စု၊ နမ့်ခတ်ကျေးရွာတွင် ဆိုလာမီး(၅၈)စုံ ရရှိရေးအတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၃

(၂) **“မိုင်းခတ်မြို့နယ်၊ ကျိုင်းတုံ - မိုင်းခတ် - မိုင်းပေါက် လမ်းပိုင်းနှင့် မိုင်းနွန်း - ပါပွန်း - တုံဖကော်ကျေးရွာအုပ်စု များသို့ ဆက်သွယ်ထားသော လမ်းပိုင်းပေါ်ရှိ မိုင်တိုင် (၁၇.၅)KM နှင့် (၁၉)KM ကြားလမ်းအား ကွန်ကရစ်ခင်း ပေးခြင်းနှင့် မြေထိန်းနံရံဆောက်လုပ်ခြင်းအား ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ / မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၅

(ဆ) ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **“မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်လျက်ရှိသော ဘက်စုံသုံး ခန်းမနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၇

(ဇ) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **“မိုင်းတုံမြို့နယ်၊ မိုင်းဟန်ကျေးရွာအုပ်စု၊ နားကောင်းမူ အပိုင်း (၄)ရပ်ကွက်ရှိ နားကောင်းမူ နာရီလမ်းသွယ် မြေသားလမ်း အရှည်(၃၅၀၀)ပေ၊ အကျယ်(၁၂)ပေအား ကွန်ကရစ်လမ်းခင်း ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၉၉

(ဈ) ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **“မိုင်းတုံခရိုင်၊ မုံးထမြို့နယ်ခွဲ၊ ခိုင်းလုံပုံမိုင်းဒေသတွင် ဆက်သွယ်ရေးတာဝါတိုင်များ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၀

(ည) ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **“မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်၊ ဖာချယ်ကျေးရွာရှိ နမ့်ဟောင်ချယ် တူးမြောင်းအတွင်းရှိ သဲနုန်းများအား အချိန်မီတူးဖော်ပေးနိုင်ရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၃

(ဋ) ဦးစိုင်းအောင်မြင့်၊ နားဖန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **“နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ထပ်နေသူများ၏ နိုင်ငံသား အခွင့်အရေး မဆုံးရှုံးစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သို့ဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၀၆

(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၁၀

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီလျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၁၂

(၈) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။ ၁၁၄

(၉) စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြား ရှင်းလင်းခြင်း။ ၁၁၆

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေး ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည် စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း။ ၁၂၂

(၁၁) တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၁၂၄

(၁၂) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး တတိယနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၂၀

## (ဂ) ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ မှတ်တမ်း


(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ ၁၃၂

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ ၁၃၂

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း။ ၁၃၂

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ ၁၃၃

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၁၃၅

(က) ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **“ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ကတ်ဖကျေးရွာအုပ်စုအတွင်းရှိ ယန်းကုန်း - ကတ်ဖလမ်းအား ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတား(၂)စင်းကို ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၆

(ခ) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားခြင်းလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်ပွင့်လင်းမြင်သာအောင် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၃၈

(၂) **“ရပ်စောက်မြို့နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဖြန့်ဖြူးရောင်းချမှုများကို ထိရောက်စွာတားဆီးနှိမ်နင်းရန်နှင့် ကွင်းဆက်များ ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၂

(ဂ) ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"မိုင်းတုံခရိုင်အတွင်း လျှပ်စစ်မီး အမြန်ဆုံးရရှိသုံးစွဲနိုင်ရေးအတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းရေးဆွဲဆောင်ရွက်ပေးရန် အစီအစဉ် ရှိ / မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၄၇

(၂) **"မိုင်းတုံခရိုင်အတွင်းရှိ မိုင်းတုံ - ပုံပါကျင်လမ်းမကြီး အရှည်(၃၄)မိုင်နှင့် နားကောင်းမူ - မုံးကျွတ်လမ်းမကြီး အရှည် (၂၆)မိုင်လမ်းများအား တစ်ဖက်(၃)ပေခန့် တိုးချဲ့၍ လမ်းအကျယ်(၁၈)ပေဖြင့် ဘေးကင်းစွာသွားလာနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၄၈

(ဃ) ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ဟိုပုံးမြို့နယ်အတွင်းရှိ ထမ့်စန်း - ကျောက်တန်း- ဖက်နမ်- ပင်လုံ လမ်းအကျယ်(၁၂)ပေအား (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ရန် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၂

(င) ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စုရှိ ယန်းမိုင်(လားဟူ) ရွာတွင် သောက်သုံးရေရရှိရေးအတွက် ရေထွက်မှ ကျေးရွာအရောက် ၁၆၉၀၀ ပေအတွက် ၂" PVC ပိုက်အချောင်း (၁၃၀၀)နှင့် ဂါလန် ၁၅၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ပေးရန် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၅

(၂) **"ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာရှိ လယ်ယာသွားလမ်းအား ကုန်ထုတ်လမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ပါရန်၊ (Box Culvert)(၂)စင်းနှင့် ရေကျော်မြောင်း (၂)ခုအား ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ / မရှိ"** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၅၆

(စ) ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ် (၂)၏

(၁) **"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ ဝမ်ကန်စံပြ ကျေးရွာအနောက်ဘက် လယ်ယာလုပ်ငန်းခွင်သို့ သွားသောလမ်းအား ကတ္တရာလမ်းသို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် လာမည့်ဘဏ္ဍာရေးနှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၈

(၂) **"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ နားကျောင်းကျေးရွာအုပ်စုရှိ နားကျောင်း(၂)ရွာနှင့် မယ်ပီရွာတို့ကို ဆက်သွယ်ထားသော လမ်းအရှည်(၁၀)မိုင်အား မြေသားလမ်းအဖြစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၅၉

(ဆ) ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၏

(၁) **"လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၁

(၂) **"လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ လဲချား - မိုင်းနောင်-မိုင်းကောင်လမ်းသည် ကျဉ်းမြောင်းနေပါသဖြင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေး မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၂

(၃) **"လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ တတ်မောက်ကျေးရွာအုပ်စုနှင့် ဝမ်လေ ကျေးရွာအုပ်စုသို့ ဆက်သွယ်သွားလာနိုင်သည့် အရှည်(၅၀)ပေရှိ တံတား(၁)စင်းအားဆောက်လုပ်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၃

(ဇ) ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **“ကွန်ဟောင်းကြီးရွာလမ်းအား မြေသားလမ်းမကြီးမှ ကျောက်ချော လမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၆၇

(ဈ) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **“ကျိုင်းလွန်းကျေးရွာနှင့် ဝမ်လောကျေးရွာတို့တွင် ဆက်သွယ်ရေး တာဝါတိုင်(၂)တိုင် တည်ဆောက်ပေးနိုင်ပါရန်”** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၁၆၉

(ည) ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **“တန့်ယန်းခရိုင်၊ မိုင်းရယ်မြို့နယ်၊ နားခိုကျေးရွာအုပ်စုရှိ စကားဝါလမ်းသွယ်(၁) မြေသားလမ်းအရှည်(၁)မိုင်ခွဲ၊ လမ်း အကျယ်(၁၂)ပေအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့် မေးခွန်း။ ၁၇၃

(ဋ) ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“သီပေါမြို့နယ် နမ့်မော်ဆွေ - မန်ကျောင်းလမ်းပိုင်း လမ်းအရှည် (၁၈)မိုင် အကျယ်(၃၀)ပေရှိ ကျောက်ချော လမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၁၇၅

(၂) **“ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လွယ်ကူစွာဆောင်ရွက် နိုင်ရေး မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်”** နှင့် စပ်လျဉ်းသည့်မေးခွန်း။ ၁၇၆

(၆) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏အတည်ပြုချက်ရယူ ခြင်းနှင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၈၀

(၇) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ် ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ လျာထားချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တရားဥပဒေ စိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေး ကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၁၈၁

(၈) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ် လွှတ်တော်သို့ တင်ပြခြင်း။ ၁၈၃

(၉) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။ ၁၈၅

(၁၀) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြ ခြင်း။ ၁၉၁

(၁၁) သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြား ရှင်းလင်းခြင်း။ ၁၉၂

(၁၂) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။ ၁၉၈

**(ဃ) ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ မှတ်တမ်း**


(၁) ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း။ ၂၀၀

(၂) ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာခြင်း။ ၂၀၀

(၃) ပြည်နယ်လွှတ်တော်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း။ ၂၀၀

(၄) အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။ ၂၀၁

(၅) ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း- ၂၀၃

(က) ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“မိုင်းတုံမြို့နယ်၊ နမ့်တုံချောင်းအားမူလချောင်းဟောင်းအတိုင်း ပြန်လည်စီးဆင်းနိုင်ရေး ပြုလုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၃

(၂) **“မိုင်းတုံမြို့နယ်၊ လွယ်ခမ်းလုံကျေးရွာအုပ်စု၊ ပန်ပြတ်ရွာသည် မိုင်းတုံ - မိုင်းဆတ် မြို့နယ်ချင်းဆက် ကျောက်ကြမ်းလမ်းပေါ်တွင်ရှိပြီး ၎င်းကျောက်ကြမ်းလမ်းအရှည် (၄၀၀)ပေ၊ အကျယ်(၁၂)ပေအား ကွန်ကရစ်လမ်းသို့မဟုတ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၅

(ခ) ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **“လွိုင်လင်ခရိုင်၊ လဲချားမြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိနေသော မြို့မကျေးရွာအုပ်စုအား မြို့အဆင့်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၀၇

(၂) **"လဲချားမြို့နယ်အတွင်း ဝမ်ထီကျေးရွာအုပ်စုရှိ အရှည် (၁၀)ပေ၊ အကျယ် (၉)ပေ၊ အနက် (၅)ပေရှိ စလိုင်း - ဖာဝေါင်တံတား၊ အရှည်(၁၀)ပေ၊ အကျယ် (၈)ပေ၊ အနက် (၅)ပေရှိ စလိုင်း - နောင်ကျိုင်းတံတားနှင့် အရှည်(၁၂)ပေ၊ အကျယ်(၉)ပေ၊ အနက်(၆)ပေရှိ ဖာဝေါင် - နောင်ကျိုင်းတံတား (၃)စင်းတို့အား ဆောက်လုပ်ပေးရန်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၀

(ဂ) ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)၏

(၁) **"ရပ်စောက်မြို့နယ်အတွင်း မြို့ရှောင်လမ်း အရှည် ၁၁ မိုင် ၆ ဖာလုံအား ကတ္တရာ သို့မဟုတ် ကွန်ကရစ်လမ်း အဖြစ် အဆင့်မြှင့်တင်ပေးရန် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၁၁

(၂) **"ရပ်စောက်မြို့နယ်အတွင်း ကျေးရွာ(၁၂)ရွာရှိ အခြေခံ ပညာကျောင်းများတွင် လိုအပ်နေသော ဆရာ/ ဆရာမ များကို ယခုပညာသင်နှစ်အတွင်း အရေးပေါ်အစားထိုး ဖြည့်တင်းခန့်ထားပေးရန် မည်သို့စီမံဆောင်ရွက်ပေး မည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၁၆

(ဃ) ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏

(၁) **"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ဖာခမ်းကျေးရွာ အုပ်စုရှိ ကျေးရွာများသို့ သွားလာရေးလွယ်ကူစေရန် အရှည်ပေ(၁၀၀)ရှိသည့် ကြိုးတံတား ဆောက်လုပ် ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၀

(၂) **"ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ ဝမ်တာခတ်ကျေးရွာ အုပ်စု၊ ဝမ်တာခတ်ကျေးရွာဘုန်းကြီးကျောင်းအနီးရှိ တောင်ထိပ်ပေါ်တွင် ကွန်ကရစ် ရေသိုလှောင်ကန် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၂၁

(င) ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏

(၁) **"မက်မန်းမြို့နယ်၊ အေးကျန့်ကျေးရွာအုပ်စု၊ ဝမ်ပါလောင်း ကျေးရွာသည် မက်မန်းမြို့မှ လျှပ်စစ်မီးဖြန့်ဖြူး ပေးရန် မလုံလောက်ပါသောကြောင့် ၎င်းဝမ်ပါလောင်း ကျေးရွာအား Solar မီး(၄၆)လုံးကို ခွဲဝေချထားပေး နိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၃

(၂) **"မက်မန်းမြို့နယ်၊ မက်မန်း - အေးကျန့်နယ်ခြား လမ်းသည် အရှည် ၅/၀ မိုင်ရှိသည့်အနက် ကျောက် ခင်းလမ်း ၄/၀ မိုင်အား အကြီးစား ပြင်/ ထိန်း ဆောင်ရွက်ပေးရန် သို့မဟုတ် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ပေးရန် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၄

(စ) ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ **"ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ယန်းကြိမ်ကျေးရွာ အုပ်စု၊ ကျိုင်းတုံ - မိုင်းလားလမ်းမကြီးပေါ်မှ ဝမ်ဆာရွာ သွားလမ်း မြေသားလမ်းအရှည် (၁/၂)မိုင် လမ်းအကျယ် (၁၀)ပေအား ကွန်ကရစ်လမ်းအဖြစ် ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှ မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်"** နှင့်စပ်လျဉ်း သည့်မေးခွန်း။ ၂၂၆

(ဆ) ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၏ **"လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်ရှိ မြို့မဈေးကြီး အတွင်း ဈေးဆိုင်ခန်းပိုင်ရှင်များနှင့် ပွဲကျဈေးသည်များ သတ်မှတ်နေရာများတွင် ရောင်းချနိုင်ရေး မြို့နယ်စည်ပင် သာယာရေးဌာနမှ အမြဲကြပ်မတ်စိစစ်ပေးရန် အစီအစဉ် ရှိ/ မရှိ"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၂၈

(ဇ) ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ **"နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ လိုက်တပ်ကျေးရွာအုပ်စု၊ ဟိုကျယ်ကျေးရွာအား လျှပ်စစ်မီးရရှိရေး မည်ကဲ့သို့ဆောင်ရွက် ပေးမည်"** နှင့်စပ်လျဉ်းသည့်မေးခွန်း။ ၂၃၀

(ဈ) ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ၂၃၅
**“မိုင်းတုံခရိုင်၊ ပုံပါကျင်မြို့နယ်ခွဲရှိ ဒေသခံပြည်သူများအတွက် ရေဖြန့်ဝေပေးသောဆည်များ စနစ်တကျ တည်ဆောက်ပေးရန်နှင့် ပိုက်များဖြင့် ရေဖြန့်ဝေပေးရန် အစီအစဉ် ရှိ/ မရှိ”** နှင့် စပ်လျဉ်းသည့်မေးခွန်း။

(ည) ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ၂၃၈
**“ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ မိုင်းကာ(အရှေ့)ကျေးရွာအုပ်စု၊ ပန်နော်လောင်းကျေးရွာအနီးတွင် တောင်ကျရေကြီးမှုကြောင့် မြို့နယ်အတွင်း ချောင်းရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် လယ်ယာမြေများ ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။

( ဋ ) ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ ၂၄၁
**“ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု၊ နမ့်လန်ကျေးရွာတွင် စည်းကမ်းမဲ့ အမှိုက်ပစ်မှုများနှင့် အမှိုက်သိမ်းနေသည့်စနစ်များကို စနစ်တကျရှိစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။

( ဌ ) ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၏ ၂၄၄
**“နိုင်ငံတော်သမ္မတမှ နိုင်ငံတစ်ဝှမ်းလုံးတွင် ကဏ္ဍပေါင်းစုံ ရက် (၁၀၀) စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရက်ပေါင်း(၁၀၀)အတွင်း တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရသော လုပ်ငန်းများကို သိရှိလိုပါသည်”** နှင့်စပ်လျဉ်းသည့်မေးခွန်း။

(၆) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။ ၂၄၇

(၇) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။ ၂၄၉

(၈) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။ ၂၅၁

(၉) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ပြီးစီးကြောင်းနှင့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။ ၂၅၅

( င ) **ဆုံးဖြတ်ချက်များ** ၂၅၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
# ဒုတိယပုံမှန်အစည်းအဝေး
# လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ စာရင်း

| စဉ် | အမည် | တာဝန် |
|---|---|---|
| ၁။ | ဦးစိုင်းလုံကျော် | ဥက္ကဋ္ဌ |
| ၂။ | ဦးစိုင်းထွန်းစိန် | ဒုတိယဥက္ကဋ္ဌ |

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးသို့ တက်ရောက်သည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစာရင်း

## မဲအများဆုံးရသူအနိုင်ယူစနစ်

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် |
|---|---|---|
| ၁။ | ဦးခွန်ထွန်းဖြူ | ကလောမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂။ | ဦးထွန်းလှ(ခ)ဦးတိုးရ | ညောင်ရွှေမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃။ | ဦးစိုင်းကျော်ရင် | ဖယ်ခုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၄။ | ဦးမြင့်ဝင်း | ကျောက်မဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၅။ | ဦးကျော်အောင်သန်း | နောင်ချိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၆။ | ဦးညီညီဇော် | သီပေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၇။ | ဦးစိုင်းဟွမ်နွဲ့ | ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၈။ | ဦးရန်အောင် | မိုင်းခတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၉။ | ဦးစိုင်းထွန်းစိန် | မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၀။ | ဦးစိုင်းအွန်ခမ်း | တာချီလိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၁။ | ဦးညွှန့်ဝင်း | မိုင်းဖြတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၂။ | ဦးခွန်ကြည် | တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၃။ | ဦးအောင်ကျော်ညွှန့် | ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၄။ | ဒေါ်နန်းဆိုင်မွန်း | တန့်ယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၅။ | ဦးစိုင်းခမ်းကော် | မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၆။ | ဦးဝင်းလှိုင် | ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၇။ | ဦးလင်းအောင်ဆွေ | နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၈။ | ဦးစိုင်းကျော်ဝင်း | မိုးနဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၁၉။ | ဦးနော်တောင် | မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၀။ | ဦးခမ်းလူ | မက်မန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် |
|---|---|---|
| ၂၁။ | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၂။ | ဦးစောမူးလာ | မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၃။ | ဦးစိုင်းဘွန်းစီ | မိုင်းယောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၄။ | ဦးစိုင်းလှိုင်ခမ်း | မိုင်းယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၅။ | ဒေါ်နန်းမွန်းအောင် | ကျေးသီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၆။ | ဦးစိုင်းနော်ခမ်း | မိုင်းရှူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၇။ | ဒေါက်တာလဆိုင်း | လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၈။ | ဦးခွန်ဟန်သိန်းဦး | မောက်မယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၂၉။ | ဦးစိုင်းကျော်မိုး | မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၀။ | ဦးစိုင်းကျော်ငွေ | လင်းခေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၁။ | ဒေါ်နန်းမှတ်နွမ်း | မိုင်းကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၂။ | ဒေါ်နန်းအက်(စ်)ကီးမိုး | လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၃။ | ဦးခွန်သက်နိုင် | လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၄။ | ဦးစိုင်းသန်းထွန်း (ခ)ဦးသိန်းသန်းထွန်း | ရွာငံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၅။ | ဦးအာကာလင်း | ပင်းတယမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၆။ | ဦးခွန်ညိုမောင် | ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၇။ | ဦးခွန်သန်းထူး | ဆီဆိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |
| ၃၈။ | ဦးခွန်ဖိုးစိန် | ပင်လောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) |

## အချိုးကျကိုယ်စားပြုစနစ်

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုယ်စားလှယ်အမှတ် |
|---|---|---|---|
| ၁။ | ဦးခွန်ထွန်းငယ် | အမှတ်(၁) | ကလောမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂။ | ဦးခွန်စနေအောင် | အမှတ်(၁) | ညောင်ရွှေမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃။ | ဦးစိုင်းလုံကျော် | အမှတ်(၁) | ဖယ်ခုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄။ | ဦးခွန်ဆောင်းရွှေ | အမှတ်(၁) | တောင်ကြီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅။ | ဦးစိုင်းထိန်စိုး | အမှတ်(၁) | ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၆။ | ဦးလင်းလင်းနိုင် | အမှတ်(၁) | မောက်မယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၇။ | ဦးစဝ်သာဦး | အမှတ်(၁) | မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၈။ | ဦးကြည်လွင် | အမှတ်(၁) | လင်းခေးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၉။ | ဦးအောင်ပြည့်စုံ | အမှတ်(၁) | ရွာငံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၀။ | ဦးဟိန်းထက်ဇော် | အမှတ်(၁) | ပင်းတယမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၁။ | ဦးဒီဂေါလ် | အမှတ်(၁) | ဟိုပုံးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၂။ | ဦးခွန်ကျော်အေး | အမှတ်(၁) | ဆီဆိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၃။ | ဦးခွန်ဝင်းနောင် | အမှတ်(၁) | ပင်လောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၄။ | ဦးမင်းထွန်းအောင် | အမှတ်(၂) | ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၅။ | ဒေါ်ဝါဝါထွေး | အမှတ်(၂) | နမ့်စန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၆။ | ဒေါ်နန်းခမ်းလူ(ခ) နန်းလှဲ့လှဲ့ဖြိုး | အမှတ်(၂) | မိုးနဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၇။ | ဒေါ်နန်းသီတာနွယ် | အမှတ်(၂) | ကျေးသီးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၈။ | ဦးကျော်ကျော်နိုင် | အမှတ်(၂) | မိုင်းရှူးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၁၉။ | ဦးစိုင်းဟောင်ခမ်း | အမှတ်(၂) | မိုင်းကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၀။ | ဦးခွန်ထွန်းလေး | အမှတ်(၂) | လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၁။ | ဦးနိုင်ဝင်းအောင် | အမှတ်(၂) | လွိုင်လင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၂။ | ဦးသန်းထိုက်ဇော် | အမှတ်(၃) | ကျောက်မဲမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၃။ | ဦးစိုင်းခမ်း | အမှတ်(၃) | နောင်ချိုမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၄။ | ဦးသန်းဇော်ဦး | အမှတ်(၃) | နမ္မတူမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုယ်စားလှယ်အမှတ် |
|---|---|---|---|
| ၂၅။ | ဦးသီဟလှိုင် | အမှတ်(၃) | သီပေါမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၆။ | ဒေါ်နန်းခမ်းမန် | အမှတ်(၃) | တန့်ယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၇။ | ဒေါ်ခိုင်သန္တာထွေး | အမှတ်(၃) | မိုင်းရယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၈။ | ဒေါ်နန်းခမ်းလီ | အမှတ်(၃) | မဘိမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၂၉။ | ဦးစိုင်းခမ်းကျော် | အမှတ်(၃) | မိုးမိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၀။ | ဦးဇော်လွင် | အမှတ်(၃) | နမ့်ဆန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၁။ | ဒေါ်စိုးစိုးငြိမ်း | အမှတ်(၃) | မန်တုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၂။ | ဦးအိုက်ပလိပ် | အမှတ်(၄) | ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၃။ | ဦးစိုင်းနော်ခေး | အမှတ်(၄) | မိုင်းခတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၄။ | ဒေါ်မေနှင်းသက် | အမှတ်(၄) | မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၅။ | ဒေါ်နန်းနော် | အမှတ်(၄) | မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၆။ | ဦးထင်အောင်နိုင် | အမှတ်(၄) | မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၇။ | ဦးစိုင်းဝမ်းလှိုင်းတစ်ပ် | အမှတ်(၅) | တာချီလိတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၈။ | ဦးစိုင်းခစ်နွဲ့ | အမှတ်(၅) | မိုင်းဖြတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၃၉။ | ဦးထွန်းပေါ်သိန်း | အမှတ်(၅) | မိုင်းယောင်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၀။ | ဦးစိုင်းရီတစ် | အမှတ်(၅) | မိုင်းယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၁။ | ဦးငွေးဝင်းလှိုင် | အမှတ်(၆) | ကွတ်ခိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၂။ | ဦးသန်းစိုး | အမှတ်(၆) | နမ့်ခမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၃။ | ဦးကျော်စွာဝင်း(ခ) Mအောင်ဂျာ | အမှတ်(၆) | မူဆယ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၄။ | ဦးမောင်မောင် | အမှတ်(၆) | ကွမ်းလုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၅။ | ဦးခင်အောင်ဆွေ | အမှတ်(၆) | လားရှိုးမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၆။ | ဦးစိုင်းစမ်(ခ) စိုင်းခွန်မောင် | အမှတ်(၆) | သိန္နီမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၇။ | ဒေါ်မြမြဆွေ | အမှတ်(၆) | ကုန်းကြမ်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၄၈။ | ဦးဟော်ထိုက်ဖူ(ခ) ဦးအောင်ကျော်ထွန်း | အမှတ်(၆) | လောက်ကိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |

| စဉ် | အမည် | မဲဆန္ဒနယ် | ကိုယ်စားလှယ်အမှတ် |
|---|---|---|---|
| ၄၉။ | ဦးနော်အောင် | အမှတ်(၆) | ဟိုပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၀။ | ဦးစိုးကမ္ဘာစိတ် | အမှတ်(၆) | မိုင်းမောမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၁။ | ဦးစိုင်းဝင်းမြင့် | အမှတ်(၆) | ပန်ဝိုင်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၂။ | ဦးစိုင်းအောင်မြင့် | အမှတ်(၆) | နားဖန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၃။ | ဦးစိုင်းဘသန်း | အမှတ်(၆) | မက်မန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |
| ၅၄။ | ဦးကျော်သိန်းအောင် | အမှတ်(၆) | ပန်ဆန်း(ပန်ခမ်း)မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) |

## တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ

| စဉ် | အမည် | မဲဆန္ဒနယ် |
|---|---|---|
| ၁။ | ဦးကိန်မိုင် | ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၂။ | ဒေါ်အေးချိုစိန် | ကယန်း(ခ)ပဒေါင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၃။ | ဒေါ်ခင်ထွေးအောင် | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၄။ | ဦးဝီလ်ဆင်မိုး | လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၅။ | ဒေါ်ငွေလှိုင် | လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၆။ | ဦးထွန်းအောင် | အာခါတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |
| ၇။ | ဒေါ်တင်တင်ရီ | အင်းသားတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး |

## တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း

| စဉ် | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|
| ၁။ | ဗိုလ်မှူးကြီး စိန်ဝင်း | ကြည်း-၂၄၉၇၀ |
| ၂။ | ဗိုလ်မှူးကြီး အောင်မျိုးသန်း | ကြည်း-၂၅၇၅၅ |
| ၃။ | ဒုတိယဗိုလ်မှူးကြီး မြင့်မောင် | ကြည်း-၂၇၄၀၂ |
| ၄။ | ဒုတိယဗိုလ်မှူးကြီး ညီညီတင် | ကြည်း-၃၀၅၄၅ |
| ၅။ | ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်ကျော် | ကြည်း-၃၂၃၇၂ |
| ၆။ | ဒုတိယဗိုလ်မှူးကြီး အောင်စိုး | လေ -၂၇၇၁ |
| ၇။ | ဗိုလ်မှူး ကျော်သူဝင်း | ကြည်း-၂၉၁၃၂ |
| ၈။ | ဗိုလ်မှူး လှမိုးသိန်း | ကြည်း-၂၄၀၅၀ |
| ၉။ | ဗိုလ်မှူး ကျော်စိုးလင်း | ကြည်း-၂၅၂၉၇ |
| ၁၀။ | ဗိုလ်မှူး မင်းခေါင် | ကြည်း-၂၈၇၈၃ |
| ၁၁။ | ဗိုလ်မှူး ဇော်ဝင်းဦး | ကြည်း-၃၂၅၇၇ |
| ၁၂။ | ဗိုလ်မှူး အောင်သူရ | ကြည်း-၃၃၄၀၄ |
| ၁၃။ | ဗိုလ်မှူး ဖြိုးသီဟကျော် | ကြည်း-၃၆၄၃၀ |
| ၁၄။ | ဗိုလ်မှူး အောင်ကိုကို | ကြည်း-၃၈၈၁၃ |
| ၁၅။ | ဗိုလ်မှူး ဖြိုးထက်ဦး | ကြည်း-၄၀၄၂၉ |
| ၁၆။ | ဗိုလ်မှူး ဇော်မျိုးဝေ | ကြည်း-၄၂၃၈၁ |
| ၁၇။ | ဗိုလ်မှူး အောင်အောင်မျိုး | ကြည်း-၄၅၄၁၇ |
| ၁၈။ | ဗိုလ်မှူး စိုင်းလောင်မုန်း | ကြည်း-၄၇၁၄၇ |
| ၁၉။ | ဗိုလ်မှူး ဉာဏ်လင်းအောင် | ကြည်း-၄၇၆၁၄ |
| ၂၀။ | ဗိုလ်မှူး ဒေါ်ခင်သန္တာအုန်းသိန်း | အင်န်- ၈၁၄ |
| ၂၁။ | ဗိုလ်မှူး ဒေါ်ဝေနှင်းအောင် | အင်န်-၈၄၀ |
| ၂၂။ | ဗိုလ်ကြီး တေဇာအောင် | ကြည်း-၃၃၇၃၁ |
| ၂၃။ | ဗိုလ်ကြီး ကျော်ဝင်းလှိုင် | ကြည်း-၃၅၀၇၅ |
| ၂၄။ | ဗိုလ်ကြီး စိုးမင်းငွေ | ကြည်း-၄၂၇၁၅ |
| ၂၅။ | ဗိုလ်ကြီး သော်ဇင်ဝင်း | ကြည်း-၄၉၀၉၈ |

| စဉ် | အမည် | ပြန်တမ်းဝင်အမှတ် |
|---|---|---|
| ၂၆။ | ဗိုလ်ကြီး ညီညီထွန်း | ကြည်း-၄၉၅၀၈ |
| ၂၇။ | ဗိုလ်ကြီး မျိုးမင်းစိုး | ကြည်း-၅၂၀၁၉ |
| ၂၈။ | ဗိုလ်ကြီး ဇေယျာလင်း | ကြည်း-၅၂၅၄၁ |
| ၂၉။ | ဗိုလ်ကြီး ဇင်မင်းထွန်း | ကြည်း-၅၉၂၆၆ |
| ၃၀။ | ဗိုလ်ကြီး ဒေါ်နန်းဟေမာဝေညို | ကြည်း-၆၅၅၈၂ |
| ၃၁။ | ဗိုလ်ကြီး ဒေါ်ပြုံးသိင်္ဂီ | ကြည်း-၆၇၁၇၆ |
| ၃၂။ | ဗိုလ်ကြီး ဒေါ်ဖြိုးသဇင်ကျော် | ကြည်း-၇၂၉၅၁ |
| ၃၃။ | ဗိုလ်ကြီး ဒေါ်မေစစ်သူ | ကြည်း-၇၄၂၉၈ |

## ရှမ်းပြည်နယ်

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး

## (ပထမနေ့)မှတ်တမ်း

## ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

## ၂၀၂၆ ခုနှစ်၊ ဇွန် လ ၉ ရက်

## [ အင်္ဂါနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးက လည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိက လည်းကောင်း ဆောင်ရွက် ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယ အကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များသတ်မှတ်ထားသော နေရာ များတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)** အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ( ၁၃၂ )ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ( ၉၁.၆၇ ) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ ထက်ဝက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(က)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ ၊ နည်းဥပဒေခွဲ (က)အရ ယနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့) ၉.၆.၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ ဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေမှ ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးကိန်မိုင်၊ ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဒေါ်အေးချိုစိန်၊ ကယန်း(ခ)ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဒေါ်ခင်ထွေးအောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးဝီလ်ဆင်မိုး၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဒေါ်ငွေလှိုင်၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဦးထွန်းအောင်၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဒေါ်တင်တင်ရီ၊ အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၀) ဦးစဝ်သာဦး ၊ မိုင်းပန်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၄)ရက်။

(၁၁) ဦးစိုးကမ္ဘာစိတ် ၊ မိုင်းမောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၄)ရက်။

ယနေ့ ခွင့်ပန်ကြားသူ(၁၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၁)ဦးအား ခွင့်အဖြစ်သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကိုခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (ပထမနေ့)ကို တက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦးရှိပြီး ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ဟာဆိုရင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို စတင်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို တက်ရောက်လာကြတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကိုယ်စားလှယ်များ အားလုံး ကျန်းမာစွာနဲ့ လွှတ်တော်အစည်းအဝေးကို ယခုလို စုံစုံညီညီ ပြန်လည် တက်ရောက်လာတဲ့အတွက် အထူးကျေးဇူးတင် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါ တယ်။

လွှတ်တော် ရပ်နားထားစဉ်ကာလမှာ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲဆန္ဒရှင်ပြည်သူများထံ အရောက်သွားပြီး ပြည်သူ့အသံနှင့် လိုလားချက်၊ လိုအပ်ချက်တွေကို နားထောင်မှတ်သားခြင်း၊ ဒေသအကျိုးပြု၊ နိုင်ငံ့အကျိုးပြု၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများမှာ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ခဲ့ခြင်း စတာတွေကို မြင်ရကြားရ သိရတဲ့အတွက်လည်း ဂုဏ်ယူဝမ်းမြောက်ကြောင်းနဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ ကောင်းမွန်တဲ့ ခြေလှမ်းများကို ပိုမိုတွန်းအားပေးကူညီရန်နှင့် လိုအပ်သည်များကိုလည်း လွှတ်တော်ယန္တရားမှတစ်ဆင့် ပူးပေါင်းဖြည့်ဆည်းပံ့ပိုးကူညီပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ လွှတ်တော်ဟာ အစိုးရနှင့် ပြည်သူကြားမှာ ကြားခံဆောင်ရွက်ပေးရတဲ့ အဖွဲ့အစည်း ဖြစ်ပါတယ်။ ပြည်သူတွေရဲ့ လိုအပ်ချက်တွေကို အဆို၊ ကြယ်ပွင့်ပြ မေးခွန်း၊ ကြယ်ပွင့်မပြမေးခွန်းများအဖြစ် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွှတ်တော်မှတစ်ဆင့် မေးမြန်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ဒါ့အပြင်လွှတ်တော်ရဲ့ အဓိကတာဝန်တစ်ရပ်ဖြစ်တဲ့ ဥပဒေပြုရေးတာဝန်ကို ပီပြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်တဲ့အတွက် တည်ဆဲဥပဒေများဟာ မျက်မှောက်ခေတ်အခြေအနေ၊ မူဝါဒများနဲ့ ကိုက်ညီမှုရှိမရှိ၊ နိုင်ငံတော်တိုးတက်ရေးနှင့် ပြည်သူများအား အကျိုးပြုပေးမယ့် ဥပဒေဖြစ် မဖြစ် စတာတွေကို လေ့လာဆန်းစစ်ပြီး လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို မိမိတို့လွှတ်တော်သက်တမ်းအတွင်း ပိုမိုပြီးပြည့်စုံအောင် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်အနေနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများအေးချမ်းလုံခြုံစွာနေထိုင်ရေး၊ ပြည်သူ့အကျိုး၊ ပြည်သူ့ဘဝတိုးတက်ရေး၊ ပြည်သူများ၏ အခြေခံအခွင့်အရေးနှင့် တရားမျှတမှုကို ကာကွယ်စောင့်ရှောက်တဲ့ ဥပဒေများ ဖြစ်ထွန်းစေရေးတို့ကို အရှိန်မြှင့် ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်ဖြစ်တဲ့ ဥပဒေပြုရေးမဏ္ဍိုင်ကို ဆောင်ရွက်ကြရာမှာ ဥပဒေကြမ်းတစ်ခုကို ရေးဆွဲတင်သွင်းခြင်း၊ ဒါမှမဟုတ် တင်သွင်းလာတဲ့ ဥပဒေကြမ်းများကို စိစစ်ခြင်း စတဲ့ဆောင်ရွက်ချက်တွေမှာ အချက်(၃)ချက်ကိုအဓိက အလေးထား စဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ပထမအချက်မှာ ပြည်သူ့ဗဟိုပြု စဉ်းစားတွေးခေါ်ခြင်း ဖြစ်ပါတယ်။ မိမိတို့ ဆွေးနွေးမယ့် ဥပဒေကိစ္စရပ်တိုင်းဟာ ပြည်သူလူထုရဲ့ တစ်နေ့တာကိစ္စရပ်များ အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုရှိလဲဆိုတာ ရှေ့တန်းတင်စဉ်းစားကြရမှာဖြစ်ပါတယ်။

ဒုတိယအချက်မှာ မျှတစွာ ထိန်းကျောင်းတည့်မတ်ခြင်း ဖြစ်ပါတယ်။ အုပ်ချုပ်ရေးမဏ္ဍိုင်ရဲ့ လုပ်ငန်းဆောင်ရွက်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေဘောင်အတွင်းကနေ ထိရောက်စွာ စိစစ် တည့်မတ်ပေးပြီး ပြည်သူ့ဘဏ္ဍာ လေလွင့်ဆုံးရှုံးမှုမရှိစေရေး၊ ဘက်လိုက်မှုကင်းစွာ ဖြင့် ဝေဖန်အကြံပြုကြဖို့ ဖြစ်ပါတယ်။

တတိယအချက်အနေနဲ့ကတော့ စည်းလုံးညီညွတ်မှုကို ရှေ့ရှုခြင်းဆိုတဲ့မတူ ကွဲပြားသော အမြင်များကို အပြန်အလှန်လေးစားမှုဖြင့် အပြုသဘောဆောင် ဆွေးနွေးပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသော ဆုံးဖြတ်ချက်များကို ညီညီညွတ်ညွတ်ချမှတ်ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်ရဲ့ ဂုဏ်သိက္ခာနဲ့ စွမ်းဆောင်ရည်မှာ လွှတ်တော် ကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ စည်းကမ်း၊ စနစ်ကျနမှု၊ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုနဲ့ အရည်အသွေးမြင့်မားမှုမှာ မှီတည်နေတာဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့လည်း နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေများကို စံနမူနာပြအဖြစ် လိုက်နာကျင့်သုံးရမှာ ဖြစ်သလို စွမ်းဆောင်ရည်မြင့်မားစေဖို့ကိုလည်း အစဉ်ကြိုးပမ်းဆောင်ရွက်အားထုတ်နေရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အနေနဲ့ ဥပဒေ ပြဋ္ဌာန်းရုံသာမက တည်ဆဲဥပဒေများမှတစ်ဆင့် တစ်ဆင့်ခံဥပဒေ ထုတ်ပြန်ခွင့်အာဏာ အပ်နှင်းခြင်းခံရတဲ့ အဖွဲ့အစည်းအသီးသီးက ထုတ်ပြန်ထားတဲ့ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများဟာ တည်ဆဲဥပဒေများ၊ လွှတ်တော်က ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေများနဲ့ ဆီလျော်ညီညွတ်မှု ရှိ/ မရှိ ဆန်းစစ်နေရမှာဖြစ်သလို ဥပဒေများကို နိုင်ငံတော်အတွင်းမှာရှိတဲ့ အဖွဲ့အစည်းများနှင့်

နိုင်ငံသားများအားလုံးက လိုက်နာကျင့်သုံးရေးနှင့် အပြန်အလှန်ထိန်းညှိပေးရေးကို လည်းဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီတာဝန်တွေကို လွှတ်တော်ကိုယ်စားလှယ် များနှင့် ဖွဲ့စည်းထားတဲ့ လွှတ်တော်ကော်မတီများက အလေးပေးဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။ လွှတ်တော်လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ဖို့အတွက် ယခု ဒုတိယပုံမှန်အစည်းအဝေးမှာ ဖွဲ့စည်းရန်ကျန်ရှိနေ သေးတဲ့ ကော်မတီ(၆)ခုကို လွှတ်တော်ကိုယ်စားလှယ်များနှင့် ထပ်မံဖွဲ့စည်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လွှတ်တော်ကော်မတီများဟာ ပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရမှာဖြစ်ပြီး ကော်မတီရဲ့ လုပ်ငန်း တာဝန်များကို ဆောင်ရွက်ကြရာမှာ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားကို ဦးတည်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှာ ပေါ်ပေါက်ဖွဲ့စည်းခဲ့တဲ့ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ မြှင့်တင်ရေး၊ အမျိုးသား ပြန်လည် သင့်မြတ်ရေးကိစ္စရပ်များကို အားသွန်ခွန်စိုက်ဆောင်ရွက်နေကြတာကို ကိုယ်စားလှယ် များအနေနဲ့ တွေ့မြင်သိရှိပြီး ဖြစ်ပါတယ်။ ယခုလိုဆောင်ရွက်ရာမှာ ပိုမိုထိရောက် စေရန်၊ ပြည်သူလူထုအတွက် အမှန်တကယ်အကျိုးရှိစေရန် လွှတ်တော်ကိုယ်စားလှယ် များက ပြည်သူလူထုရဲ့အသံ၊ ဆန္ဒများနှင့် ပေါင်းစပ်ပြီး ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။ ဒါမှသာအုပ်ချုပ်ရေးမဏ္ဍိုင်က ဆောင်ရွက်နေတဲ့ ဖွံ့ဖြိုးရေး၊ တိုးတက်ရေး လုပ်ငန်းများဟာ ထိရောက် မြန်ဆန်လာမှာ ဖြစ်ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ နယ်မြေဒေသအသီးသီးက ကိုယ်စားလှယ်တွေအနေနဲ့ ပြည်သူများရဲ့ အသံ၊ ပြည်သူ များရဲ့ ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက်တွေကို လွှတ်တော်ကတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း ဆောင်ရွက်ကြတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးထံမှ ကြယ်ပွင့်မပြမေးခွန်း(၁၃၅)ခုကိုလည်းကောင်း၊ ကိုယ်စားလှယ်(၁၇)ဦးထံမှ ကြယ်ပွင့်ပြ မေးခွန်း(၇၀)ခုကိုလည်းကောင်း ဖြေကြားပေးနိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့် ယခု ဒုတိယပုံမှန်အစည်းအဝေးမှာတော့ ကြယ်ပွင့်ပြ မေးခွန်း(၇၀)ခု မေးမြန်းဖြေကြားခြင်း အစီအစဉ်များကို ထည့်သွင်းပြီး လျာထားပြီး

ဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရင်း ပြည်သူတွေရဲ့ ယုံကြည်အားကိုးမှုကို ရရှိအောင် ဆက်လက်ကြိုးပမ်းအားထုတ်ကြစေလိုပါတယ်။ နိုင်ငံတော်နှင့် ပြည်သူ လူထုအကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နိုင်ကြလိမ့် မယ်လို့လည်း ယုံကြည်ပါတယ်။ လွှတ်တော်ရဲ့အခန်းကဏ္ဍ ပိုမိုမြင့်မားလာစေရေး အတွက် လွှတ်တော်ကိုယ်စားလှယ်များအတွက် စွမ်းရည်မြင့် အလုပ်ရုံဆွေးနွေးပွဲများ ကိုလည်း အစည်းအဝေးအားလပ်တဲ့ အချိန်များမှာ ပြုလုပ်ပေးသွားဖို့ကိုလည်း စီစဉ် ဆောင်ရွက်ထားရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များရဲ့ တာဝန်များဖြစ်တဲ့ မဲဆန္ဒရှင်ပြည်သူ များအား လွှတ်တော်ရဲ့အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းတင်ပြရမှာ ဖြစ်သလို မဲဆန္ဒရှင်ပြည်သူများရဲ့ တင်ပြချက်များကိုလည်း လွှတ်တော်တွင်းကတစ်ဆင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို တင်ပြရမှာဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မဲဆန္ဒရှင်ပြည်သူများရဲ့ အားကိုးယုံကြည်မှုကို အလုပ်နဲ့ သက်သေပြရင်း ဒေသအကျိုး ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးက မေးမြန်းထားတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များ က ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါ စေကြောင်း ဆုမွန်ကောင်းတောင်း၍ မင်္ဂလာပါလို့နှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါ တယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) ဒေါ်မေနှင်းသက် ဖြစ်ပါတယ်။ ဒီကနေ့ ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ကျွန်မအနေနဲ့ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားများ ချေးငွေရရှိရေးနှင့် ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းလိုပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဒေသခံတိုင်းရင်းသားအများစုသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် ဆောင်ရွက်လျက်ရှိပါတယ်ရှင်။ အဆိုပါ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြင့် ဆောင်ရွက်နေတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်း များကို လုပ်ကိုင်လိုသော်လည်း ငွေကြေးအရင်းအနှီး မတတ်နိုင်၍သော်လည်းကောင်း၊ လုပ်ကိုင်လျက်ရှိတဲ့ ဒေသခံများအနေနဲ့ လုပ်ငန်းထပ်မံတိုးချဲ့လို၍သော်လည်းကောင်း၊ အခြားအသေးစား အိမ်တွင်းမှုလုပ်ငန်းများ လုပ်ကိုင်လို၍သော်လည်းကောင်း အတိုးနှုန်း သက်သာစွာနဲ့ ချေးငွေမတည်ပေးနိုင်ရန်အတွက် မည်သည့်ဌာနများတွင် မည်သို့မည်ပုံ လျှောက်ထားရယူနိုင်ပါသလဲဆိုတာကို မေးမြန်းလိုပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ဒေသခံတိုင်းရင်းသားများ အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်ရန်အတွက်လည်းကောင်း၊ အသေးစား အိမ်တွင်းမှုလုပ်ငန်းများဖွံ့ဖြိုးလာပြီး ဒေသခံများရဲ့စီးပွားရေးလုပ်ငန်း အဆင်ပြေလာ စေရန်အတွက်လည်းကောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး အတွက်လည်းကောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယခု မေးခွန်းကို မေးမြန်းတင်ပြလိုခြင်း ဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ်။ ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အတွင်းနေထိုင်ကြတဲ့ ဒေသခံများသည် မိမိတို့အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်ဆောင်ရွက်နေကြရာ အဆိုပါလုပ်ငန်းများအတွက်ငွေကြေးအရင်းအနှီးသော်လည်းကောင်း၊လုပ်ငန်းထပ်မံတိုးချဲ့ရေးသော်လည်းကောင်း၊ အသေးစားအိမ်တွင်းလုပ်ငန်းများကိုလုပ်ကိုင်လို၍သော်လည်းကောင်း၊ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေမတည်ရင်းနှီးပေးနိုင်ရန်အတွက် မည်သည့်ဌာနများတွင် မည်သို့လျှောက်ထားရမည်ကိုသိရှိလိုပါကြောင်းနှင့်စပ်လျဉ်းသည့် မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဖြစ်သူကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန လက်အောက်ရှိ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာနအနေဖြင့် ဒေသတွင်းရှိ MSME လုပ်ငန်းများရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာပေးခြင်း၊ ဈေးကွက်ချိတ်ဆက်ပေးခြင်း၊ အတိုးနှုန်းသက်သာ ချေးငွေများရရှိရေး ကူညီဆောင်ရွက်ပေးခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ထောက်ပံ့ပေးသည့် ဥပမာ- ဒိန်းမတ်နိုင်ငံမှ ထောက်ပံ့ပေးသည့် RBF-Responsible Business Fund ကဲ့သို့သော ထောက်ပံ့ငွေများရရှိရေးအတွက်လည်း ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရှမ်းပြည်နယ်အတွင်းရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအပြင် အခြားကဏ္ဍများအတွက် အတိုးနှုန်းသက်သာသော မတည်ရင်းနှီးငွေများရရှိနိုင်ရေးအတွက် ၂၀၂၄ ခုနှစ်မှစတင်၍ စက်မှုဝန်ကြီးဌာန၏ MSME Fund အနေဖြင့် ကျပ် (၁၅၀)ဘီလီယံကို တည်ထောင်ထား၍ အခမဲ့စနစ်ဖြင့် ချေးယူမည့်လုပ်ငန်းများအတွက် ကျပ်သိန်း (၁၅၀ မှ ၂၀၀)ကို တစ်နှစ်လျှင် အတိုးနှုန်း ၅% နှင့် ၃% (အာမခံကြေး) ၊ အာမခံ(မြေဂရန်၊ လန-၃၉)

ပေးမည့်စနစ်ဖြင့် ချေးယူမည့်လုပ်ငန်းများအတွက် ကျပ်သိန်း(၅၀၀-၁၀၀၀)ထိကို အတိုးနှုန်း ၃% ဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိရာ သတ်မှတ်ချက်များနှင့်ကိုက်ညီပြီး၊ စိစစ်ချက်များဖြင့် တင်ပြခဲ့သည့်လုပ်ငန်းများအနက် ယနေ့အချိန်ထိ ရှမ်းပြည်နယ်မှလုပ်ငန်းပေါင်း (၈၅) ခု ၊ ကျပ်သန်း(၁၇၀၀) ရရှိခဲ့ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်မေနှင်းသက်က မေးခွန်း(၂)နဲ့(၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)** ။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါဝရပြုပါတယ်ရှင်။ ဒီကနေ့ ကျင်းပတဲ့ ပြည်နယ်လွှတ်တော် တတိယအကြိမ် ဒုတိယပုံမှန်အစည်းအဝေးမှာ ကျွန်မ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ လွယ်လတိုင်းရင်းသားများ လျှပ်စစ်မီးရရှိရေးနှင့်ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ရှင့်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နောင်လေကျေးရွာက လွယ်လလူမျိုးတွေ စုပေါင်းနေထိုင်ကြတဲ့ ကျေးရွာဖြစ်ပါတယ်ရှင်။ ဝမ်ကန်စံပြကျေးရွာအနီးရှိ နောင်လေရွာသည် အိမ်ခြေ (၂၅) အိမ်ရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စွာ ဖောက်လုပ်ပြီးစီးပြီး ဖြစ်ခြင်း၊ သောက်သုံးရေလည်း လုံလောက်စွာရရှိပြီးဖြစ်ခြင်း၊ နေအိမ်များမှာလည်း သွပ်အမိုးများ၊ ဘိလပ်မြေအုတ်များလည်း အခိုင်အမာ ဆောက်လုပ်ပြီး လုံခြုံအေးချမ်းစွာ နေထိုင်လျက်ရှိကြပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အဆိုပါ လွယ်လတိုင်းရင်းသားများရဲ့ နောင်လေကျေးရွာသည် အတော်အသင့်ဖွံ့ဖြိုးနေပြီ ဖြစ်သော်လည်း ယခုအချိန်အထိ လျှပ်စစ်မီးမရရှိသေးကြောင်း သိရှိရပါတယ်ရှင်။ လျှပ်စစ်မီးရရှိခဲ့လျှင် နောင်လေကျေးရွာရဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် နောင်လေကျေးရွာကို လျှပ်စစ်မီးသွယ်တန်းပေးနိုင်

ရေးအတွက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

မေးခွန်းနံပါတ်စဉ်(၃)ကို ဆက်လက်မေးမြန်းခွင့်ပြုပါရှင်။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မိုင်းပျဉ်းမြို့နယ်၊ ဝမ်တာခတ်ကျေးရွာအုပ်စု၊ နားကောက်ကျေးရွာသည် မိုင်းပျဉ်းမြို့နယ်(၈)မိုင် အကွာမှာတည်ရှိပြီးတော့ မိုင်းပျဉ်း - မက်မန်း ကတ္တရာလမ်းမကြီးဘေးမှာတည်ရှိနေတဲ့ ကျေးရွာငယ်လေးတစ်ရွာဖြစ်ပါတယ်ရှင်။ ရွာရဲ့တောင်ဘက်အခြမ်းမှာ ရှမ်းလူမျိုး(၈)အိမ်ထောင်စု နေထိုင်ပြီးတော့ မြောက်ဘက်မှာ လားဟူလူမျိုး(၁၇)အိမ်ထောင်စု စုစုပေါင်း(၂၅)အိမ်ထောင်စု နေထိုင်ကြပြီးတော့ စပါး၊ ပဲ၊ ပြောင်း၊ နှမ်းစတဲ့စိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ လူများဖြစ်ကြပါတယ်ရှင်။ အဆိုပါနားကောက် ကျေးရွာရဲ့ထူးခြားချက်က ရွာတောင်ပိုင်းရှမ်းလူမျိုးများရဲ့ အိမ်ထောင်စု (၈)အိမ်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာနက ထရန်စဖော်မာလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့်စက်ကို တည်ထားပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်သော်လည်း ရွာ၏မြောက်ဘက် လားဟူလူမျိုးများ နေထိုင်ကြတဲ့ အိမ်ထောင်စု(၁၇)အိမ်ကို လျှပ်စစ်မီးဖြန့်ဖြူးပေးနိုင်ခြင်း မရှိသေးကြောင်းကို လေ့လာတွေ့ရှိရပါတယ်ရှင်။ သို့ဖြစ်ပါ၍ ဝမ်တာခတ်ကျေးရွာအုပ်စု၊ နားကောက်ကျေးရွာ လားဟူလူမျိုးများ နေထိုင်တဲ့ နေအိမ်(၁၇)အိမ်ကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြလိုက်ရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်၊ တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မေနှင်းသက် မေးမြန်းတဲ့ မေးခွန်း

(၂)ခုကို ဖြေကြားသွားမဲ့ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးခွန်သန်းထူးဖြစ်ပါတယ်။ မေးခွန်းအမှတ်စဉ်(၂)ကို ဖြေကြားရမယ်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့အား ၇- ၆- ၂၀၂၀ ရက်နေ့မှ စပြီးတော့ နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အား စတင်ဖြန့်ဖြူးပေးခဲ့ပါတယ်။ မိုင်းပျဉ်းမြို့၊ ဟောင်ကန်ကျေးရွာအုပ်စု၊ နောင်လေကျေးရွာတွင် နေထိုင်ကြတဲ့ဒေသခံ တိုင်းရင်းသား မိဘပြည်သူများ လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ၄၀၀ ဗို့လိုင်း AAC Cable 95mm2 လိုင်း (၀.၄)မိုင် တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပထမ မေးခွန်းကို ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ နံပါတ်(၃) မေးခွန်းဖြစ်တဲ့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့၊ ဝမ်တာခတ်ကျေးရွာအုပ်စု၊ နားကောက်ကျေးရွာ လျှပ်စစ်မီးလင်းရေးနှင့်ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့အား ၇-၆-၂၀၂၀ ရက်နေ့မှစပြီး နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးခဲ့ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ ဝမ်တာခတ် ကျေးရွာအုပ်စု နားကောက်ကျေးရွာရှိ ရွာ၏မြောက်ဘက်ခြမ်း လားဟူလူမျိုးများ နေထိုင်သည့် အိမ်ခြေ(၁၇)အိမ်အား ၂၀၂၇- ၂၀၂၈ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရ ရန်ပုံငွေတွင် ဘဏ္ဍာငွေခွင့်ပြုရရှိမှုပေါ် မူတည်၍ ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်ပလောင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လွင် ဖြစ်ပါတယ်။

နိုင်ငံတော်မှ ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများ၊ အမိန့်ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် မြို့နယ်တရားရုံးများ၊ ရဲစခန်းများ၊ ရဲကင်းများ၊ စစ်ဆေးရေးဂိတ်များတွင် နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံထားရသည့် မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် အခြားပစ္စည်းများသည် နှစ်ကာလကြာရှည်စွာ နေပူ၊ မိုးရွာထဲတွင်ထားရှိခြင်းကြောင့် ပျက်စီးကြရပြီး လေလံတင်ရောင်းချတဲ့အချိန်တွင် ၁၀၀ ရသင့်တဲ့ပစ္စည်းဟာ ၅၀ သာရရှိသည့်အပြင် နိုင်ငံတော်ပိုင်သိမ်းဆည်းထားသည့် ပစ္စည်းများသည့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ၁၀၂၇ စစ်ဆင်ရေးစတင်သည့်အချိန်တွင် မသမာသူများမှ တရားရုံးများ၊ ရဲစခန်းများ၊ ရဲကင်းများ၊ စစ်ဆေးရေးဂိတ်များအတွင်းသို့ ဝင်ရောက်ခိုးယူခြင်းကြောင့် ရသင့်ရထိုက်သည့် နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးခဲ့ရပါတယ်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ရသင့်ရထိုက်သည့် ဘဏ္ဍာငွေများရရှိရန် မြို့နယ်တရားရုံးများ၊ ရဲစခန်းများ၊ ရဲကင်းများ၊ စစ်ဆေးရေးဂိတ်များတွင် နိုင်ငံတော်ပိုင် သိမ်းဆည်းခြင်းခံထားရသည့် မော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များနှင့် အခြားပစ္စည်းများကို အချိန်တိုအတွင်း လေလံတင်ရောင်းချသွားရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုပါ၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား လေးစားစွာဖြင့်မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပထမဦးစွာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဦးသန်းဦးလွင်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင် ဖြစ်ပါတယ်။ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လွင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ယခုလိုရှင်းလင်းဖြေကြားခွင့်ရတဲ့အတွက်လည်း လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မေးခွန်းရှင် လွှတ်တော်ကိုယ်စားလှယ်ကြီးတို့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။

လိုင်စင်မဲ့ မော်တော်ယာဉ်များကို စနစ်တကျ စီမံခန့်ခွဲခြင်း ဆောင်ရွက်နိုင်ရန် အတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ ၂၄-၉-၂၀၂၄ ရက်စွဲပါ အထွေထွေ ညွှန်ကြားလွှာ ၁/၂၀၂၄ ၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး၏ ၁၀-၄-၂၀၂၅ ရက်စွဲပါစာအမှတ်၊ ၇၇/ စု - ၃၈ / ၂၀၂၅ (လထန) တို့ဖြင့် တရားရုံးအဆင့်ဆင့်သို့ ညွှန်ကြားထားပါသည်။

ယင်းညွှန်ကြားချက်နှင့်အညီ လိုင်စင်မဲ့ မော်တော်ယာဉ်များကို သက်သေခံ ပစ္စည်းအဖြစ် သိမ်းဆည်းထားပါက တရားရုံးသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်သာ အစီရင်ခံတင်ပြရမှာဖြစ်ပါသည်။

လိုင်စင်မဲ့မော်တော်ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ပြီးပါက အယူခံ/ ပြင်ဆင်ရက်ကျော်လွန်သည့် လိုင်စင်မဲ့မော်တော်ယာဉ်များ စာရင်းကို ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် ပြည်ထောင်စု တရားစီရင်ရေးကြီးကြပ်မှုရုံးသို့ ပေးပို့ပါတယ်။

ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းထားသည့် လိုင်စင်မဲ့မော်တော်ယာဉ်များအား တရားရုံးက လေလံတင်ရောင်းချခြင်းကိစ္စ ဆောင်ရွက်ခြင်းမရှိပါခင်ဗျား။ ဗဟိုစက် ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနကသာ ဆောင်ရွက်ပါတယ်။

လိုင်စင်ရှိမော်တော်ယာဉ်များအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့် အမိန့်ချမှတ်ပြီး အယူခံ/ ပြင်ဆင်မှု တက်ရောက်၍ အမှုဆုံးဖြတ်ပြီးပါက ပထမသတင်း ပေးတိုင်ကြားချက်မိတ္တူမှန်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်း ဝင်ယာဉ်ဖြစ်ကြောင်းပြန်ကြားစာ၊ ဖမ်းမိသည့်ဌာန၏ ယာဉ်ကနဦးစစ်ဆေးချက်၊ ဘဏ္ဍာသိမ်းအမိန့်၊ မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်၏ ဓာတ်ပုံမှတ်တမ်း၊ ဘဏ္ဍာ သိမ်းအမိန့်နှင့် အယူခံ/ ပြင်ဆင်အမိန့် ပူးတွဲ၍ ပြည်နယ်တရားရေးဦးစီးမှူးရုံးမှ သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့သို့ စာရင်းပေးပို့ပါတယ်။

လိုင်စင်ရှိ ဘဏ္ဍာသိမ်း မော်တော်ယာဉ်များစာရင်း လက်ခံရရှိသည့်အခါ နေပြည်တော်ကောင်စီ/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့သည် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီရုံး၏ ၂၄-၂-၂၀၂၅ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၅ နှင့်အညီ ဆက်လက်ဆောက်ရွက်ရပါတယ်။

ပြည်သူ့ဘဏ္ဍာသိမ်းအမိန့် ချမှတ်ထားသော သက်သေခံပစ္စည်းများအား အယူခံ/ ပြင်ဆင် ရက်ကျော်လွန်ပါက လေလံတင်ရောင်းချနိုင်ရန်အတွက် ရုံးတွင်း အမိန့်ဖြင့် သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ ဌာနဆိုင်ရာများပါဝင်သည့် လေလံတင်ရောင်းချရေးအဖွဲ့အား ဖွဲ့စည်းပြီး သက်သေခံပစ္စည်းများ ရောင်းချနိုင်ရန် အတွက် ကြမ်းခင်းဈေးအား လေလံတင်ရောင်းချရေးအဖွဲ့နှင့်အတူ ကျွမ်းကျင်သူများက ဈေးနှုန်းသတ်မှတ်ပေးပြီး ပြည်နယ်တရားရေးဦးစီးမှူးမှ စုစည်း၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက်ရယူပြီးမှ ဆောင်ရွက်ပါတယ်။

သက်သေခံပစ္စည်းများအား အယူခံ/ ပြင်ဆင်ရက် ကျော်လွန်မှ စီမံခန့်ခွဲ ဆောင်ရွက်ရမည်ဖြစ်သော်လည်း အချို့သော ပုပ်သိုးပျက်စီးလွယ်တဲ့ သက်သေခံ ပစ္စည်းများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၆(က)အရလည်းကောင်း၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ညွှန်ကြားချက်၊ ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး၏ ညွှန်ကြားချက်များအရလည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူးမှ ပြည်နယ်အစိုးရ အဖွဲ့သို့ တင်ပြပြီး အချိန်တိုအတွင်း လေလံတင်ရောင်းချနိုင်ရန် တရားရုံးများက စီမံခန့်ခွဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းဖြစ်ပါတယ်။ နမ့်စန်မြို့နယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဇော်လွင်မှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်းကြောင့် ရဲစခန်းများ၊ စစ်ဆေးရေးဂိတ်များမှာ သိမ်းဆည်းရမိသည့် တရားဝင်နှင့် တရားမဝင် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ ယန္တရားများနှင့် အခြားသက်သေခံပစ္စည်းများနှင့် ပတ်သက်၍

မပျက်စီးစေရန်အတွက် ရဲတပ်ဖွဲ့အနေဖြင့် SOPs လုပ်ငန်းစဉ်များဖြစ်တဲ့ လိုင်စင်မဲ့/ ပိုင်ရှင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယန္တရားများကို ရဲတပ်ဖွဲ့မှ သိမ်းဆည်းရမိခြင်း၊ ပိုင်ရှင်ရှိ လိုင်စင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယန္တရားများကို ပို့ကုန်သွင်းကုန်ဥပဒေပုဒ်မ (၈)နဲ့ အမှုဖွင့်ခြင်း၊ ယာဉ်စစ်ဆေးချက် မှတ်တမ်းရယူခြင်း၊ တရားဝင်မှတ်ပုံတင်ထားခြင်း ရှိ/ မရှိအား ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားရေးမှူးဦးစီးဌာနသို့ မေးမြန်းခြင်း၊ လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း ပြန်ကြားစာ ရရှိပါက ဖမ်းဆီးရမိသည့်နေ့မှ ရက်ပေါင်း(၂၀)အတွင်း ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ အပ်နှံခြင်းတို့ကိုဆောင်ရွက်လျက်ရှိပါတယ်။ လိုင်စင်မဲ့ဖမ်းဆီး ရမိသည့် မော်တော်ယာဉ်များကို တရားရုံးအမိန့်ပြီးပြတ်လျှင် စီးပွားကူးသန်း ဝန်ကြီးဌာနအောက်ရှိ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လုပ်ထုံးလုပ်နည်းနဲ့အညီ အပြီးသတ်အပ်နှံရပြီးတော့ ယင်းမော်တော်ယာဉ်များကို ပြည်ထောင်စုဝန်ကြီးဌာနမှ လုပ်ထုံးလုပ်နည်းနဲ့အညီ စီမံခန့်ခွဲလျက်ရှိပါကြောင်းနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံဆောင်ရွက်ခြင်းမဟုတ်ပါ၍ လေလံတင်ရောင်းချရန် အစီအစဉ်မရှိပါကြောင်းနှင့် အမှုဖြင့် သိမ်းဆည်းထားတဲ့ လိုင်စင်ရှိယာဉ်များနှင့် ပတ်သက်ပြီး အမှုတရားစွဲတင်သည့်အခါ တရားရုံးသို့အပ်နှံခြင်း၊ တရားရုံးက အမှု စစ်ဆေးဆဲကာလမှာ ရဲစခန်းမှာ ခေတ္တထိန်းသိမ်းထားရှိရန် အမိန့်ချမှတ်ပါက ရဲစခန်းများတွင် ခေတ္တထိန်းသိမ်းထားရှိပြီးတော့ လိုင်စင်ရှိ ပြည်သူ့ဘဏ္ဍာသိမ်း မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီရုံးရဲ့ ၂၄-၂-၂၀၂၅ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၅ နှင့်အညီ ဆောင်ရွက်ပြီး ပြည်သူ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ထားတဲ့ သက်သေခံပစ္စည်းများကို တရားရုံး၏ အယူခံ/ ပြင်ဆင်ရက်ကျော်လွန်မှ စီမံခန့်ခွဲဆောင်ရွက်ရမည်ဖြစ်သော်လည်း တစ်ချို့သောပုပ်သိုးပျက်စီးလွယ်တဲ့ သက်သေခံပစ္စည်းများကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၆(က)အရ ပြည်နယ်တရားရေးဦးစီးမှူးမှ လေလံတင်ရောင်းချရန်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကို တင်ပြဆောင်ရွက်ရမည်ဖြစ်ပြီး တရားရေးဆိုင်ရာလုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့် ညီညွတ်ပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့ Cabinet ဆုံးဖြတ်ချက်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိပါ တယ်။ ပြည်နယ်တရားရေးဦးစီးမှူး၏ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာတရားရုံးများက

လေလံတင်ရောင်းချသည့်ကိစ္စရပ်များအား အချိန်တိုအတွင်းစီမံခန့်ခွဲ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က မေးခွန်း (၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်များ၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်းတောင်း ဂါဝရပြု မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ (ရှမ်းရှေ့) ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်စားလှယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ပလိပ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော တတိယအကြိမ်၊ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်အတွင်းရှိ ပုံပါကျင်မြို့နေဒေသခံပြည်သူများ စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး ကြုံတွေ့ရသော အခက်အခဲများထဲမှ အဓိကအကြောင်းအရာ(၂)ခုကို သက်ဆိုင်ရာမှ ကူညီဆောင်ရွက်ပေးနိုင်ရန် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ ပုံပါကျင်မြို့နယ်သည် နားကောင်းမူးအပါ ကျေးရွာအုပ်စု(၃)စု၊ ကျေးရွာပေါင်း(၄၆)ရွာ၊ မြို့နေရပ်ကွက်(၅)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားပေါင်းစုံ အေးအတူပူအမျှ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင်ဖြင့်မှီတင်း နေထိုင်ကြပါတယ်။ စုစုပေါင်းလူဦးရေမှာ ၃သောင်းကျော်ရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံသည် စိုက်ပျိုးရေးအဓိကထားသည့်နိုင်ငံဖြစ်သည့်နည်းတူ မိုင်းတုံခရိုင်၊ ပုံပါကျင်မြို့အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားပြီး လုပ်ကိုင်စားသောက်ကြတယ်။ အထူးသဖြင့် စပါး ၊ ပြောင်း၊ နှမ်း၊ မြေပဲ၊ ကြက်သွန်ဖြူ၊ နေကြာ၊ ငရုတ်နှင့် နှစ်ရှည်ပင်များဖြစ်ကြသော ရော်ဘာ၊ လိမ္မော်နှင့် သရက်ပင်များ စသည်တို့ကို အဓိကထား စိုက်ပျိုးလုပ်ကိုင်စားသောက်ကြပါတယ်။ စိုက်ပျိုးပြီးမှ ထွက်ရှိသော

သီးနှံနှင့် ရာဘာစေး ကုန်ကြမ်းများကို အနီးစပ်ဆုံးဖြစ်သော တာချီလိတ်မြို့သို့ သယ်ပို့ရောင်းချကြပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခေတ်ကာလဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ကုန်ဈေးနှုန်းကြီးမြင့်လာမှုများကြောင့် ဒေသခံပြည်သူများလည်း ၎င်းတို့စိုက်ပျိုးရေးနှင့်ပတ်သက်ပြီး အထွက်တိုးစေလိုကြပါတယ်။ သီးနှံများရောင်းချသည့်အခါတွင်လည်း မိမိတို့ပင်ပန်းရကျိုးနပ်အောင် တန်ရာတန်ကြေးအမြတ်ကိုရရှိချင်ကြပါတယ်။ အခွန်အခများကိုလည်း လျှော့ပေါ့ပေးစေချင်ကြပါတယ်။ ပညာရှင်များရဲ့လမ်းညွှန်မှုကိုခံယူပြီး စနစ်တကျ ထွန်ရက်စိုက်ပျိုးချင်ကြပါတယ်။ အဘယ်ကြောင့်ဆိုသော် မိသားစု စားဝတ်နေရေး၊ ကျန်းမာရေးနှင့်သားသမီးများ၏ပညာရေးသည် စိုက်ပျိုးရေးကသာ အဓိက အခရာကျနေပါသောကြောင့်ဖြစ်ပါတယ်။ ထို့ကြောင့်ဒေသခံ ပြည်သူများကိုယ်စား အောက်ပါကြယ်ပွင့်ပြမေးခွန်း (၂)ခုကို တစ်ဆက်တည်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့ မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။

မေးခွန်းနံပတ်(၁) ပုံပါကျင်မြို့ရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးထွက်ကုန်၊ ဓာတ်မြေသြဇာများနှင့် ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အခွန်ကင်းလွတ်ခွင့်ပြုရန်သို့မဟုတ် လျှော့ချပေးရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/ မရှိ။ ကျွန်တော်တို့ စိုက်ပျိုးထားတဲ့ ထွက်တဲ့သီးနှံများကို သယ်ပို့ရောင်းချတဲ့အခါမှာလည်းကောင်း၊ သီးနှံစိုက်ပျိုးဖို့လိုအပ်တဲ့ဓာတ်မြေသြဇာဝယ်ပြီးတော့ သယ်လာတဲ့အခါမှာလည်းကောင်း၊ အခွန်ကိုကျွန်တော်တို့ ကားကြီးတစ်စီးဆိုရင်တော့ ၁၅ သိန်း ၊ သိန်း ၂၀ ဝန်းကျင်လောက်လမ်းခရီး တစ်လျှောက် ပေးကမ်းရမှ လိုရာခရီးကို ရောက်ရှိပါတယ်လို့ ပြည်သူများကတင်ပြတဲ့ အတွက်ကြောင့်မလို့ အခွန်ကို လျှော့ပေါ့ပေးနိုင်ဖို့ရန် အစီအစဉ် ရှိ/ မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။

မေးခွန်း နံပါတ်(၂) ပုံပါကျင်မြို့အတွင်းရှိ ဒေသခံပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် စက်ပစ္စည်းများတင်သွင်းရန်နှင့် ပြည်ပမှကျွမ်းကျင်သော စိုက်ပျိုးရေးပညာရှင်များ ခေါ်ယူမှုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ကူညီဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ စသည်တို့ကို သိရှိလိုပါသောကြောင့် ဒေသခံပြည်သူများကိုယ်စား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှိသေ

လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း (၂)ခု လုံးကိုတစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်း(၂)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက တစ်ဆက်တည်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပုံပါကျင်မြို့ရှိ ဒေသခံ ပြည်သူများအား ဓာတ်မြေသြဇာနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ ထုတ်လုပ်ငန်းနှင့် စံပြစိုက်ခင်းများ ဆောင်ရွက်သော တောင်သူများအား ဓာတ်မြေသြဇာ များကို အခမဲ့ဖြန့်ဖြူးပေးခြင်းနှင့် သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းများကို သီးနှံစိုက်ပျိုးရာသီအလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်အနေအဖြင့် ယူရီးယားဓာတ်မြေသြဇာများ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီကို ဖွဲ့စည်းလျက် တောင်သူများ အရည်အသွေးမှန်ကန်စွာနှင့် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် ရန်ကုန်အထိုင်ဈေးသတ်မှတ်၍ သယ်ယူတင်ချခအပါအဝင် မျှတသောအမြတ်နှုန်းထားဖြင့် လိုအပ်သော တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များအား ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါကြောင်း ပထမ မေးခွန်းကိုဖြေကြား အပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ကတော့ ဆက်လက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ပုံပါကျင်မြို့အတွင်း ဒေသခံပြည်သူများသို့ စိုက်ပျိုးရေးနည်းပညာများ ပြန့်ပွားရေးအတွက် ဆောင်ရွက်ရာမှာ မိုင်းတုံမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ ပုံပါကျင်မြို့တွင် စိုက်ပျိုးရေး မြို့နယ်ဦးစီးဌာန(၁)ရုံးနှင့် ပညာပေးရေ့တန်းစခန်း(၁)ခု ဖွင့်လှစ်ထားပြီး ဒေသခံ တောင်သူပညာပေးဆွေးနွေးပွဲများ၊ နည်းပညာပေးသင်တန်းများပြုလုပ်ခြင်း၊ တောင်သူနှင့် ပူးပေါင်း၍ စံပြစိုက်ကွင်းများ ပြုလုပ်ခြင်း၊ မျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် ပုံပါကျင်မြို့ရှိ ‘ဝ’တိုင်းရင်းသားများ နေထိုင်ရာ ဒေသ/ ကျေးရွာများသို့ နည်းပညာပေးလုပ်ငန်းများဆောင်ရွက်ရန် သွားရောက်ပါက

အကန့်အသတ်များရှိပါသောကြောင့် အခက်အခဲများရှိပါတယ်။ ၎င်းတို့မှ နည်းပညာပေး လုပ်ငန်းများဆောင်ရွက်ပေးပါရန် ဆက်သွယ်လာပါက စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးရေးပညာရှင်များကိုစေလွှတ်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်သောကြောင့် ပြည်ပမှ စိုက်ပျိုးရေးပညာရှင်များ ခေါ်ယူမည့်အစား မိမိဒေသအတွင်းရှိ ထွက်ကုန်များအား ကုန်ချော(တန်ဖိုးမြှင့်) ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် လုပ်ငန်းရှင်များကို သက်ဆိုင်ရာ ဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖိတ်ခေါ်ဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် မရှိမဖြစ် လိုအပ်သော စက်ပစ္စည်းများအား ပြည်ပမှတင်သွင်းရာမှာလည်း သက်ဆိုင်ရာလုပ်ထုံး လုပ်နည်း၊ ဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရေးကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နှင့်(၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ရိုသေလေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ အားလုံးကိုယ်စိတ်နှစ်ပါး ရွှင်လန်းကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးခမ်းလူ ဖြစ်ပါတယ်။ ယနေ့ ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)တွင် ကျွန်တော့် အနေဖြင့် မက်မန်းမြို့ပေါ်ရှိ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ၏ သွားလာရေး လွယ်ကူချောမွေ့စေရန် ရည်ရွယ်ပြီး ကြယ်ပွင့်ပြမေးခွန်း(၂)ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ “ရှမ်းပြည်နယ် ‘ဝ’ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်၊ မက်မန်းမြို့သည် မြို့ပေါ် ရပ်ကွက်(၂)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားရှိပြီး ခရိုင်အဆင့် ရုံးဌာန(၁၄)ခု၊ မြို့နယ်အဆင့် ရုံးဌာန(၂၄)ခုဖြင့် အစိုးရ၏အုပ်ချုပ်မှု ယန္တရားများကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှ ၂၅.၉.၂၀၂၅ ရက်နေ့တွင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီး အဖွဲ့ရုံး စတင်ဖွင့်လှစ်၍ လက်ရှိအခြေအနေတွင် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း

ရုံးစိုက်ရာမြို့တစ်မြို့ဖြစ်ပါတယ်။ လူဦးရေအားဖြင့် ရပ်ကွက်နေပြည်သူ ၅၇၉ဦး၊ တိုင်း/ခရိုင်/မြို့နယ်အဆင့် နိုင်ငံ့ဝန်ထမ်းများဦးရေ (၄၃၅) ဦး၊ စုစုပေါင်း(၁၀၁၄)ဦး မှီတင်းနေထိုင်လျက်ရှိပြီး အခြေခံအဆောက်အအုံများအနေဖြင့် တိုင်း/ ခရိုင်/ မြို့နယ်/ ဌာနဆိုင်ရာ အဆင့်ရုံးများ/ လူနေအိမ်များ/ ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းတစ်ကျောင်း/ အထက်တန်းကျောင်း (၁)ကျောင်းနှင့် မူလတန်းကျောင်း(၁)ကျောင်း ရှိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့ပေါ်တွင် အဓိကလမ်းမအဖြစ် ဗိုလ်ချုပ်လမ်းတစ်ခုသာရှိပြီး လမ်းသွယ်(၇)ခုရှိသည့်အနက် မင်းသုခလမ်းသည် ဗိုလ်ချုပ်လမ်းနှင့် မြို့ရှောင်လမ်းကို ဆက်သွယ်ပေးထားပြီး အရှည်ပေ(၁၀၄၀)ပေ ရှိပါတယ်။ ၎င်းလမ်းသည်မြေသားလမ်းသာဖြစ်ပြီး လက်ရှိအခြေအနေအရ မက်မန်းမြို့ပေါ်ရှိ ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ခရိုင်/ မြို့နယ်အဆင့် ရုံးဌာနများ ဆက်သွယ်သွားလာရာတွင် မရှိမဖြစ် လိုအပ်သည့်လမ်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မင်းသုခလမ်းကို နွေ၊ မိုး၊ ဆောင်း အလွယ်တကူသွားလာနိုင်ရေးအတွက် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ပေးမည်ဆိုပါက မက်မန်းမြို့ပေါ်ရှိ ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက်များစွာ အထောက်အကူဖြစ်စေမှာဖြစ်ပါတယ်။ ကွန်ကရစ်လမ်းဆောင်ရွက်မည်ဆိုပါက လမ်းပေ(၁၀၄၀)ပေ၊ လမ်းအကျယ် (၁၂)ပေ၊ ထု(၆)လက်မဖြင့် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသပေါက်ဈေးနှုန်း တွက်ချက်မှုအရ (၁၂၀.၅)သန်းကျပ် ကုန်ကျမည်ဖြစ်ပြီး ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ၊ ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်မည်ကို ပြည်သူများကိုယ်စား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကို တစ်ဆက်တည်းမေးမြန်းခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့ပေါ်တွင် ခုနကပြောသလို အဓိကလမ်းမအဖြစ် ဗိုလ်ချုပ်လမ်းတစ်ခုသာရှိပြီး လမ်းသွယ်(၇)ခု၊ မြို့ပတ်လမ်း(၂)ခု၊ မြို့ရှောင်လမ်း(၁)ခုရှိပါတယ်။ အဆိုပါလမ်းများအနက် အနောက်မြို့ပတ်လမ်းသည် အရှည်(၁၆၂၄)ပေရှိပြီး ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ထားခဲ့သော်လည်း တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ မိုးသည်းထန်စွာရွာသွန်းချိန်များတွင် ရေတိုက်စားမှုကြောင့်လည်းကောင်း၊ အချိန်ကာလကြာမြင့်သည်

ဖြစ်၍လည်းကောင်း၊ လမ်းသားများ ပျက်စီးနေပြီဖြစ်သဖြင့် ခရီးသွားလာမှု အခက်အခဲများရှိပြီး မြို့အင်္ဂါရပ်နှင့်အညီ လမ်းအဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိနေပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါအနောက်မြို့ပတ် လမ်းအရှည်(၁၆၂၄)ပေအား လမ်း၏မြေအခြေအနေအရ အကျယ်(၁၂)ပေ ထု(၆)လက်မအဖြစ် ကွန်ကရစ်လမ်းခင်းမည်ဆိုပါက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ် ဒေသပေါက်ဈေးတွက်ချက်မှုအရ (၂၀၉.၉) သန်းကျပ် ကုန်ကျမည်ဖြစ်ပါတယ်။ မက်မန်းမြို့သည် ‘ဝ’ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ရုံးစိုက်ရာမြို့ဖြစ်သည်နှင့်အညီ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအတွက် အဆိုပါကွန်ကရစ်လမ်းအား လုပ်ငန်းခွင့်ပြုမှုချထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် ခွင့်ပြုမည်ဆိုပါက မည်သည့်ဘဏ္ဍာနှစ်တွင် ခွင့်ပြုပေးမည်ကို သိရှိလိုပါကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူ ဖြစ်ပါတယ်ခင်ဗျား။ မက်မန်းမဲဆန္ဒနယ် အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခမ်းလူ မေးမြန်းတဲ့ မေးခွန်းအပေါ် ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မေးခွန်းနံပါတ်(၁)အနေနဲ့ ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးဌာနသည် မိမိမြို့နယ်အတွင်း ကောက်ခံရရှိသည့် အခွန်ငွေများဖြင့် ဝန်ထမ်းများ၏ လစာငွေများ၊ သာမန်အသုံးစရိတ်များ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် ငွေလုံးငွေရင်းလုပ်ငန်းများအတွက် ပြန်လည်သုံးစွဲရတဲ့ဌာန ဖြစ်ပါတယ်။ မက်မန်းမြို့ဟာ စည်ပင်သာယာရေးဌာနမှ ကောက်ခံရရှိတဲ့ဝင်ငွေ နည်းပါးမှုကြောင့် ဝန်ထမ်းများ၏ လစာစရိတ်များ လုံလောက်မှုမရှိတဲ့အတွက် ဝန်ထမ်း၏ လစာငွေများ မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် ငွေလုံးငွေရင်း

လုပ်ငန်းများအတွက် အသုံးစရိတ်များအား ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ထောက်ပံ့ရန်ပုံငွေဖြင့်သာ ဆောင်ရွက်နေရခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မက်မန်းမြို့နယ်စည်ပင်သာယာရေးဌာနမှ အမှတ်(၁)ရပ်ကွက် မင်းသုခလမ်းအရှည် ၁၀၄၀ ပေ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ခန့်မှန်း ကုန်ကျ ငွေကျပ်(၁၂၁.၅)သန်းအား ရန်ပုံငွေ မရှိပါသဖြင့် ၂၀၂၆-၂၀၂၇ခု ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းစီမံကိန်းရေးဆွဲ လျာထားခြင်းမရှိခဲ့ပါကြောင်းနှင့် ၎င်းလုပ်ငန်းအား ဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့် သော်လည်းကောင်း၊ GRF ဖြင့်သော်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ ထောက်ပံ့ရန်ပုံငွေရရှိမှသာ လုပ်ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေများခွဲဝေချထားမှု မရရှိနိုင်ပါက နောင်လာမည့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး လျာထားရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မေးခွန်းနံပါတ်(၁)အား ဖြေကြားတင်ပြအပ်ပါတယ်။

တစ်ဆက်တည်း မေးခွန်းနံပါတ်(၂)ဖြစ်တဲ့ မက်မန်းမြို့ပေါ်တွင် အဓိကလမ်းမအဖြစ် ဗိုလ်ချုပ်လမ်း (၁)ခု၊ လမ်းသွယ်(၇)ခု၊ မြို့ပတ်လမ်း(၂)ခု၊ မြို့ရှောင်လမ်း (၁)ခုရှိရာ အနောက်မြို့ပတ်လမ်း အရှည်(၁၆၂၄)ပေရှိပြီး ၂၀၁၁ - ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် ကွန်ကရစ်လမ်းအဖြစ် ဖောက်လုပ်ခဲ့သော်လည်း တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ မိုးရွာသွန်းချိန်တွင် ရေတိုက်စားမှုကြောင့်လည်းကောင်း၊ အချိန်ကာလကြာမြင့်သောကြောင့်လည်းကောင်း၊ လမ်းသားများ ပျက်စီးနေပြီဖြစ်သဖြင့် အနောက်မြို့ပတ်လမ်းအား မြို့အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့နယ်စည်ပင်သာယာရေးဌာနဟာ မိမိမြို့နယ်အတွင်း ကောက်ခံရရှိသည့် အခွန်ငွေများနှင့် ဝန်ထမ်းများ၏ လစာငွေများ၊ သာမန်အသုံးစရိတ်များ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများနှင့် ငွေလုံးငွေရင်း လုပ်ငန်းများအတွက် ပြန်လည်သုံးစွဲရသည့် ဌာနဖြစ်ပါတယ်။ မက်မန်းမြို့စည်ပင်သာယာရေးဌာနမှကောက်ခံရရှိသည့် ဝင်ငွေနည်းပါးမှုကြောင့် ဝန်ထမ်း၏လစာစရိတ်များ လုံလောက်မှုမရှိသည့်အတွက် ဝန်ထမ်း၏လစာငွေများ၊ မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ငွေလုံးငွေရင်းလုပ်ငန်းများအတွက် အသုံးစရိတ်များအား ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ထောက်ပံ့ရန်ပုံငွေဖြင့်သာ ဆောင်ရွက်နေရခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မက်မန်းမြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့် အမှတ်(၁)ရပ်ကွက်ရှိ အနောက်မြို့ပတ်လမ်း အရှည် (၁၆၂၄ ပေ၊ လမ်းအကျယ် ၁၂ ပေ၊ လမ်းသားအထူ ၆ လက်မအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ်(၂၀၉.၉၀၀)သန်းအား ရန်ပုံငွေမရှိပါဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းစီမံကိန်းရေးဆွဲလျာထားခြင်း မရှိပါကြောင်းနှင့် ၎င်းလုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၏ ဖြည့်စွက်ရန်ပုံငွေဖြင့်သော်လည်းကောင်း၊ GRF ဖြင့်သော်လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့ရန်ပုံငွေဖြင့်သော်လည်းကောင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေများ ခွဲဝေချထားမှုမရရှိနိုင်ပါက နောင်လာမည့် ဘဏ္ဍာငွေရရှိမှုပေါ် မူတည်ပြီး လျာထားရေးဆွဲ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးများ မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးစိုင်းဟွမ်နွဲ့ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်ကျေးရွာအုပ်စု၊ နောင်ဆာကျေးရွာ၊ ဟွေပုံ(ထက်)ကျေးရွာ၊ ဟွေပုံ(အောက်)ကျေးရွာ၊ ပါခါးကျေးရွာ၊ ကောင်းပျက်ကျေးရွာ ရွာချင်းဆက်လမ်းပေါ်ရှိ နမ့်ခပ်ချောင်းသည် အလျား(၇၀)ပေခန့်ရှိပြီး မိုးရာသီကာလမှာ ရေကြီးရေလျှံမှုများကြောင့် ပြည်သူလူထုများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခက်အခဲများ ဖြစ်ပေါ်နေသည့်အတွက် ဒေသခံပြည်သူလူထုများအနေနဲ့သွားလာမှု အဆင်ပြေစေရန်အတွက် ယာယီတံတားငယ် ဆောက်လုပ်၍ သွားလာနေရပါတယ်။ အဆိုပါ နမ့်ခပ်ချောင်းကူးတံတားကို ရာသီမရွေးသွားလာနိုင်ရန်အတွက် ကွန်ကရစ်တံတား ဆောက်လုပ်ပေးမည်ဆိုပါက ကတ်တိုက်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ

ပေါင်း(၆)ရွာမှ အိမ်ထောင်စု(၂၇၃)စုရှိ ပြည်သူလူထု(၁၀၈၃)ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များအတွက် ရာသီမရွေးသွားလာနိုင်မည်ဖြစ်ပါသဖြင့် နမ့်ခပ်ချောင်းကူးတံတားအား ကွန်ကရစ်တံတား အဖြစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/ မရှိ ၊ ရှိပါက မည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါဖြင့် ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေဖြင့် ဆက်လက်တင်ပြခွင့်ပြုပါခင်ဗျား။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ တာလုတာလေ ကျေးရွာအုပ်စု၊ မိုင်း၀ ကျေးရွာမှ တာလုံကျေးရွာ၊ ၀မ်ပုံကျေးရွာ၊ တာလေကျေးရွာ၊ လိုင်ကန်ကျေးရွာတို့နှင့် ဆက်သွယ်ထားသောလမ်းသည် လမ်းအရှည်(၁၂)မိုင်ခန့်ရှိသည့်အနက် (၄)မိုင်အား ၂၀၁၉ ခုနှစ်တွင် မြေသားလမ်းအဖြစ် ဖောက်လုပ်ခဲ့ပြီး ဆက်လက်ဖောက်လုပ်ရန် (၈)မိုင် ကျန်ရှိနေပါတယ်။ မိုးတွင်းကာလမှာ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ဒေသခံပြည်သူလူထုများမှ အရေးပေါ်လူနာများပို့ဆောင်ရာတွင်လည်းကောင်း၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများအတွက် သွားလာလုပ်ဆောင်ရာတွင်လည်းကောင်း လမ်းချော်ခြင်း ယာဉ်မတော်တဆ ဖြစ်ခြင်းများကြောင့် သွားလာရေးတွင်များစွာအခက်အခဲနဲ့ရင်ဆိုင် ကြုံတွေ့နေရပါသဖြင့် အဆိုပါလမ်းအား အဆင့်မြှင့်တင်ပေးမည်ဆိုပါက ကျေးရွာ(၇)ရွာ၊ အိမ်ခြေ (၃၄၈)အိမ်၊ လူဦးရေ(၁၀၈၅)ဦးတို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးလုပ်ငန်းများပိုမိုအဆင်ပြေစွာ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါလမ်းအား အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့် ရှိပါကမည်သည့်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ကြယ်ပွင့်ပြမေးခွန်းအား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း၀န်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်

ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) ဦးစိုင်းဟွမ်နွဲ့ မေးမြန်းသည့်မေးခွန်း(၂)ခုကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက တစ်ဆက်တည်း ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပထမမေးခွန်းကို စတင်ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ကတ်ထိုက်ကျေးရွာအုပ်စု၊ နောင်ဆာကျေးရွာ၊ ဟွေပုံ(ထက်)၊ ဟွေပုံ(အောက်) - ပါခါး - ကောင်းပျက်ကျေးရွာ ချင်းဆက်လမ်းသည် Class (A)လမ်း အမျိုးအစားဖြစ်ပြီး လမ်းအရှည်မှာ (၄/၂)မိုင် ရှိပါတယ်။ ကျေးရွာ(၆)ရွာ၊ အိမ်ခြေ(၂၇၃)အိမ်၊ လူဦးရေ (၁၀၈၃)ဦး နေ့စဉ်အသုံးပြု လျက်ရှိသောလမ်းဖြစ်ပါတယ်။ အဆိုပါလမ်းပေါ်မှာ ဒေသခံပြည်သူများ ရာသီမရွေး သွားလာနိုင်ရေးအတွက် နမ့်ခပ်ချောင်းကူး တံတားအား (၇၀') ကွန်ကရစ်တံတား(၁)စင်း လိုအပ်လျက်ရှိပါတယ်။ အဆိုပါကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်းကို နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှစတင်ပြီး ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လျာထားတင်ပြ သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ တာလုတာလေ ကျေးရွာအုပ်စု၊ မိုင်းလားလမ်းမှ ပန်ဟုတ်- မိုင်း၀ - တာလုံး - တာလေ - ဝမ်ပုံ လိုင်ကပ်ကျေးရွာချင်းဆက်လမ်းဟာ Class(A) လမ်းအမျိုးအစားဖြစ်ပြီး လမ်းအရှည်မှာ (၁၂/၀)မိုင် ရှိပါတယ်။ ကျေးရွာ (၇)ရွာ၊ အိမ်ခြေ (၃၄၈)ခု၊ လူဦးရေ(၁၀၈၅)ဦး နေ့စဉ်အသုံးပြုလျက်ရှိပါတယ်။ မိုင်းလားလမ်းမှ မိုင်း၀ကျေးရွာအထိ မြေသားလမ်း(၄/၀)မိုင်အား ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိတဲ့လမ်းအရှည် (၈)မိုင်အား မြေသားလမ်းဖောက်လုပ်ခြင်းလုပ်ငန်းအား နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှ စတင်ပြီး ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှု အပေါ်မူတည်၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟွန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းချင်တဲ့ အကြောင်းအရာကတော့ ကျွန်တော်တို့ ကွန်ဟိန်းမြို့နယ်မှာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင်မြေပေါ်မှာ RC (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ ဝန်ထမ်းအိမ်ရာ(၁)လုံး ဆောက်လုပ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ ကွန်ဟိန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၅/၄က်ပျောတောရပ်)၊ ဦးပိုင်အမှတ် (၁၁၄)၊ မြေဧရိယာ(၀.၈၀၀)ဧကအနက်မှ (၀.၀၇၄)ဧက အပေါ်တွင် (၆၂'× ၅၂') RC (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ အဆောက်အအုံ(၁)လုံး ဆောက်လုပ်ထားရှိပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာအဖြစ် ဖွင့်လှစ်အသုံးပြုလျက်ရှိပြီး (၁၆)ခန်းတွင် ဝန်ထမ်းများအား နေရာချထားပေးပြီးဖြစ်ပါတယ်။ သို့ရာတွင် ကွန်ဟိန်းမြို့နယ်အတွင်း ဌာနဆိုင်ရာ(၃၃)ဌာန၊ ဝန်ထမ်း(၅၁၇)ဦးရှိရာ ဝန်ထမ်းအိမ်ရာခွင့်ပြုချထားပေးခြင်းမရှိသည့် ဌာနများရှိ ဝန်ထမ်းများအနေဖြင့် နေအိမ်ငှားရမ်းနေထိုင်ကြရသဖြင့် အိမ်ငှားစရိတ်ကြီးမြင့်ခြင်းကြောင့် ဝန်ထမ်းများနေထိုင်ရာ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ဌာနအများစုရှိ ဝန်ထမ်းအများစုမှာလည်း ဒေသစရိတ်ရရှိခြင်းမရှိသည့်အပြင် ကုန်ဈေးနှုန်းမှာလည်း အဆမတန်ကြီးမြင့်လာသည့်အတွက် များစွာသော အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများ လုပ်ငန်းခွင်အတွင်း ပျော်ရွှင်အေးချမ်းစွာဖြင့် နိုင်ငံ့တာဝန်များထမ်းဆောင်နိုင်ရန်အတွက် ကွန်ဟိန်းမြို့ရှိ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင်ကျန်ရှိသည့် မြေပေါ်တွင် RC (၄)ခန်းတွဲ (၄)ထပ် (၁၆)ခန်းပါ ဝန်ထမ်းအိမ်ရာအဆောက်အအုံ(၁)လုံး ထပ်မံခွင့်ပြုဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရ

အဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး က ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ ထပ်မံနှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်။ ကွန်ဟိန်း မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဝင်းလှိုင် မေးမြန်းတဲ့ ဝန်ထမ်းအိမ်ရာနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလျှင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေနဲ့ ရှမ်းပြည်နယ်အစိုးရသို့ နှစ်စဉ်ရန်ပုံငွေ တင်ပြ တောင်းခံပြီး ဝန်ထမ်းများ သက်သာချောင်ချိစွာ နေထိုင်နိုင်ရေးအတွက် ဝန်ထမ်း အိမ်ရာကို နှစ်စဉ်တင်ပြတောင်းခံတည်ဆောက်ပြီးတော့ ချထားပေးလျက်ရှိကြောင်း ဦးစွာ တင်ပြပြောကြားလိုပါတယ်။ ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကွန်ဟိန်းမြို့ အမှတ်(၃)ရပ်ကွက် အကွက်အမှတ် (၅/၄က်ပျောတောရပ်ကွက်)၊ ဦးပိုင်အမှတ်(၁၁၄)၊ မြေဧရိယာ (၀.၈၀၀၀)ကေအပေါ်မှာ RC (၄)ခန်းတွဲ(၄)ထပ် (၁၆)ခန်းပါ (၅၄'× ၅၇'၆") (၁)လုံးအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ထပ်မံတည်ဆောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်၏၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာရေးနှစ်ထိ (၅)နှစ် ဒေသန္တရဖွံ့ဖြိုးမှုစီမံကိန်း (5th Year Regional Development Plan)တွင် ထည့်သွင်း လျာထားပြီးဖြစ်ပါသဖြင့် ခွင့်ပြုဘဏ္ဍာရန်ပုံငွေရရှိပါက သတ်မှတ်ဘဏ္ဍာရေးနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁) က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါ သော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်

တရားလွှတ်တော် တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါဝရပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟွန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော့် ဒုတိယမေးခွန်းအနေနဲ့ သစ်တောကြိုးဝိုင်းအတွင်းကျရောက်နေသော ကျေးရွာများ၊ လယ်ယာမြေနှင့် ဌာနဆိုင်ရာအဆောက်အဦများအား ဆိုင်ရာပိုင်ခွင့်အဖြစ် ပြန်လည် ပယ်ဖျက်ခွင့်ပြုပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်အတွင်းရှိ ဝမ်လော ကျေးရွာအုပ်စု၊ ဆိုင်းခေါင်ကျေးရွာအုပ်စု၊ လွိုင်ကျိုင်းကျေးရွာအုပ်စု၊ ငါးတိုင်ကျေးရွာ အုပ်စု၊ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ကွန်ပုကျေးရွာအုပ်စု၊ နားပွဲကျေးရွာအုပ်စုတို့ အပါအဝင်ကျေးရွာများ၏ အိမ်ခြေ(၇၆၂)၊ လူဦးရေ(၃၃၉၄)ဦးတို့သည် သစ်တော ကြိုးဝိုင်း/ကြိုးပြင်တောများအတွင်း ကျရောက်လျက်ရှိသည့်အပြင် မြို့မကျေးရွာအုပ်စု အတွင်းရှိ နမ့်ခမ်းကျေးရွာတွင် အိမ်ခြေ(၉၇)အိမ်၊ လူဦးရေ(၄၄၁၂)ဦး၊ ပန်လှိုင်း ကျေးရွာတွင်အိမ်ခြေ(၂၃)အိမ်၊ လူဦးရေ (၁၂၄)ဦး၊ သိန်းဖျံကျေးရွာအုပ်စုတွင် အိမ်ခြေ (၄၂)အိမ်၊ လူဦးရေ(၁၈၇)ဦး၊ ထပ်ငေါ့ကျေးရွာတွင် အိမ်ခြေ(၂၁)အိမ်၊ လူဦးရေ (၉၄)ဦးနှင့်၊ လွိုင်ကျိုင်းကျေးရွာအုပ်စုအတွင်းရှိ ဆိုင်းမွန်စုပေါင်း ရွာသစ်ကျေးရွာတွင် အိမ်ခြေ(၅၅)အိမ်၊ လူဦးရေ(၂၆၃)ဦးမှာလည်း သစ်တောကြိုးဝိုင်း/ ကြိုးပြင်တောများ အတွင်း ကျရောက်လျက်ရှိပါတယ်။ ဆက်လက်ပြီး ကွန်ဟိန်းမြို့နယ်ရဲ့ ကာလိမြို့ နယ်နိမိတ်အတွင်းမှာရှိတဲ့ ဟိုပန်ကျေးရွာအုပ်စု၊ တာကော်ကျေးရွာအုပ်စု၊ ဝမ်ပတ် ကျေးရွာအုပ်စုများအပါအဝင် ကျေးရွာခွဲများ၏အိမ်ခြေ(၃၃၇၉)အိမ်၊ လူဦးရေ(၁၉၅၀၅)ဦး တို့မှာလည်း သစ်တောကြိုးဝိုင်း/ ကြိုးပြင်တောများအတွင်း ကျရောက်လျက် ရှိပါတယ်။ အထက်ပါကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၊ လယ်ယာမြေများ၊ သာသနာမြေ၊ သုသာန်မြေများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ၏ နယ်နိမိတ်များအား သစ်တောကြိုးဝိုင်းများအတွင်းမှ ပယ်ဖျက်ခွင့်ရရှိပါက အောက်ပါ အကျိုးကျေးဇူးများရရှိမည်ဖြစ်ပါတယ်။ (က) ကျေးရွာမြေများ၊ ကျေးရွာအတွင်း လူနေထိုင်သည့်မြေများအား သစ်တောပယ်ဖျက်ခွင့်ရရှိပါက ကျေးရွာနယ်နိမိတ်များ

တိတိကျကျသတ်မှတ်နိုင်ပြီး ကျေးရွာမြေငှားဂရန်များ စီမံချက်အရရေးဆွဲကာ နှစ်စဉ်မြေတိုင်းတာခြင်း၊ မြေပုံရေးဆွဲပြီး ကျေးရွာမြေငှားဂရန်များ ထုတ်ပေးနိုင်မည် ဖြစ်ပါတယ်။ ကျေးရွာမြေငှားဂရန်ရရှိပါက အငြင်းပွားမှုပြဿနာများလည်း နည်းပါး လာမည်ဖြစ်ပါတယ်။ ချေးငွေလိုအပ်ပါက မြန်မာ့စီးပွားရေးဘဏ်တွင် အတိုးနှုန်း သက်သာစွာ ချေးငွေရယူနိုင်မည်ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း မြေငှားခွန်များ ရရှိနိုင်မည်ဖြစ်ပါတယ်။ (ခ) လယ်ယာမြေများလက်ရှိစိုက်ပျိုးနေမှုများအား သစ်တော ပယ်ဖျက်ခွင့်ရရှိပါက နှစ်စဉ်စီမံချက်ရေးဆွဲပြီး မြေတိုင်းတာခြင်း၊ မြေပုံရေးဆွဲရေး စာရင်းအင်းများထူထောင်နိုင်ပါက စိုက်ပျိုးထုတ်လုပ်မှုကိန်းဂဏန်းများ တိကျ မှန်ကန်စွာကောက်ယူရရှိပါမည်။ ဒေသအတွင်း ဆန်စပါးနှင့်ဆီဖူလုံမှု တွက်ချက်သိရှိနိုင် ပါတယ်။ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ(၇)ထုတ်ပေးနိုင်မည်ဖြစ်ပြီး ပုံစံ(၇)ရရှိပါက စိုက်ပျိုးရေးအတွက်လိုအပ်သော မြေဩဇာ၊ မျိုးစေ့၊ ထွန်ရက်စရိတ်၊ ကောက်စိုက်စရိတ်တို့ကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများ ချေးယူရရှိဆောင်ရွက်ပါက အဆင်ပြေနိုင်သဖြင့် တောင်သူလယ်သမားများ စိုက်ပျိုးထုတ်လုပ်မှု ပိုမိုအားကောင်းလာမည် ဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ကောက်လျှင်၊ ကောက်ကြီး၊ ကိုင်းမူရင်းမြေခွန်များ ရရှိမည်ဖြစ်ပါတယ်။ (ဂ)သာသနာ၊ သုသာန်မြေများ သစ်တောပယ်ဖျက်ခွင့်ရရှိပါက ဘာသာ၊ သာသနာအတွက် ဘုရားပုထိုး၊ စေတီကျောင်းကန်တန်ဆောင်း၊ ဘုန်းကြီးကျောင်းနှင့် အခြားဘာသာရေး အသင်းအဖွဲ့တို့၏ မြေယာပိုင်ဆိုင်မှုများ သတ်သတ်မှတ်မှတ်ရရှိနိုင်ပြီး မြေယာ အငြင်းပွားမှုမရှိဘဲ ဘာသာ၊ သာသနာအကျိုး တိုးတက်ဆောင်ရွက်နိုင်မည် ဖြစ်ပါတယ်။ (ဃ) စာသင်ကျောင်းများ သစ်တောပယ်ဖျက်ခွင့်ပြုပေးနိုင်ပါက စာသင် ကျောင်းမြေတို့အား သတ်သတ်မှတ်မှတ် တိတိကျကျတိုင်းတာခြင်း၊ ပိုင်ဆိုင်မှုရရှိပြီး စာသင်ကျောင်းများအား မူလတန်း၊ အလယ်တန်း၊ အထက်တန်း အစရှိသဖြင့် အဆင့်မြှင့်တင်ပေးနိုင်ခြင်း၊ အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ခြင်းကြောင့် ကျေးလက်ဒေသရှိကလေးများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်မည် ဖြစ်ပါသည်။ ဒါ့အပြင် ဆေးရုံဆေးခန်းများ သစ်တောပယ်ဖျက်ခွင့်ရရှိနိုင်ပါက ဆေးရုံ၊ ဆေးခန်းနေရာ နယ်နိမိတ်အတိုင်းအတာအား သိရှိနိုင်ပြီး မြေယာပိုင်ဆိုင်မှု အထောက်အထားများရရှိပါက ဆေးရုံ၊ ဆေးခန်းတို့ကို အဆင့်မြှင့်တင်ခြင်း၊

အဆောက်အအုံများတိုးချဲ့ ဆောက်လုပ်နိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုကောင်းမွန်စွာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါတယ်။ အထက်တင်ပြပါအတိုင်း သစ်တောကြိုးဝိုင်း/ ကြိုးပြင်တောများအတွင်း ကျရောက်နေမှုများအား ၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ဆိုင်ရာပိုင်ခွင့်ကောက်ခံရေး စီမံချက် ဆောင်ရွက်မှုမျိုး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ဒေသနေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေးများ အဖက်ဖက်မှ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး နိုင်ငံတော်အနေဖြင့်လည်း ကိန်းဂဏန်းများ၊ စာရင်းဇယားများ ပိုမိုတိကျမှန်ကန်စွာ ရရှိနိုင်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းဝမ်းလှိုင်းတစ်(ပ်)၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၏ ကြယ်ပွင့်ပြ မေးခွန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးကျွန်တော် ဦးစိုင်းဝမ်းလှိုင်းတစ်(ပ်)က ဖြေကြားသွားမှာဖြစ်ပါတယ်။

(က) ဝမ်လောကျေးရွာအုပ်စု၊ ဝမ်လောရွာမကျေးရွာ၊ ပန်ဝပ်ကျေးရွာ၊ ပိန်ခန်ကျေးရွာ၊ တုံဆာကျေးရွာ၊ နားမွန်းကျေးရွာ၊ ပလောင်ကျေးရွာ၊ ကွတ်ပုံကျေးရွာ၊ လုံမော့ကျေးရွာ၊ ပန်ဟုတ်ကျေးရွာ၊ ပန်ပက်ကျေးရွာ၊ ဟွေဖိန်ကျေးရွာ စုစုပေါင်း (၁၁)ရွာသည် ကျိုင်းခမ်းကြိုးဝိုင်းအတွင်း ကျရောက်သော်လည်း ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိခြင်းမရှိပါကြောင်း။

(ခ) ဆိုင်းခေါင်ကျေးရွာအုပ်စု၊ ဆိုင်းခေါင်ကျေးရွာသည် ကျိုင်းတောင်းကြိုးဝိုင်းအတွင်းနှင့် ဝမ်ဆိုင်းမွန်ကျေးရွာသည် ကျိုင်းခမ်းကြိုးဝိုင်းအတွင်း ကျရောက်သော်လည်း ၂၀၁၃ခုနှစ် သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိခြင်းမရှိပါကြောင်း။

(ဂ) လွိုင်ကျိုင်းကျေးရွာအုပ်စု၊ လွိုင်ကျိုင်းကွန်ကျောင်းကျေးရွာ၊ နားကောင်းကျေးရွာ၊ နားလကျေးရွာ၊ ဟိုတကျေးရွာ၊ နားကျူကျေးရွာ၊ စုစုပေါင်း (၅)ရွာ၊ ငါးတိုင်ကျေးရွာအုပ်စု၊ နားခါးအွမ်ကျေးရွာ၊ နားပေါက်ကျေးရွာ၊ ဝိုးလုံကျေးရွာ၊ နားခါးလုံးကျေးရွာ၊ ဝမ်ဆုန်ဆန်းကျေးရွာ၊ ကွန်မိကျေးရွာ၊ စုစုပေါင်း(၆)ရွာ၊ ကျိုင်းခမ်းကျေးရွာအုပ်စု၊ ပေါက်ကန့်ကောင်ကျေးရွာ၊ ပေါက်ကန်ဝိန်းကျေးရွာ၊ စုစုပေါင်း(၃)ရွာ၊ ကွန်ပုကျေးရွာအုပ်စု၊ လွယ်ယန်း ကွန်ပုကျေးရွာ၊ နမ့်ပန်ကျေးရွာ၊ နမ့်ကုံးကျေးရွာ၊ ကြူကျိန်ကျေးရွာ၊ စုစုပေါင်း(၄)ရွာသည် ကျိုင်းတောင်းကြိုးဝိုင်းအတွင်း ကျရောက်သော်လည်း ၂၀၁၃ ခုနှစ် သစ်တောနယ်မြေများအတွင်း နှစ်ကာလ အတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိခြင်းမရှိပါကြောင်း၊

(ဃ) နားပွဲကျေးရွာအုပ်စု၊ နောင်ဝိုးကျေးရွာ၊ နမ့်ခမ်းကျေးရွာ၊ ဝမ်ဖစ်ကျေးရွာ၊ တာဆိုင်းကျေးရွာ၊ စုစုပေါင်း(၄)ရွာသည် ကျိုင်းတောင်းကြိုးဝိုင်းအတွင်းကျရောက်သော်လည်း ၂၀၁၃ ခုနှစ် သစ်တော နယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာ တစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိခြင်းမရှိပါကြောင်းနှင့် ဟိုတကျေးရွာနှင့် ဝိန်းလုံကျေးရွာ၊ စုစုပေါင်း(၂)ရွာသည် သစ်တောနယ်မြေအတွင်း ကျရောက်မှု မရှိပါကြောင်း။

(င) ကွန်ဟိန်းမြို့မကျေးရွာအုပ်စုအတွင်းရှိ နမ့်ခမ်းကျေးရွာသည် ကျိုင်းခမ်းကြိုးဝိုင်းအတွင်း ကျရောက်ပြီး ၂၀၁၃ ခုနှစ် သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချ

နေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၉ - ၈ - ၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၆/၂၀၁၃)ဖြင့် ရွာမြေ(၃၂.၉၁၁)ဧက၊ လယ်မြေ (၂၇.၄၄)ဧက၊ သာသနာနှင့် အများပိုင်မြေ(၀.၃၅)ဧက၊ စုစုပေါင်း(၆၀.၇၀၁)ဧက အား ပယ်ဖျက်ပေးပြီးဖြစ်သည့်အပြင် ပန်လှိုင်း(ပါလိုင်း)ကျေးရွာ၊ သိန်းဖျုံကျေးရွာ၊ ထမ်ငေါ့ကျေးရွာများသည် ကျိုင်းခမ်းကြိုးဝိုင်းအတွင်း ကျရောက်ပြီး ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၆ - ၄ -၂၀၁၅ အမိန့်ကြော်ငြာစာအမှတ် (၃၇၂/၂၀၁၅)ဖြင့် ရွာမြေ(၁၄.၂၂)ဧက၊ လယ်မြေ(၃၃.၆၃)ဧက၊ သာသနာ/အများပိုင်မြေ (၂.၂၄)ဧက၊ စုစုပေါင်း (၅၀.၀၉)ဧကအား သစ်တောနယ်မြေအတွင်းမှ ပယ်ဖျက်ပေးပြီးဖြစ်သော်လည်း ဆိုင်းမွန် စုပေါင်းရွာသစ်ကျေးရွာသည် ဝမ်လိုက်ကမ်ကြိုးဝိုင်းအတွင်း ကျေးရွာမြေ တစ်စိတ်တစ်ပိုင်းကျရောက်သော်လည်း ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိခြင်းမရှိပါကြောင်း။

(စ) ဟိုပန်ကျေးရွာအုပ်စု၊ ဟိုပန်ကျေးရွာ၊ နားကန်ကျေးရွာ၊ နားလျင်လိုင်ကျေးရွာ၊ ဝမ်ဆတ်ကျေးရွာ၊ နမ့်ဟူးလိန်ကျေးရွာ၊ နောင်ခမ်းကျေးရွာ၊ ဆိုက်ခေါင်ကျေးရွာ၊ နမ့်လန်ကျေးရွာ စုစုပေါင်း(၈)ရွာသည် လွိုင်မယ်ကြိုးဝိုင်းအတွင်း ကျရောက်ပြီး ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင်ပါရှိသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၉ - ၈ -၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၀၇/

၂၀၁၃)ဖြင့် ရွာမြေ(၁၃၅.၃၁၈)ဧက၊ လယ်မြေ(၆၂၃.၉)ဧက၊ သာသနာ/အများပိုင်မြေ (၂၇)ဧက၊ စုစုပေါင်း(၇၈၆.၂၁၈)ဧကအား သစ်တောနယ်မြေအတွင်းလည်းကောင်း၊ ဝမ်မိုင်ကျေးရွာနှင့် ပန်မုံ(ကျိုင်းလီ) ကျေးရွာတို့သည် လွိုင်မယ်ကြိုးဝိုင်းအတွင်းကျရောက်ပြီး ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၆ - ၃ - ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၈၄/၂၀၁၅)ဖြင့် ရွာမြေ(၄၄.၇၉)ဧက၊ လယ်မြေ(၄၈)ဧက၊ သာသနာပိုင်/အများပိုင်မြေ(၃.၅)ဧက၊ စုစုပေါင်း (၉၆.၂၅)ဧကအား သစ်တောနယ်မြေအတွင်းမှလည်းကောင်း၊ ဝမ်မိုင်လုံကျေးရွာ၊ နမ့်မော်ငင်းကျေးရွာ၊ လုံဖန်ကျေးရွာ၊ ကျောင်းခေါ်ကျေးရွာ၊ နားတောင်းကျေးရွာ၊ နားဟိုက်ကျေးရွာ၊ ဝမ်ခင်းကျေးရွာ၊ နမ့်မော်တောင်းကျေးရွာများသည် လွိုင်မယ်ကြိုးဝိုင်းအတွင်းကျရောက်ပြီး ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၆ - ၄ - ၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၃၇၁/၂၀၁၅)ဖြင့် ရွာမြေ(၄၈.၉၃)ဧက၊ လယ်မြေ (၁၈၉.၂၆)ဧက၊ သာသနာ/အများပိုင်မြေ (၁.၁၂)ဧက၊ စုစုပေါင်း (၂၃၉.၃၁)ဧကအား သစ်တောနယ်မြေအတွင်းမှလည်းကောင်း ပယ်ဖျက်ပေးခဲ့သော်လည်း ပန်လုံကျေးရွာ၊ ပန်ပေါင်းကျေးရွာ၊ လွိုင်ဟန်ကျေးရွာတို့သည် ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိခြင်းမရှိပါကြောင်း။

(ဆ) တာကော်ကျေးရွာအုပ်စု၊ နမ့်ဝှက်ကျေးရွာ၊ ဖန်လန်းကျေးရွာ၊ နားကေ့ကျေးရွာ၊ ဖာလိုင်းကျေးရွာ၊ မတ်ကပ်ကျေးရွာများသည် လွိုင်မယ်

ကြိုးဝိုင်းအတွင်း ကျရောက်သဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၆-၄-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၇၁/၂၀၁၅)ဖြင့် ရွာမြေ(၂၅.၂၃) ဧက၊ လယ်မြေ(၁၆)ဧက၊ စုစုပေါင်း(၄၁.၂၃)ဧကအား သစ်တောနယ်မြေအတွင်းမှ ပယ်ဖျက်ပေးခဲ့ပြီး ဝမ်အိန်ကျေးရွာ၊ ဝမ်ဝိန်းကျေးရွာတို့သည် လွိုင်မယ်ကြိုးဝိုင်းအတွင်းကျရောက်သော်လည်း ၂၀၁၃ ခုနှစ် သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိခြင်းမရှိပါကြောင်းနှင့် တာလုံကျေးရွာ၊ ခိုပုန်ကျေးရွာ၊ နောင်တောင်းကျေးရွာ၊ ခမ်းယုံကျေးရွာ၊ ခိုဆန်ကျေးရွာ၊ ပါကွေ့ကျေးရွာတို့သည် သစ်တောနယ်မြေအတွင်း ကျရောက်မှုမရှိပါကြောင်း။

(ဇ) ဝမ်ပတ်ကျေးရွာအုပ်စု၊ လွိုင်ဆိုင်ကျေးရွာ၊ လုံယမ်းကျေးရွာ စုစုပေါင်း ကျေးရွာ(၂)ရွာသည် လွိုင်မယ်ကြိုးဝိုင်း အတွင်းကျရောက်ပြီး ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် ပါရှိသဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၉- ၈- ၂၀၁၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁၀၇/၂၀၁၃)ဖြင့် ရွာမြေ(၄၃.၆၂)ဧက၊ လယ်မြေ(၂၂.၀၈) ဧက၊ သာသနာ/အများပိုင်မြေ(၁)ဧက၊ စုစုပေါင်း (၆၆.၇)ဧကအား သစ်တောနယ်မြေအတွင်းမှ ပယ်ဖျက်ပေးခဲ့ပါကြောင်း၊

(ဈ) ကွန်ဟိန်းမြို့နယ်၊ လွိုင်မယ်ကြိုးဝိုင်းနှင့် ကျိုင်းခမ်းကြိုးဝိုင်း အတွင်းကျရောက်သည့် ကျေးရွာများအနက် ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင်ပါရှိသည့် ရပ်ကွက်/ကျေးရွာမြေ (၉၄၄.၅၅၅)ဧက၊ လယ်မြေ(၁၅၈၇.၆၂)ဧက၊ သာသနာ/အများပိုင်မြေ (၁၃၂.၁၆၇)ဧက၊ စုစုပေါင်း(၂၆၆၄.၃၄၂)ဧကအား မူဝါဒ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပယ်ဖျက်ပေးခဲ့ပါကြောင်း။

(ည) လွိုင်မယ်ကြိုးဝိုင်း၊ ဝမ်လိုက်ကမ်ကြိုးဝိုင်း၊ ကျိုင်းတောင်းကြိုးဝိုင်း၊ ကျိုင်းခမ်း ကြိုးဝိုင်းအတွင်း ကျရောက်သည့် ကျေးရွာအုပ်စု(၁၂)စု၏ ကျေးရွာ(၄၂)ရွာသည် ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများ ကောက်ယူရာတွင် မပါရှိပါကြောင်း။

(ဋ) သစ်တောနယ်မြေများအတွင်းကျရောက်သော်လည်း ၂၀၁၃ ခုနှစ်၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလတိုင်းအတာတစ်ခုအထိ ဝင်ရောက်အခြေချနေထိုင်သည့် စာရင်းများကောက်ယူရာတွင် နယ်မြေ အခြေအနေနှင့် လုံခြုံရေးကန့်သတ်ချက်များကြောင့် ကျေးရွာအုပ်စု (၁၂)စုရှိ ကျေးရွာ(၄၂)ရွာနှင့်ပတ်သက်၍ စာရင်းအချက်အလက်များ ကောက်ယူနိုင်ခဲ့ခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော ဆိုင်ရာပိုင်ခွင့်ကောက်ခံရေးစီမံချက် ဆောင်ရွက်မှုမျိုး ဆောင်ရွက်လိုပါက ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးထံ မူဝါဒခွင့်ပြုချက်ဦးစွာ ရယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ နောက်ပိုင်း သစ်တောနယ်မြေအတွင်း ကျူးကျော် ဆောင်ရွက်မှုများနှင့်ပတ်သက်၍ သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးဒီဂေါလ် ဖြစ်ပါတယ်။ ဒီကနေ့ပြုလုပ်ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့)မှာ ကျွန်တော်တို့ ရှမ်းပြည်နယ်ရဲ့ အခြေခံပညာရေးနဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး

ခင်ဗျား။ ပညာရေးဟာ ကမ္ဘာကိုပြောင်းလဲစေနိုင်တဲ့ စွမ်းအားကြီးမားတဲ့ လက်နက်အဖြစ် လူတွေက သတ်မှတ်ယုံကြည်လက်ခံကြပါတယ်။ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအားလုံးတို့ရဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ နိုင်ငံတစ်ခုတိုးတက်ဖို့ အပြောင်းအလဲဖြစ်ဖို့အတွက် ပညာရေးကဏ္ဍမှာ အထူးအထူးအလေးထား ရင်းနှီးမြှုပ်နှံကြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ဟာလည်း ပညာရေးအရ နောက်ကျကျန်ရစ်တဲ့ ပြည်နယ်တစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်ကြီးကို သာယာဝပြောပြီး ငြိမ်းချမ်းသာယာတဲ့ အစဉ်ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်တစ်ခုဖြစ်ဖို့အတွက် ပညာရေးကဏ္ဍမှာ ကျွန်တော်တို့က အထူးအထူးအလေးထား ရင်းနှီးမြှုပ်နှံသွားရမှာဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့ ရှမ်းပြည်နယ်မှာ ရင်ဆိုင်ကြုံတွေ့နေရတဲ့ ပညာရေးဆိုင်ရာ အခက်အခဲများကတော့ ကျွန်တော်တို့ရဲ့ စာသင်ကျောင်းဆောင်များ မလုံလောက်ခြင်း၊ ပညာရေးဝန်ထမ်းများ လုံလောက်မှုမရှိခြင်းနှင့် တာဝန်ထမ်းဆောင်နေကြတဲ့ ပညာရေးဝန်ထမ်းများရဲ့ အိမ်ရာများ လုံလောက်မှုမရှိခြင်းစတဲ့ အခက်အခဲများ ကြုံတွေ့နေရပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသမှာ ပိုမိုဖြစ်ပွားပါတယ်။ ဒီကနေ့ကျင်းပပြုလုပ်တဲ့ အစည်းအဝေးမှာ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွင်းမှာကျွန်တော်တို့ ရှမ်းပြည်နယ်တစ်ဝန်းလုံး အခြေခံပညာရေးဝန်ထမ်းဦးရေ မည်မျှခန့်ထားပေးနိုင်မည်၊ လစ်လပ်မှုဝန်ထမ်းဦးရေဘယ်လောက်ရှိသလဲ၊ အဆိုပါလစ်လပ်သွားတဲ့ ဝန်ထမ်းနေရာများကို ပြန်လည်ဖြည့်ဆည်းပေးနိုင်ရေးအတွက် လက်ရှိတာဝန်ယူထမ်းဆောင်နေတဲ့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ မည်သို့မည်ပုံ ကြိုးပမ်းဆောင်ရွက်သွားမှာကို သိရှိလိုတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အထူးကျေးဇူးတင်ရှိပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းလူ၊ လူမှုရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် တက်ရောက်လာကြသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ဟိုပုံးမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဒီဂေါလ်၏ ရှမ်းပြည်နယ်

အတွင်း ပညာရေးဝန်ထမ်းများ မလုံလောက်ပါသဖြင့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် အခြေခံပညာရေးဝန်ထမ်းများခန့်ထားမှု၊ လစ်လပ်ဝန်ထမ်းဦးရေနှင့် မည်ကဲ့သို့ ဖြည့်ဆည်းခန့်ထားပေးမည်ကို သိရှိလိုပါသည်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီး ကျွန်မ ဒေါ်နန်းခမ်းလူက ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

၂၀၂၆ - ၂၀၂၇ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်ရှိ တောင်ကြီးပညာရေး ဒီဂရီကောလိပ်မှ B.A , B.Sc(Education) (လေးနှစ်)သင်တန်းဆင်း (၁/၂၀၂၆)မှ (၁၃၅)ဦး၊ (၂/၂၀၂၆) မှ (၂၆၇)ဦး၊ စုစုပေါင်း (၄၀၂)ဦးကို အလယ်တန်းပြအဖြစ် လည်းကောင်း၊ ပညာရေးနှင့် သင်ပြနည်းပညာ ဒီပလိုမာသင်တန်း Dip.Ep(၁/၂၀၂၅) သင်တန်းဆင်း (၄၀၄)ဦးအား မူလတန်းပြအဖြစ်လည်းကောင်း ဖြည့်ဆည်းခန့်အပ် ထားပေးသွားမည်ဖြစ်ပြီး ဆရာ/ ဆရာများမရှိသော ဇီးရိုးကျောင်းများ၊ တစ်ယောက်ထဲ ရှိသောကျောင်းများ၊ ဆရာအင်အားနည်းပါးသော ကျောင်းများတို့ကို အမြန်ဆုံး ဦးစားပေးခန့်အပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစောမူးလာ မိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နဲ့ (၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစောမူးလာ ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမဲ့ မေးခွန်းကတော့ “မိုင်းတုံမြို့နယ်၊ ဟိုပန်ကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ ရွာတွင်းလမ်းဖြစ်ပါတယ်။ ၎င်းကျေးရွာတွင် အိမ်ခြေ(၄၈)အိမ်၊ လူဦးရေ(၁၅၀)ဦး နေထိုင်ကြပြီး လယ်/တောင်ယာ များလုပ်ကိုင်ကြခြင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များမွေးမြူခြင်း အသက်မွေးဝမ်းကျောင်း ပြုကြပါတယ်။ ၎င်းကျေးရွာ ရွာတွင်းလမ်းသည် နွေရာသီတွင် သွားလာရေးအခက်အခဲ မရှိသော်လည်း မိုးရာသီတွင် ကျွဲ၊ နွား တိရစ္ဆာန်များ သွားလာမှုကြောင့် လမ်းချော်ခြင်း၊ ဗွက်ထခြင်း၊ သွားလာရေးခက်ခဲခြင်းတို့ကြောင့် ၎င်းရွာအတွင်း လမ်းအရှည် (၄၀၀)ပေ၊

အကျယ်(၁၂)ပေအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်း တင်ပြခွင့်ပြုပါခင်ဗျား။ ဒုတိယမေးခွန်းကတော့ မိုင်းတုံမြို့နယ်၊ မိုင်းကန်ကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာသည် မိုင်းတုံ - တာဆန်းကြားတွင် တည်ရှိပြီး အိမ်ခြေ(၄၀)ကျော် လူဦးရေ(၂၈၀)ဦး နေထိုင်ပြီး တောင်ယာ၊ ခြံလုပ်ငန်းများ၊ ကျွဲ၊ နွား တိရစ္ဆာန်များ မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ၎င်းကျေးရွာသည် လားဟူတိုင်းရင်းသားများ နေထိုင်ကြသည့်အတွက် လားဟူတိုင်းရင်းသားများ နှစ်စဉ်ကျင်းပသည့် ကောက်သစ်စားပွဲ၊ နှစ်သစ်ကူးပွဲ၊ အခြားဘာသာရေးပွဲတော်များ ကျင်းပနိုင်ရေးအတွက် ခန်းမဆောင် မရရှိသေးကြောင်းကို သိရှိရပါသည်။ ထို့ကြောင့် ၎င်းရွှေတောင်ကျေးရွာအား အရှည်(၅၀)ပေ၊ အနံ(၃၀)ပေ၊ အမြင့် (၁၂)ပေရှိသော ခန်းမဆောင် အသစ်ဆောက်လုပ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ဦးစောမူးလာ၊ မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှစ်ခုစလုံးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက တစ်ဆက်တည်းဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ပထမမေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။ မိုင်းတုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဟိုပန်ကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ရွာတွင်းလမ်းခင်းခြင်းလုပ်ငန်းအား

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပြည်ထောင်စုရန်ပုံငွေ ကျပ်(၁၅.၀၀)သန်း ချထားပေးပြီး ကျေးရွာပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားစေမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်၊ မိုင်းကန်ကျေးရွာအုပ်စု၊ ရွှေတောင်ကျေးရွာတွင် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပြည်ထောင်စုရန်ပုံငွေဖြင့် ရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း (၆၀၀'×၁၂'×၆") လုပ်ငန်းဆောင်ရွက်ခြင်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ခရီးစဉ်လမ်းညွှန်မှာကြားချက်အရ ပြည်နယ်ရန်ပုံငွေဖြင့် ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (၃၀၀'× ၁၀'×၆") လုပ်ငန်းများ ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ကျေးရွာအတွက် လိုအပ်တဲ့ (၅၀'×၃၀'×၁၂") ကျေးရွာခန်းမဆောင်အား ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေ ကျပ်(၁၅.၀၀)သန်း ချထားပေးပြီး ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ လဲချားမြို့နယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုး ဖြစ်ပါတယ်ရှင့်။ ကျွန်မအနေနဲ့ ပထမ မေးခွန်းကိုမေးမြန်းဖို့ ခွင့်တောင်းခံအပ်ပါတယ်ရှင့်။ လဲချားမြို့နယ် မြို့တွင်း ရေချောင်းများ ရေပြန်လည်ရရှိရေးနှင့်ပတ်သက်ပြီး မေးခွန်းများကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင့်။ လဲချားမြို့နယ်သည် မြို့ပေါ်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၉)အုပ်စုဖြင့် ဖွဲ့စည်းထားသော မြို့ငယ်လေးတစ်မြို့ ဖြစ်ပါတယ်ရှင်။ မြို့ပေါ် (၄)ရပ်ကွက်တွင် အိမ်ခြေ (၁၃၄၃)စုနဲ့ လူဦးရေ (၈၅၂၂)ဦးနေထိုင်ပြီး မြို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသော မြို့မကျေးရွာအုပ်စုတွင် အိမ်ခြေ (၁၈၄၅)စုနဲ့ လူဦးရေ (၁၁၆၁၄)ဦး စုပေါင်းနေထိုင်လျက်ရှိပါတယ်ရှင်။ ခေတ်အဆက်ဆက်တွင် နမ့်တောင်းဆည်မှတစ်ဆင့် မြို့တွင်းသို့ စီးဝင်လာသော ရေများသည် မြို့ဝင်ရေချောင်းမှ

တစ်ဆင့် (၁)ယခုလက်ရှိမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး အိမ်ဘေးချောင်းမှ RC ကျောင်းတွင်းသို့တစ်ဆင့်၊ RC ကျောင်းတွင်းမှ ရပ်ကွက်(၃)လူနေအိမ်များသို့ တစ်လမ်း၊ (၂) မြို့နယ်ဆေးရုံ၏ ရင်ခွဲရုံဘေး ညောင်ပင်ရေချောင်းမှ အ.ထ.က ကျောင်းဘေးသို့ စီးဆင်းပြီး ရပ်ကွက်(၃) လူနေအိမ်များသို့တစ်လမ်း၊ (၃)နောင်ယိမ်းကန်မှ ရပ်ကွက်(၂) လူနေအိမ်များသို့တစ်လမ်း၊ (၄)ဟော်ကျောင်းချောင်းလမ်းမှတစ်ဆင့် အုတ်ကျောင်း ရေကန်အတွင်းသို့တစ်ဆင့်စီးဆင်းပြီး ရပ်ကွက်(၁)လူနေအိမ်များမှ တစ်လမ်း၊ (၅)ဟော်ကျောင်း ချောင်းလမ်းမှ ရပ်ကွက်(၁)နှင့် ရပ်ကွက်(၂)လူနေအိမ်များကြားသို့ တစ်လမ်းဆိုပြီး ရေများသည် မြို့တွင်းချောင်းမှတစ်ဆင့် နောင်ခမ်းကန်အတွင်းသို့ စီးဝင်သွားပါတယ်။ သို့ဖြစ်ပါ၍ မြို့တွင်းရေချောင်းများသည် နှစ်ရှည်လများစွာ ရေမရရှိခြင်းကြောင့် ၎င်းရပ်ကွက် လူနေအိမ်များအတွင်း ရေချောင်းများ တိမ်ကောခြင်း ဖြစ်ပေါ်လျက်ရှိပါတယ်။ ထိုအခြေအနေများကြောင့် လူနေထူထပ်သော ရပ်ကွက်များ ကြားတွင် ရေဆိုးရေညစ်များ မစီးဆင်းနိုင်သော ပြဿနာများဖြစ်ပွား လျက်ရှိပါတယ်။ ၎င်းရေဆိုးရေညစ်များစွန့်ပစ်ရန် ခက်ခဲသောပြဿနာကြောင့် ရပ်ကွက်အတွင်း လူနေမှုပြဿနာများ၊ ညစ်ပတ်နံစော်ခြင်း၊ သန့်ရှင်းမှုမရှိခြင်း၊ ခြင်၊ ယင်စသည့် အင်းဆက်များ များပြားလာခြင်းနှင့်အတူ ကျန်းမာရေးချို့ယွင်းစေသော ကိစ္စရပ်များ ဖြစ်ပေါ်စေသည်ကို တွေ့ရှိရပါတယ်ရှင်။ သို့ဖြစ်ပါ၍ လဲချားမြို့နယ် ပြည်သူလူထုများအား ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝရရှိစေရန် အဆင့်အတန်းမြင့်သော လူမှုဝန်းကျင်တစ်ခုပေါ်ပေါက်စေရန် ယခင်ခေတ်ကာလ အဆက်ဆက်ကရှိခဲ့သော ရေစီးဆင်းခဲ့သော မြို့တွင်းရေချောင်းများပြန်လည် ရေရရှိရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်သည်နှင့် မည်သည့်အချိန်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့်မေးမြန်း တင်ပြအပ်ပါတယ်ရှင်။ အားလုံးကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သ

အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူ ဖြစ်ပါတယ်။ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်(စ်)ကီးမိုးရဲ့ မေးမြန်းချက်အပေါ် ပြန်လည်ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ လဲချားမြို့နယ်ရဲ့ ပင်မရေစီးလမ်းကြောင်းသည် နမ့်တောင်းဆည်မှ နောင်ခမ်းကန်သို့ ရေစုရှ် လဲချားမြို့၊ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၄)ရပ်ကွက်နှင့် မြို့မကျေးရွာအုပ်စု၊ ဟိုနောင်လုံကျေးရွာ၊ ဟိုရင်ကျေးရွာရှိ ရေမြောင်းအသီးသီးမှတစ်ဆင့် နောင်ခမ်းကန်သို့ ဖြန့်ခွဲ၍စီးဝင်ပါတယ်။ ရေဖြန့်ဝေသောမြောင်းများမှာ မြို့နယ်စည်ပင်သာယာရေးဌာနမှ ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်သောရေစီးလမ်းကြောင်း မဟုတ်ဘဲ မြို့မကျေးရွာအုပ်စုနှင့် မြို့ပေါ်ရှိရပ်ကွက်နေ ပြည်သူများမှကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ရေရယူသုံးစွဲလျက်ရှိသော ရေပေးမြောင်းတစ်ခု ဖြစ်ပါတယ်။ ရေဖြန့်ဝေသော ရေပေးမြောင်းတစ်လျှောက် ရေမှော်ပင်များ၊ ချုံနွယ်ပိတ်ပေါင်းများ၊ ထူထပ်စွာပေါက်ရောက်ခြင်း၊ သဲနုန်းများပို့ချခြင်းနှင့် စိုက်ပျိုးရေရယူသော ရေယူမြောင်း (Direct Outlets)များတွင် စည်းကမ်းမဲ့ ရေရယူသုံးစွဲခြင်းတို့ကြောင့် ရေစီးလမ်းကြောင်း ကောင်းမွန်မှုမရှိသည်ကို တွေ့ရှိရပါတယ်။ ရေဖြန့်ဝေသော ရေပေးမြောင်းတစ်လျှောက်အား လဲချားမြို့၊ အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၄)ရပ်ကွက်နှင့် မြို့မကျေးရွာအုပ်စု ဟိုနောင်လုံကျေးရွာ၊ ဟိုရင်ကျေးရွာတို့မှ နှစ်စဉ်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့်လည်း မြို့တွင်းရေချောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေခမ်းခြောက်မှု မရှိစေရေးနှင့် ပြတ်လပ်မှုမရှိစေရေးအတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ကြီးကြပ်စီမံမှုဖြင့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့ပေါ်ရပ်ကွက်နှင့် မြို့မကျေးရွာအုပ်စုနေ ပြည်သူများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ဒုတိယ မေးခွန်းကို ဆက်လက်မေးမြန်းခွင့်ပြုပါရှင်။ လဲချားမြို့နယ်အတွင်းရှိ ကျေးရွာ ချင်းဆက်လမ်းများအား ရာသီမရွေးဆက်သွယ်သွားလာနိုင်ရေးအတွက် ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်နှင့်စပ်လျဉ်းသည့်မေးခွန်းနဲ့ ပတ်သက်ပြီး မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ လဲချားမြို့နယ်သည်(၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု (၁၉)အုပ်စုဖြင့် ဖွဲ့စည်းထားပြီး လူဦးရေအားဖြင့် (၅၂၈၃၄)ဦးနှင့် အိမ်ခြေ (၈၈၁၅)စု ရှိပါသည်။ ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အရ မြန်မာနိုင်ငံတစ်ဝန်းလုံး လူဦးရေ၏အချိုးမှာ ကျေးလက်တွင် နေထိုင်သော လူဦးရေသည် ၇၀ ရာခိုင်နှုန်းနှင့် မြို့ပြတွင်နေထိုင်သော လူဦးရေသည် ၃၀ ရာခိုင်နှုန်း ရှိသည်ဟုသိရှိရပါတယ်ရှင်။ ရှမ်းပြည်နယ်လူဦးရေအားဖြင့်လည်း ကျေးလက်တွင် နေထိုင်သော လူဦးရေ ၇၆ ရာခိုင်နှုန်းနှင့် မြို့ပြတွင်နေထိုင်သူ လူဦးရေသည် ၂၄ ရာခိုင်နှုန်းရှိသည်ဟုသိရှိရပါတယ်ရှင်။ လဲချားမြို့နယ်သည်လည်း လူဦးရေအားဖြင့် ကျေးလက်တွင်နေထိုင်သူလူဦးရေ ၈၃ ရာခိုင်နှုန်းနှင့် မြို့ပြတွင် နေထိုင်သူဦးရေ ၁၇ ရာခိုင်နှုန်းအချိုးသာရှိသည်ဟု လေ့လာတွေ့ရှိရပါတယ်ရှင်။ သို့ဖြစ်ပါသော်လည်း လဲချားမြို့နယ်အတွင်းရှိ ကျေးလက်လမ်းဦးစီးဌာနမှ ပေးပို့သော စာရင်းများအရ ရာသီမရွေးသွားလာနိုင်သောလမ်းများမှာ (၁၈) ရာခိုင်နှုန်းကျော်သာ ဆောင်ရွက် ပြီးစီးထားသည်ဟု သိရှိရပါတယ်ရှင်။ လဲချားမြို့နယ်အတွင်းတွင် မြို့အလိုက် နယ်မြေဧရိယာများကို (၁) မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန (၂) ကျေးလက်လမ်း ဦးစီးဌာန (၃) နယ်စပ်ဒေသနှင့် တိုင်းရင်းသားဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန (၄) ဆောက်လုပ်ရေးဝန်ကြီးဌာနဟူသော (၄)ဌာနဖြင့် လမ်းတံတားများကို လေးပိုင်းခွဲ၍ စီမံခန့်ခွဲသည်ဟုသိရှိရပါတယ်ရှင်။ မြို့ပြထက် ကျေးလက်တွင် နေထိုင်ကြသော ပြည်သူလူထုများမှာ ပိုမိုများပြားနေသည်ကိုတွေ့ရှိရပါတယ်။ ထို့ကြောင့် ကျေးလက်တွင် နေထိုင်သော ပြည်သူလူထုများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုး တိုးတက်နိုင်မှုသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာလျှင် ကျေးလက်မှသည် မြို့ပြ၊ မြို့ပြမှသည်နိုင်ငံတော် အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်နိုင်မည် ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်၏ ရည်မှန်းချက်အပိုဒ်(၄)တွင် ပါဝင်သော ပြည်နယ်အတွင်း လူထုတစ်ရပ်လုံးရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ် အသီးသီးဖွံ့ဖြိုးတိုးတက်စေရန်

ဆိုသည့် ရည်မှန်းချက်နှင့်အညီ ကျေးလက်နေ ပြည်သူလူထုများ၏ လူနေမှုဘဝ ဘက်စုံဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် ကျေးရွာချင်းဆက်လမ်းများ၊ တံတားများအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ လဲချားမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ဒေါ်နန်းအက်(စ်)ကီးမိုး မေးမြန်းတဲ့ ကျွန်တော်တို့ လဲချားမြို့နယ်အတွင်း ကျေးရွာချင်းဆက်လမ်းများမှ ရာသီမရွေးဆက်သွယ်သွားလာနိုင်တဲ့လမ်းများ (၁၈)ရာခိုင်နှုန်းကျော်သာ ကျေးရွာချင်းဆက်လမ်းများကို ဆောင်ရွက်ခဲ့တဲ့အတွက် ကျေးရွာချင်းဆက်လမ်းများ ရာသီမရွေးသွားလာနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုသည့် မေးခွန်းနှင့် ပတ်သက်ပြီးတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းများအနက်မှ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းမိုင်ပေါင်း (၁၀၀.၆)မိုင်ရှိပြီး ၂၀၂၅-၂၀၂၆ခုဘဏ္ဍာရေးနှစ် နှစ်ကုန်အထိ ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများအဖြစ် ကတ္တရာလမ်း(၄.၅)မိုင်၊ ကျောက်လမ်း(၁၄)မိုင်၊ စုစုပေါင်း(၁၈.၅)မိုင် (၁၈.၅၄) ရာခိုင်နှုန်းအထိ ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ခြောက်သွေ့ရာသီမှာ သွားလာနိုင်သော ကျန်ရှိမြေလမ်းနဲ့ ဆိုင်ကယ်လမ်းပေါင်း (၈၂)မိုင်ကျော်ရှိပြီးတော့ (၈၁.၄၆) ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သောလမ်းများအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နိုင်ရေးအတွက် နှစ်အလိုက် ပြည်ထောင်စုနဲ့ ပြည်နယ်ရန်ပုံငွေများဖြင့် လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ လဲချားမြို့နယ်အတွင်း (နတလ)ဦးစီးဌာန၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုနဲ့ ပြည်နယ်ရန်ပုံငွေဖြင့် မြေလမ်း (၂၅.၄)မိုင်၊ ကျောက်လမ်း (၃၆)မိုင်၊ ကတ္တရာလမ်း (၅.၄)မိုင်၊

ကွန်ကရစ်လမ်း ၃၇၀၀ ပေနဲ့ ကွန်ကရစ်တံတား ၁၆ စင်း၊ Box Culvert ၂၅ စင်းနဲ့ ရေအားလျှပ်စစ်စက်ရုံ(၁)ခု၊ ဆိုလာမီး (၂၃၀)စုံ ဖော်ထုတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ယခု ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှာတော့ ရှမ်းပြည်နယ်အစိုးရရန်ပုံငွေဖြင့် လဲချားမြို့နယ်၊ ဝမ်ပန် - ဆလိုင်းခုံကျေးရွာချင်းဆက် ကျောက်လမ်း (၉) မိုင် အနက် (၇)မိုင် ကတ္တရာခင်းပြီး ကျန် (၂)မိုင်အနက် ၃ ဖာလုံကို ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ဖို့အတွက် ဒီနှစ်ရန်ပုံငွေမှာ ချထားဆောင်ရွက် သွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ကျော်ညွန့် ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါဗျ။ ကျွန်တော်ဒီနေ့မေးမည့်မေးခွန်းကို ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးက ခွင့်ပြုပေးတာဖြစ်တဲ့အတွက် ရပ်စောက်မြို့နယ် ပြည်သူတွေရဲ့ကိုယ်စား အထူးကျေးဇူးတင်ရှိပါကြောင်း ပထမဦးစွာ နှုတ်ခွန်းဆက် ပြောကြားလိုပါတယ်။ ဒီမေးခွန်းကိုမေးဖို့အတွက် ကျွန်တော့်အနေနဲ့ အပိုဒ်(၂)ပိုဒ်ဖြင့် မေးခွန်းကိုမေးမြန်း သွားပါမယ်။ မေးခွန်းရဲ့ခေါင်းစဉ်ကတော့ ရှမ်းပြည်နယ်အတွင်းရှိ မိဘပြည်သူများ အသုံးပြုနေသော လိုင်စင်မဲ့(W) မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား သက်ညှာသော စီမံချက်ဖြင့် ကာလတိုအတွင်း တရားဝင်မှတ်ပုံတင်လိုင်စင်ထုတ်ပေး နိုင်ရေးဆိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းခြင်း ဖြစ်ပါတယ်။ ဒီမေးခွန်းရဲ့အဓိက ကျွန်တော်တို့ ခေတ်အဆက်ဆက်က ဖြစ်ပေါ်နေတဲ့ အခြေအနေလေးတွေကို ပြီးခဲ့တဲ့အပတ်က ပြည်ထောင်စုအစိုးရအဖွဲ့ ဝန်ကြီးမှာ သမ္မတကြီးကိုယ်တိုင် **Decentralize** ပြည်နယ်တွေကိုစီမံဆောင်ရွက်ခွင့်ပေးဖို့၊ ပြီးရင်ကျွန်တော်တို့ ပြည်ထောင်စုတွေက ကြီးကြပ်ပေးဖို့ဆိုတဲ့မူအရ ကျွန်တော်အနေနဲ့ ဒီနေရာကနေ တင်ပြပေးခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဒီမေးခွန်းဟာဆိုရင် အပိုဒ်(၂)ပိုဒ်နဲ့ ရှင်းပြ ပေးသွားမှာဖြစ်ပါတယ်။ အထက်ပါအကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ကျေးရွာအုပ်စုများနှင့် ကျေးရွာများတွင် နေထိုင်ကြသော မိဘပြည်သူများသည် မိမိတို့၏ နေ့စဉ်လူမှုစီးပွားဘဝ၊ စိုက်ပျိုးရေး၊ လုပ်ငန်းခွင်များနှင့် သွားလာရေး လိုအပ်ချက်များအရ လိုင်စင်မဲ့ မော်တော်ယာဉ်များနှင့် မော်တော်

ဆိုင်ကယ်များကို အများအပြား အားကိုးအားထား အသုံးပြုနေကြရပါတယ်။ လက်ရှိ အခြေအနေတွင်လည်း ဒေသအတွင်း၌ သုံးစွဲနေကြသော ယာဉ်အများစုမှာ လိုင်စင်မဲ့များဖြစ်နေကြပြီ။ ၎င်းတို့ကို ဥပဒေအရ တင်းကြပ်စွာ ဖမ်းဆီးခြင်း၊ အရေးယူခြင်း၊ သိမ်းဆည်းခြင်းများ ပြုလုပ်ပါက ကျေးလက်နေ တောင်သူများနှင့် အခြေခံလူတန်းစား ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းမှုကို အကြီးအကျယ် ထိခိုက်နစ်နာစေသည့်အပြင် အုပ်ချုပ်ရေးပိုင်းနှင့် ပြည်သူလူထုများအကြား မလိုလားအပ်ဘဲ ပဋိပက္ခများ ဖြစ်ပွားလာနိုင်ပါတယ်။ ၎င်းလိုင်စင်မဲ့ယာဉ်များကို တရားဝင်လမ်းကြောင်းပေါ်သို့ ရောက်ရှိလာအောင် စီမံဆောင်ရွက်ပေးမည်ဆိုပါက ပြည်သူများ များစွာ စိတ်အေးချမ်းသာစွာ သွားလာနိုင်မှာဖြစ်ပါတယ်။ အပိုဒ် (၂)ကို ကျွန်တော် မတင်ပြခင်မှာ ဒီနေရာမှာလည်း ကျွန်တော်တို့လိုင်စင်တွေနှင့် ပတ်သက်ပြီးတော့ တကယ့်တကယ် ကျွန်တော်တို့ခေတ်အဆက်ဆက်မှာ လုပ်ဆောင် လာခဲ့တာတွေ အများကြီးရှိပါတယ်။ ဒါကြောင့်မို့ လိုင်စင်လုပ်ဖို့အတွက်လည်း ကျွန်တော်တို့ ပြည်သူတွေကလည်း အများကြီးလိုလားနေပါတယ်လို့ ပြောကြား လိုပါတယ်။ ကျွန်တော်တို့အပိုဒ်(၂)အနေနဲ့ သို့ဖြစ်ပါ၍ အဆိုပါ (ພ) မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ်များအား ဖမ်းဆီးအရေးယူမှုများကြောင့် ပြည်သူလူထု နစ်နာ ဆုံးရှုံးမှုမရှိစေဘဲ သက်ညှာသော ဒေသတွင်း အထူးအခွန်နှုန်းထား သို့မဟုတ် မှတ်ပုံတင်ကြေး သတ်မှတ်ချက်တစ်ခုခုဖြင့် သတ်မှတ်ကာလတစ်ခုအတွင်း တရားဝင် လိုင်စင်ပြုလုပ်ပေးခြင်းဖြင့် ပြည်သူလူထု စိုးရိမ်ပူပန်မှုကင်းစွာ လုပ်ကိုင်စားသောက် နိုင်ခြင်း၊ ပြည်နယ်အစိုးရအတွက်လည်း အခွန်ဘဏ္ဍာငွေ တိုးတက်ရရှိစေရေးနှင့် ဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးတို့ကို ပိုမိုထိရောက်စွာ ထိန်းချုပ် ဆောင်ရွက်နိုင်ရေးတို့အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက် ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရား

လွှတ်တော်တရားသူကြီးချုပ်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သဂါဝရပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရပ်စောက်မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)၊ ကိုယ်စားလှယ်တော်ကြီး ဦးအောင်ကျော်ညွန့် မေးမြန်းတဲ့ မေးခွန်းကို ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတော်အတွင်း တရားမဝင်ရောက်ရှိနေသော မော်တော်ဆိုင်ကယ်များအား ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနက သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ၁၉၉၉ ခုနှစ်မှစ၍ One Stop Service စီမံချက်ဖြင့် တစ်နိုင်ငံလုံး မောင်းနှင်အသုံးပြုနိုင်သည့် ယာဉ်အမှတ်ဖြင့် တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့သည်မှာ (၁၀)ကြိမ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ပါတယ်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အတွင်း၌သာ အသုံးပြုခွင့်ရှိသည့် ဒေသအမှတ် သတ်မှတ်သည့် မော်တော်ဆိုင်ကယ်များအား သက်ဆိုင်ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များမှ တိုက်ရိုက်တာဝန်ယူကြီးကြပ်၍ မော်တော်ဆိုင်ကယ်များအပေါ် ဒေသပေါက်ဈေး၏ ၅၀% သို့မဟုတ် ၅၀% အောက်မလျော့သော ဒဏ်ငွေ သတ်မှတ်ကောက်ခံပြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၊ မြန်မာ့စီးပွားရေးဘဏ်တို့နှင့်ပူးပေါင်းပြီး One Stop Service စီမံချက်ဖြင့် ဒေသအမှတ်( SHN /1001 )မှ စတင်သတ်မှတ်ပြီး မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ရာ မော်တော်ဆိုင်ကယ်စီးရေ (၄၅၄၃၀)စီး မှတ်ပုံတင်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ထိုကဲ့သို့ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ရောက်ရှိလာသော မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များကို ပပျောက်စေရေးနှင့် ဥပဒေနှင့်အညီဖြစ်စေရေးအတွက် စီမံချက်များရေးဆွဲပြီး တရားဝင်မှတ်ပုံတင် ဆောင်ရွက်ပေးခြင်းဖြစ်သော်လည်း တရားမဝင် ဝင်ရောက်မှုများ ရပ်ဆိုင်းခြင်းမရှိဘဲ ထပ်မံဝင်ရောက်လျက်ရှိကြောင်း တွေ့ရှိရသဖြင့် တရားမဝင် ဝင်ရောက်လာမှုကို တားဆီးနိုင်ရန် ၂၀၂၃ ခုနှစ်မှစ၍ မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များကို မှတ်ပုံတင်ပေးခြင်းအား ရပ်ဆိုင်းထားရှိခဲ့ခြင်း ဖြစ်ပါတယ်။ နိုင်ငံတော်အတွင်း တရားမဝင်တင်သွင်းရောက်ရှိနေသည့် လိုင်စင်မဲ့ မော်တော်ယာဉ်များအား ဖမ်းဆီးရမိပါက ၂၀၁၂ ခုနှစ်၊ ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ

ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ လွှဲပြောင်းပေးပို့ဆောင်ရွက်လျက်ရှိပါတယ်။ အဆိုပါ လိုင်စင်မဲ့မော်တော်ယာဉ်များအား ဒဏ်ရိုက်အခွန်ဆောင်စေပြီး လိုင်စင်ထုတ်ပေးခြင်းမရှိခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြည်တွင်းသို့ တရားမဝင်ရောက်ရှိနေသည့်ယာဉ်များသည် စီးနင်းသွားလာခြင်း၊ မမှန်မကန် လိမ်လည်ရောင်းချမှုကြောင့် မသိနားမလည်သူများထံတွင် ယာဉ်လက်ဝယ်ရောက်ရှိနေခြင်းကြောင့် ဥပဒေနှင့်အညီဖြစ်စေရန် ရည်ရွယ်၍ ၃၀.၆.၂၀၁၀ ရက်တွင် ကျင်းပပြုလုပ်သည့် ကုန်သွယ်မှု မူဝါဒကောင်စီ၊ အစည်းအဝေးအမှတ်စဉ်(၂၀/ ၂၀၁၀)မှ ယာဉ်ကာလတန်ဖိုး၏ ၈၅ %ကို ပေးဆောင်စေပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှဦးဆောင်၍ ပြည်တွင်းအခွန်များဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် အကောက်ခွန်ဦးစီးဌာနတို့ပါဝင်သော ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့ဖြင့် (၁၆.၇.၂၀၁၀) ရက်မှစတင်၍( ၂၂.၉.၂၀၁၀ )ရက်အထိ ယာဉ်( ၆၂၂၆ )စီး မှတ်ပုံတင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းရောက်ရှိလာသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များနှင့် ပြည်တွင်းတွင်တပ်ဆင်ထုတ်လုပ်သော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ အောက်ပါအထောက်အထားများရယူ၍ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါတယ် -

(က) ပြည်ပမှတင်သွင်းလာသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ကနဦးမှတ်ပုံတင် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများ

(၁) သွင်းကုန်လိုင်စင်

(၂) သွင်းကုန်ကြေညာလွှာ (သို့မဟုတ်) Release Order Notification

(၃) အကောက်ခွန်ဖော်ပြချက် (Custom Statement)

(ခ) ပြည်တွင်း၌ CKD/SKD စနစ်ဖြင့် ထုတ်လုပ်သည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များ ကနဦးမှတ်ပုံတင် လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်း အထောက်အထားများအနေနဲ့

(၁) ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ( DICA ) က ထုတ်ပေးထားသောသက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင်

(၂) ကုမ္ပဏီ၏ ကိုယ်စားလှယ်ခွင့်ပြုစာ

(၃) Quality Certificate ကို ကုမ္ပဏီမှ လက်မှတ်ရေးထိုးထားခြင်း ( QC would be signed by Origin Co.,Ltd)

(၄) Vehicle Identification Number ( VIN Plate)

(၅) နိုင်ငံတော်ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မော်တော်ယာဉ် အမျိုးအစား ထုတ်လုပ်ခွင့်ပြုချက်

(၆) Certificate of Approval ( COA ) သို့မဟုတ် Inspection Certificate ( IC )

သို့ဖြစ်ပါ၍ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန အနေဖြင့် အထက်ဖော်ပြပါ အထောက်အထားများပါရှိသည့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များကိုသာ မှတ်ပုံတင်ဆောင်ရွက်ခွင့်ရှိပါသောကြောင့် ရှမ်းပြည်နယ်အတွင်းသို့ ရောက်ရှိနေသော တရားမဝင်မှတ်ပုံတင်မဲ့ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်များအား မှတ်ပုံတင်ဆောင်ရွက်ပေး၍ မရပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဦးအောင်ကျော်ညွှန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းလေးမေးခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ ဒီလိုင်စင်နဲ့ ပတ်သက်ပြီးတော့ ဒီလိုဥပဒေလေးတွေဟာ အပေါ်ကနေကျလာတဲ့ ဥပဒေဖြစ်ပါတယ်။ ဒီဥပဒေဟာ အင်မတန်မှကောင်းလွန်းပါတယ်။ သို့ပေသော်လည်း ကိုယ့်ရဲ့ ပြည်နယ်အတွင်း အခြေအနေဟာဆိုရင် ရှမ်းပြည်နယ်ဟာ နယ်စပ်ဒေသများ မူဆယ်၊ လောက်ကိုင်၊ မိုင်းလား ၊ တာချီလိတ်၊ BB 125၊ BB1 ပေါ့နော် အဲ့ဒီလိုနယ်စပ်တွေ

ဒီလောက်များပြားနေတဲ့အချိန်မှာ ခုနကတော့ One Stop Service (OSS) ဆိုတာဆိုင်ကယ်တွေကို လုပ်ပေးခဲ့တာဖြစ်ပါတယ်။ အဲ့ဒီတုန်းက ပြည်သူတွေဟာ ကျွန်တော်ကိုယ်တိုင်ပါဝင်ပြီးတော့ ရပ်စောက်မြို့နယ်အတွက်ကို တစ်ရက်ကို ၁၀၀၀ ကျော် ၂၀၀၀ ကျော်လုပ်ပေးတာဖြစ်တဲ့အတွက် ပြည်သူတွေဟာအင်မတန်မှ စိတ်ချမ်းသာပါတယ်။ ဒါကြောင့်မို့လည်း ဒီ OSS ကို ၂၀၁၃ ကရပ်ဆိုင်းခဲ့တာကို ပြန်လည်လုပ်ပေးဖို့ အစီအစဉ်ရှိ/ မရှိ ဆိုတဲ့မေးခွန်းကတစ်ခု၊ နောက်တစ်ခုက အခုဖြစ်နေကြတဲ့ အခြေအနေဟာ အားလုံးလည်းသိကြတဲ့အတိုင်း အကယ်၍များ ဒီလိုင်စင်မဲ့ကားတွေ မြို့ပေါ်တွေကော၊ လမ်းပေါ်တွေကော ရောက်နေပြီဆိုလျှင် တစ်ဆက်တစ်စပ်တည်းမေးခွန်းကို ဖြေနိုင်ရင်လည်းဖြေပေးပါ။ အဓိကကတော့ မည်သူ့မှာ ဒီလိုမျိုးဖမ်းဆီးရေးမှာ တာဝန်ရှိပါသလဲဆိုတဲ့ မေးခွန်းလေးကိုမေးကြားလိုပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၅၊ နည်းဥပဒေခွဲ(က)အရ လွှတ်တော်ကိုယ်စားလှယ်များဟာ ဖြေကြားသောအဖြေကို ရှင်းလင်းစေရန်အလို့ငှာ တစ်ဆက်တစ်စပ်တည်းမေးခွန်း မေးမြန်းနိုင်ပါတယ်။ သို့ရာတွင် ယင်းမေးခွန်းဟာ ဤနည်းဥပဒေများနှင့် ဆန့်ကျင်လျှင် ဥက္ကဋ္ဌက ခွင့်ပြုမရလို့ ပြဋ္ဌာန်းထားရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်က ယခုမေးမြန်းတဲ့ ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးက ဖြေကြားပေးနိုင်လျှင် ဖြေကြားပေးဖို့ ဖြစ်ပါတယ်။ သို့မဟုတ်ရင် နောင်မှ သီးခြားဖြေကြားမည်ဆိုလည်း ဖြေကြားနိုင်ပါကြောင်း ပြောကြားလိုပါတယ်။

**ဦးခွန်သန်ထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။**

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနကကျွန်တော်ဖြေကြားတဲ့ အထဲမှာလည်းပါပါတယ်။ ပြီးခဲ့တဲ့ကာလတွေမှာ ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ ပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ ပါပါတယ်။ နောက်ပြီးတော့ ကျွန်တော်တို့ ပြည်ထောင်စုကုန်သွယ်မှု မူဝါဒကောင်စီရဲ့ ခွင့်ပြုချက်အမိန့်အရ အမိန့်၊ ညွှန်ကြားချက်နှင့်အညီ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအနေနဲ့ လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ကျေးဇူးပါ။

## ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့၏ ကော်မတီဝင်ဦးရေ ပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်၏ သဘောတူညီချက်ရယူခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့မှာ ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ပထမပုံမှန်အစည်းအဝေး (တတိယနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဥပဒေပြုရေးဆိုင်ရာကော်မတီကို (၁၂)ဦးဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို (၆)ဦးဖြင့်လည်းကောင်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး သက်ဆိုင်ရာကော်မတီအလိုက် သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကိုလည်း လွှတ်တော်ရဲ့ အတည်ပြုချက်ရယူခဲ့ပြီး ဖြစ်ပါတယ်။

ဥပဒေပြုရေးဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားသည့် ဒေါ်နန်းခမ်းလူ (ခ)ဒေါ်နန်းလှဲ့လှဲ့ဖြိုးအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှာ လူမှုရေးရာဝန်ကြီး အဖြစ်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဖွဲ့စည်းထားတဲ့ ဦးလင်းအောင်ဆွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ်လည်းကောင်း ခန့်အပ်တာဝန်ပေးခြင်း ခံရတဲ့အတွက် အဆိုပါကော်မတီ (၂)ခု အဖွဲ့ဝင်ဦးရေ ပြန်လည်ပြင်ဆင်သတ်မှတ်ဖွဲ့စည်းရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဥပဒေပြုရေးဆိုင်ရာကော်မတီကို (၁၂)ဦးအစား (၁၁)ဦးဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီကို (၆)ဦးအစား (၅)ဦးဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းနိုင်ရေးအတွက် လွှတ်တော်၏ အတည်ပြုချက်ရယူသွားမှာ ဖြစ်ပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးဆိုင်ရာကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦး၊ ဥပဒေ ပညာရှင် (၁)ဦး၊ စုစုပေါင်း (၁၁)ဦးဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၅)ဦးဖြင့်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ဥပဒေပြုရေးဆိုင်ရာ ကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီတို့ရဲ့ ကော်မတီဝင်ဦးရေ ပြင်ဆင်ဖွဲ့စည်းခြင်းအား အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်အဖွဲ့အစည်းများ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပ်နှင်းထားတဲ့ ဥပဒေပြုရေး၊ တိုင်းရင်းသားလူမျိုးများ အရေးတို့အပြင် လိုအပ်ပါက အခြားရေးရာကိစ္စရပ်များကို လေ့လာတင်ပြနိုင်စေရေး အတွက် လွှတ်တော်ကော်မတီများကို သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ကာလသတ်မှတ်၍ ဖွဲ့စည်းနိုင်ပါတယ်။ လွှတ်တော်အစည်းအဝေးတစ်ရပ်နှင့် တစ်ရပ် အကြား ဆောင်ရွက်ရန် လိုအပ်လာသည့်အခါ ဥက္ကဋ္ဌသည် ကော်မတီမှာ ပါဝင်ရမည့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တာဝန်ပေးအပ်ပြီး အနီးကပ်ဆုံး ကျင်းပတဲ့ လွှတ်တော်အစည်းအဝေး၌ တင်ပြအတည်ပြုချက်ရယူရမယ်လို့ ဖော်ပြထား ပါတယ်။ လွှတ်တော်ကော်မတီများကသာ လေ့လာရန်ဖြစ်သော အကြောင်းကိစ္စရပ် များမှအပ ကျန်အကြောင်းကိစ္စရပ်များကို လေ့လာရန် လိုအပ်ပါက အဖွဲ့များကို လွှတ်တော်ကိုယ်စားလှယ်များဖြင့်လည်းကောင်း၊ သင့်လျော်တဲ့ နိုင်ငံသားများ ထည့်သွင်း၍ ဖွဲ့စည်းနိုင်ပါတယ်ဟူ၍ လည်းကောင်း ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၃နှင့် ၂၄ တို့မှာ အသီးသီး ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင်

ထည့်သွင်းဖွဲ့စည်းမည့်အဖွဲ့ဝင်များ၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားကြောင်း လွှတ်တော်သို့ တင်ပြပါတယ်-

| | | | |
|---|---|---|---|
| (၁) | ဦးဟိန်းထက်ဇော် | ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးနော်တောင် | မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးခွန်ထွန်းလေး | လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းကျော်ဌေး | လင်းခေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးစဝ်သာဦး | မိုင်းပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းရီတစ် | မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးထွန်းပေါ်သိန်း | မိုင်းယောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဒေါ်မြမြဆွေ | ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူးဇော်မျိုးဝေ | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ကြီးညီညီထွန်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးဟိန်းထက်ဇော်၊

ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ် (၂) နှင့် အတွင်းရေးမှူးအဖြစ် ဦးနော်တောင်၊ မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

## ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များ နှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉)ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အစိုးရရဲ့ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နဲ့ ရှမ်းပြည်နယ်စာရင်းစစ်ချုပ် အပါအဝင် တက်ရောက်လာကြသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ခညောင်းပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုတင်ပြအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ်အတွက် အရေးကြီးတဲ့ ကော်မတီဖြစ်တဲ့ အစိုးရရဲ့ အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက် များစိစစ်ရေးကော်မတီရဲ့ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် များကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

### ကော်မတီ၏ သက်တမ်း

၁။ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလိုလဲလှယ် အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏ တာဝန်**

၂။ ကော်မတီသည် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ တင်သွင်းသော ဥပဒေကြမ်း၊ ဆုံးဖြတ်ချက်၊ အဆို သို့မဟုတ် အစီရင်ခံစာများနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပြည်နယ်လွှတ်တော်တွင် ဖြေကြားပြီးသောမေးခွန်းများနှင့်စပ်လျဉ်း၍သော်လည်းကောင်း ကတိပြုခဲ့သော အာမခံချက်များ၊ ကတိများနဲ့ တာဝန်ခံချက်များကို စိစစ်ရမည်။

၃။ ကော်မတီသည် အောက်ပါအချက်များနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြရမည်-

(က) ပြည်နယ်အစိုးရက ၎င်း၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို မည်သည့်အခြေအနေအထိ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးကြောင်း စိစစ်တင်ပြရမည်။

(ခ) အဆိုပါ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို ပြည်နယ်အစိုးရက ဆောင်ရွက်ပြီးလျှင် ထိုသို့ဆောင်ရွက်ခြင်းမှာ သတ်မှတ်သည့် ကာလအတွင်း ဆောင်ရွက်ပြီးစီးခြင်း ရှိ/မရှိနှင့် မူလသတ်မှတ်ချက်အတိုင်း ပြီးစီးခြင်း ရှိ/မရှိ စိစစ်တင်ပြရမည်။

၄။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုလည်းကောင်း၊ ကော်မတီကဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်းမရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင်ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုပေးထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းနိုင်ရန် လွှတ်တော်သို့ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၅။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာအောက်ပါအတိုင်းဖြစ်သည်-

(က) အပိုဒ်(၃)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ထိရောက်မှန်ကန်စွာ ဆောင်ရွက်ထားခြင်း ရှိ/ မရှိ၊ လိုအပ်သည့်နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ခ) သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဂ) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ ပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ဃ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။

(င) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(စ) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၆။ ကော်မတီ၏ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန် ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာ၌လည်းကောင်း၊ ၎င်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေ၊ စရိတ်များ၊ ဥပဒေပါရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်ထားသည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိရမည်။

(ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့၏အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိရမည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေး များသို့ တက်ရောက်ခွင့်ရှိသည်။

**ဥက္ကဋ္ဌ။** ဖွဲ့စည်းရန်လျာထားသော ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဝင်များရဲ့ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ညနေ(၄)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ဆက်လက်ပြီး စည်ပင်သာယာ ရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီတွင် ထည့်သွင်း ဖွဲ့စည်းမည့် အဖွဲ့ဝင်များ၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အောက်ပါ

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့ တင်ပြပါတယ်-

| | | | |
|---|---|---|---|
| (၁) | ဦးဌေးဝင်းလှိုင် | ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းနော် | မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဦးထွန်းလှ(ခ)ဦးတိုးရ | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းကျော်ရင် | ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးခွန်ကျော်အေး | ဆီဆိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းနော်ခေး | မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းစမ်(ခ)စိုင်းခွန်မောင် | သိန္နီမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းခမ်း | နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၉) | ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်ကျော် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ကြီး ဇင်မင်းထွန်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးဌေးဝင်းလှိုင်၊ ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်

အမှတ်(၂)နှင့် အတွင်းရေးမှူးအဖြစ် ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)တို့ ဖြစ်ကြောင်း တင်ပြပါတယ်။

## စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များ နှင့်စပ်လျဉ်း၍ဖတ်ကြား ရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁)ဖြစ်ပါတယ်။ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေး နှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ယခု ထပ်မံဖွဲ့စည်းတဲ့ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာကော်မတီရဲ့ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို ဆက်လက် တင်ပြသွားမှာဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ် ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ် အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် စည်ပင်သာယာရေးလုပ်ငန်းများ ဥပဒေနှင့်အညီ စနစ်တကျဖြစ်စေရန်နှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း များ တိုးတက်မှု ရှိ/ မရှိ လေ့လာတင်ပြရမည်။

(ခ) အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ တိုးချဲ့မွမ်းမံခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း၊ ဖျက်သိမ်းခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊

လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ၊ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်း ရှိ/ မရှိ၊ အရည်အသွေး ပြည့်မီခြင်း ရှိ/ မရှိ လွှတ်တော်သို့ လေ့လာတင်ပြရမည်။

(ဂ) လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် ပုဂ္ဂလိက ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး နှုန်းထားများ၊ ယာဉ်စီးခနှုန်းထား များကို ပြည်သူ့အကျိုးရှေးရှု၍ သင့်တင့်မျှတစွာ သတ်မှတ်ထားခြင်း ရှိ/ မရှိ လေ့လာတင်ပြရမည်။

(ဃ) ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေး၊ ယာဉ်အန္တရာယ်ကင်းဝေးစေရေးတို့ အတွက် ဘတ်စ်ကား၊ တက္ကစီ၊ ကုန်တင်ယာဉ်များ၊ ယာဉ်ရပ်နားစခန်း များ၊ ယာဉ်အသွားအလာ စည်းကမ်းများ စနစ်တကျ စီမံဆောင်ရွက် ထားရှိခြင်း ရှိ/ မရှိ လေ့လာတင်ပြရမည်။

(င) ရှမ်းပြည်နယ် စည်ပင်သာယာရေးဥပဒေ၊ ရှမ်းပြည်နယ်ကုန်တင် ကုန်ချလုပ်ငန်းဥပဒေ၊ ရှမ်းပြည်နယ် လမ်းများ၊ တံတားများဥပဒေ၊ ရှမ်းပြည်နယ် ပုဂ္ဂလိကယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေ တို့ကို ပြဋ္ဌာန်းထားပြီးဖြစ်ရာ အဆိုပါ ဥပဒေပါပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်း ရှိ/ မရှိ လေ့လာတင်ပြရမည်။

(စ) ပြည်သူများအား အသိပညာမြှင့်တင်ရေး လှုပ်ရှားမှုများ၊ ဆွေးနွေးပွဲများ ကို အခါအားလျော်စွာ ကျင်းပပြုလုပ်နိုင်ရေး သက်ဆိုင်ရာဌာနများအား တိုက်တွန်းနှိုးဆော်ရမည်။

(ဆ) ပြည်နယ်လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌမှ အခါအားလျော်စွာ ပေးအပ် သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရမည်။

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက် များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီ အစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်း

မပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သောအစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးလုပ်ငန်း များကို စိစစ်နိုင်သည်။

(ခ) ရှမ်းပြည်နယ်အတွင်းရှိ လမ်းများ၊ တံတားများ၊ အခြေခံအဆောက်အဦ များ အသစ်တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း တို့နှင့်စပ်လျဉ်း၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်နိုင်သည်။

(ဂ) ပြည်သူများ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်နိုင်သည်။

(ဃ) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးဖြစ်ထွန်းစေမည့် အကြံပြုချက်များ၊ ပြည်သူများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ဝေဖန် သုံးသပ်ချက်များကိုစိစစ်၍ ပြည်နယ်လွှတ်တော်သို့ တင်ပြနိုင်ခွင့် ရှိသည်။

(င) ကော်မတီက တာဝန်ယူဆောင်ရွက်ရသည့် သက်ဆိုင်ရာကဏ္ဍ အလိုက် လေ့လာစိစစ်ရမည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာ တွင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြား ချက်များ၊ ဥပဒေအရ ရေးဆွဲထုတ်ပြန် ကြော်ငြာထားသည့် စည်းကမ်း များ (Bye-Laws)၊ အမိန့်ကြော်ငြာစာများနှင့်အညီ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း များနှင့် ညှိနှိုင်းဆောင်ရွက်နိုင်ပြီး ဖြေကြားနိုင်သည့် တာဝန်ရှိပုဂ္ဂိုလ် များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(စ) အပိုဒ်(၂)ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည့် နေရာဒေသများသို့ သွားရောက် စစ်ဆေးနိုင်သည်။

(ဆ) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ဇ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(ဈ) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ည) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသောအကျိုးအကြောင်း ဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၅။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဖွဲ့စည်းရန်လျာထားသော စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၀ ရက် (ဗုဒ္ဓဟူးနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ဒီကနေ့အစည်းအဝေးရပ်နားတဲ့အခါ ညနေ(၄)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(ဒုတိယနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(ဒုတိယနေ့)ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၀ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၁၀) နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)ကို နေ့လယ် ၁၂:၃၀ အချိန်တွင် ရပ်နားပါသည်။)**

# ရှမ်းပြည်နယ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# (ဒုတိယနေ့)မှတ်တမ်း

# ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၁) ရက်

# ၂၀၂၆ ခုနှစ်၊ ဇွန် လ ၁၀ ရက်

# [ဗုဒ္ဓဟူးနေ့]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက် အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက် ပါသည်။

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)အား ကျင်းပပြုလုပ် မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသော နေရာများတွင် နေရာ ယူပေးကြပါရန် လေးစားစွာပန်ကြားအပ်ပါတယ်ခင်ဗျား။

ဒီကနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ လေ့လာသူ စုစုပေါင်း (၄)ဦး ရှိပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ မိမိတို့ရဲ့လက်ကိုင်ဖုန်းများကို စက်ပိတ်ထားစေလိုပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃၂)ဦး ရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို (၁၂၆)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၅.၄၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ (ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ (ဂ) အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပေးထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)၁၀- ၆- ၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဒေါ်နန်းခမ်းလူ(ခ) ဒေါ်နန်းလှဲ့လှဲ့ဖြိုး၊ လူမှုရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၄)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၄)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)ကို တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၄)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပြုထားသူ (၆)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ဂ)၊ နည်းဥပဒေခွဲငယ် (၂)အရ ယနေ့ လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့်သက်ဆိုင်ရာပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ ခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခု လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းတဲ့ မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားပေး သွားဖို့ ဖြစ်ပါတယ်။

ပထမဦးစွာ ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ် ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံ ပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။

ကျွန်တော်မေးမြန်းတင်ပြချင်တဲ့ အကြောင်းအရာကတော့ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းရှိ ဝိန်းလုံ- နားပေါင်း- ဝမ်တုံ- နားကျိုင်း- လုံစန်းကျေးရွာလမ်းပေါ်ရှိ (၁၇)မိုင်၊ (၄)ဖာလုံ အရှည်ရှိတဲ့ ကျောက်ကြမ်းလမ်းမကြီးအား အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ် ရှိ/ မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။

အထက်အကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ မြို့မကျေးရွာအုပ်စုအတွင်းရှိ ဝိန်းလုံကျေးရွာမှတစ်ဆင့် နားပေါင်းကျေးရွာ - ဝမ်တုံကျေးရွာ- နားကျိုင်းကျေးရွာများအားဖြတ်သန်း၍ လုံစန်းကျေးရွာအထိ မြို့နယ်ဖွံ့ဖြိုးရေးကြီးကြပ်မှုဌာနမှ မြေသားလမ်းနှင့် ကျောက်ကြမ်းလမ်း ဖောက်လုပ်ထားရှိပါတယ်။ လမ်းတစ်လျှောက်ရှိ ကျေးရွာများ၏ စုစုပေါင်း အိမ်ခြေမှာ (၂၁၆)၊ အိမ်ထောင်စု (၂၁၁)စုနှင့် လူဦးရေမှာ (၉၇၀)ဦး ဖြစ်ပါသည်။ လမ်းရဲ့ ဘေးဘယ်ညာတွင်လည်း ဆက်စပ်ကျေးရွာများ တည်ရှိလျက်ရှိပါတယ်။ ဝမ်တုံကျေးရွာမှတစ်ဆင့် ရှမ်းပြည်နယ်၏အလှအပ ရေတံခွန်များထဲမှ တစ်ခုဖြစ်သော ကွန်အော်ရေတံခွန်သို့ သွားသော မြေသားလမ်းလည်းရှိပါတယ်။ ကွန်အော်ရေတံခွန်ကို ကျွန်တော်တို့ သွားရောက်လည်ပတ်ရာတွင် နမ့်စန်မြို့ဘက်မှ လာရောက်ပါက ကွန်ဟိန်းမြို့အဝင်မှတစ်ဆင့် သွားရောက်နိုင်သော်လည်း ကားလမ်း၊ ရေလမ်း၊ ထိုမှတစ်ဆင့် သုံးဘီးဆိုင်ကယ်များဖြင့် အဆင့်ဆင့်သွားလာရသောကြောင့် ခရီးလမ်းနှောင့်နှေးမှုများရှိပါသည်။ တင်ပြပါ ဝိန်းလုံကျေးရွာမှတစ်ဆင့် သွားရောက်မည်ဆိုပါက အချိန်တိုအတွင်း ကားများဖြင့် အလွယ်တကူ သွားရောက်လည်ပတ်နိုင်မည် ဖြစ်ပါသည်။ ခရီးမိုင်အနေဖြင့် (၇)မိုင်ခန့်သာ ကွာဝေးမည်ဖြစ်ပါတယ်။ ကွန်ဟိန်းမြို့နယ်၊ မြို့မကျေးရွာအုပ်စုမှ ဝိန်းလုံကျေးရွာအတွင်း ကတ္တရာလမ်း (၄)ဖာလုံသာ ဆောင်ရွက်ထားရှိပြီး ဝိန်းလုံကျေးရွာမှ ဝမ်တုံကျေးရွာအထိ (၅)မိုင် (၄)ဖာလုံမှာ ကျောက်ကြမ်းလမ်းဖြစ်ပါတယ်။ ဝမ်တုံကျေးရွာမှ လုံစန်းကျေးရွာအထိ (၁၁)မိုင် (၄)ဖာလုံမှာ မြေသားလမ်းဖြစ်ပြီး စုစုပေါင်း မိုင်အရှည် (၁၇) မိုင် (၄) ဖာလုံ ဖြစ်ပါတယ်။ မြို့နယ်ဖွံ့ဖြိုးရေးကြီးကြပ်မှုဌာနမှ တင်ပြပါလမ်းပိုင်းများအလိုက် ဖောက်လုပ်ထားသောလမ်းကြောင်းရှိသော်လည်း လက်ရှိမြေပြင်တွင် ရာသီမရွေး သွားလာနိုင်မှုမရှိပါ။ ကျောက်တောင်များ မြင့်မားခြင်း၊ လမ်းမှာကျဉ်းမြောင်းပြီး အချို့နေရာများတွင်

မျက်ကွယ်များရှိနေခြင်း၊ လမ်းကြောင်းတစ်လျှောက် ရေတိုက်စားထားမှုများရှိနေခြင်း၊ ကျောက်တုံးကျောက်ခဲကြီးများပေါ်တွင် မောင်းနှင်သွားလာရခြင်းစသည်ဖြင့် လမ်းမှာ အင်မတန်ပျက်စီးနေပြီဖြစ်ပါတယ်။ အချို့နေရာတွေမှာ ကျွန်တော်တို့ ကတ္တရာလမ်း ခင်းထားတာလေးရှိပေမယ့်လို့ ကျွန်တော်တို့ ကတ္တရာလမ်းရဲ့ ကုန်ကျစရိတ်အစား ကျောက်ချောလမ်းအဖြစ် ကတ္တရာလမ်း မခင်းဘဲနဲ့ ကျောက်ချောလမ်းခင်းလိုက် မယ်ဆိုရင် ကျွန်တော်တို့ မိုင်/ခရီး အကွာအဝေးပိုပြီးတော့မှ ရရှိနိုင်မယ်လို့ ကျွန်တော်တို့ ထင်မြင်ယူဆအပ်ပါတယ်။ ဒေသတွင်း မှီတင်းနေထိုင်ကြသော အထက် တင်ပြပါ ပြည်သူလူထုများ၏ စိုက်ပျိုးသီးနှံများ ဝယ်ယူရောင်းချရာတွင်လည်း အဓိက အသုံးပြုလျက်ရှိတဲ့ လမ်းမကြီးလည်း ဖြစ်ပါတယ်။ အဆိုပါ လမ်းမကြီးကောင်းမွန်မှု မရှိသဖြင့် စိုက်ပျိုးရေးသွင်းအားစုများ သယ်ယူရာတွင် စရိတ်များပိုမိုကြီးမြင့်ခြင်းနှင့် ထွက်ကုန်များရောင်းချရာတွင်လည်း ဈေးနှုန်းအဆမတန် နှိမ့်ချဝယ်ယူခံရခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။ ကျန်းမာရေး အရေးပေါ်ကိစ္စရပ်များ ဖြစ်ပွားပါကလည်း ကွန်ဟိန်းမြို့သို့ အချိန်မီလာရောက်နိုင်ရန် များစွာသော အခက်အခဲများ ဖြစ်ပေါ်လျက် ရှိပါသည်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသအတွင်း မှီတင်း နေထိုင်ကြသော ပြည်သူများ၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထက်တင်ပြပါ လမ်းမကြီးအား ရာသီ မရွေးသွားလာနိုင်သည့် လမ်းမကြီးအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက် ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါ တယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါ

တယ်။ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင်မှ မေးမြန်းထားတဲ့ မေးခွန်းကို ပြန်လည်ဖြေကြားရမယ်ဆိုရင် ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ ကွန်ဟိန်း မြို့နယ်၊ မြို့မကျေးရွာအုပ်စုရှိ ဝိန်းလုံကျေးရွာ - နားပေါင်းကျေးရွာ - ဝမ်တုံကျေးရွာ - နားကျိုင်းကျေးရွာ- လုံစန်းကျေးရွာ လမ်းပေါ်တွင် အရှည်(၁၂)မိုင်၊(၄)ဖာလုံရှိပြီးတော့ အဲ့ဒီလမ်းပေါ်မှာ အိမ်ခြေ (၂၁၆)အိမ်၊ အိမ်ထောင်စု (၂၁၁)စု၊ လူဦးရေ (၉၇၀)ဦး နေထိုင်သောဒေသဖြစ်ကြောင်း သိရှိရပါတယ်။ အဲ့ဒီ အရှည် (၁၂)မိုင်၊ (၄) ဖာလုံရှိတဲ့ ကျေးရွာချင်းဆက်လမ်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၄)မိုင်၊ ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း ၃မိုင်၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၂)မိုင်၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်း (၂)မိုင်၊ စုစုပေါင်း ကျောက်လမ်း (၁၁)မိုင် ဆောင်ရွက်ပြီးစီးကြောင်း တွေ့ရှိရပါတယ်။ ကိုယ်စားလှယ်တော်ကြီး တင်ပြသလိုပါပဲ။ ဒေသခံတိုင်းရင်းသား မိဘပြည်သူများ ဘက်ပေါင်းစုံသွားလာမှု လွယ်ကူစေရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်သင့်တဲ့ ကိစ္စများကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဆိုပါကျန်ရှိသော မြေသားလမ်းကိုလည်း နောင်ဘဏ္ဍာရေးနှစ်တွင် ကျောက်လမ်းအဖြစ် ဆက်လက်ဆောင်ရွက်ဖို့ ရန်ပုံငွေတင်ပြတောင်းခံပြီး ဆောင်ရွက် သွားမှာဖြစ်သလို ယခု ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း(၀.၄)မိုင်အား အကောင်အထည်ဖော်ဆောင်ရွက်ပေးသွား မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နှင့်(၂)ကို တစ်ဆက်တစ်စပ်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ်ကိုယ်စားလှယ် အမှတ်(၁) ဦးညီညီဇော်ပဲ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းသွားမှာကတော့

သီပေါမြို့နယ် နမ့်အွန် - ကုန်းညုလမ်းပိုင်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် ကြယ်ပွင့်ပြမေးမြန်းသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမြို့နယ် နမ့်အွန် - ကုန်းညုလမ်းသည် (၆)မိုင်အရှည်ရှိပြီး အကျယ်(၁၂)ပေဖြစ်ပါတယ် ခင်ဗျား။ ၎င်းလမ်း (၂)မိုင်ခန့်မှာ ကောင်းမွန်သော ကတ္တရာလမ်းဖြစ်ပြီး ကျန် (၄)မိုင်သည် အလွန်အမင်း ပျက်စီးနေသော ကျောက်ခင်းလမ်းအဖြစ်သာ ကျန်ရှိနေပါတယ်ခင်ဗျား။ ၎င်းလမ်းကို အသုံးပြုနေသည့် ရွာ(၅)ရွာ၊ အိမ်ခြေ(၂၇၅)အိမ်၊ လူဦးရေ (၁၀၀၀)ကျော်ခန့် နေထိုင်လျက်ရှိပါတယ်ခင်ဗျား။ အသက်မွေးဝမ်းကျောင်းအဖြစ် လုပ်ကိုင်စိုက်ပျိုးကြသည့် စပါး၊ ပြောင်း၊ ပဲပုပ်၊ လက်ဖက်၊ လိမ္မော်၊ ကမ္ဗလာနှင့် ဟင်းသီးဟင်းရွက်မျိုးစုံကို စိုက်ပျိုးကြပြီး စိုက်ပျိုးမြေကေ (၁၅၀၀)ကျော် ရှိပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ၎င်းလမ်းကို အဆင့်မြှင့်တင်ပေးပါရန် အစီအစဉ် ရှိ/ မရှိနှင့် အစီအစဉ် မရှိပါကလည်း လာမည့် ဘဏ္ဍာနှစ်တွင် ဦးစားပေးအစီအစဉ် ထည့်သွင်းပေးပါရန်ကို လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

တစ်ဆက်တည်း မေးခွန်းကို မေးမြန်းခွင့်ပြုပါခင်ဗျား။ သီပေါမြို့နယ်၊ မိုးတေကျေးရွာအုပ်စု၊ မိုးတေကျေးရွာအတွင်း မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု၊ မိုးတေကျေးရွာသည် အိမ်ခြေ(၈၆၂)အိမ်၊ လူဦးရေ (၄၂၃၈)ဦး၊ အိမ်ထောင်စု (၉၇၉)စုရှိရာ သီပေါ - နမ္မတူ ကားလမ်းမကြီးဘေး ကျေးလက်ဆေးပေးခန်းမှ ရွာအတွင်းသို့ အရှည်ပေ (၈၀၀)၊ အကျယ် (၁၂) ပေရှိသော လမ်းပိုင်းဖြစ်ပါတယ် ခင်ဗျား။ ထိုလမ်းမှာ ခေတ်ကာလနှင့် လျော်ညီမှုမရှိခြင်း၊ မိုးရာသီတွင် ထိုလမ်းအား မိုးရေများ ကျော်လွှန်၍ ရှိနေခြင်းတို့ကြောင့် ပြည်သူများမှာ များစွာ အခက်အခဲ ရှိနေပါတယ်ခင်ဗျား။ ထိုလမ်းအား အဆင့်မြှင့်ပေးမည်ဆိုပါက ကျေးရွာနေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးတို့မှာ များစွာအဆင်ပြေချောမွေ့စေပါလိမ့်မည်ခင်ဗျား။ သို့ဖြစ်ပါ၍ အဆိုပါမိုးတေကျေးရွာအုပ်စု လမ်းပိုင်းအား

ရာသီမရွေးသွားလာမှု အဆင်ပြေနိုင်စေရေးအတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မည်သည့်အချိန်တွင် စီမံဆောင်ရွက်ပေးမည်ကို မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း (၂)ခုလုံးကို တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြ မေးခွန်း(၂)ခုကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက တစ်ဆက်တစ်စပ်တည်း ဖြေကြားပေးသွားမှာပဲ ဖြစ်ပါတယ်။ ပထမမေးခွန်းကို ဖြေကြားပေးပါမယ်။ သီပေါမြို့နယ် မန္တလေး - လားရှိုး- လမ်းမကြီး ပြည်ထောင်စုလမ်းမကြီးနှင့် ဆက်သွယ်ထားတဲ့ ရေပူ- နမ့်အွန်လမ်းဟာ ကတ္တရာလမ်း(၂)မိုင်၊ အမာခံလမ်း(၁/၅)မိုင်နှင့် မြေသားလမ်း(၃/၃)မိုင်၊ စုစုပေါင်း လမ်းအရှည် (၇)မိုင်ရှိ၍ Class Aအဆင့်ရှိသော လမ်းဖြစ်ပြီး ကျေးရွာ(၅)ရွာ၊ အိမ်ခြေ (၂၇၅)အိမ်နှင့် လူဦးရေ(၁၀၀၀)ကျော်အား အကျိုးပြုသော လမ်းဖြစ်ပါတယ်။ အမာခံလမ်း(၁.၅)မိုင်အား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန်အတွက် မြေသားလမ်း(၃.၃)မိုင်အား ကျောက်လမ်းအဖြစ် အဆင့်မြှင့်တင်နိုင်ရန် နီးစပ်ရာဘဏ္ဍာရေးနှစ်မှစ၍ လျာထားတင်ပြသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်ပါတယ်။ ဒုတိယမေးခွန်းကို ဖြေကြားပေးမှာဖြစ်ပါတယ်။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ မိုးတေကျေးရွာအုပ်စု၊ မိုးတေကျေးရွာမှာ အိမ်ခြေ (၈၆၂)အိမ်၊ အိမ်ထောင်စု (၉၇၉)စု၊ လူဦးရေ(၄၂၃၈)ဦးရှိပြီး ၎င်းမိုးတေကျေးရွာသည် သီပေါ-နမ္မတူကားလမ်းမကြီးဘေး ကျေးလက်ဆေးပေးခန်းမှ ရွာအတွင်းသို့ သွားတဲ့

မြေသားလမ်းမှာ ခေတ်ကာလနှင့် လျော်ညီမှုမရှိတဲ့အတွက် မိုးရာသီအတွင်း မိုးရေများ ကျော်လွန်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ဖြစ်ပေါ်နေပါသဖြင့် အဆိုပါမိုးတေကျေးရွာ မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်ပြီး အဆင်ပြေချောမွေ့စေနိုင်ရန်အတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ရန် ကိုယ်စားလှယ်ကြီး မေးမြန်းထားမှုအပေါ်ကို ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်ထောင်စုနဲ့ ပြည်နယ်ရန်ပုံငွေဖြင့် လျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တစ်စပ်တည်း မေးမြန်းသွားဖို့ ဖြစ်ပါတယ်။

**ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနဲ့ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းများနဲ့ ပြည့်စုံ၍ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဒေါ်မေနှင်းသက် ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ မိုင်းပျဉ်းမြို့၊ အလယ်ပိုင်းရပ်ကွက်မှာရှိတဲ့ မဟာဗန္ဓုလလမ်းခေါ် ကမ်းနားလမ်းက အရှည် (၁၉၉၀)ပေရှိပြီးတော့ မူလက ကတ္တရာလမ်း ဖြစ်ပါတယ်ရှင်။ ၂၀၂၄ - ၂၀၂၅ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ Clean and Green ရန်ပုံငွေနဲ့ လမ်းအရှည် (၆၅၀)ပေကို ရန်ပုံငွေ (၈၂.၅၀)သန်းနဲ့ မေတ္တာမောင်ကုမ္ပဏီက ကွန်ကရစ်လမ်းအဖြစ် တာဝန်ယူခင်းကျင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်ရှင့်။ ယခုနှစ် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ မြို့နယ်စည်ပင်သာယာရေး ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း အလျား(၁၆၀)ပေ၊ အကျယ်(၁၄) ပေ၊ ထု (၆)လက်မရှိတဲ့ ကွန်ကရစ်လမ်းခင်းရန်အတွက် ရန်ပုံငွေ(၁၉.၉)သန်းဖြင့်ဆောင်ရွက်သွားရန် လျာထားပြီးဖြစ်ပါတယ်ရှင်။ လမ်းခင်းရန် ကျန်ရှိနေတဲ့ (၁၁၈၀)ပေ လမ်းခင်းရန် ကျန်ရှိပါသေး

တယ်ရှင်။ အဆိုပါ မဟာဗန္ဓုလလမ်းခေါ် ကမ်းနားလမ်းက ကျွန်မတို့ မိုင်းပျဉ်းမြို့နယ် နေလူထုက မြို့မဈေးကို သွားရန်အသုံးပြုတဲ့ လမ်းဖြစ်သလို မနက်ခင်း၊ ညနေခင်း တွေမှာ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ခြင်းအတွက်သော်လည်းကောင်း၊ အေးအေးလူလူလမ်းလျှောက်၍ အပန်းဖြေအနားယူခြင်းများ ပြုလုပ်နိုင်တဲ့နေရာ လည်းဖြစ်ပါတယ်ရှင်။ ဒီကွန်ကရစ်လမ်းကို ခင်းပေးခြင်းအားဖြင့် ကျွန်မတို့မြို့ရဲ့ အထင်ကရလှပတဲ့ လမ်းလေးတစ်ခုလည်း ဖြစ်လာမှာဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ မဟာဗန္ဓုလလမ်းခေါ် ကမ်းနားလမ်းရဲ့ မူလအရှည် (၁၉၉၀)ပေမှာ မေတ္တာမောင် ကုမ္ပဏီက ခင်းကျင်းပေးခဲ့တာ (၆၅၀)ပေဖြစ်ပြီးတော့ ယခုနှစ်ဘဏ္ဍာရေးနှစ်မှာ ခင်းကျင်းဖို့အတွက် လျာထားတဲ့ (၁၆၀) ပေနဲ့အတူ ကျန်ရှိနေတဲ့ (၁၁၈၀)ပေ စုစုပေါင်း (၁၃၄၀)ပေကို ကွန်ကရစ်လမ်းအဖြစ် တစ်ဆက်တည်းတစ်ပြိုင်တည်း အဆင့်မြှင့်တင် ခင်းကျင်းပေးရန်အတွက် အစီအစဉ် ရှိ/ မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်း တင်ပြလိုပါတယ်ရှင်။

ဆက်လက်၍ မေးခွန်းနံပါတ် (၂)ကို ဆက်လက်မေးမြန်းခွင့်ပြုပါရှင်။ ကျွန်မ အနေနဲ့ မိုင်းပျဉ်းမြို့အလယ်ပိုင်းရပ်ကွက်မှာ နေထိုင်တဲ့ ရပ်ကွက်သူ/ရပ်ကွက်သားများ အေးချမ်းလွယ်ကူစွာ သွားလာနိုင်ရန်အတွက်လည်းကောင်း၊ လယ်ယာလုပ်ငန်းတွေ ထုတ်ကုန်လုပ်ငန်းတွေ သယ်ယူပို့ဆောင်ဖို့ လွယ်ကူချောမွေ့စေဖို့အတွက် လည်းကောင်း၊ များမကြာမီမှာ ဆောက်လုပ်မယ့် ရှမ်းစာပေနှင့်ယဉ်ကျေးမှုခန်းမဆောင် နေရာကိုသွားလာရန် လွယ်ကူစေဖို့အတွက်လည်းကောင်း အဆင့်မြှင့်ကတ္တရာလမ်း ဖြစ်စေ၊ ကွန်ကရစ်လမ်းဖြစ်စေ ဖောက်လုပ်ပေးနိုင်ရန် ရည်ရွယ်ပြီးတော့ ယခု ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြလိုခြင်း ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ အလယ်ပိုင်းရပ်ကွက်အတွင်း မှာရှိတဲ့ ပတ္တမြားလမ်း၊ ကမ်းနားလမ်း၊ နီလာလမ်း၊ နိုင်းကွန်လမ်းစသဖြင့် ဒီလမ်းတွေ ကို ကွန်ကရစ်လမ်းအဖြစ် နိုင်ငံတော်အစိုးရရဲ့အစီအစဉ်နဲ့ ခင်းကျင်းအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်မည်ဖြစ်တဲ့အတွက် ရာသီမရွေးသွားလာရန် လွယ်ကူချောမွေ့စေ မည်ဖြစ်ပြီး ကျွန်မတို့ မိုင်းပျဉ်းမြို့အလယ်ပိုင်း ရပ်ကွက်သူ၊ ရပ်ကွက်သားများ အားလုံးကလည်း ဝမ်းမြောက်ပျော်ရွှင်နေပါကြောင်း တင်ပြလိုပါတယ်ရှင်။ သို့သော်လည်း အလယ်ပိုင်းရပ်ကွက်မှာရှိတဲ့ ဒီပုလဲလမ်းသည် ကွန်ကရစ်လမ်းအဖြစ် မဆောင်ရွက်

ပေးနိုင်သေးတဲ့အတွက် သွားလာရာမှာ ခက်ခဲခြင်း၊ ဒီရှမ်းစာပေနှင့် ယဉ်ကျေးမှု အဆောက်အဦကို သွားလာဖို့ရန်အတွက် အသုံးပြုရမယ့် လမ်းတစ်လမ်း ဖြစ်နေခြင်း တို့ကြောင့် အလယ်ပိုင်းရပ်ကွက်မှာရှိတဲ့ ပုလဲလမ်းကို အခြားလမ်းများနည်းတူ အဆင့်မြင့်ကွန်ကရစ်လမ်းဖြစ်စေ၊ ကတ္တရာလမ်းဖြစ်စေ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်း ဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင် သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူ ဖြစ်ပါတယ်ခင်ဗျား။ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ဒေါ်မေနှင်းသက် မေးမြန်းတဲ့ မေးခွန်း(၂)ခုစလုံးကို တစ်ဆက်တည်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ပထမမေးခွန်းအနေနဲ့ ဖြေကြားရမယ်ဆိုရင် မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့ အလယ်ပိုင်းရပ်ကွက်၊ ကားကြီးကွင်း မဟာဗန္ဓုလလမ်း (ကမ်းနား)လမ်းဟာ လမ်းအရှည် စုစုပေါင်း(၁၉၉၀)ပေရှိပြီးတော့ မူလကတ္တရာလမ်းဖြစ်ပါတယ်။ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်မှာ Clean and Green ရန်ပုံငွေဖြင့် လမ်းအရှည်(၆၅၀)ပေအား ခွင့်ပြုရန်ပုံငွေ ကျပ်(၈၂.၅၀)သန်းဖြင့် မေတ္တာ မောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ မြို့နယ်စည်ပင်သာယာရေးဌာန၏ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း အရှည် ၁၆၀ ပေ၊ အကျယ် ၁၄ ပေ နှင့် ထု ၆ လက်မ ခင်းခြင်းလုပ်ငန်းအား ခွင့်ပြုရန်ပုံငွေကျပ်(၁၉.၉၀)သန်းဖြင့် ဆောင်ရွက်ရန် ထည့်သွင်း လျာထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကွန်ကရစ်လမ်းအဖြစ် ဆက်လက် ဆောင်ရွက်ရန် ကျန်ရှိသည့် (၁၁၈၀) ပေအား ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍

သင့်လျော်သည့် ဘဏ္ဍာရေးနှစ်တွင် လျာထားရေးဆွဲ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။

နံပါတ်(၂) မေးခွန်းအနေနဲ့ မိုင်းပျဉ်းမြို့နယ် အလယ်ပိုင်းရပ်ကွက်ရှိတဲ့ ပုလဲလမ်းဟာ အရှည်(၁၁၅၀)ပေ အကျယ်(၁၂)ပေရှိတဲ့ မြေသားလမ်းဖြစ်ပါတယ်။ အဆိုပါ မြေသားလမ်းကို ကတ္တရာလမ်း(သို့မဟုတ်) ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ယခု ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားနိုင်ခြင်းမရှိသေးပါသဖြင့် ဘဏ္ဍာငွေ ရရှိမှုအပေါ် မူတည်၍ သင့်လျော်သည့် ဘဏ္ဍာရေးနှစ်တွင် လျာထားရေးဆွဲ ဆောင်ရွက်ပေးသွားပါမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)က တတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မအနေနဲ့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်နဲ့ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ မိုင်းပျဉ်း- မိုင်းပုအွန်- မိုင်းဆတ်လမ်း မြို့ချင်းဆက်လမ်းမှာရှိတဲ့ လက်ရှိအခြေအနေမှာ လက်ရှိလမ်းက ကျောက်ချောလမ်းပဲ ဖြစ်နေတဲ့အတွက်ကြောင့် မိုးတွင်းကာလမှာ လမ်းပေါ်မှာ ရေစီးခြင်း၊ ရေတင်ခြင်း၊ ရေဝပ်ခြင်း၊ လမ်းချိုင့်ခွက်တွေ ဖြစ်ပေါ်နေတဲ့အတွက် ကျွန်မတို့ ပြည်သူလူထုက သွားလာရေးအတွက် ခက်ခဲလျက်ရှိပါတယ်။ ယခု မိုင်းပျဉ်းမြို့ စွန်တောင်းရွာကနေပြီးတော့ ယမ်းမိုင်အုပ်စု ယမ်းမိုင်ရွာစပ်အထိကို ကတ္တရာလမ်း (၂)မိုင်ကို ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကနေပြီးတော့ ခင်းကျင်းထားပေးပြီးဖြစ်ပါတယ်ရှင်။ ယမ်းမိုင်ရွာကနေတစ်ဆင့် မိုင်းပုအွန်ကျေးရွာ (၁၃)မိုင် အကွာအဝေးကို ဒီလမ်းကို ကတ္တရာလမ်းအဖြစ် ဆက်လက်အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါတယ်ရှင်။ အဆိုပါ မိုင်းပျဉ်း- မိုင်းပုအွန်လမ်းတစ်လျှောက်မှာ ယမ်းမိုင်ကျေးရွာအုပ်စုက ကျေးရွာ (၁၁) ရွာ၊ ယမ်းခမ်းကျေးရွာအုပ်စုက ကျေးရွာ (၁၂) ရွာနှင့် မိုင်းပုအွန်ကျေးရွာအုပ်စုက ကျေးရွာ (၉)ရွာ၊ စုစုပေါင်း (၃၂)ရွာမှာရှိတဲ့ လူထုအတွက်

အကျိုးတွေများစွာ ဖြစ်ထွန်းစေမှာဖြစ်သလို မိုင်းပျဉ်းမြို့နှင့် မိုင်းဆတ်မြို့ကို ဆက်သွယ်ထားတဲ့ မြို့ချင်းဆက်သွယ်တဲ့ လမ်းဖြစ်တဲ့အတွက် အဆိုပါယမ်းမိုင်ကျေးရွာကနေ မိုင်းပုအွန်ကျေးရွာ (၁၃)မိုင် အကွာအဝေးကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် စီမံချက် ရှိ/ မရှိနဲ့ ရှိခဲ့ရင်လည်း ဘယ်အချိန်မှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတဲ့အကြောင်းကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရဲ့ကိုယ်စား ဒေါ်မေနှင်းသက်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မေးမြန်းတဲ့ မိုင်းပျဉ်းမြို့နယ်၊ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်တို့ကို ဆက်သွယ်ထားတဲ့ မိုင်းပျဉ်း- မိုင်းပုအွန်- မိုင်းဆတ်မြို့နယ်ချင်းဆက်လမ်း လက်ရှိ အခြေအနေမှာဆိုလျှင် အဆိုပါခရိုင်ချင်းဆက်လမ်းဟာဆိုလျှင် ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ မိုင်းပျဉ်း- မိုင်းပုအွန်- မိုင်းဆတ်လမ်း လမ်းအရှည်(၈၁ မိုင် ၇.၁ ဖာလုံ) ရှိပြီးတော့ ပြည်နယ်မှ စီမံခန့်ခွဲသော လမ်းပိုင်းဖြစ်ပါတယ်။ စုစုပေါင်းလမ်းအရှည် (၈၁ မိုင် ၇.၁ ဖာလုံ)တွင် လမ်းဦးစီးဌာန ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်၊ မိုင်းပျဉ်းမြို့(၀/၀)မှ မုန်းကျက်တံတား (မိုင် ၃၇/၇.၁) အထိ စုစုပေါင်း (မိုင် ၃၇/၇.၁)အား တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီးတော့ (၃၁.၃.၂၀၂၆)ရက်နေ့အထိ တည်ရှိတဲ့ လမ်းအခြေအနေကို တင်ပြရမယ်ဆိုလျှင် (၁၂) ပေအကျယ် ကတ္တရာလမ်း(၀.၃)မိုင်၊ ကျောက်လမ်း (၁၇/၁.၁)မိုင်၊ အမာခံလမ်း (၁၉/၆.၈)မိုင်နှင့်မြေလမ်း (၀/၄.၂)မိုင်ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်အတွင်းရှိ မိုင်းပျဉ်း- မိုင်းပုအွန်- မိုင်းဆတ်လမ်းပေါ်ရှိ မိုင်းပျဉ်း - ယမ်းမိုင်- မိုင်းပုအွန် လမ်းပိုင်းတွင် (၁၂)ပေ အကျယ် ကတ္တရာလမ်း (၀/၃)မိုင်နှင့် ကျောက်/ အမာခံလမ်း (၁၃/၂) မိုင်၊ စုစုပေါင်း (၁၃/၅)မိုင် အရှည်ရှိပြီးတော့ ကတ္တရာလမ်းအဆင့် ဆောင်ရွက်ရန် (၁၃/၂)မိုင် ကျန်ရှိ

ကြောင်းတွေ့ရှိရပါတယ်။ ၎င်းလမ်းပိုင်း၏ တစ်ရက်ပျမ်းမျှ ယာဉ်စီးရေမှာ (၁၅၆)စီး ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် လမ်းချောမွေ့စေရေးအတွက် ကျောက်ရောမြေဖြင့် လမ်းမျက်နှာပြင် ပြုပြင်ခြင်း (၂/၇)မိုင် Box Culvert (၁)စင်း တည်ဆောက်ခြင်းနှင့် လမ်းပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လျာထားတင်ပြထားပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်း - မိုင်းပုအွန် - မိုင်းဆတ်လမ်း၏ မိုင်းပျဉ်း - ယမ်းမိုင် - မိုင်းပုအွန်လမ်းပိုင်းတွင် ကျောက်အမာခံလမ်းအဖြစ် ကျန်ရှိသည့် စုစုပေါင်း (၁၃/၂)မိုင်အား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းရန်ပုံငွေ တင်ပြတောင်းခံပြီး ခွဲဝေရရှိမှုအပေါ်မှာမူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုး ဖြစ်ပါတယ်ရှင်။ လဲချားမြို့နယ်အတွက် မီးသတ်ပစ္စည်းကိရိယာကိစ္စအား ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းခွင့်ပြုပါရှင်။

လဲချားမြို့နယ်အတွက် သဘာဝဘေးနဲ့ မီးဘေးအန္တရာယ်ကာကွယ်ရေး မီးငြိမ်းသတ်ရေးနဲ့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနေသော မီးသတ်ဦးစီးဌာနရှိထားပါတယ်ရှင်။ ထိုသို့ ဆောင်ရွက်ရာတွင် လက်ရှိအသုံးပြုနေသော ပစ္စည်းကိရိယာများနှင့် စက်ပစ္စည်းအချို့မှာ ပြည့်စုံမှုမရှိသောကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခက်အခဲများ ကြုံတွေ့နေရပါတယ်ရှင်။ သို့ဖြစ်ပါ၍ မီးဘေးအန္တရာယ်များ ထိရောက်စွာ ကာကွယ်ဆောင်ရွက်နိုင်ရေးနဲ့ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထပ်မံလိုအပ်နေသော ပစ္စည်းကိရိယာများကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စားလှယ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်တို့ လဲချားမြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်(စ်)ကီးမိုး မေးတဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် ရှမ်းပြည်နယ် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းမှ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ လွိုင်လင်ခရိုင်၊ လဲချားမြို့ပေါ်အတွက် သဘာဝမီးဘေးကာကွယ်စောင့်ရှောက်ဖို့အတွက် ပစ္စည်းကိရိယာများ လိုအပ်နေတဲ့အတွက် ဒါနဲ့ပတ်သက်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ လွိုင်လင်ခရိုင်၊ လဲချားမြို့ဟာ လွိုင်လင် - ပင်လုံ - မိုင်းကိုင် - ကျေးသီး လမ်းပေါ်တည်ရှိပြီးတော့ လဲချားမြို့နယ်မှာတော့ ကျွန်တော်တို့မီးသတ်ဌာနမှ အရာထမ်း(၁)ဦးနဲ့ အမှုထမ်း (၁၅)ဦး၊ စုစုပေါင်း(၁၆)ဦးရှိပြီးတော့ မီးသတ်ယာဉ် (၅)စီး၊ ရှာဖွေကယ်ဆယ်ရေးပစ္စည်း (၂၀) မျိုး၊ မီးငြိမ်းသတ်ရေးပစ္စည်း (၁၅)မျိုးနဲ့ လဲချားမြို့နယ်ရဲ့ မီးဘေးနဲ့သဘာဝဘေးအန္တရာယ် တုံ့ပြန်ဆောင်ရွက်မဲ့ ပစ္စည်းများအပြည့်အဝ ဆောင်ရွက်ထားရှိပါတယ်။ လက်ရှိအနေအထားအရ ဝန်ထမ်းအင်အားမှာ ဖွဲ့စည်းပုံရဲ့ (၄၃)ရာခိုင်နှုန်း ခန့်အပ်ထားပြီးတော့ မီးသတ်ယာဉ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်များ၊ မီးသတ်ပစ္စည်းများကို မြို့နယ်အဆင့်နဲ့ ကျွန်တော်တို့ ဖြည့်တင်းဆောင်ရွက်ပေးထားပြီးဖြစ်ပါတယ်။ ထပ်မံပြီးတော့လည်း ကျွန်တော်တို့ လိုအပ်တဲ့ပစ္စည်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေနဲ့ နှစ်စဉ်လျာထားပြီးတော့ ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပြီးတော့ ဒီလဲချားမြို့နယ်အတွက်လည်း ကျွန်တော်တို့ ဦးစားပေးအနေနဲ့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း(၂) နဲ့ (၃)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မ၏ ဒုတိယမေးခွန်းနှင့် တတိယမေးခွန်းကို မေးခွင့်ပြုပါရှင်။

ဒုတိယမေးခွန်းအနေနဲ့ ရှမ်းပြည်နယ်၊ လဲချားမြို့နယ်စည်ပင်သာယာရေးဌာနအတွက် လိုအပ်နေသော အမှိုက်သိမ်းကားကိစ္စဖြစ်ပါတယ်ရှင်။ မြို့နယ်တိုင်းတွင် မြို့နယ် စည်ပင်သာယာရေးနှင့် မြို့ပြပတ်ဝန်းကျင် သန့်ရှင်းလှပရေးအတွက် တာဝန်ယူ ဆောင်ရွက်နေသော စည်ပင်သာယာရေးဦးစီးဌာနရှိပါတယ်ရှင်။ မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရန် လမ်း၊ ဈေး၊ ကျောင်း စသည့် Public area များတွင် သန့်ရှင်းသာယာ လှပစေရန်သော်လည်းကောင်း၊ ပြည်သူများ၏ ကျန်းမာရေးနှင့်ညီညွတ်သော လူနေမှု ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက်သော်လည်းကောင်း စည်ပင်သာယာရေးဌာနမှ အမှိုက် သိမ်းဆည်းစွန့်ပစ်ခြင်း၊ ရေမြောင်းများ သန့်ရှင်းဆောင်ရွက်ခြင်း၊ ဈေးများ စနစ်တကျ စီမံခန့်ခွဲခြင်းတို့ကို စီမံဆောင်ရွက်နိုင်ဖို့ရာ လဲချားမြို့နယ်စည်ပင်သာယာရေးဦးစီး ဌာနမှ ဟောင်းအိုနေသော အမှိုက်သိမ်းယာဉ်(၁)စီးဖြင့်သာ အသုံးပြုဆောင်ရွက်နေရ ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ၎င်းဟောင်းအိုနေသော အမှိုက်သိမ်းယာဉ် (၁)စီးဖြင့် မြို့နယ် စည်ပင်သာယာရေးအတွက် လုံလောက်ခြင်းမရှိပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထပ်မံလိုအပ်နေသော အမှိုက်သိမ်းယာဉ်(၁)စီးအား မည်သည့်အချိန်တွင် ဖြည့်ဆည်း ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။

တတိယမေးခွန်းအနေနဲ့ ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များသည် မြို့နယ် စည်ပင်သာယာရေးဌာနမှ မြို့နယ်အတွင်း ကောက်ခံရရှိသည့် အခွန်အခများနှင့်သာ စည်ပင်သာယာရေးနဲ့သက်ဆိုင်သော လိုအပ်သည့်လုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်ပေးနေရသည်ဟု သိရှိရပါတယ်ရှင်။ သို့ပါသော်လည်း စည်ပင်သာယာရေး ဌာနသည် မြို့နယ်အတွင်း၊ ဒေသအတွင်း သန့်ရှင်းသာယာလှပရေး၊ လမ်းတံတားများ ပြုပြင်ထိန်းသိမ်းရေး၊ ရေမြောင်းများ သန့်ရှင်းရေး၊ အမှိုက်သိမ်းဆည်းစွန့်ပစ်ရေး၊ လမ်းမီးများ ပြုပြင်တပ်ဆင်ရေးနှင့် အများပြည်သူ ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် မြို့နယ်အတွင်းဖြင့်သာ ကောက်ခံသည့် အခွန်အခများ နည်းပါးခြင်း၊ ငွေကြေးများ လုံလောက်မှုမရှိခြင်းတို့ကြောင့် မြို့အင်္ဂါရပ်နှင့်အညီ ညီမျှ အောင် ဆောင်ရွက်နိုင်ခြင်း မရှိသည်ကို လေ့လာတွေ့ရှိရပါတယ်ရှင်။ ထို့ကြောင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် စည်ပင်သာယာရေးအတွက် ကောက်ခံရရှိသည့် အခွန်အခများ လုံလောက်မှုမရှိခြင်းကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်

ဘဏ္ဍာရန်ပုံငွေမှတစ်ဆင့် မြို့နယ်များအား မည်ကဲ့သို့ ခွဲဝေချထားပေး နိုင်မည်ကို သိရှိလိုပါသဖြင့် ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ဖိတ်ကြားထားသော ဧည့်သည်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ဒေါ်နန်းအက်(စ်)ကီးမိုး မေးမြန်းထားတဲ့ မေးခွန်း(၂)ခုလုံးအပေါ် တစ်ပြိုင်နက်တည်း ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မေးခွန်းနံပါတ်(၁)ဖြစ်တဲ့ ကျွန်တော်တို့ လဲချားမြို့နယ်စည်ပင်သာယာရေးဌာနသည် မြို့သန့်ရှင်းရေးနှင့် အမှိုက်သိမ်းဆည်းရေးလုပ်ငန်းများအား ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြည့်တင်းထောက်ပံ့ပေးထားသော SKAT အမျိုးအစား အမှိုက်သိမ်းယာဉ် (၁)စီးဖြင့်သာ ဆောင်ရွက်လျက်ရှိပါတယ်။ လဲချားမြို့နယ်စည်ပင်သာယာရေးဌာနဟာ ဖွဲ့စည်းပုံ အဆင့်(င)အဆင့်ဖြစ်ပြီး ၂၀၂၆ - ၂၀၂၇ ခု ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေကျပ် (၁၇၄.၄၅)သန်း လျာထားပါတယ်။ အခွန်ဝင်ငွေ နည်းပါးခြင်းကြောင့် အမှိုက်သိမ်းယာဉ်(၁)စီးအား ဝယ်ယူနိုင်ရန်အတွက် ရန်ပုံငွေ ထည့်သွင်း လျာထားနိုင်ခြင်း မရှိခဲ့ပါ။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်း လုပ်ငန်းအား ရန်ပုံငွေကျပ် (၅၈.၆၅)သန်းဖြင့်သာ လျာထားဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဌာနအတွက် ထပ်မံလိုအပ်သည့် အမှိုက်သိမ်းယာဉ်(၁)စီးအား ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၏ ရန်ပုံငွေလျာထားနိုင်မှုအပေါ်မူတည်၍ ဝယ်ယူဖြည့်တင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီး မေးခွန်းနံပါတ်(၂)ကို ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ လဲချားမြို့နယ်စည်ပင်သာယာရေးဌာနမှ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေနှင့် အညီ အခွန်၊ အခ၊ အကောက်များကောက်ခံရာတွင် ၂၀၂၄ - ၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ် (၁၅၀၇.၇၀)သိန်း၊ ၂၀၂၅ - ၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၀၂၅.၅၈)သိန်း

ကောက်ခံရရှိခဲ့ပါတယ်။ ၂၀၂၆ - ၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျပ်(၁၀၁၉.၀၆)သိန်း ကောက်ခံရန် လျာထားခဲ့ပြီး အသုံးစရိတ်များအနေဖြင့် ၂၀၂၄ - ၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ် ကျပ် (၈၄၉.၁၂)သိန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် (၅၈၄.၀၀) သိန်း ၊ ၂၀၂၅ - ၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ် ကျပ် (၁၀၂၅.၅၈) သိန်း၊ ငွေလုံးငွေရင်းအသုံးစရိတ် ကျပ်(၄၄၉.၀၀)သိန်းဖြစ်ပြီး ၂၀၂၆ - ၂၀၂၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် သာမန်အသုံးစရိတ် ကျပ် (၁၀၁၉.၀၆)သိန်းနှင့် ငွေလုံးငွေရင်းအသုံးစရိတ် ကျပ် (၅၈၆.၅၀)သိန်း သုံးစွဲရန် လျာထားဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ၂၀၂၆ - ၂၀၂၇ခု၊ ဘဏ္ဍာရေးနှစ်အတွက် Clean & Green City ရန်ပုံငွေကျပ်သိန်း ( ၅၀၀၀ )ဖြင့် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများဖြစ်သော လဲချားမြို့အတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း(၅)ခု၊ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်း(၃)ခု၊ ခန်းမပြင်ဆင်ခြင်းလုပ်ငန်း(၃)ခု၊ မြို့သာယာလှပရေးလုပ်ငန်း (၂)ခု၊ ရေမြောင်းနှင့် Slab Culvert တည်ဆောက်ခြင်းလုပ်ငန်း (၂)ခု၊ စုစုပေါင်း လုပ်ငန်း (၁၅)ခုအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ (၁-၆-၂၀၂၆)ရက်နေ့တွင် တင်ဒါခေါ်ယူထားပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မြို့နယ်စည်ပင်သာယာရေးဌာနအနေဖြင့်လည်း လျာထားပြီးဖြစ်သော အခွန်၊ အခ၊ အကောက်များ ပြည့်ဝစွာကောက်ခံရရှိနိုင်ရေးနှင့် ခေတ်ကာလနှင့် မလျော်ညီသော အခွန်၊ အခ၊ အကောက်နှုန်းထားများအား တိုးမြှင့်ပြင်ဆင်၍ အခွန်ရငွေများ ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လဲချားမြို့အနေဖြင့် ဖွဲ့စည်းပုံအဆင့်(င)အဆင့် မြို့ဖြစ်ပါ၍ ဦးစီးအရာရှိမှ အမှုဆောင်အရာရှိအဖြစ် တာဝန်ယူဆောင်ရွက်ရသော မြို့တစ်မြို့ဖြစ်ရာ မြို့တွင်းအခွန်၊ အခ၊ အကောက်များ ကောက်ခံရရှိရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ မြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိတဲ့ မြို့မကျေးရွာအုပ်စုရှိ ကျေးရွာများမှ စားသောက်ဆိုင်(၁၃)ဆိုင်အတွက် လိုင်စင်ခ ငွေကျပ် (၃၃၅,၀၀၀)၊ ဘေးအန္တရာယ်ရှိသော လုပ်ငန်း(၁၀၁)ခုအတွက် လိုင်စင်ခငွေကျပ် (၁,၂၆၅,၀၀၀)၊ ကျေးလက်ဝက်သားသတ်လုပ်ငန်း(၃)ခုအတွက် လိုင်စင်ကြေးငွေကျပ် (၁၀,၅၀၀,၀၀၀)၊ ကျေးလက်အမဲသားသတ်လုပ်ငန်း(၁)ခုအတွက် လိုင်စင်ကြေးငွေကျပ် (၅,၀၀၀,၀၀၀)၊ စုစုပေါင်း (၁၇၁)သိန်းအား စည်းကြပ်ကောက်ခံလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၎င်းကျေးရွာများမှာ လဲချားမြို့နှင့် တစ်ဆက်တည်းတည်ရှိနေခြင်း

ဖြစ်ပြီး ရှမ်းပြည်နယ်စည်ပင်သာယာရေး ဥပဒေပုဒ်မ ၁၅(က)အရ မြို့အသွင် ဖွံ့ဖြိုး တိုးတက်လျက်ရှိသော ကျေးရွာနယ်နိမိတ်များကိုလည်း စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် သတ်မှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ရာ ၎င်းမြို့မကျေးရွာအုပ်စုရှိ ကျေးရွာများအား မြို့စည်ပင်သာယာရေး နယ်နိမိတ်အဖြစ် တိုးချဲ့သတ်မှတ်နိုင်မည် ဆိုပါက ပြည်သူများမှ ဆောက်လုပ်သည့်ပုဂ္ဂလိက အဆောက်အအုံများအား စစ်ဆေး ကြီးကြပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး အဆောက်အအုံစစ်ဆေး ကြီးကြပ်ခရငွေများ ရရှိနိုင်မည်ဖြစ်ပါသည်။ သို့ရာတွင် မြို့စည်ပင်သာယာရေး နယ်နိမိတ် တိုးချဲ့သတ်မှတ်မည်ဆိုပါက ၎င်းကျေးရွာများရှိ ပြည်သူများမှ ကန့်ကွက်ရန် မရှိ သဘောတူညီမှသာလျှင် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ လုပ်ထုံးလုပ်နည်းနှင့်အညီ အမှုတွဲတည်ဆောက်၍ တင်ပြဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာဖြင့် ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မမေးခွန်းကတော့ လဲချားမြို့နယ်တစ်ခုတည်းအတွက်သာ ရည်ရွယ်ပြီးမေးတာ မဟုတ်ပါဘူးရှင်။ ရှမ်းပြည်နယ်(၅၅)မြို့လုံးမှာရှိတဲ့ စည်ပင် သာယာရေးအတွက် ရည်ရွယ်ပြီး မေးမြန်းသွားတာ ဖြစ်ပါတယ်ရှင်။ အဲဒါကြောင့် စည်ပင်သာယာရေးဌာနမှ ကောက်ခံရရှိတဲ့ အခွန်အခများ နည်းပါးတာ၊ ငွေကြေး လုံလောက်မှုမရှိတာစတဲ့ကိစ္စတွေကြောင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကနေ ဘယ်လို ခွဲဝေသုံးစွဲခွင့်ပေးမယ်ဆိုတဲ့ အချက်အလက်ကို မေးသွားတာဖြစ်ပါတယ်ရှင့်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ သက်ဆိုင်ရာဝန်ကြီးက ဖြေပေးစေလိုပါတယ်ရှင့်။ ကျေးဇူးတင်ပါ တယ်ရှင့်။

**ဥက္ကဋ္ဌ။** ဆက်စပ်မေးခွန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးမှ ပြန်လည် ဖြေကြားပေးနိုင်လျှင် ဖြေကြားပေးပါ။ ဖြေကြားဖို့ မရှိရင်လည်း စာဖြင့် ပြန်လည် ဖြေကြားပေးနိုင်ပါတယ်။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားရပါသော ဥက္ကဋ္ဌ ကြီးခင်ဗျား။ ကျွန်တော်စာဖြင့် ပြန်လည်ဖြေကြားပေးပါမယ်ခင်ဗျ။

**ဥက္ကဋ္ဌ။** ဟုတ်ကဲ့ပါ။ ဆက်လက်ပြီး ဦးအောင်ကျော်ညွန့် ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေနဲ့ ဒီကနေ့တက်ရောက်လာတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ဒီနေ့မေးမယ့် မေးခွန်းက Agenda ထဲမှာတော့ (၆)ကြောင်းလောက်ရှိတာပေါ့။ ကျွန်တော့်အနေနဲ့ မေးမယ့် မေးခွန်းကတော့ (၂)ကြောင်းပဲ ရှိပါတယ်။ ဒါကြောင့်မို့လို့ မေးခွန်းလေးကို အဆင်ပြေအောင် ပြုပြင်ပေးတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဝန်ထမ်းများအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော့်အလိုကတော့ မေးခွန်း(၂)ကြောင်းပဲ မေးထားတာက အဲ့ဒီမေးခွန်းလေးကို ကျွန်တော်ပထမဦးဆုံး ဖတ်ပြပါမယ်။ ဒီထဲမှာ အချက်(၂)ချက် အရေးကြီးတာလေးကိုလည်း ကျွန်တော်ချပြပေးပါမယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းလေးက ရှမ်းပြည်နယ်အတွင်း စက်သုံးဆီယာဉ်များအား မလိုအပ်ဘဲ ထောက်ခံချက်များ ထပ်မံတောင်းခံနေမှုကို စိစစ်ပယ်ဖျက်ပေးနိုင်ခြင်းရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ မလိုအပ်ဘဲဆိုတာက ကျွန်တော်တို့ ရှမ်းပြည်နယ်မှာက လိုအပ်တာရှိပါတယ်။ မလိုအပ်တာရှိပါတယ်။ ဒါကတော့ လုံခြုံရေး လိုအပ်တဲ့နေရာ ကျွန်တော်ပြောခြင်း မဟုတ်ပါဘူး။ လုံခြုံရေး မလိုအပ်တဲ့ နေရာ ကျွန်တော်တို့ရဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ရှမ်းပြည်နယ်လွှတ်တော်ကြီး ကျွန်တော်တို့ရဲ့ လက်ရှိနေရာဖြစ်ပြီးတော့ ကျန်တဲ့လိုအပ်တဲ့နေရာကတော့ စစ်အုပ်ချုပ်ရေး နေရာတွေကို ကျွန်တော် မဆိုလိုပါဘူး။ ဒါလေးကိုလည်း တင်ပြလိုပါတယ်။ နောက်တစ်ခါ စိစစ်ဆိုတာက ကျွန်တော့်အနေနဲ့ ဒီဟာနဲ့ ပတ်သက်ပြီးတော့ အပိုဒ် (၁)နဲ့(၂)ကို မေးခွန်းမေးရတော့မှာဖြစ်ပါတယ်။ စိစစ်တော့ ကျွန်တော့်ဘက်ကလည်း ဒါကိုတိတိကျကျ သိလို့ပယ်ဖျက်ခိုင်းတာလားဆိုရင် ကျွန်တော်ဒါလေးကို ပွင့်ပွင့် လင်းလင်းနဲ့ အားလုံးကို ပြောချင်တာကတော့ အုပ်ချုပ်ရေး(၂)ခုက ပြိုင်ပြီးတော့ လက်မှတ်ထိုးနေသလိုဖြစ်လို့ ကျွန်တော် ဒီခေါင်းစဉ်ကို ကျွန်တော်ရေးပြီးတော့ မလိုအပ်ဘဲနဲ့ ပြည်ထောင်စုဌာနက(၁)ခါလုပ်တယ်။ ပြီးရင် ကျွန်တော်တို့ ပြည်နယ်

က(၁)ခါ လုပ်နေတဲ့ ကိစ္စတစ်ခု ဖြစ်နေလို့ပါ။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ထောင်စုက ညွှန်ကြားရေးမှူးချုပ်ကြီးကိုယ်တိုင် ခေါင်းဆောင်ပြီးတော့ ရည်ရွယ်ချက် (၄)ရပ်နဲ့ အလုပ်လုပ်နေပါတယ်။ အဲဒါက PPRD လို့ခေါ်ပါတယ်။ PPRD ဆိုတာကတော့ စက်သုံးဆီ တင်သွင်း/ သိုလှောင်/ ဖြန့်ဖြူးရေးကော်မတီဆိုပြီးတော့ ဖွဲ့ထားတာရှိပါတယ်။ ဒါသည် ၂၀၀၃ ခုနှစ်က ကျွန်တော်တို့ မြန်မာနိုင်ငံမှာ စက်သုံးဆီတွေ တန်းစီပြီးတော့ တိုးတဲ့အချိန်ကစပြီးတော့ ဒီစက်သုံးဆီ ပြည်ထောင်စုအစိုးရအဖွဲ့ကကော စက်သုံးဆီအသင်းမှာပါတဲ့ မြတ်မေတ္တာမွန် ကုမ္ပဏီဥက္ကဋ္ဌ ဒေါက်တာဝင်းမြင့်က သေသေချာချာ ကြီးကြပ်ပြီးတော့ နောက်နောင် မြန်မာနိုင်ငံမှာ ဒီစက်သုံးဆီနဲ့ ပတ်သက်ရင် ပြဿနာမဖြစ်အောင် ဘယ်လိုဆောင်ရွက်မလဲဆိုတဲ့အဖြေကို ဆက်လက်ပြီးတော့ဆောင်ရွက်ပြီးတော့ အခုဒါလေးကို ဆက်လက်ဆောင်ရွက်ထားတာ ရှိပါတယ်။ ဒါကတော့ Digital System လို့ ကျွန်တော်တို့ အားလုံးကို သိစေချင်ပါတယ်။ Digital Systemသည် အစအဆုံး သီလဝါဆိပ်ကမ်းကစပြီးတော့ ကျွန်တော်တို့ စက်သုံးဆီဆိုင် တရားဝင်လိုင်စင်ရှိတဲ့ စက်သုံးဆီဆိုင် အရောက်ကို Digital System နဲ့ လုပ်ထားတာဖြစ်တဲ့အတွက် အဲဒီ ကျွန်တော်တို့ PPRD (၄)ဖွဲ့သည် တစ်ဖွဲ့က ကျွန်တော်တို့ PO ဆိုတဲ့ Purchase Order နှစ်ပတ်လောက် ကြိုတင်ပြီး ကျွန်တော်တို့ဆိုင်မှာ ဒီလောက်လိုပါတယ်ဆိုပြီး တင်ရပါတယ်။ ပြီးရင်အဲ့ဒါကို စိစစ်တဲ့အဖွဲ့က(၁)ဖွဲ့ ဖြစ်ပါတယ်။ ပြီးရင် အဲဒါကိုချပေးတာ(၁)ဖွဲ့ ဖြစ်ပါတယ်။ ပြီးရင် သီလဝါဆိပ်ကမ်းမှာ ထည့်ပေးတဲ့လူက (၁)ယောက် ဖြစ်ပါတယ်။ တစ်ဖွဲ့၊ တစ်ဖွဲ့ ကျွန်တော် ဒါလေးကို ရှင်းပြတာက အားလုံးဟာ သဘောပေါက်ပြီးတော့ နောင်ကျရင် ကျွန်တော်တို့က ဘယ်လိုဆောင်ရွက်မလဲဆိုတာ သိစေချင်လို့ ကျွန်တော်ဒါလေးကို ချပြတာပါ။ အဓိကကတော့ နိုင်ငံခြားက ဝယ်ယူတင်သွင်းတဲ့ အဖွဲ့က(၁)ဖွဲ့၊ အဲဒီလိုလုပ်ပြီးတော့ တစ်လမ်းလုံးလည်း PPRD အဲဒီအဖွဲ့က စိစစ်ကြီးကြပ်တဲ့လူဆိုပြီးတော့ ကျွန်တော်တို့ ရွှေညောင်မှာ ရှမ်းပြည်နယ်ရဲ့ PPRD စိစစ်ကြီးကြပ်တဲ့လူရှိပါတယ်။ အဲဒီလိုဘဲ Digital system နဲ့ ဘယ်လိုလုပ်တာလဲဆိုတဲ့ဟာလေးကို ကျွန်တော်ပြောပြချင်တာ။ Digital systemက ဘောက်ဆာထဲမှာစထည့်ပြီဆိုကတည်းက ပြီးပြီဆိုတာနဲ့ ကျွန်တော်တို့ဟာ ပေတံနဲ့တိုင်းပါတယ်။ ပြီးရင်ချိတ်ပိတ်ပါတယ်။ ချိတ်ပိတ်ပြီးတာနဲ့ အဲဒီကားကို GPS တပ်ပါတယ်။ ပြီးရင် မျှောစာထုတ်ပါတယ်။

မျှော်စာဆိုတာဟာ ဒီကားဟာ တစ်ခန်းမှာ ဘယ်နှစ်လီတာပါတယ်။ ဘယ်လောက်ပါတယ်။

**ဥက္ကဋ္ဌ။** ကိုယ်စားလှယ်ကြီး ခင်ဗျား။ ဆက်စပ်မေးခွန်းက အဓိကလိုတဲ့ ဟာလေးဘဲ ပြောပေးပါ။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)**။ အဲဒါဆိုတော့ ကျွန်တော့အနေနဲ့ Digital system နဲ့ ဒီလိုမျိုးလုပ်လိုက်တဲ့အခါကျရင် လွယ်ကူတဲ့ စနစ်လေးတစ်ခုဖြစ်သွားတော့ ဒီလုပ်ငန်းစဉ်က အစအဆုံးသွားလို့လာလို့ လွယ်တာဖြစ်တဲ့ အတွက် ဒါလေးကို ကျွန်တော့်အနေနဲ့ ကျွန်တော့်မေးခွန်းထဲမှာ ကျွန်တော်ဖတ်တာ အသေးစိတ်ဖတ်လိုက်ရင် ပြီးပါပြီ။ ဒါကြောင့်မို့ နံပါတ်(၁) အပိုဒ်(၁)အရ အထက်ပါ အကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ ရန်ကုန်မြို့သီလဝါဆိပ်ကမ်းမှာ ရှမ်းပြည်နယ် အတွင်းသို့ စက်သုံးဆီများ သယ်ယူပို့ဆောင်ရာတွင် စက်သုံးဆီသယ်ဆောင်လာသည့် ဘောက်ဆာမော်တော်ယာဉ်များကို သတ်မှတ်ချက်များနှင့်အညီ ချိတ်စည်းများ သေချာစွာ ခပ်နှိပ်ခြင်း၊ လမ်းခရီးမျှော်များ စနစ်တကျထုတ်ပေးခြင်း၊ ယာဉ်များတွင် GPSစနစ်များ တပ်ဆင်၍ စေလွှတ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ စက်သုံးဆီ တင်သွင်း/ သိုလှောင်/ ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ PPRD အနေဖြင့်လည်း အဆိုပါဘောက်ဆာယာဉ်များကိုလည်း လမ်းခရီးတစ်လျှောက်လုံး စနစ်တကျ စိစစ်ကြပ်မတ်ပေးလျက်ရှိပြီးဖြစ်ပါတယ်။

အပိုဒ် (၂) သို့ရာတွင် အဆိုပါစက်သုံးဆီယာဉ်များ ရှမ်းပြည်နယ်အတွင်းသို့ ရောက်ရှိသည့်အခါ လမ်းခရီး၌ မလိုအပ်ဘဲဒေသန္တရထောက်ခံချက်များကို ထပ်မံ တောင်းခံမှုများ ရှိနေပါသဖြင့် လမ်းခရီးတွင် အချိန်များစွာကြန့်ကြာမှုများ ဖြစ်ပေါ် လျက်ရှိပါသည်။ ၎င်းသို့ကြန့်ကြာနေမှုများကြောင့် ပြည်သူလူထုများထံသို့ စက်သုံးဆီ များ အချိန်မီရောက်ရှိရန် ခဲယဉ်းခြင်း၊ ခရီးကြန့်ကြာနေသည့်အတွက် စက်သုံးဆီ ဈေးနှုန်း အတက်အကျမငြိမ်သက်မှုကြောင့် ကုန်သည်များနှင့် လုပ်ငန်းရှင်များတွင် အရှုံးပေါ်ခြင်း၊ အခက်အခဲအကြပ်အတည်းများ ကြုံတွေ့နေရခြင်း၊ အဆိုပါ ထောက်ခံချက်များ တောင်းခံခြင်းကို စိစစ်လျှော့ချပေးမည်ဆိုပါက ပြည်နယ်တွင် ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်စွာ ချောမွေ့လာမည်ဖြစ်ပါတယ်။

အပိုဒ်(၃) သို့ဖြစ်ပါ၍ အဆိုပါ လမ်းခရီးတွင် မလိုအပ်ဘဲ ထောက်ခံချက်များ ထပ်မံတောင်းခံနေမှုကြောင့် အချိန်ကြန့်ကြာမှုများ ဖြစ်ပေါ်နေခြင်းအား ကင်းဝေးစေပြီး ပြည်သူများထံ ဆီဈေးနှုန်းတည်ငြိမ်စွာဖြင့် အချိန်မီဖြန့်ဖြူးပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စိစစ်ပယ်ဖျက်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ဗျ။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင် ၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ် (၁)၊ ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် မေးမြန်းတဲ့ မေးခွန်းကို ကျွန်တော် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးခွန်သန်းထူးက ရှမ်းပြည်နယ်အစိုးရကိုယ်စား ပြန်လည်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအနေနဲ့ မြန်မာတစ်နိုင်ငံလုံးတွင်ရှိသော တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးရှိ စက်သုံးဆီအရောင်းဆိုင်များသို့ စက်သုံးဆီဖြန့်ဖြူးပေးနိုင်ရေး အပတ်စဉ်စက်သုံးဆီ လိုအပ်ချက် ပမာဏများကို စိစစ်တွက်ချက်ကာ ပြည်ပမှတင်သွင်းခွင့်ပြုနိုင်ရေး ဆောင်ရွက်ရပါကြောင်းနှင့် ခွင့်ပြုစက်သုံးဆီများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များသို့ အပတ်စဉ် Purchase Order (PO)ဖြင့် ပုံမှန်ခွင့်ပြုပေးသကဲ့သို့ စိုက်ပျိုးရေးအပါအဝင် ဒေသဖွံ့ဖြိုးရေးကဏ္ဍများအတွက် အသုံးပြုရန်လိုအပ်မည့် စက်သုံးဆီများကို Own PO ဖြင့် ဝယ်ယူသယ်ဆောင်ဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ စက်သုံးဆီနဲ့ပတ်သက်ပြီး တင်ပြရမယ်ဆိုလျှင် -

(က) ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွက် စက်သုံးဆီ အသုံးပြုနိုင်ရန် တာချီလိတ် နယ်စပ်ကုန်သွယ်ရေးစခန်းမှတဆင့် တင်သွင်းနေသဖြင့် အခက်အခဲ မရှိကြောင်း တင်ပြလိုပါတယ်။

(ခ) ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့သည် ရန်ကုန်(သီလဝါ)မှ POဖြင့် ခွင့်ပြုထုတ်ပေးစက်သုံးဆီများအား ရန်ကုန် - နေပြည်တော် - ပျော်ဘွယ် မှတစ်ဆင့် ကလော- အောင်ပန်း - တောင်ကြီး သို့လည်းကောင်း ၊ ထိုမှတစ်ဆင့် တောင်ကြီး-ဟိုပုံး-လွိုင်လင်မှတစ်ဆင့် လဲချား-မိုင်းကိုင်သို့လည်းကောင်း၊ လွိုင်လင် - နမ့်စန် - ခိုလမ်မှတစ်ဆင့် ကွန်ဟိန်း - ကာလိ - ကျိုင်းတုံမြို့များသို့ လည်းကောင်း၊ နမ့်စန် - မိုးနဲမှတစ်ဆင့် လင်းခေးနှင့် မောက်မယ်မြို့သို့ လည်းကောင်း အသီးသီးသယ်ယူ ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

(ဂ) ယင်းသို့ သယ်ယူပို့ဆောင်ရာတွင် တောင်ကြီးမြို့သို့ ရောက်ရှိလာသည့် ဝယ်ယူသယ်ဆောင်ဖြန့်ဖြူးရန် ခွင့်ပြုစက်သုံးဆီများအား ခွင့်ပြုပေးသည့် ရှမ်းပြည်နယ်အတွင်းရှိ နေရာဒေသအသီးသီးတွင် ဖွင့်လှစ်ထားသည့် စက်သုံးဆီအရောင်းဆိုင်များသို့ ဘေးကင်းလုံခြုံစွာ ရောက်ရှိစေရေး စနစ်တကျ ကြပ်မတ်စစ်ဆေးရပါကြောင်း၊ ရန်ကုန်မြို့ သီလဝါမှ စတင် ထွက်ခွာလာသည့် ယာဉ်တစ်စီးချင်းစီတွင် တင်ဆောင်လာသည့် ခွင့်ပြု PO အမှတ်စဉ်နှင့် စက်သုံးဆီ အမျိုးအစားအလိုက် သယ်ဆောင်မည့် ပမာဏ၊ ပို့ဆောင်ပေးရမည့် စက်သုံးဆီအရောင်းဆိုင်များအတွက် မျှောများ စိစစ် ထုတ်ပေးလျက်ရှိပါတယ်။

(ဃ) သီလဝါမှ ထွက်ခွါလာချိန်မှစ၍ ရန်ကုန်ဘက်ခြမ်း၌ ကုလားဝဲ တိုးလ်ဂိတ် မှအစ တိုင်းဒေသကြီး/ ပြည်နယ် အဝင်/ အထွက် ပူးပေါင်းစစ်ဆေးရေးဂိတ် များတွင် ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဝန်ထမ်းများက လုံခြုံရေးဂိတ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ကာ ဂိတ်လုံခြုံရေး တာဝန်ကျအရာရှိထံမှတစ်ဆင့် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်/ တပ်နယ်ရုံး များသို့ နယ်မြေဖြတ်သန်းခွင့် တင်ပြရပါကြောင်း၊ ထိုသို့ တင်ပြရာတွင် ရှမ်းပြည်နယ်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာနက သီလဝါမှ

ခွင့်ပြု PO အမှတ်စဉ်နှင့် စက်သုံးဆီ အမျိုးအစားအလိုက် သယ်ဆောင်လာသည့် စက်သုံးဆီပမာဏ၊ ပို့ဆောင်ပေးရမည့် စက်သုံးဆီအရောင်းဆိုင်များအတွက် ထုတ်ပေးလိုက်သည့် မျှော့စာများကို တိုက်ဆိုင်စစ်ဆေးကာ လုံခြုံရေးအရ တာဝန်ယူရသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာနမှတစ်ဆင့် ပိတ်ရက်မရှိ တင်ပြရပါကြောင်း၊ တင်ပြချက်အပေါ်တိုင်းစစ်ဌာနချုပ်က ခွင့်ပြုလိုက်သည်နှင့် တင်ပြထားသည့် ဆီသယ်ယာဉ်များအား ဘေးကင်းလုံခြုံစွာဖြင့် လိုရာခရီးသို့ နှောင့်နှေးကြန့်ကြာမှုမရှိ ချောမွေ့စွာရောက်ရှိစေရေး တောင်ကြီးမြို့အထွက် (၄)မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်မှ ချက်ချင်းစေလွှတ်ပါကြောင်းနှင့် မလိုလားအပ်သည့် နေရာဒေသများသို့ ရောက်ရှိမသွားစေရေး လမ်းတစ်လျှောက်ရှိ ဟိုပုံး၊ လွိုင်လင်၊ ပင်လုံနှင့်နမ့်စန်စသည့် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် Check Point အဖြစ်ထားရှိပြီး ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

(င) လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတင်ပြခဲ့သည့်ကိစ္စနှင့် စပ်လျဉ်း၍ လတ်တလော နယ်မြေဒေသအခြေအနေများအရ စက်သုံးဆီများ သယ်ဆောင်ဖြန့်ဖြူးရာမှာ နယ်မြေအသီးသီးသို့ ပို့ဆောင်မည့် ဆီသယ်ယာဉ်များအား သယ်ဆောင်လာသည့် စက်သုံးဆီများကို လုံခြုံမှုအရ မလိုလားအပ်သည့် နေရာများသို့ ရောက်ရှိမသွားစေရန် သယ်ဆောင်လာသည့် စက်သုံးဆီ သယ်ယာဉ်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးများတွင်ရှိသည့် စက်သုံးဆီအရောင်းဆိုင်များမှတစ်ဆင့် ပြည်သူလူထုထံ ရောက်ရှိစေရေး အဆင့်ဆင့် စိစစ်ဆောင်ရွက်ရပါသဖြင့် ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင် အထိုက်အလျောက် အချိန်အနည်းငယ်ပေးပြီး စောင့်ဆိုင်းပေးရခြင်းအပေါ် နားလည်ပေးနိုင်ရန်လိုအပ်မည်ကို သိရှိလိုပါကြောင်း လေးစားစွာဖြင့် ပြန်လည်ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)**။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျာ။ ကျွန်တော်တို့ တကယ်လို့ ဒီလိုသွားတာကိုမှ အခက်အခဲရှိတယ်ဆိုရင် ကျွန်တော့်အနေနဲ့ ဆက်စပ်မေးခွန်း (၁)ကတော့ ပထမတစ်ခုကတော့ (၄)မိုင်မှာ OSS ဆိုတဲ့ အဖွဲ့ရှိရင် အဲ့အဖွဲ့မှာ One Stop Service အနေနဲ့ ကျွန်တော်တို့

အဲ့ဒီမှာ တစ်ခါထဲ ဟိုကပါလာတဲ့ မိုင်(၅၀၀/ ၆၀၀)က ချီတက်လာတဲ့ ဒေတာအချက်အလက်နဲ့ အဲ့ဒီမှာပဲစိစစ်ပြီးတော့ လုပ်ပေးနိုင်ခြင်း ရှိ/ မရှိ မေးခွန်းကို ဖြေပေးပါ။

ဒုတိယမေးခွန်းကတော့ တကယ်လို့မှ အဲဒီလိုမှ မဟုတ်ဘူး။ မဖြစ်မနေ လုပ်ရမယ်ဆိုရင် ကျွန်တော်တို့ကို ဒီထောက်ခံချက်ရဖို့အတွက် ဘယ်နှစ်ရက် ဆောင်ရွက်ပေးရင် ကျွန်တော်တို့ လက်ရှိပြီးစီးနိုင်မလဲ။ SOP ပေါ့ ကျွန်တော့်ကို ဒီဟာလေးကို ဒီအချက် (၂)ချက်လေးကို လွှတ်တော်ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** မှန်ပါတယ်။ ကိုယ်စားလှယ်ကြီးသိချင်တဲ့ အခြေအနေကို ဒီမှာ ဝန်ကြီးကဖြေတဲ့ အထဲမှာ ပါပါတယ်။ လက်ရှိနယ်မြေအခြေအနေပေါ်မူတည်ပြီး ဆောင်ရွက်တဲ့အပိုင်း ဖြစ်ပါတယ်။ ဒီဟာနဲ့ပတ်သက်ပြီး ဆောင်ရွက်မှုများကို ကျွန်တော်မြင်တာကတော့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ အသေးစိတ်ကို ဝန်ကြီး နဲ့တွေ့ဆုံပြီးတော့ ဖြစ်ပျက်တဲ့နယ်မြေအခြေအနေများကို ချပြဆွေးနွေးပြီးတော့ တွေ့ဆုံဆွေးနွေးလိုက်ပါလို့ အကြံပြုလိုပါတယ်။ ဝန်ကြီးကော ပြန်ဖြေပေးဖို့ အစီအစဉ် ရှိပါသလား။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အစိုးရဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နဲ့ ပြန်လည်တွေ့ဆုံညှိနှိုင်းပြီး ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြန်လည်ပြီးတော့ တွေ့ဆုံဆွေးနွေးပြီးမှ ပြန်လည်ဖြေကြားပေးသွားပါမယ်လို့ ပြန်ကြားလိုပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁) က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံးမင်္ဂလာပါဗျ။ ရှိသေလေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော တာဝန်ရှိ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်း

ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင်ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ပြည်သူများ၏ အမှန်တကယ် လိုအပ်နေသော ပြည်သူတို့၏ဆန္ဒ၊ သဘောထားတစ်ခုကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စု၊ နမ့်ခတ်ကျေးရွာသည် အာခါလူမျိုးများသာ နေထိုင်သောကျေးရွာ ဖြစ်ပါသည်။ အိမ်ခြေ (၅၆) အိမ်၊ လူဦးရေ (၃၀၀) ဦး ကျော်ခန့်နဲ့ ထေရဝါဒတောင်တန်းသာသနာပြုကျောင်း (၁)ကျောင်း၊ အခြေခံမူလတန်းကျောင်း (၁)ကျောင်းရှိသည့် ကျေးရွာကြီး တစ်ရွာဖြစ်ပါသည်။ ကျေးရွာနေပြည်သူများသည် ချို့တဲ့နွမ်းပါးသူများဖြစ်တာကြောင့် ယခုအခါ ကျောင်းနေအရွယ် ကလေးများသည် တိုးတက်လာသည်နှင့်အမျှ ကျေးရွာ၏ မီးအလင်းရောင်ရရှိရေး လိုအပ်လျက်ရှိနေပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဝမ်ပင်းကျေးရွာအုပ်စု၊ နမ့်ခတ်ကျေးရွာ အိမ်ခြေ (၅၆)အိမ်အတွက် ဆိုလာမီး (၅၆)စုံ၊ ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းအတွက် (၂)စုံ၊ စုစုပေါင်း (၅၈)စုံတို့အတွက် ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ဗျ။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်တို့ ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဝမ်ပင်း ကျေးရွာအုပ်စု၊ နမ့်ခတ်ကျေးရွာကို ကျွန်တော်တို့ ဆိုလာမီး ၅၈ စုံ တပ်ဆင်ခြင်းနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးအနေဖြင့် ထည့်သွင်းလျာထားသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သီးခြားမရှိပါခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** ရိုသေလေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော တာဝန်ရှိ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးရန်အောင် ဖြစ်ပါတယ်။ ယနေ့ကျင်းပတဲ့ ပြည်နယ်လွှတ်တော် အစည်းအဝေးမှာ ပြည်သူများ၏ အမှန်တကယ် လိုအပ်နေသော ပြည်သူတို့၏ ဆန္ဒသဘောထားတစ်ခုကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်အပိုင်းရှိ ကျိုင်းတုံ- မိုင်းခတ်- မိုင်းပေါက် သွားလမ်းသည် ကျေးရွာအုပ်စု (၃)အုပ်စုဖြစ်သော မိုင်းနှုန်းကျေးရွာအုပ်စု၊ ပါပွန်း ကျေးရွာအုပ်စုနှင့် တုံဖကော်ကျေးရွာအုပ်စုသို့ ဆက်သွယ်ဖြတ်သန်းသွားလာနေသော လမ်းအပိုင်းသည် မြေသားလမ်းဖြစ်ပါတယ်။ လေးစားအပ်ပါသောလွှတ်တော် ဥက္ကဋ္ဌ ကြီးခင်ဗျား။ ၎င်းမြေသားလမ်းအပိုင်းရှိ ခမ်းနွဲ့ရွာအတက်မှ ဟွေဖယ်ရွာအကြားရှိ ထင်းရှူးတောင်အတက်လမ်း မိုင်တိုင် (၁၇.၅)km နှင့် မိုင်တိုင် (၁၉)km ကြားရှိ မြေသားလမ်းမှာ မတ်စောက်နေခြင်း၊ မိုးတွင်းကာလများ၌ သွားလာမှုခက်ခဲခြင်း၊ လမ်းဘေးရှိ မြေသားနံရံများ မကြာခဏပြိုကျခြင်းများ ဖြစ်ပွားနေခြင်းများကြောင့် ကျေးရွာနေပြည်သူများမှာ လမ်းခရီးသွား အဆင်မပြေမှု၊ နှောင့်နှေးကြန့်ကြာမှု ရှိခဲ့ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ မိုင်းလုံးကျေးရွာအုပ်စု၊ ခမ်းနွဲ့ရွာ အတက်လမ်းမှ ပါပွန်းကျေးရွာအုပ်စု၊ ဟွေဖယ်ရွာ ကြားရှိ ထင်းရှူးတောင်အတက်လမ်း မိုင်တိုင် (၁၇.၅)km နှင့် မိုင်တိုင် (၁၉)km ကြားရှိ မြေသားလမ်းအား ကွန်ကရစ်ခင်းပေးခြင်းနှင့် မြေထိန်းနံရံ ဆောက်လုပ် ပေးနိုင်ရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ သဖြင့် ဒေသခံပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးရန်အောင် မေးမြန်းထားတဲ့ မေးခွန်းကို ဖြေကြားရမယ်ဆိုလျှင် အဲ့ဒီ အဆိုပါလမ်းပိုင်းဟာဆိုရင် ကျွန်တော်တို့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုင်းခတ် - မိုင်းနှုန်း - ကြက်ဥတောင် - မိုင်းပေါက်လမ်း၊ စုစုပေါင်းလမ်းမိုင်အရှည် (၄၂)မိုင် ရှိသော ပြည်နယ်မှစီမံခန့်ခွဲသော လမ်းပိုင်းဖြစ်ပါတယ်။ စုစုပေါင်းလမ်းမိုင်အရှည် (၄၂)မိုင် ရှိသည့်အနက် လမ်းဦးစီးဌာနအနေဖြင့် မိုင်းခတ်(၀)မိုင်မှ နမ့်မော်ခမ်း (၁၉/၃)မိုင်ထိ (၁၉ မိုင် ၃ ဖာလုံ)အထိသာ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ (၃၁.၃.၂၀၂၆)ရက်နေ့ထိ တည်ရှိသည့် လမ်းအခြေအနေကို တင်ပြရမယ်ဆိုရင် ၁၂ ပေ အကျယ် ကတ္တရာလမ်း (၈/၆)မိုင်၊ ကျောက်လမ်း(၁/၁.၅၅)မိုင်၊ အမာခံလမ်း (၇/၃.၆၅) မိုင်နှင့် မြေလမ်း (၂၄/၄.၈)မိုင် တည်ရှိကြောင်း တွေ့ရှိရပါတယ်။ ၎င်းလမ်းပိုင်း၏ တစ်ရက်ပျှမ်းမျှ ယာဉ်စီးရေမှာ (၁၄၈)စီး ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ မိုင်းခတ်- မိုင်းနှုန်း- ကြက်ဥတောင်- မိုင်းပေါက်လမ်းမှာ မိုင်းနှုန်းရွာ၊ ခမ်းနွဲ့ရွာ၊ ဟွေဖယ်ရွာနှင့် နမ့်မော်ခမ်းရွာတို့အား ဖြတ်သန်းဖောက်လုပ်ထားပြီး မိုင်းခတ်မြို့မှ မိုင်းနှုန်းရွာထိ (၈/ ၆) မိုင်အား ၁၂ ပေ အကျယ်ကတ္တရာလမ်း ဆောင်ရွက်ပြီးဖြစ်ပြီး အဆိုပါလမ်းပိုင်းရှိ ထင်းရှူးတောင်နေရာများ (၁၁)မိုင် (၁၇.၅km)နှင့် (၁၂)မိုင်အတွင်းသည် အတက်အဆင်း မတ်စောက်သော နေရာများ ဖြစ်ပါတယ်။ ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ယာဉ် သွားလာမှု လွယ်ကူချောမွေ့စေရန်အတွက် ကျောက်ရောမြေဖြင့် လမ်းမျက်နှာပြင် ပြုပြင်ခြင်း (၁/၅.၇)မိုင်နှင့် လမ်း/ တံတားပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှင့် ဆက်စပ် လုပ်ငန်းများအား စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မိုင်းခတ် - မိုင်းနှုန်း - ကြက်ဥတောင်- မိုင်းပေါက်လမ်း ထင်းရှူးတောင်အတက်လမ်းပိုင်း (၁၁)မိုင် (၁၇.၅km)နှင့် (၁၂)မိုင်/ (၁၉km) အတွင်း ကွန်ကရစ်လမ်းခင်းခြင်းနှင့် မြေထိန်းနံရံ

တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေ တင်ပြတောင်းခံပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ် ပါကြောင်း ပြန်လည်ဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီး များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံနိုင်ကြပါစေကြောင်း ရှေးဦးစွာ နှုတ်ခွန်း ဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးဇော်လွင် ဖြစ်ပါတယ်ခင်ဗျား။ မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာက မန္တလေး- တကောင်း- ရွှေကူ- ဗန်းမော်လမ်းမပေါ်မှာတည်ရှိပြီးတော့ ရှမ်းပြည်နယ်၏ နယ်နိမိတ်အဆုံး စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်အစပ်တွင် တည်ရှိသော ကျေးရွာတစ်ရွာ ဖြစ်ပြီးတော့မှ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်တဲ့အပြင် ခြေလျင်တပ်ရင်း (၁၂၁) တပ်ရင်း(၁)ခု တည်ရှိပါတယ်။ မဘိမ်းမြို့နယ်တစ်ခုလုံးမှာ စာသင်ကျောင်းပေါင်း (၆၀)ကျော်ရှိတဲ့အနက် ငါးအိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဟာ နိုင်ငံရေးဖြစ်စဉ်ကြောင့် ၂၀၂၁ ခုနှစ်မှစပြီး ယနေ့ထိ (၁)ကျောင်းထဲသာ ဖွင့်လှစ် နိုင်သောကျောင်းဖြစ်ပါတယ်။ အဆိုပါကျောင်းသို့ ကျေးရွာအနီးရှိ ကသာမြို့နယ်၊ ပျဉ်ထောင်လေးကျေးရွာ၊ ပျဉ်ထောင်ကြီးကျေးရွာ၊ ငါးတဲကျေးရွာတို့မှ ကျောင်းသား/ ကျောင်းသူများ လာရောက်ပညာသင်ယူကြပြီး KG တန်းမှ G 12 တန်းထိ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း (၂၈၂၀)ဦး တက်ရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ၎င်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/ ကျောင်းသူများသည် ကျောင်းမှ ကျင်းပပြုလုပ်တဲ့ ပညာရေးစုံညီပွဲတော် ဟောပြောပွဲများပြုလုပ်ကျင်းပရာ တွင် ခန်းမ မရှိခြင်းကြောင့် ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းအနီးတွင်ရှိတဲ့ ဘောလုံးကွင်းမှာ မဏ္ဍပ်ပြုလုပ်ပြီးတော့မှ ကျင်းပနေရပါတယ်။ ကျောင်းသား၊

ကျောင်းသူများ လွန်စွာများပြားတဲ့အတွက် သန့်ရှင်းသော သောက်သုံးရေ လုံလောက်မှု မရှိခြင်းစသည့် အခက်အခဲများနှင့် တွေ့ကြုံနေရပါသဖြင့် ငါးအိုးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် လိုအပ်သော ဘက်စုံသုံးခန်းမနှင့် သန့်ရှင်းသော သောက်သုံး ရေရရှိရေးကို မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြား ပေးဖို့ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် လိုအပ်သော ဘက်စုံသုံးခန်းမနှင့် သန့်ရှင်းသော သောက်သုံးရေရရှိရေး မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသည်ဆိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် မိုးမိတ်ခရိုင်၊ မဘိမ်းမြို့နယ်၊ ငါးအိုးကျေးရွာအုပ်စု၊ ငါးအိုးကျေးရွာတွင် အိမ်ခြေ(၁၁၉၃)၊ လူဦးရေ (၆၆၇၆)ဦး နေထိုင်လျက်ရှိပြီး အဆိုပါ ကျေးရွာတွင် ဌာနမှ ၂၀၁၉ - ၂၀၂၀ လူထုဗဟိုပြုစီမံကိန်း တတိယနှစ်စက်ဝန်းတွင် ကျေးရွာဘက်စုံသုံးခန်းမ (၉၆'× ၄၀' × ၁၃.၆')ကို ပြည်သူ့ ဘဏ္ဍာထည့်ငွေ (၃၉)သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါတယ်။ ငါးအိုးကျေးရွာ အခြေခံ ပညာအထက်တန်းကျောင်းအတွင်း ဘက်စုံသုံးခန်းမအတွက် နယ်မြေလုံခြုံအေးချမ်း ပါက ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြပေးသွားမှာ ဖြစ်ပါတယ်။ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက် ငါးအိုးကျေးရွာတွင် ဌာနမှ ၂၀၁၈ - ၂၀၁၉ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေဖြင့် တွင်းနက် (၄" × ၄၀၀')အနက် စက်ရေ တွင်း(၁)တွင်းကို ငါးအိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအတွင်း တူးဖော်

ပေးခဲ့ပါတယ်။ အဆိုပါရေတွင်း၏ ရေထွက်နှုန်းအနေဖြင့် တစ်နာရီလျှင် ဂါလန်(၅၀၀) ဂါလန်ခန့် ထွက်ရှိခဲ့ပြီး ရေလုံလောက်စွာ သုံးစွဲနိုင်ခဲ့သော်လည်း လက်ရှိအချိန် ရေကြော ပြောင်းလဲမှုကြောင့်လည်းကောင်း၊ မသုံးစွဲသည်မှာ ကြာမြင့်သောကြောင့်လည်းကောင်း ရေထွက်နှုန်းနည်းပါးလာနိုင်ပါတယ်။ ရှမ်းပြည်နယ်အစိုးရအနေနဲ့လည်း ပြည်သူ အများ၊ ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ဖူလုံ စေရေးအတွက် အစဉ်တစ်စိုက် နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်မှာကြားချက် နှင့်အညီ အလေးထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဆိုပါ ကျောင်းဝန်းအတွင်း တွင် လက်တူးတွင်း (၅)တွင်းရှိပြီး ရေလုံလောက်စွာ သုံးစွဲနိုင်သော်လည်း ယခုလက်ရှိ အခြေအနေတွင် ကွင်းဆင်းစစ်ဆေး၍ မရသည့်အတွက် သိရှိနိုင်ခြင်းမရှိသေးပါသဖြင့် နယ်မြေလုံခြုံအေးချမ်းပါက ကွင်းဆင်းစစ်ဆေးပြီး လိုအပ်ပါက ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေး ထည့်သွင်းလျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဦးစောမူးလာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းကတော့ မိုင်းတုံ မြို့နယ်၊ မိုင်းဟန်ကျေးရွာအုပ်စု၊ နားကောင်းမူး အပိုင်း(၄)ရပ်ကွက် နာရီစင်လမ်းသွယ် ဖြစ်ပါတယ်။ အပိုင်း(၄)ရပ်ကွက်ဟာ လားဟူလူမျိုး၊ လီဆူလူမျိုး၊ ကယန်း တိုင်းရင်းသားလူမျိုးများ ချစ်ကြည်ရင်းနှီးစွာနေထိုင်ကြတဲ့ ရပ်ကွက်ဖြစ်ပါတယ်။ အိမ်ခြေစုစုပေါင်း (၃၃၀)အိမ်၊ လူဦးရေ (၁၆၀၀) ဦးနေထိုင်ပြီး လယ်ယာလုပ်ငန်းများ၊ တောင်ယာခြံလုပ်ငန်း များ၊ အဓိကထား လုပ်ကိုင်ကြပါတယ်။ ၎င်းနာရီစင်လမ်းသွယ်အား အရင်က ပေ(၃၀၀) အကျယ်(၁၄)ပေ ကွန်ကရစ်ခင်းပေးပြီး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်ရှိနေသေးတဲ့ နားကောင်းမူး အပိုင်း(၄)နာရီစင် လမ်းသွယ်အရှည် (၃၅၀၀)ပေ၊ အကျယ်(၁၂)ပေသည် ရပ်ကွက်နေပြည်သူများ

လမ်းပန်းဆက်သွယ်ရေးအခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ၎င်းရပ်ကွက်အတွင်း မြေသားလမ်းအား အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ရပ်ကွက်နေ ပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး လမ်းပန်းဆက်သွယ်မှု ပိုမို လုံခြုံချောမွေ့စေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါအမှတ်(၄)ရပ်ကွက် မြေသား လမ်းအရှည် (၃၅၀)ပေ၊ အကျယ်(၁၂)ပေအား အချိန်မရွေးသွားလာမှု အဆင်ပြေ ချောမွေ့စေရေးအတွက် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင် ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လွှတ်တော် ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာ ပါခင်ဗျား။ ကျွန်တော်တို့ မိုင်းတုံမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး မိုင်းတုံမြို့နယ်၊ မိုင်းဟန်ကျေးရွာအုပ်စု၊ နားကောင်းမူး အပိုင်း(၄)ရပ်ကွက်မှာရှိတဲ့ နားကောင်းမူ နာရီစင်လမ်းသွယ်ဟာ ပေ(၃၅၀၀)၊ အကျယ် (၁၂)ပေ၊ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ် မူတည်ပြီးတော့ သင့်လျော်တဲ့ဘဏ္ဍာရေးနှစ်မှာ ဦးစားပေးထည့်သွင်းလျာထားဆောင်ရွက်ပေးသွား မည်ဖြစ်ကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံးကို မင်္ဂလာ အပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ရှေးဦးစွာ

ဆုမွန်ကောင်းတောင်း ဂါရဝပြုမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မဲဆန္ဒနယ်အမှတ်(၄)၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ပလိပ် ဖြစ်ပါတယ်။ ယနေ့ ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်အတွင်းရှိ မုံးထမြို့၊ ခိုင်းလုံအုပ်စု၊ ခိုင်းလုံပုံမိုင်းဒေသရှိ ဒေသခံပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရေး အဆင်ပြေစေဖို့အတွက် Mytel သို့မဟုတ် Mpt ဖုန်းတာဝါတိုင် တည်ဆောက်ပေးနိုင်ရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မုံးထမြို့၊ ခိုင်းလုံအုပ်စု၊ ခိုင်းလုံပုံမိုင်းဒေသသည် ကျေးရွာအုပ်စု(၃)စုနဲ့ ကျေးရွာပေါင်း (၆)ရွာ၊ အိမ်ခြေပေါင်း (၉၅၀)၊ ခန့်မှန်းလူဦးရေစုစုပေါင်း (၂၇၀၀)ကျော်ရှိပါတယ်။ အဓိက ဒေသခံတိုင်းရင်းသားများဟာ လယ်ယာစိုက်ပျိုး မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ယနေ့ တိုးတက်နေသောခေတ်ကာလတွင် ဒေသခံပြည်သူများသည် အချိန်နှင့်တစ်ပြေးညီ ချိတ်ဆက်၍ သတင်းအချက်အလက်ရယူနိုင်သော ဆက်သွယ်ရေးဖုန်းလိုင်းမရှိသောကြောင့် များစွာအခက်အခဲ ကြုံတွေ့နေရပါတယ်။ ထို့ပြင် နိုင်ငံတော်အဆင့်လုပ်ငန်းများ လုပ်ဆောင်သည့်အခါတွင် လည်းကောင်း၊ ဥပမာ- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ခံခြင်း၊ ရွေးကောက်ပွဲကျင်းပခြင်း၊ စီမံချက်ဖြင့် ဒေသခံများအား မှတ်ပုံတင်လုပ်ပေးခြင်း စသည့်လုပ်ငန်းများနှင့် အခြားအခြားသော ကိစ္စဆိုင်ရာများ လုပ်ဆောင်သည့်အခါတွင် ဆက်သွယ်ရေးဖုန်းလိုင်းမရှိသောကြောင့် များစွာ အခက်အခဲ ရှိပါတယ်။ ထို့ပြင် လူမှုစီးပွားရေး၊ ပညာရေး၊ သာရေး၊ နာရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုများမှာလည်း ဖုန်းဆက်သွယ်မရှိသောကြောင့် များစွာဒေသခံပြည်သူများ နောက်ကျကျန်ခဲ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ အကယ်၍ ဒေသခံပြည်သူများအတွက် ဆက်သွယ်ရေးဖုန်းလိုင်းကို အဆင်ပြေအောင် ဆောင်ရွက်ပေးမည်ဆိုလျှင် ကျေးရွာအုပ်စု(၃)စုနှင့် ကျေးရွာပေါင်း (၆)ရွာ၊ အိမ်ခြေပေါင်း (၉၅၀)အိမ်နှင့်

ပြည်သူပေါင်း(၂၇၀၀)ကျော်တို့ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားလာပြီး ကျန်းမာရေး၊ ပညာရေး၊ လူမှုစီးပွားရေးများမှာလည်း တိုးတက်ဖွံ့ဖြိုးလာမှာ ဖြစ်ပါတယ်။ ထို့ကြောင့် အဆိုပါ မိုင်းတုံခရိုင်၊ မုံးထမြို့၊ ခိုင်းလုံဒေသအတွင်းရှိ ဒေသခံပြည်သူများ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ရေး အဆင်ပြေစေရန်အတွက် Mytel (သို့မဟုတ်) Mpt ဖုန်းတာဝါတိုင် တည်ဆောက်ပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ အခက်အခဲအား ဖြေလျှော့ပေးနိုင်စေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ လုပ်ဆောင်ပေးနိုင်ခြင်း အစီအစဉ် ရှိ/ မရှိ၊ ရှိလျှင်လည်း မည်ကဲ့သို့ မည်သည့်အချိန်တွင် စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ ကိုယ်စားကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ပလိပ်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းဟာဆိုရင် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၊ မြို့တော်များ၊ ခရိုင်မြို့များ၊ စီးပွားရေးကောင်းမွန်ပြီး လူနေထူထပ်သည့် မြို့ကြီးများအပြင် ကျေးလက်နေပြည်သူများအတွက်လည်း ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးတို့အတွက် အဝေးဆက်သွယ်မှု စနစ်ရရှိမှုနှင့် နယ်မြေပထဝီဝင် အနေအထားများအပေါ် မူတည်၍ မိုဘိုင်းစနစ် တပ်ဆင်ဝန်ဆောင်မှုပေးခြင်းကို အဆင့်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မိုဘိုင်းစခန်းတည်ဆောက်ရာတွင် တာဝါတိုင်တည်ဆောက်ခြင်း၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ (မိုက်ခရိုဝေ့ဗ်၊

ဖိုင်ဘာ၊ ဂြိုလ်တု) ချိတ်ဆက်ခြင်း၊ ရာသီဥတုအခြေအနေ၊ မြေပြင်အနေအထား၊ လျှပ်စစ်ဓာတ်အား ရရှိနိုင်မှုအခြေအနေ၊ Return on Investment စသည်တို့ အပေါ်မူတည်၍လည်း ဆောင်ရွက်ရတာရှိပါတယ်။ မိုင်းတုံခရိုင် ကိုယ်စားလှယ်ကြီး တင်ပြတဲ့ မိုင်းတုံခရိုင်၊ မုံးထမြို့နယ်ခွဲ၊ ခိုင်းလုံပုံမိုင်းဒေသတွင် ဆက်သွယ်ရေး တာဝါတိုင် စိုက်ထူပေးရန် လောလောဆယ် လျှပ်စစ်မီးမရရှိခြင်း၊ အဝေးဆက်သွယ် ရေး (Transmission) လမ်းကြောင်းများ တည်ဆောက်ရန် ခက်ခဲမှုများကြောင့် လောလောဆယ် ယာယီအားဖြင့် GSM/ UMTS စနစ်တပ်ဆင်ဆောင်ရွက်ရန် အစီအစဉ်တွင် ပါဝင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။ တည်ဆောက်မှု စရိတ်နှင့် လစဉ်ပြုပြင်ထိန်းသိမ်းစရိတ်မြင့်မားခြင်းများကြောင့် တည်ဆောက်ရန် အခက်အခဲလည်းရှိပါတယ်။ မိုဘိုင်းဆက်သွယ်ရေးစနစ် ကောင်းမွန်စေရေးအတွက် အခြေခံဆက်သွယ်ရေး လိုအပ်ချက် ဖြည့်ဆည်းခြင်းဆိုင်ရာရန်ပုံငွေ (USF)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် အဆိုပြုတင်ပြပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်၊ မိုင်းတုံ မြို့နယ်ရဲ့ ကိုယ်စားလှယ်အမှတ်(၂) ဦးထင်အောင်နိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းတုံမြို့ရဲ့ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ တောင်သူများ အဓိကအားထားရတဲ့ နမ့်ဟောင်ချယ်ရေသွယ်မြောင်းမကြီး သဲနုန်းများ ပြန်လည်တူးဖော်ခြင်းကိစ္စနှင့် ပတ်သက်ပြီးတော့ ကြယ်ပွင့်ပြမေးခွန်း ရှင်းလင်းမေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ပါဝါပွိုင့်လေး အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါကတော့ ကျွန်တော်တို့ မိုင်းတုံမြို့နယ်မှာရှိတဲ့ နမ့်တုံချောင်းကနေပြီးတော့မှ နမ့်ဟောင်ချယ် ချောင်းကို စတင်ပြီးတော့မှ ရေသွယ်ယူတဲ့နေရာ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်

နှင့်အတူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့များနဲ့ မြေပြင်ကွင်းဆင်းထားမှု မှတ်တမ်းများဖြစ်ပါတယ်ခင်ဗျား။ ဒါကတော့ မြောင်းအလယ်လောက်မှာ မြောင်းရဲ့ရေတောင်မမြင်ရတဲ့အနေအထားမျိုး ဖြစ်ပါတယ်။ မြောင်းရဲ့ဘယ်/ညာ ဒီကိုင်းပင်တွေ ဖုံးလွှမ်းနေတာရယ်၊ အောက်က သဲနုန်းတွေပေါ်နေတဲ့အနေအထား ဖြစ်ပါတယ်ခင်ဗျား။ ဒီပုံမှာကတော့ နမ့်ဟောင်ချယ်ရေမြောင်းလေးဟာ ခရမ်းရောင်လေးနဲ့ပြထားတဲ့လိုင်းဖြစ်ပါတယ်ခင်ဗျား။ အရှည်ပေအားဖြင့် ပေ(၁၃၀၀၀) ရှိပါတယ်။ ဘယ်ဘက်ကမြင်ရတဲ့ အပြာရောင်ကတော့ နမ့်တုံချောင်း ဖြစ်ပါတယ်ခင်ဗျား။ ဒီအဝါရောင်အကွက် ကလေးတွေ ပြထားတာကတော့ ဒီမြောင်းကနေပြီးတော့မှ ရေသယ်ယူအသုံးပြုနေတဲ့ လယ်ကေများ ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ နမ့်ဟောင်ချယ် ရေသွယ်မြောင်းဟာ နမ့်တုံချောင်းကနေ ရေလွှဲဆည်ပြုလုပ်ပြီးတော့မှ မိုင်းတုံမြို့နဲ့အပြိုင် မြောက်ကနေ တောင်ဘက်ကို ဖောက်လုပ်ထားပြီးတော့ ဆည်မြောင်းဦးစီးဌာနကနေ တာဝန်ယူဆောက်လုပ်ထားတဲ့ မြောင်းတစ်မြောင်း ဖြစ်ပါတယ်ခင်ဗျ။ မြောင်းအရှည်ပေကတော့ ပေ(၁၃၀၀၀)ခန့် ရှိပြီးတော့ ရေလွှဲဆည်အဝမှာတော့ မြောင်းရဲ့အကျယ်ဟာ (၁၂)ပေခန့် ရှိပါတယ်။ ရေလွှဲဆည်အဝကနေပြီးတော့မှ ပေ (၃၀၀၀)ထိကတော့ ကွန်ကရစ်ဘောင်နဲ့ ကွန်ကရစ်ခင်းများ ပြုလုပ်ထားတဲ့ ကွန်ကရစ်မြောင်း ဖြစ်ပါတယ်။ ကျန်တဲ့ ပေ(၁၀၀၀၀)ကျော်ဟာ ကျွန်တော်တို့ မြေသားမြောင်းအဖြစ် တည်ရှိပါတယ်ခင်ဗျား။ ၂၀၂၄ ခုနှစ် ရာဂီမုန်တိုင်းဒဏ်ကြောင့် နမ့်တုံချောင်းရေကြီးရေလျှံဖြစ်ပေါ်မှုနှင့်အတူ နမ့်ဟောင်ချယ်ချောင်းအတွင်းကိုလည်း မြောင်းအတွင်းကိုလည်း သဲနုန်းများ ဝင်ရောက်လာခဲ့ကြောင်း သိရှိရပါတယ်ခင်ဗျား။ နမ့်ဟောင်ချယ်ချောင်းကို အမှီပြုပြီးတော့မှ မိုးစပါးကေ (၃၇၀)၊ ဆောင်းသီးနှံဖြစ်တဲ့ နွေစပါး၊ ကြက်သွန်ဖြူ၊ နေကြာ၊ ပဲပုပ်ကေ(၂၀၀)ကျော် နှစ်စဉ်စိုက်ပျိုးလျက်ရှိပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၅ ခုနှစ် ဆောင်းရာသီအချိန်မှာတော့ ရေမြောင်းဟာ သဲနုန်းများ ဝင်ရောက်နေတဲ့အတွက် ရေဝင်ရောက်မှု နည်းပါးတဲ့အတွက် စိုက်ပျိုးရေ လုံလောက်စွာမရရှိကြောင်း တွေ့ရှိခဲ့ရပါတယ်ခင်ဗျား။ မြေသားမြောင်းရဲ့ အချို့နေရာတွေမှာဆိုရင်လည်း နိမ့်ပါးပြီး ပျက်စီးနေတဲ့အတွက် ရေလွှတ်တဲ့အချိန်မှာဆိုရင် ရေမြောင်းကနေ ရေလျှံပြီးတော့ မြို့ပေါ်ရပ်ကွက်တွေကို ရေဝင်ပြီး ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်လျက်ရှိနေတာကိုလည်း တွေ့ရှိရပါတယ်ခင်ဗျ။

ဒါကြောင့် နမ့်ဟောင်ချယ်ချောင်းရေမြောင်းအား သဲနုန်းများတူးဖော်ခြင်း၊ နိမ့်ပါးနေတဲ့ ရေမြောင်းဘောင်များ ပြန်လည်ပြုပြင်ပေးမည်ဆိုပါက မိုးစပါးနဲ့ ဆောင်းသီးနှံ ဧက(၆၀၀)နီးပါးကို စိုက်ပျိုးရေလုံလောက်စွာရရှိပြီး ဒေသရဲ့ ထွက်ကုန်များလည်း ပိုမိုထွက်ရှိနိုင်သကဲ့သို့ မိုင်းတုံမြို့ရဲ့မြို့ပေါ်ရပ်ကွက်များကိုလည်း ရေကြီးရေလျှံမှုမှ ကာကွယ်တားဆီးနိုင်မှာ ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲ့ဒါကြောင့် နမ့်ဟောင်ချယ်ချောင်းမှာ ဝင်နေတဲ့ သဲနုန်းများ ပြန်လည်တူးဖော်ခြင်းနှင့် နိမ့်ပါးနေတဲ့ မြောင်းဘောင်များ ပြန်လည်ပြုပြင်ခြင်းကို ဆောလျင်စွာ ဆောင်ရွက်ပေးနိုင်ဖို့ အတွက် ရှမ်းပြည်နယ်အစိုးရက မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ပြည်သူလုထုကိုယ်စား ဥက္ကဋ္ဌမှတစ်ဆင့် ကျွန်တော်တို့ မေးမြန်းတင်ပြရခြင်းဖြစ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ မိုင်းတုံမြို့မြောက်ဘက်တောင်စဉ်တောင်တန်းများမှ ချောင်းဖျားခံစီးဆင်းလာတဲ့ နမ့်တုံချောင်း (ခန့်မှန်းမြေပုံ အညွှန်း - ၉၃ အယ်/ ၁၅၇၄၂၅၇၈) သည် ရေဆင်းဧရိယာ (၉၁) စတုရန်းမိုင်ရှိပြီး ပျမ်းမျှအကျယ် (၆၀)ပေခန့်ရှိပါတယ်။ မိုင်းတုံမြို့နယ်၊ ဖာချယ်ကျေးရွာအနီး အဆိုပါချောင်း၏ အကျဉ်းဆုံးနေရာတွင် အလျား (၃၀)ပေ၊ အမြင့်(၄)ပေရှိသော နားညွတ်ကွန်ကရစ် ရေလွှဲဆည်ကို ၂၀၁၅ - ၂၀၁၆ ခုနှစ်၊ ဘဏ္ဍာနှစ်က တည်ဆောက်၍ ချောင်းရေကို နမ့်ဟောင်ချယ်တူးမြောင်းဖြင့် သယ်ယူကာ မိုင်းတုံမြို့နယ်အတွင်းရှိ မိုးစပါးလယ်မြေဧက (၃၇၀)နှင့် ဆောင်းသီးနှံ (၂၀၀)ဧကခန့်အား စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့်အပြင် ဖာချယ်ကျေးရွာ၊ ဟောင်လီ ကျေးရွာနှင့် မြို့မရပ်ကွက်ရှိ နေအိမ်များမှ သောက်သုံးရေပါ ရယူသုံးစွဲလျက်ရှိပါတယ်။

ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်အရ မိုင်းတုံမြို့၊ နားညွတ်ကွန်ကရစ်ရေလွှဲဆည်မှ (၄'×၆')အရွယ်အစားရှိ မြောင်းထိပ်ရေတံခါး (၂)ပေါက်ဖြင့် နမ့်တုံချောင်းရေကို ထိန်းညှိကာ တူးမြောင်းအလျား (၁၀၀၀၀)ပေ၊ မြေအောက်ပျမ်းမျှ အောက်ခြေ အကျယ် (၉)ပေ၊ ပျမ်းမျှထိပ်ဝအကျယ် (၁၇)ပေ၊ အမြင့်(၅)ပေရှိသော နမ့်ဟောင်ချယ် တူးမြောင်းမှတစ်ဆင့် လယ်ယာမြေ (၃၇၀)ဧကအား လက်ရှိစိုက်ပျိုးရေ ပေးဝေ လျက်ရှိတာကို တွေ့ရှိရပါတယ်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ရာဂီမုန်တိုင်းအရှိန်ကြောင့် နမ့်တုံချောင်း ရေကြီးရေလျှံဖြစ်ပေါ်ခဲ့ခြင်းနှင့်အတူ နမ့်ဟောင်ချယ်တူးမြောင်းအတွင်းသို့ သဲနုန်းများဝင်ရောက် အနည်ထိုင်ခဲ့ခြင်းကြောင့် လက်ရှိတူးမြောင်းမှာ တိမ်ကောလာသည့်အတွက် စိုက်ပျိုးရေပေးဝေလျက် ရှိသော်လည်း ရေအပြည့်အဝ မပေးဝေနိုင်တော့သဖြင့် စိုက်ပျိုးလယ်ယာမြေဧက (၃၇၀)ဧကအား စိုက်ပျိုးရေးရေ ရယူရန် ခက်ခဲခြင်း၊ မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်းနှင့် သောက်သုံးရေ ရယူရန်ခက်ခဲခြင်းများ ဖြစ်ပေါ် လျက်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ အဆိုပါနမ့်ဟောင်ချယ် တူးမြောင်းအား သဲနုန်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပေးမည်ဆိုပါက အလျားပေ (၁၀၀၀၀)၊ ပျမ်းမျှအောက်ခြေ အကျယ်(၉)ပေ၊ ပျမ်းမျှအမြင့် (၃)ပေခန့်၊ ခန့်မှန်းမြေကြီးကျင်း (၂၇၀၀)ကျင်းခန့်ကို တူးဖော်ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းတုံမြို့နယ်၊ ဖာချယ်ကျေးရွာအနီး နမ့်ဟောင်ချယ်ချောင်းတူးမြောင်း သဲနုန်းပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို အနီးစပ်ဆုံး သင့်လျော်ရာဘဏ္ဍာရေးနှစ်တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပြည်နယ်ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေခွဲဝေရရှိမှု အပေါ်မှာမူတည်ပြီး ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းအောင်မြင့်၊ နားဖန်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းအောင်မြင့်၊ နားဖန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** မင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လူကြီးမင်းများ၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့

ပြည့်ဝကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ မဲဆန္ဒနယ်အမှတ်(၆)၊ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ နားဖန်းမြို့နယ် အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မြင့် ဖြစ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ ၂၀၂၆ ခုနှစ် မေလ ၁၄ ရက်နေ့ နေ့စွဲဖြင့် ပေးပို့ထားသော နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် နံပါတ်ထပ်သည့်ကိစ္စအား နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရန် မည်သို့ဖြေရှင်းဆောင်ရွက်ပေးရမည့်အကြောင်း ကြယ်ပွင့်ပြမေးခွန်း ဖြင့် မေးမြန်းခြင်းနှင့်စပ်လျဉ်း၍ -

၁။ (က) ၂၀၂၃ ခုနှစ်အတွင်း မူဆယ်မြို့နယ်ရှိ နိုင်ငံရေးပါတီဝင်စာရင်းများအား မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြို့နယ်လဝကဦးစီးဌာန တို့မှ စိစစ်ရာတွင် လည်းကောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ရွေးကောက်ပွဲအတွက် မဲစာရင်းပြုစုရာတွင်လည်းကောင်း၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်များထပ်နေသည်ဟုဆိုကာ ပါတီဝင် စာရင်းများ ပယ်ဖျက်ခံရခြင်း၊ ရွေးကောက်ပွဲ မဲစာရင်းပယ်ဖျက် ခံရခြင်းများရှိခဲ့ပါတယ်။

(ခ) ထို့အပြင် ယခုအခါ လဝကရုံးတွင် စမတ်ကတ်(ခ)UID Cardများ ပြုလုပ်ရာတွင်လည်း ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ထပ်နေသူများက UID Card လုပ်မရသည့် ပြဿနာများ ပေါ်ပေါက်လျက်ရှိပါတယ်။

၂။ ဖော်ပြပါ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ထပ်နေသူများအား နံပါတ် အသစ် ထုတ်ပေးမည်ဆိုလျှင် မူလနံပါတ်ဖြင့် ဆောင်ရွက်ထားသော အိမ်ဂရန်များ၊ မူလနံပါတ်ဖြင့် ဆောင်ရွက်ထားသော ပိုင်ဆိုင်မှုဆိုင်ရာ၊ လုပ်ငန်းဆိုင်ရာစာချုပ်စာတမ်းများ၊ Passport များ စသည်တို့အတွက် ပြဿနာများ ကြုံတွေ့ရမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဖော်ပြပါ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ထပ်နေသူများ၏ နိုင်ငံသားအခွင့်အရေး ဆုံးရှုံးမှု မရှိစေရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က မည်ကဲ့သို့ စီစဉ် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား

ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

တစ်ဆက်တစ်စပ်တည်းဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား UID Smart Card များ၊ အိမ်ထောင်စုစာရင်းများတွင် တိုင်းရင်းသားလူမျိုးအမည်များနှင့် နိုင်ငံသားကတ်ပိုင်ရှင်များ၏ အမည်များတွင် ဝစ္စနှစ်လုံးပေါက် ပိုနေခြင်း၊ လိုနေခြင်း၊ စိုင်း သို့မဟုတ် နန်း ပိုနေခြင်း၊ လိုနေခြင်းများကို လွယ်ကူချောမွေ့စွာ ပြင်ဆင်ပေးနိုင်ပါရန် သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှ အဆင့်ဆင့်သို့ ညွှန်ကြားဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် နားဖန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မြင့် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး တင်ပြသွားပါမယ်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့် နိုင်ငံသားဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ၁၉၈၅ ခုနှစ်၊ မတ်လ(၁)ရက်နေ့မှစတင်၍ နိုင်ငံသားအရည်အချင်း ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ပြီး ၁၉၉၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ နိုင်ငံသားတိုင်းဆန္ဒမဲပေးနိုင်ရေးအတွက် ၁၉၈၉ ခုနှစ်မှစတင်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းကို နိုင်ငံတစ်ဝှမ်း အရှိန်အဟုန်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ လုပ်ငန်းပမာဏများပြားသဖြင့် သတ်မှတ်ကာလအတွင်း လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးအတွက် မြို့နယ်များရှိ ဌာနဆိုင်ရာများ၊ လုပ်အားပေးများ အကူအညီနဲ့ဆောင်ရွက်ခဲ့ရာ အချို့မြို့နယ်များတွင် နိုင်ငံသားနံပါတ်တစ်ခုတည်းဖြင့် လူနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပို၍ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခဲ့မှုများ ဖြစ်ပေါ်ခဲ့ပါတယ်။

မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေးအတွက်လည်း မြို့နယ်ရုံးများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ၏ ကိုယ်ရေးအချက်အလက်များ၊ အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆/၆)တို့အား e – ID Software ဖြင့် Main Serverမှာ ထည့်သွင်းပြီး နိုင်ငံသားနံပါတ်တစ်ခုတည်းအား တစ်ဦးထက်ပိုမိုထုတ်ပေးထားခြင်း၊ လူတစ်ဦးတည်းက နိုင်ငံသားနံပါတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ခြင်း၊ အိမ်ထောင်စုစာရင်း တစ်နေရာထက်ပိုမိုပါရှိသူများအား စိစစ်တွေ့ရှိရသဖြင့် တစ်ခုထက်ပိုမိုကိုင်ဆောင်ထားသူများအနေနဲ့ ၎င်းတို့အသုံးပြုနေသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းအား လုပ်ထုံးလုပ်နည်းနှင့်အညီ အတည်ပြုပြီး တစ်ခုထက်ပိုမိုကိုင်ဆောင်ထားတဲ့ နိုင်ငံသားစိစစ်ရေးကတ်ပြားအား ၁- ၁၁- ၂၀၂၂ ရက်နေ့မတိုင်မီအပ်နှံရန် မိဘပြည်သူများကို အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။ လာရောက်အပ်နှံခြင်းမရှိသူများကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံသားနံပါတ်နှင့် အိမ်ထောင်စုစာရင်းအား အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်းများကိုလည်း ကျွန်တော်တို့ ဆောင်ရွက်ခဲ့ပါတယ်။

ကျွန်တော်တို့ မဲစာရင်းမှန်ကန်ရေးအတွက် လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေအပိုဒ်၅(က)အရ မဲစာရင်းပြုစုရပြီး နည်းဥပဒေ အပိုဒ်၈(ခ)အရ မဲစာရင်းများ ကြေညာခြင်းမပြုမီ မြို့နယ်ကော်မရှင်အဖွဲ့ခွဲသည် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံး၊ သက်ဆိုင်ရာရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲနှင့် သက်ဆိုင်ရာမြို့နယ်ရှိ နိုင်ငံရေးပါတီများမှကိုယ်စားလှယ်တို့ဖြင့် မဲစာရင်းများ စိစစ်ခဲ့ပါတယ်။ မဲစာရင်းတွင် ကျန်ရှိသူများရှိပါက နည်းဥပဒေအပိုဒ်(၉)၊ အပိုဒ် ၁၀(က)အရ မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃)၊ ပုံစံ၃(က)တို့ဖြင့် လျှောက်ထားစေပြီး မဲစာရင်းတွင် အမည်ထည့်သွင်းပေးခဲ့ပါတယ်။

နိုင်ငံသားနံပါတ်တစ်ခုအား လူတစ်ဦးထက်မက ကိုင်ဆောင်မှုဖြစ်စဉ် ဖြစ်ပွားမှုများကြောင့် ကာယကံရှင်များ၏ အလုပ်အကိုင်၊ လူမှုရေး၊ စီးပွားရေးကိစ္စရပ်များ ထိခိုက်ဆုံးရှုံး၊ နစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ထုတ်ပေးထားသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများသည် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးထားခြင်း ဟုတ်/ မဟုတ် စိစစ်ပြီး မှန်ကန်သူအား နိုင်ငံသားစိစစ်ရေးကတ်ပြား နံပါတ်အတည်ပြုပေး

ခြင်း၊ နိုင်ငံသားနံပါတ်တစ်ခုတည်းအား ကိုင်ဆောင်သူနှစ်ဦးအား အမြန်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိုင်ငံသားနံပါတ်အတည်ပြုပေးခြင်း၊ ကျန်တစ်ဦးအား (နိုင်) နံပါတ် အသစ် ဆောင်ရွက်ပေးပြီး UID ကောက်ယူခြင်း၊ နိုင်ငံသားနံပါတ် အသစ်ထုတ်ပေး ထားသူ၏ လူမှုရေး၊ စီးပွားရေးလုပ်ငန်းတို့မှာ အဆင်ပြေချောမွေ့စေရေးအတွက် ကတ်ပြား၏ နောက်ကျောတွင် ယခင်နိုင်ငံသား နံပါတ်အဟောင်းအား ထည့်သွင်း ပေးခြင်း၊ တရားဝင်ရုံးစာဖြင့် ထောက်ခံချက်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံသားစိစစ်ရေးကတ်ပြား နံပါတ်ထပ်နေသူများအနေဖြင့် မိမိတို့၏ စာရွက်စာတမ်း အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ မြို့နယ်ရုံးကို လူကိုယ်တိုင် သွားရောက်ဆောင်ရွက်ပါက မြို့နယ်လဝကရုံးမှ စိစစ်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ၉.၆.၂၀၂၆ ရက်မှာ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်တို့ကို တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်းမရှိတဲ့အတွက် ရှမ်းပြည်နယ်အစိုးရ၏

အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးဟိန်းထက်ဇော် | ပင်းတယမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဦးနော်တောင် | မူဆယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးခွန်ထွန်းလေး | လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းကျော်ဌေး | လင်းခေးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးစဝ်သာဦး | မိုင်းပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းရီတစ် | မိုင်းယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးထွန်းပေါ်သိန်း | မိုင်းယောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဒေါ်မြမြဆွေ | ကုန်းကြမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူးဇော်မျိုးဝေ | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

(၁၀) ဗိုလ်ကြီးညီညီထွန်း တပ်မတော်သား အဖွဲ့ဝင်
လွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ရှမ်းပြည်နယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့) ၉.၆.၂၀၂၆ ရက်၌ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင် ဆက်သွယ်ရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အမည် စာရင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင် ဆက်သွယ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော် ကိုယ်စားလှယ်အမည်စာရင်း ပေးပို့လာခြင်းမရှိတဲ့အတွက် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာ ဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးငွေဝင်းလှိုင် | ကွတ်ခိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းနော် | မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဦးထွန်းလှ(ခ)ဦးတိုးရ | ညောင်ရွှေမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းကျော်ရင် | ဖယ်ခုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးခွန်ကျော်အေး | ဆီဆိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းနော်ခေး | မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးစိုင်းစမ်(ခ)စိုင်းခွန်မောင် | သိန္နီမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးစိုင်းခမ်း | နောင်ချိုမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၉) | ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်ကျော် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

(၁၀) ဗိုလ်ကြီးဇင်မင်းထွန်း တပ်မတော်သား အဖွဲ့ဝင်
လွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ စီးပွားရေး နှင့် လူမှုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်များ၊ ယင်း ကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အောက်ပါပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့ တင်ပြပါတယ်-

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်** | **တာဝန်** |
|---|---|---|---|
| (၁) | ဦးညွန့်ဝင်း | မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (၂) | ဦးခွန်ကြည် | တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဒေါ်နန်းအက်(စ်)ကီးမိုး | လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဒေါ်မေနှင်းသက် | မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဦးသန်းထိုက်ဇော် | ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုးကမ္ဘာစိတ် | မိုင်းမောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဒေါ်စိုးစိုးငြိမ်း | မန်တုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဗိုလ်မှူး ဇော်ဝင်းဦး | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူး ဒေါ်ခင်သန္တာအုန်းသိန်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ကြီး သော်ဇင်ဝင်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးညွန့်ဝင်း၊ မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးခွန်ကြည်၊ တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

## စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံခညောင်းပါစေလို့ ယနေ့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယရက်မြောက် အစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ ရှမ်းပြည်နယ် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ္တသုခ၊ ကာယသုခ၊ နှစ်ဖြာသောသုခအပေါင်းနဲ့ ပြည့်စုံခညောင်းပါစေကြောင်း ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာပြုဂါရဝတင်ပြအပ်ပါတယ်။ ဒီကနေ့ ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ အရေးပါတဲ့ စီးပွားရေးနဲ့ လူမှုရေးဆိုင်ရာကော်မတီရဲ့ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီ၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူလူထု အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်ရမည်။ ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရ၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ မူဝါဒများကို လေ့လာသုံးသပ်၍ စီမံကိန်းလုပ်ငန်းများ

အကောင်အထည်ဖော် ဆောင်ရွက်မှုကို လေ့လာစောင့်ကြည့် စိစစ်တင်ပြရမည်။

( ခ) ကော်မတီသည် စီးပွားရေးဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

( ၁) စွမ်းဆောင်ရည်မြင့်မားစေသော ခေတ်မီ နည်းပညာများ အသုံးပြု၍ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်ပေးရမည်။

(၂) အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရမည်။

(၃) နိုင်ငံတော်၏ ပို့ကုန်၊ သွင်းကုန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ လေ့လာဆန်းစစ်ရမည်။

( ဂ) ကော်မတီသည် လူမှုရေးဆိုင်ရာကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ပညာရေးစနစ် ပိုမိုကောင်းမွန်စေရန်အတွက် ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရမည်။

(၂) စာသင်ကျောင်းများ၏ ဥပဓိရုပ်ကောင်းမွန်စေရေး၊ ဆရာ/ဆရာမများ၊ ကျောင်းသား/ ကျောင်းသူများ စိတ်ချမ်းမြေ့လုံခြုံစွာ ပညာသင်ကြားနိုင်ခွင့်ရရှိစေရေး ကူညီဆောင်ရွက်ပေးရမည်။

(၃) ကလေးသူငယ်တိုင်း အခြေခံပညာရေး ပြီးမြောက်ရန်နှင့် ဆက်လက်ပညာသင်ကြားနိုင်ရေး ကူညီဆောင်ရွက်ပေးရမည်။

( ၄) ပြည်သူတို့၏ ကျန်းမာရေးတိုးတက်စေရေးအတွက်အလေးထား ဆောင်ရွက်ရမည်။

( ၅) ပြည်သူများ၏ ဆေးကုသမှုစရိတ် သက်သာစေရေး အတွက် ကျန်းမာရေး အာမခံစနစ်နှင့် အခြားအစီအမံများ ချမှတ်

အကောင်အထည်ဖော်နိုင်ရန် ကူညီဆောင်ရွက်ပေးရမည်။ မြန်မာ့တိုင်းရင်းဆေးပညာကို နည်းစနစ်ကျနစွာ ပြန်လည် ဖော်ထုတ်နိုင်ရေး ကူညီဆောင်ရွက်ပေးရမည်။

( ၆) အဓိကအားဖြင့် အသက်ကယ်ဆေးများ လုံလောက်ရေးနှင့် ကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများ ပြည့်စုံ လုံလောက်မှုရှိစေရန် ကူညီဆောင်ရွက်ပေးရမည်။

( ၇) ပတ်ဝန်းကျင်ကျန်းမာရေး၊ လုပ်ငန်းခွင်ကျန်းမာရေးနှင့် ကပ်ရောဂါများအား ထိရောက်စွာ ကာကွယ်ထိန်းချုပ်ရေး တို့ကို လေ့လာသုံးသပ် အကြံပြုပေးရမည်။

( ၈) ကျန်းမာရေး သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ်ကို ပိုမို ကောင်းမွန်စေရန် အကြံပြုဆောင်ရွက်ပေးရမည်။

( ၉) ကျန်းမာကြံ့ခိုင်သည့် လူသားအရင်းအမြစ်များ ဖြစ်စေရန် အားကစားနှင့် ကာယပညာလုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက် ရာတွင် ပြည်သူတစ်ရပ်လုံး ပါဝင်လာစေရေး တိုက်တွန်း နိူးဆော်သွားရန်နှင့် ထူးချွန် အားကစားသမားများအား ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခြင်းအားဖြင့် အားကစားကဏ္ဍကို မြှင့်တင်ပေးရာတွင် ကူညီဆောင်ရွက်ရမည်။

(၁၀) ရိုးရာအားကစားနည်းများကို ပြန်လည်ဖော်ထုတ် အကောင် အထည်ဖော်နိုင်ရေးကူညီဆောင်ရွက်ပေးရမည်။

(၁၁) အမျိုးသမီးများ၊ ကလေးသူငယ်များ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရမည်။

(၁၂) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရမည်။

(၁၃) တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများကို ပိုမိုမြတ်နိုး တန်ဖိုးထားသည့် စိတ်ဓာတ်မြင့်တင်ရေးအတွက် အမျိုးသမီး များကို လေ့ကျင့်ပျိုးထောင်ပေးရာတွင် ကူညီဆောင်ရွက် ပေးရမည်။

(၁၄) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရမည်။

(၁၅) အမျိုးသမီးနှင့် ကလေးများအား လူကုန်ကူးမှု လျော့နည်း ပပျောက်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အသွင် ဖြင့် ဆောင်ရွက်ရမည်။

(၁၆) ကာကွယ်စောင့်ရှောက်မှု လိုအပ်သော ကလေးများကို နိုင်ငံတော်၊ စေတနာ့ဝန်ထမ်းပုဂ္ဂိုလ် သို့မဟုတ် အစိုးရ မဟုတ်သော အဖွဲ့အစည်းက ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ကူညီဆောင်ရွက်ရမည်။

(၁၇) တောင်သူလယ်သမား၊ အလုပ်သမားများ၏ အခွင့်အရေး များကို ကာကွယ်စောင့်ရှောက်ပေးရမည်။

(၁၈) အလုပ်သမားများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေး ကူညီဆောင်ရွက်ပေးရမည်။

(၁၉) ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု သည့် အရည်အချင်းမြင့် အလုပ်သမားများ ပေါ်ပေါက်လာစေ ရေးအတွက် လုပ်ငန်းခွင်သင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်း များ ဖွင့်လှစ်ရေး ကူညီဆောင်ရွက်ပေးရမည်။

(၂၀) အလုပ်သမားများ ရင်ဆိုင်ရသည့် လုပ်ငန်းခွင် ပြဿနာနှင့် အခြားပြဿနာများကို ကူညီဖြေရှင်း ဆောင်ရွက်ပေးရမည်။

(၂၁) လူငယ်များရရှိခံစားနိုင်မည့် အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ခံစားနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရမည်။

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုလည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ် မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အပိုဒ်(၂)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် နေရာဒေသများသို့ သွားရောက်စစ်ဆေးနိုင်သည်။

(ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဂ) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ဃ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(င) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

( စ ) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၅။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင် လည်းကောင်း၊ ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့်စရိတ်များ ဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

( ခ ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်း မခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

**ဥက္ကဋ္ဌ။** ဖွဲ့စည်းရန် လျာထားသော စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ညနေ(၄)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် တရားဥပဒေ စိုးမိုးရေး၊ လူ့ဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ် လွှတ်တော်သို့ တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ တရားဥပဒေစိုးမိုးရေး၊ လူ့ဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်များ၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အောက်ပါ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့တင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းကျော်မိုး | မိုင်းပန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးသန်းစိုး | နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဦးခွန်သက်နိုင် | လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးနိုင်ဝင်းအောင် | လွိုင်လင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဒေါ်ဝါဝါထွေး | နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၆) | ဒေါ်နန်းသီတာနွယ် | ကျေးသီးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးကျော်စွာဝင်း(ခ)<br>Mအောင်ဂျာ | မူဆယ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးညီညီဇော် | သီပေါမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းဝင်းမြင့် | ပန်ဝိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်မှူးကြီး<br>ညီညီတင် | တပ်မတော်သား<br>လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၁) | ဗိုလ်မှူးကျော်သူဝင်း | တပ်မတော်သား<br>လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၂) | ဗိုလ်မှူးအောင်သူရ | တပ်မတော်သား<br>လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၃) | ဗိုလ်မှူးအောင်ကိုကို | တပ်မတော်သား<br>လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများ စိစစ်ရေးကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းကျော်မိုး၊ မိုင်းပန်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးသန်းစိုး၊ နမ့်ခမ်းမြို့နယ် ကိုယ်စားလှယ်အမှတ် (၂)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

# တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများ စိစစ်ရေး ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့် စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ ဆက်လက်ပြီး တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီသည် ဒေသအတွင်း တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်။ သက်ဆိုင်ရာနယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများက ကျင့်သုံးလျက်ရှိသည့် ဥပဒေများ၊ ထုတ်ပြန်သည့်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများအား လေ့လာ၍ ညီညွတ်ဆီလျော်မှုရှိစေရန်နှင့် လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်၊ အတည်ပြုနိုင်ရေး ဆောင်ရွက်ပေးရမည်။

(က) တရားဥပဒေစိုးမိုးရေးနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များ၊ တရားရေးအဖွဲ့အစည်းများ၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူ

များအကြား တရားဥပဒေနှင့်အညီ နေထိုင်ပြုမူ လိုက်နာဆောင်ရွက်ရေးအတွက် နှိုးဆော်ခြင်း၊ တိုက်တွန်းခြင်း၊ ထိန်းညှိကူညီခြင်းပြုရမည်။

(၂) နိုင်ငံသားတိုင်း တန်းတူညီမျှမှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတို့ ခံစားခွင့်ရှိရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းတို့နှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) ပြစ်မှုများလျော့နည်းစေရန် ကာကွယ်တားဆီးရေး အစီအစဉ်များကို သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းမှုမှတစ်ဆင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အောင်မြင်လာစေရေးအတွက် လေ့လာသုံးသပ်ဆောင်ရွက်ရမည်။

(၄) တရားဥပဒေစိုးမိုးရေးအတွက် လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိနိုင်ခြင်း ရှိ/ မရှိ၊ ပြည်သူများ တရားဥပဒေကို လေးစားလိုက်နာမှု ရှိ/ မရှိ၊ တရားဥပဒေများကို ချိုးဖောက်ပါက ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူနိုင်မှု ရှိ/မရှိကို စောင့်ကြည့်လေ့လာသုံးသပ်၍ သက်ဆိုင်ရာအဖွဲ့အစည်းနှင့် ထိန်းညှိဆောင်ရွက်ရမည်။

(၅) နိုင်ငံဖြတ်ကျော်၍ တရားမဝင် ရွှေ့ပြောင်းသွားလာမှုနှင့်ဆက်စပ်ပြီး ပေါ်ပေါက်လာသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး၊ နှိမ်နင်းရေး လုပ်ငန်းများကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်။

(၆) Online မှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ၊ လောင်းကစားများပြုလုပ်မှု လျော့နည်းပပျောက်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်။

(ခ) လူဝင်မှုကြီးကြပ်ရေးနှင့်စပ်လျဉ်း၍အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) လူဦးရေဆိုင်ရာစာရင်းဇယားများ မှန်ကန်မှုရှိစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ရမည်။

(၂) လူဝင်ထွက်မှုအခြေအနေများကို စနစ်တကျစိစစ်ခြင်း၊ တရားမဝင်ဝင်ရောက်နေထိုင်မှု မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းကူညီဆောင်ရွက်ရမည်။

(ဂ) တိုင်ကြားစာစိစစ်ရေးနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ လိပ်မူ၍ တိုင်ကြားလာသည့်ကိစ္စရပ်များအားစိစစ်ရန် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးအပ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့်သဘောထားမှတ်ချက်တို့ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ ပြန်လည်တင်ပြရမည်။

(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၏ တိုင်ကြားချက်အရ စိစစ်ရန် လိုအပ်သည်ဟု ပြည်နယ်လွှတ်တော်က ဆုံးဖြတ်၍ တာဝန်ပေးအပ်ခြင်းဖြစ်လျှင် လိုအပ်သလိုစိစစ်၍ ကော်မတီ၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်ကို ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ ပြန်လည်တင်ပြရမည်။

(ဃ) ပြည်နယ်လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌမှ အခါအားလျော်စွာ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရမည်။

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကို သော်လည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက်များကိုသော်လည်းကောင်း၊ ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်း

မပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သောအစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူပူးတွဲ၍ အမှုတွဲအဖြစ် တပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းထားသည့် တန်းတူညီမျှမှုအခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ကို နိုင်ငံသားတိုင်း ခံစားနိုင်ရေးအတွက် အားပေးကူညီရမည်။

(ခ) တည်ဆဲဥပဒေများနှင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ညွှန်ကြားချက်များသည် လက်ရှိအခြေအနေနှင့် ညီညွတ်ဆီလျော်ပါက အမိန့်၊ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရာတွင် စောင့်ကြည့်ထိန်းညှိကူညီရမည်။

(ဂ) သက်ဆိုင်ရာ နယ်ပယ်အသီးသီးရှိ ဌာန၊ အဖွဲ့အစည်းများနှင့် ဆက်စပ်လျက်ရှိသည့် တိုင်ကြားစာများ၊ အသနားခံစာများ၊ တင်ပြချက်များကို ကြားနာစိစစ်၍ လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်။

(ဃ) မဲဆန္ဒနယ်မြေနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၀၈ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်စေဘဲ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ အာဏာပိုင် ပုဂ္ဂိုလ်များနှင့်ဖြစ်စေ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(င) အပိုဒ်(၂)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် နေရာဒေသများသို့ သွားရောက် စစ်ဆေးနိုင်သည်။

(စ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဆ) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

( ဇ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

( ဈ) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ည) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုးအကြောင်း ဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိသည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၅။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

( ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေး များသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဖွဲ့စည်းရန် လျာထားသော တရားဥပဒေစိုးမိုးရေး၊ လူဝင်မှု ကြီးကြပ်ရေးနှင့် တိုင်းရင်းသားများ စိစစ်ရေးကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက် (ကြာသပတေးနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ညနေ(၄) နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ရပ်နားကြောင်းနှင့် အစည်းအဝေး(တတိယနေ့)ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား- တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (တတိယနေ့)ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက် (ကြာသပတေးနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့)ကို နေ့လယ် ၁၂း၁၅ အချိန်တွင် ရပ်နားပါသည်။)**

# ရှမ်းပြည်နယ်

# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

# ဒုတိယပုံမှန်အစည်းအဝေး

# (တတိယနေ့)မှတ်တမ်း

# ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်

# ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်

# [ ကြာသပတေးနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်
## ဒုတိယပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါ ခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီ ခင်ဗျား။ **(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၃၂)ဦးရှိသည့်အနက် ဒီကနေ့ အစည်းအဝေးကို(၁၁၇)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၈၈.၆၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး(တတိယနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)အစီအစဉ်ကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာဖြစ်ပါတယ်။

# အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (က)အရ ယနေ့အစည်းအဝေးမတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။ ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ယခုခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့) ၁၁ - ၆ - ၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေက ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၂) ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဒေါ်နန်းခမ်းလူ(ခ)နန်းလဲ့လဲ့ဖြိုး၊ လူမှုရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးကိန်မိုင်၊ ကချင် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဒေါ်အေးချိုစိန်၊ ကယန်း(ပဒေါင်) တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဒေါ်ခင်ထွေးအောင်၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဦးဝီလ်ဆင်မိုး၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၀) ဒေါ်ငွေလှိုင်၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၁) ဦးထွန်းအောင်၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၂) ဒေါ်တင်တင်ရီ၊ အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၁၃) ဦးစိုင်းနော်ခမ်း၊ မိုင်းရှူးမြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်ကခွင့်ပြုထားသူ (၂)ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ (၁၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့

ခွင့်ပန်ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ်လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)ကိုတက်ရောက်ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃၂)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦးဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ (၁၅)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**( သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။ )**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းတဲ့ ကြယ်ပွင့်ပြ မေးခွန်းများကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ယခုပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၁)ဦးက မေးမြန်းတဲ့ မေးခွန်း

များကို သက်ဆိုင်ရာပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားပေးသွားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနော်ဖြစ်ပါတယ်။ ကျွန်မမေးမြန်းမည့် မေးခွန်းကတော့ ယန်းကုန်း-ကတ်ဖလမ်းအား ကွန်ကရစ်လမ်းအဖြစ် ခင်းပေးနိုင်ပါရန်နှင့် ၎င်းလမ်းပေါ်ရှိ တံတား(၂)စင်းကိုလည်း ကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးနိုင်ရေးအတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်အတွင်းရှိ ယန်းကုန်း-ကတ်ဖလမ်းသည် (၁၂)ပေအကျယ် ကတ္တရာလမ်း (၀/၇)မိုင်၊ (၁၆)ပေ အကျယ် ကျောက်လမ်း (၃)မိုင်နှင့် မြေသားလမ်း(၃/၁)မိုင် စုစုပေါင်း(၇)မိုင်ရှိပါတယ်ရှင်။ ကျောက်လမ်းခင်းပြီးအပိုင်းတွင် လမ်းချိုင့်များဖြစ်ပေါ်ခြင်း၊ မြေသားလမ်း(၃/၁)မိုင်အပိုင်းတွင် အကျယ်(၁၂)ပေသာရှိပြီး မိုးတွင်းကာလ၌ ရေကြီးရေလျှံမှုကြောင့် ဒေသနေပြည်သူများသွားလာရာတွင် ခက်ခဲခြင်း၊ ယာဉ်မတော်တဆမှုများမကြာခဏဖြစ်ပွားခြင်း၊ လမ်းချော်ခြင်းများဖြစ်ပွားလျက်ရှိပါတယ်။ အဆိုပါလမ်းပေါ်ရှိ တံတား(၂)စင်းမှာလည်း ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ရန် လိုအပ်လျက်ရှိပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ အဆိုပါလမ်းအား ကျိုင်းတုံမြို့နယ် ကတ်ဖကျေးရွာအုပ်စုအတွင်းရှိ ယန်းကုန်းရွာ၊ နောင်တန်ရွာ၊ နောင်ခွန်ရွာ၊ လျန်ကျန့်ရွာ၊ ဝမ်လောက်ရွာ၊ ယန်းဝိုးရွာ၊ ကတ်ဖရွာများသို့ ဆက်သွယ်ရာတွင် အသုံးပြုလျက်ရှိပြီး အိမ်ခြေ(၄၁၃)အိမ်နှင့် လူဦးရေ(၁၈၀၆)ဦးခန့်အား အကျိုးပြုလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ယန်းကုန်း-ကတ်ဖလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းနှင့်၎င်းလမ်းပေါ်ရှိ တံတား(၂)စင်းအား ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ကျိုင်းတုံမြို့နယ်

အတွင်းရှိ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူ ချောမွေ့လာမည် ဖြစ်ပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသောကြောင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သည့်အချိန်၊ မည်သည့်ကာလတွင် စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းဆတ်မြို့နယ်၊ ကိုယ်စားလှယ်အမှတ်(၂) ဒေါ်နန်းနော် မေးမြန်းထားတဲ့ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ကတ်ဖကျေးရွာအုပ်စုအတွင်းရှိ ယန်းကုန်း၊ နောင်တန်၊ နောင်ခွန်လမ်းနှင့် လျှန်ကျန့်၊ ဝမ်လောက်၊ ယန်းပိုးနှင့် ကတ်ဖရွာများသို့ ဆက်သွယ်ထားသည့်လမ်းကို အဆင့်မြှင့်တင်နိုင်မှုနှင့်ပတ်သက်၍ ဖြေကြားရမည်ဆိုလျှင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ ကျိုင်းတုံမြို့နယ်၊ ကတ်ဖကျေးရွာအုပ်စုအတွင်းရှိ ယန်းကုန်းရွာ၊ နောင်တန်ရွာ၊ နောင်ခွန်ရွာနှင့် လျှန်ကျန့်ရွာ၊ ဝမ်လောက်ရွာ၊ ယန်းပိုးရွာနှင့် ကတ်ဖရွာများသို့ဆက်သွယ်ထားသောလမ်းသည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့(ရှမ်းပြည်နယ်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ယန်းကုန်း- ကတ်ဖလမ်းဖြစ်ပြီး စုစုပေါင်း လမ်းအရှည် (၇)မိုင်ရှိသည့် ပြည်နယ်မှစီမံခန့်ခွဲသောလမ်းဖြစ်ပါတယ်။ (၃၁.၃.၂၀၂၆)ရက်နေ့တွင် တည်ရှိသည့် လမ်းအခြေအနေမှာ (၁၂)ပေအကျယ် ကတ္တရာလမ်း (၀/၇)မိုင်၊ (၁၆)ပေအကျယ် ကျောက်လမ်း(၃)မိုင်နှင့် (၁၆)ပေအကျယ် မြေသားလမ်း(၃/၁)မိုင် တို့ဖြစ်ပါတယ်။ အဆိုပါ ကျိုင်းတုံမြို့နယ်၊ ယန်းကုန်း-ကတ်ဖလမ်း၏ သွားလာရခက်ခဲသော (၁၆)ပေအကျယ် မြေသားလမ်းအပိုင်းဖြစ်သည့် (၃)မိုင်နှင့် (၆/၁)မိုင်အတွင်းရှိ ၃ မိုင် ၁ ဖာလုံအား ပထမဦးစားပေးအဖြစ် ကျောက်ချောလမ်းအဆင့်သို့ ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါတယ်။ ကျောက်ချောလမ်း

အဖြစ် ဆောင်ရွက်ပြီးမှသာ ဒုတိယဦးစားပေးအဖြစ်မူလကျောက်ချောလမ်း(၃)မိုင်နှင့် ထပ်တိုး ၃မိုင် ၁ ဖာလုံ စုစုပေါင်း ၆ မိုင် ၁ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ်သို့ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအတွက် နှစ်အလိုက်ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျိုင်းတုံမြို့နယ်၊ ယန်းကုန်း - ကတ်ဖလမ်းအား ပထမအဆင့်အနေဖြင့် ကျန်ရှိသော မြေသားလမ်းအား ကျောက်လမ်းခင်းခြင်း၊ ဒုတိယအဆင့်အနေဖြင့် ကွန်ကရစ်လမ်းအဖြစ်သို့ လမ်းအဆင့် မြှင့်တင်ခြင်း၊ တံတား(၂)စင်းအား ကွန်ကရစ်တံတားအဖြစ်သို့ အဆင့်မြှင့်တင်ခြင်း တို့အား ဘဏ္ဍာနှစ်အလိုက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ရန်ပုံငွေလျာထားပြီး ရန်ပုံငွေ ရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း တင်ပြဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစား အပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံ ကြပါစေ။ ကျွန်တော် ဒီနေ့မေးမြန်းမယ့်မေးခွန်းကတော့ တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားရာတွင် ကြုံတွေ့နေရ သည့်အုပ်ချုပ်ရေးပိုင်းဆိုင်ရာ အဆင့်ဆင့်ကြန့်ကြာနေသည်များကို လျှော့ချရန်နှင့် သတ်မှတ်ရက်အတွင်း အပြီးဆောင်ရွက်ပေးရမည့် တိကျသော စံ၊ လုပ်ထုံးလုပ်နည်း၊ (SOP) Standard Operation Procedure ကို လုပ်ထုံးလုပ်နည်း၊ သတ်မှတ်ချက်၊ ရည်ရွယ်ချက် ရှိ/ မရှိ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာဖြစ်ပါတယ်။ အပိုဒ် (၁) အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အတွင်းရှိ အထူးသဖြင့် ရပ်စောက်မြို့နယ်အတွင်းရှိ မိမိတို့ ဒေသခံတောင်သူလယ်သမားများသည် ၎င်းတို့၏ စိုက်ပျိုးမြေများအတွက် ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုခိုင်မာစေရန်နှင့် အစိုးရ စိုက်ပျိုးရေး စရိတ်ချေးငွေများ အချိန်မီရယူနိုင်ရန်အတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို လျှောက်ထားကြရာတွင် လိုအပ်သည်ထက် ပိုမိုကြန့်ကြာမှုများနှင့် ရင်ဆိုင် နေကြရပါတယ်။ မြေပြင်တွင် မြေတိုင်းတာခြင်း၊ ကန့်ကွက်သူ ရှိ/ မရှိ စိစစ်ခြင်းနှင့်

ဌာနဆိုင်ရာအဆင့်ဆင့်သို့ တင်ပြသည့်လုပ်ငန်းစဉ်များကြောင့် လပေါင်းများစွာ သို့မဟုတ် နှစ်နှင့်ချီ၍ ကြန့်ကြာနေသဖြင့် တောင်သူများ၏ လူမှုစီးပွားဘဝနှင့် စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍကို များစွာထိခိုက်လျက်ရှိပါတယ်။ အပိုဒ်(၂) သို့ဖြစ်ပါ၍ တောင်သူလယ်သမားများ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)လျှောက်ထားရာတွင် ကြုံတွေ့နေရသည့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာအဆင့်ဆင့်၏ ကြန့်ကြာနေမှုများကို လျှော့ချရန် သတ်မှတ်ရက်အတွင်း အပြီးဆောင်ရွက်ပေးရမည့် တိကျသောစံ၊ လုပ်ထုံးလုပ်နည်း (SOP) ရှိ/ မရှိနှင့် လုပ်ငန်းစဉ်ကို ပိုမိုမြန်ဆန်ပွင့်လင်းမြင်သာအောင် မည်ကဲ့သို့ ပြုပြင်ပြောင်းလဲမည်ကို သိရှိလိုပါသဖြင့် ဒေသခံတောင်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ရှမ်းပြည်နယ်ဥပဒေချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။။ ဦးအောင်ကျော်ညွန့် ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တောင်သူများအနေဖြင့် စိုက်ပျိုးမြေများအား ဥပဒေနှင့်အညီ ပိုင်ဆိုင်မှုခိုင်မာစေရန် လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ် ပုံစံ(၇) လျှောက်ထားလာမှုနှင့်ပတ်သက်၍ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များသို့ ပုံစံ(၁)ဖြင့် စတင်လျှောက်ထားရပြီး မြို့နယ်မြေစာရင်းဦးစီးဌာနသို့ ရက်ပေါင်း(၃၀)အတွင်း ပေးပို့ရပါကြောင်း၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ ရက်ပေါင်း(၃၀)အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာရပါကြောင်း၊ ဆက်လက်၍ မြို့နယ်မြေစာရင်းဦးစီးဌာနမှ နည်းဥပဒေ ၆ ၊ ၇၊ ၈ တို့နှင့်အညီ စိစစ်ရပါကြောင်း၊ ကန့်ကွက်သူမရှိပါက အမှုတွဲအား မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပြီး နည်းဥပဒေ ၁၁ အရ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏

သဘောထားမှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြရပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် နည်းဥပဒေ ၁၁ အရ တင်ပြလာသည့် လုပ်ငန်းစာတွဲများကို ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း ဆုံးဖြတ်ပြီး မြို့နယ်မြေစာရင်းဦးစီးဌာနသို့ (၁၅)ရက်အတွင်း ပြန်လည်အကြောင်းကြားပါတယ်။ မြို့နယ်မြေစာရင်းဦးစီးဌာနသည် နည်းဥပဒေ ၁၃ အရ ဆောင်ရွက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အမှုတွဲပြန်လည်တင်ပြရပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ နည်းဥပဒေ ၁၄ နှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ(၇)နှင့် ငြင်းပယ်ကြောင်း အကြောင်းကြားစာ(ပုံစံ-၈)ကို ထုတ်ပေးရပါတယ်။ ရပ်စောက်မြို့နယ်အနေဖြင့် ဒေသခံတောင်သူများမှ လယ်ယာမြေလုပ်ပိုင်ခွင့် ခွင့်ပြုလက်မှတ်ပုံစံ(၇) လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အမှုတွဲတည်ဆောက်၍ တင်ပြလာမှုအပေါ် မြို့နယ်မြေစာရင်းဦးစီးဌာနမှ နည်းဥပဒေ ၆၊ ၇၊ ၈ တို့နှင့်အညီစိစစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြပါတယ်။ မြို့နယ်မြေစာရင်းဦးစီးဌာနမှ တင်ပြလာသည့် အမှုတွဲများနှင့် ပတ်သက်၍ မြေယာအငြင်းပွားမှုများနှင့် မြေယာမှုခင်းကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှစိစစ်ရာ လျှောက်ထားသည့်ရေိယာနှင့် မြေစာရင်းမြေပုံပါရေိယာများ ကွဲလွဲခြင်း၊ ဘေးပတ်ဝန်းကျင် တောင်သူများ၏ လက်မှတ်များမပါရှိခြင်း၊ လျှောက်လွှာပါ အချက်အလက်များ စုံလင်မှုမရှိခြင်း၊ လျှောက်ထားသူ၏လက်မှတ်များ မပါရှိခြင်း၊ တံဆိပ်တုံးနှင့် လက်မှတ်များမပါရှိခြင်း၊ အမှုတွဲတွင် ကန့်ကွက်လွှာများမပါရှိခြင်း၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် လျှောက်ထားသူတို့၏ ကွင်းဆင်းမှတ်တမ်းဓာတ်ပုံများ မပါရှိခြင်းတို့ တွေ့ရှိရသဖြင့် မြို့နယ်မြေစာရင်းဦးစီးဌာနသို့ အမှုတွဲများပြန်လည်ပေးပို့၍ ပြည့်စုံစွာဆောင်ရွက်ပြီး ပြန်လည်တင်ပြစေပါတယ်။ အချက်အလက်များ ပြည့်စုံသည့် အမှုတွဲများနှင့်ပတ်သက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်၍ တင်ပြလာမှုအပေါ် ဥပဒေနှင့်အညီစိစစ်ခြင်း၊ ရပ်စောက်မြို့နယ်အတွင်း ကန်တော်မင်ရေိယာ(၃၄၁၆၅.၀၄၄)ကေနှင့် အင်တောကြိုးဝိုင်း၊ ဇော်ဂျီကြိုးဝိုင်း၊ နမ့်လန့်ကြိုးဝိုင်း၊ ပင်ဖြစ်ကြိုးဝိုင်း၊ နောင်လုံကြိုးဝိုင်း၊ နောင်ဝိုးကြိုးဝိုင်း၊ မြောက်ရပ်စောက်ကြိုးဝိုင်း၊ မြောက်ရပ်စောက်တိုးချဲ့ကြိုးဝိုင်း၊ အင်တောတိုးချဲ့ကြိုးဝိုင်း၊ မိုးမခကြိုးဝိုင်း၊ ပန်းမန်း

ကြိုးဝိုင်း၊ ရေဖြူကြိုးဝိုင်း၊ ကြိုးဝိုင်း ဧရိယာစုစုပေါင်း (၄၉၂၈၉၁.၂၀)ဧကရှိပြီး တပ်မြေ၊ ဌာနဆိုင်ရာမြေများနှင့် လွတ်ကင်းမှုရှိ/မရှိ ထပ်မံစိစစ်ပြီး အဖွဲ့၏သဘောထား မှတ်ချက်ဖြင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ဆက်လက်တင်ပြပါတယ်။ ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ အမှုတွဲပြန်လည်ပေးပို့လာပါက နည်းဥပဒေ ၁၃ အရ ဆောင်ရွက်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးမှ နည်းဥပဒေ ၁၄ အရ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် (ပုံစံ-၇)နှင့် ငြင်းပယ်ကြောင်း အကြောင်း ကြားစာ ပုံစံ(၈)ကို ထုတ်ပေးလျက်ရှိပါတယ်။ ရပ်စောက်မြို့နယ်အတွင်း စိုက်ပျိုး မြေဧရိယာ (၁၈၂၂၁၇)ဧကရှိပြီး ဧရိယာ(၁၂၀၀၂၁)ဧကအား လယ်ယာမြေ လုပ်ပိုင်ခွင့် လက်မှတ်(ပုံစံ-၇)အား ထုတ်ပေးပြီးဖြစ်ပါကြောင်း လက်ရှိတွင် ရပ်စောက်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ရုံး၌ အမှုတွဲလက်ကျန် မရှိပါကြောင်းနှင့် ထပ်မံ လျှောက်ထားလာမည့် အမှုတွဲများနှင့်ပတ်သက်၍ တပ်မြေ၊ ဌာနဆိုင်ရာများနှင့် လွတ်ကင်းမှု ရှိ/မရှိစိစစ်ပြီး လယ်ယာမြေလုပ်ထုံးလုပ်နည်း၊ လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပုံစံ(၇)ထုတ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ထပ်ဆင့် မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ SOP ဆိုသည့်နေရာမှာ အကယ်၍ဖြေပေးနိုင်မယ် ဆိုရင် လက်ရှိပုံစံ(၇)လုပ်တဲ့ အဆင့်ဆင့်အား ကျေးရွာမှစ၍ မြို့နယ်ပြီးရင် ခရိုင်ဆိုပြီးရှိပါတယ်။ ဒါကြောင့် ကျေးရွာမှာဘယ်နှစ်ရက် ကြာတယ်၊ မြို့နယ်မှာ ဘယ်နှစ်ရက်ကြာတယ်၊ ခရိုင်မှာ ဘယ်နှစ်ရက်ကြာတယ်ဆိုတဲ့ စံသတ်မှတ်ချက်ကို ဖြေကြားပေးနိုင်ပါက ဖြေကြားပေးပါ။ ပြီးခဲ့သည့် ၂၀၁၀ - ၂၀၁၄ မှာဆိုရင် ပုံစံ(၇)နှင့် ပတ်သက်ပြီး တောင်သူများရဲ့ လက်ဝယ်ကို အမြန်ဆုံးနည်းနှင့်တစ်လအတွင်း ဆောင်ရွက်ပေးခဲ့တာတွေရှိခဲ့ပါတယ်။ အဲဒီလိုပဲ လိုင်စင်အဆင့်ဆင့်၊ ပိုင်ဆိုင်ခွင့် အဆင့်ဆင့်ဟာ မော်တော်ကားလိုင်စင်မှစ၍ ကြန့်ကြာမှုကိုတတ်နိုင်သလောက် ယခုအစိုးရလက်ထက်၊ လွှတ်တော်လက်ထက်မှာ တတ်နိုင်သလောက် ဒီထက်(၁၁၁) ရက်ထက် လျှော့ပြီးဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ ဒီ(၂)ခုကို မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဝန်ကြီးမှ ဖြေကြားပေးနိုင်ပါကဖြေကြားပေးပါ။ ဖြေကြားရန်အတွက် စာဖြင့်သော်လည်းကောင်း နောက်မှ တင်ပြပေးလို့လည်းရပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** ထပ်ဆင့်မေးခွန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရမယ်ဆိုရင် ကျွန်တော့်ရဲ့ ပထမဖြေကြားချက်တွင်ပါဝင်တဲ့ရက်အတိုင်း ဆောင်ရွက်ထားတဲ့အဆင့်ဆင့်က လုပ်ထုံးလုပ်နည်း၊ ဥပဒေအတိုင်းဖြစ်ပါတယ်။ နည်းဥပဒေမှာလည်း ဒီတိုင်းပြဋ္ဌာန်းထားပါတယ်။ အမြန်ဆုံးရရှိရေးအတွက် ဆောင်ရွက်ရာမှာလည်း သတ်မှတ်ထားသည့်ရက်များအတိုင်း ဆောင်ရွက်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အပိုင်းကို အပြန်အလှန်ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်လို့ရှိရင် ဒီလုပ်ငန်းစဉ်များ မြန်ဆန်သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လယ်ယာမြေလုပ်ထုံးလုပ်နည်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများကိုလည်း ဝန်ကြီးဌာနက သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယမေးခွန်းအနေနဲ့ ရပ်စောက်မြို့နယ်အတွင်း၌ လူငယ်လူရွယ်များအကြား မူးယစ်ဆေးပြား၊ စိတ်ကြွဆေးပြား သုံးစွဲမှုနှင့်ဖြန့်ဖြူးမှုများ ပိုမိုများလာခြင်းကို ထိရောက်စွာ တားဆီးနှိမ်နင်းနိုင်ရန်နှင့် ကွင်းဆက်များ ဖော်ထုတ်အရေးယူရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း ဖြစ်ပါတယ်။

အပိုဒ် ၁။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အတွင်းရှိ ရပ်စောက်မြို့နယ်အတွင်းမှာလက်ရှိအချိန်၌ လူငယ်လူရွယ်များကြား မူးယစ်ဆေးပြား (စိတ်ကြွရူးသွပ်ဆေးပြား) သုံးစွဲမှုနှုန်းမှာ စိုးရိမ်ဖွယ်ရာ ကောင်းလောက်အောင်

မြင့်တက်လာသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရပါသဖြင့် မိဘပြည်သူများနှင့် ဒေသခံများကြား သားသမီးများ၏ အနာဂတ်အတွက် များစွာပူပန်နေကြရပါတယ်။ ယခုကဲ့သို့ မူးယစ်ဆေးဝါးသုံးစွဲမှုနှုန်း မြင့်တက်လာခြင်းမှာ မိမိတို့မြို့နယ်အတွင်း၌ မူးယစ်ဆေးဝါးကို လက်လီလက်ကား အလွယ်တကူ ဝယ်ယူရရှိနိုင်သည့် ဖြန့်ဖြူး ရောင်းချသူ ကွင်းဆက်များ များပြားလာခြင်းကြောင့်ဖြစ်ပါတယ်။ ဒေသခံပြည်သူ လူထု၏ သတင်းပေးချက်များနှင့် စိုးရိမ်ပူပန်မှုများအရ ၎င်းမူးယစ်ဆေးဝါးရောင်းချသူ များသည် ရဲရဲတင်းတင်း ဖြန့်ဖြူးရောင်းချနေကြသည်မှာ တရားဥပဒေစိုးမိုးရေးနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နှင်းရေး တာဝန်ရှိသည့် အောက်ခြေအဆင့် အဖွဲ့အစည်း/ ဝန်ထမ်းအချို့၏ လာဘ်ပေးလာဘ်ယူမှုများ သိလျက်နှင့် ဖုံးကွယ်ပေးထားသူများ ရှိနေသည်ဟု သံသယဖြစ်ဖွယ် အားနည်းချက်များရှိနေပါသဖြင့် ဖမ်းဆီးအရေးယူမှု များမှာ ထိရောက်မှုမရှိဘဲ ဖြစ်နေရပါတယ်။ ဤကဲ့သို့ တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူအချို့နှင့် မူးယစ်ဆေးဝါးရောင်းချသူများအကြား အကျိုးစီးပွား ပတ်သက် ဆက်နွယ်မှုများရှိနေပါက မူးယစ်ဆေးဝါးပြဿနာကို မည်သည့်အခါမျှ အမြစ်ပြတ် ချေမှုန်းနိုင်မည်မဟုတ်သည့်အပြင် နိုင်ငံတော်၏ အနာဂတ်ဖြစ်သော လူငယ်လူရွယ် များစွာ ပျက်စီးဆုံးရှုံးရတော့မည်ဖြစ်ပါတယ်။။

အပိုဒ် ၂။ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်အတွင်း၌ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့် ဖြန့်ဖြူးရောင်းချမှု ကွင်းဆက်များကို ယခင်ကထက် ပိုမိုထိရောက်သော အထူးစီမံချက်များဖြင့် ဖမ်းဆီးနှိမ်နှင်းနိုင်ရန် အစီအစဉ် ရှိ/ မရှိနှင့် မူးယစ်ဆေးဝါး ရောင်းချသူများနှင့် ပူးပေါင်းပါဝင်ပတ်သက်နေသည်ဟု သံသယရှိသော သတင်းထွက် နေသော တရားဥပဒေစိုးမိုးရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများကို အထူးစုံစမ်း စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း၍ ထိရောက်စွာ ကွင်းဆက်ဖော်ထုတ်ပြီး ဌာနဆိုင်ရာ အရေးယူမှုသာမက တည်ဆဲမူးယစ်ဆေးဝါးဥပဒေများအတိုင်း ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဒေသခံများကိုယ်စား ကြယ်ပွင့်ပြ မေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးကဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရပ်စောက်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ကျွန်တော် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းမှ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အနေဖြင့် သတ်မှတ်၍ ဆောင်ရွက်လျက်ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်ထိ အဆင့်ဆင့် ဖွဲ့စည်းထားရှိပြီး လုပ်ငန်းတာဝန်များ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၈ ခုနှစ်မှာ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ၏ မူးယစ် ဆေးဝါးပြဿနာများအား ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများစသည်ဖြင့် ကဏ္ဍ ပေါင်းစုံပါဝင်ပြီး ပြည့်စုံသော ချဉ်းကပ်မှုပုံစံတစ်ခုဖြင့် ကိုင်တွယ်ဆောင်ရွက်နိုင်ရန် ဦးတည်ဆောင်ရွက်လျက်ရှိပါတယ်။ တရားဥပဒေစိုးမိုးရေးနှင့် ပြစ်မှုဆိုင်ရာ တရားစီရင်ရေးဆောင်ရွက်ချက်များသာမက ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာတုံ့ပြန် ဆောင်ရွက်ချက်များပါဝင်ပြီး ဘိန်းစိုက်ပျိုးသူ တောင်သူများအတွက် ရေရှည် တည်တံ့မည့် အစားထိုးဖွံ့ဖြိုးမှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး တို့ကိုလည်း ထည့်သွင်းရေးဆွဲဆောင်ရွက်ထားပါတယ်။ အဆိုပါ မူဝါဒသစ်တွင် အဓိက ပြောင်းလဲမှုအနေဖြင့် မူးယစ်ဆေးဝါးသုံးစွဲသူများ၏ နောက်ဆက်တွဲပြဿနာများ လျှော့ချရေးကို ချဉ်းကပ်မှုတစ်ခုအဖြစ် ထည့်သွင်းဆောင်ရွက်ထားလျက်ရှိပါတယ်။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအား (၂၇ - ၁-၁၉၉၃)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများနှင့်ပတ်သက်၍ စိုက်ပျိုးသူ၊ လက်ဝယ်ထားရှိသူ၊ ဖြန့်ဖြူးရောင်းချသူ၊ ထုတ်လုပ်သူ၊ အားပေးကူညီသူများအား ကျူးလွန်သည့် ပြစ်မှုများအလိုက် ထောင်ဒဏ်၊

နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်၊ သေဒဏ်အထိ ပြဋ္ဌာန်းအရေးယူဆောင်ရွက်ခဲ့ပါတယ်။ မူးယစ်ဆေးဝါးအမှုနှင့်စပ်လျဉ်း၍ ရှာဖွေခြင်း၊ ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်းသိမ်းဆည်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း ပြုလုပ်ပိုင်ခွင့်ရှိသူနှင့် ဥပဒေနှင့်အညီဆောင်ရွက်ခြင်းမရှိပါက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၈ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးအတွက် အလေးထားကာ နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုတို့ဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့သည် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါး သတင်းရရှိသည့် နေရာ၊ အမာခံသတင်းပေးများ မွေးမြူ၍ ရှောင်တခင် ပိတ်ဆို့စစ်ဆေးခြင်း၊ ပူးပေါင်းစစ်ဆေးရေးဂိတ်များတွင်လည်းကောင်း၊ ဖမ်းဆီးရမိ တရားခံများမှလည်းကောင်း သတင်းရယူစုံစမ်းဖော်ထုတ်ပြီး ကွင်းဆက်တရားခံများကို ဖော်ထုတ်ဖမ်းဆီးခြင်းများဆောင်ရွက်ခြင်း၊ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအားအသိပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်တွင် ရပ်စောက်မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် အမှတ် (၂၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရဲတပ်ဖွဲ့ဝင်များပူးပေါင်းပြီး ၂၀၂၄ ခုနှစ်တွင် မူးယစ်ဆေးဝါး (၄၁)မှု၊ ဖမ်းဆီးရမိသည့်တရားခံ ကျား(၆၁)ဦး၊ မ(၁၂)ဦး၊ စုစုပေါင်း (၇၃)ဦး၊ ၂၀၂၅ ခုနှစ်တွင် မူးယစ်ဆေးဝါး(၄၇)မှု၊ ဖမ်းဆီးရမိသည့်တရားခံ ကျား (၅၈)ဦး၊ မ (၁၁)ဦး၊ စုစုပေါင်း (၆၉)ဦး၊ ၁ - ၁ - ၂၀၂၆ ရက်နေ့မှ ၂ - ၆ - ၂၀၂၆ ရက်နေ့အထိ မူးယစ်ဆေးဝါး (၁၇)မှု၊ ဖမ်းဆီးရမိသည့်တရားခံ ကျား(၁၄)ဦး၊ မ (၄)ဦး၊ စုစုပေါင်း (၁၈)ဦး ဖမ်းဆီးအရေးယူ ဆောင်ရွက်ခဲ့ပါတယ်။ ဖမ်းဆီးရမိတရားခံများကို ထိရောက်ပြစ်ဒဏ်ချမှတ်နိုင်ရေးအတွက် အမှုစစ်အရာရှိများမှ အမှုအား ခိုင်မာစွာတည်ဆောက်ပြီး သက်ဆိုင်ရာတရားရုံးများသို့ တရားစွဲတင်ပို့ဆောင်ရွက်လျက်ရှိပါတယ်။ ရှမ်းပြည်နယ်တစ်ခုလုံးအနေဖြင့် ၂၀၂၄ ခုနှစ်မှာ မူးယစ်ဆေးဝါး (၁၁၈၆)မှု၊ ဖမ်းဆီးရမိသည့်တရားခံ ကျား(၁၃၈၀)ဦး၊ မ(၂၁၅)ဦး၊ စုစုပေါင်း (၁၅၉၅)ဦး၊ ၂၀၂၅ ခုနှစ်မှာ မူးယစ်ဆေးဝါးအမှု(၁၂၁၆)မှု၊ ဖမ်းဆီးရမိသည့်တရားခံ ကျား(၁၃၇၈)ဦး၊ မ(၂၅၂) ဦး၊ စုစုပေါင်း (၁၆၃၀)ဦး၊ ၁ - ၁ - ၂၀၂၆ ရက်နေ့မှ

၂ - ၆ - ၂၀၂၆ ရက်နေ့အထိ မူးယစ်ဆေးဝါး(၅၅၀)မှု၊ ဖမ်းဆီးရမိသည့်တရားခံ ကျား (၆၂၁)ဦး၊ မ(၇၆)ဦး၊ စုစုပေါင်း (၆၉၇)ဦးအား ဖမ်းဆီးအရေးယူခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအနေနဲ့ မူးယစ်ဆေးဝါး၊ လောင်းကစားကိစ္စရပ်များမှာပါဝင် ပတ်သက်မှုမရှိစေရေး ခံဝန်ကတိများရေးထိုးခြင်း၊ ဆက်နွယ်ပတ်သက်သည့် တပ်ဖွဲ့ဝင်များကို ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် ပြည်နယ်/ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတာဝန်များကို အဓိကထားဆောင်ရွက်နိုင်ရန်အတွက် သီးခြား တပ်ဖွဲ့အနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ကို ဖွဲ့စည်းထားရှိပြီး အမှတ်(၂၅) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ရပ်စောက်မြို့နယ်တွင် လှုပ်ရှားတပ်ဖွဲ့စိတ်ဖြင့် ဖမ်းဆီးဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိကရည်မှန်းချက်တာဝန် (၄)ရပ်ဖြစ်တဲ့ ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်း သာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ရေးဖြစ်သည့်အတွက် ရည်မှန်းချက်တာဝန် နှင့်အညီ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးအတွက် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင် များအားလုံးက ဆောင်ရွက်လျက်ရှိပြီး ရပ်စောက်မြို့နယ်အတွင်း သာမက ရှမ်းပြည်နယ်အတွင်း မူးယစ်ဆေးဝါးသုံးစွဲသူများ လျော့နည်းပပျောက်စေရေး၊ ရောင်းဝယ်ဖြန့်ဖြူးသူ၊ ထုတ်လုပ်သူများအား ဖမ်းဆီးရမိနိုင်ရေး အစီအမံများ ရေးဆွဲကာ စဉ်ဆက်မပြတ် ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တာဝန်ရှိသူများက မူးယစ်ဆေးဝါးကိစ္စရပ်များတွင် ဥပဒေနှင့်မညီ ဆောင်ရွက်ခြင်းအား စုံစမ်းဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက် လျက်ရှိပါတယ်။ တာဝန်သိပြည်သူများ၊ လွှတ်တော်ကိုယ်စားလှယ်များမှလည်း မူးယစ် ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများရရှိပါက သက်ဆိုင်ရာသို့ ပေးပို့တိုင်ကြား ပေးပါရန်နှင့် သတင်းအား စုံစမ်းအတည်ပြု၍ သတင်းမှန်ကန်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ရှေးဦးစွာ ဆုမွန်ကောင်းတောင်း ဂါရဝပြု မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်စားလှယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအိုက်ပလိပ်ဖြစ်ပါတယ်။ ယနေ့ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)လွှတ်တော် အစည်းအဝေးတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံခရိုင်သည် ယခုအချိန်ထိ အမျိုးသားဓာတ်အားပေးစနစ် မရရှိသေးပါသဖြင့် ဆောင်ရွက်ပေးနိုင်ရန် ကြယ်ပွင့်ပြ မေးခွန်းမေးမြန်း တင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါကြောင်းအရာနှင့်စပ်လျဉ်း၍ မိုင်းတုံခရိုင်သည် မိုင်းတုံမြို့၊ ပုံပါကျင် မြို့နယ်ခွဲနှင့် မုံးထမြို့နယ်ခွဲဟူ၍ မြို့နယ်(၃)မြို့နယ်ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာအုပ်စု (၁၃)စု၊ ကျေးရွာပေါင်း(၁၀၆)ရွာနှင့် မြို့နေရပ်ကွက် (၁၁)ရပ်ကွက်ရှိပါတယ်။ ရှမ်း၊ ဗမာ၊ လားဟူ၊ ဝ၊ ကိုးကန့်၊ ပလောင်၊ လီဆူစသည့် တိုင်းရင်းသားပေါင်းစုံ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် နေထိုင်ကြပြီး စုစုပေါင်း လူဦးရေမှာ (၆၄၇၀၀)ကျော်ရှိပါတယ်။ ပြည်သူများမှာ စိုက်ပျိုးမွေးမြူရေးကို အဓိကထားပြီး လုပ်ကိုင်စားသောက်ကြပါတယ်။ ယနေ့ခရိုင်အတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများအားလုံး ကြုံတွေ့ရသည့် ကြီးမားသော လိုအပ်ချက်မှာ လျှပ်စစ်မီးရရှိသုံးစွဲနိုင်ရေးဖြစ်ပါတယ်။ ဒေသအတွင်းရှိ ဒေသခံတိုင်းရင်းသားပြည်သူများသည် လျှပ်စစ်မီးမသုံးစွဲရသောကြောင့် သူခိုး၊ ကြမ်းပိုး၊ ခိုးဆိုးလုယက်မှုများနေ့စဉ်ညတိုင်း ကြုံတွေ့ခံစားနေရပါတယ်။ ထို့ပြင် အခြားခရိုင်များအားလုံးနှင့် နှိုင်းယှဉ်ကြည့်လျှင်လည်း မိုင်းတုံခရိုင်သည် ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အစစအရာရာ နောက်ကျကျန်နေလျက်ရှိပါတယ်။ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးနှင့် လူနေမှုဘဝအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်မှုမှာလည်း များစွာနောက်ကျခဲ့ရပါတယ်။ ယနေ့မိုင်းတုံခရိုင်အတွင်း

နေထိုင်ကြသော တိုင်းရင်းသားပြည်သူအားလုံး၏ ရင်ထဲနှလုံးသားထဲ မျှော်လင့်တောင့်တသောအရာ အမြဲတမ်းဆုတောင်းနေကြသောအရာမှာ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ရန်အတွက်သာ ဖြစ်ပါတယ်။ ထိုသို့ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ရန်အတွက် အကျွန်ုပ်အား မဲထည့်ပြီး လွှတ်တော်အစည်းအဝေးတွင် တင်ပြတောင်းဆိုဆွေးနွေးခိုင်းခြင်းလည်းဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိအသုံးပြုနိုင်ပါက အထက်ဖော်ပြပါ ပြည်သူများ၏ ကြုံတွေ့နေရသော အခက်အခဲပြေလည်စေသည်သာမက ပြည်သူပေါင်းခြောက်သောင်းကျော်၏ လူနေမှုဘဝအဆင့်အတန်းမှာလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါတယ်။ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ မည်သည့်နည်းလမ်းဖြင့်ရရ လျှပ်စစ်မီးအမြန်ဆုံးရရှိအသုံးပြုနိုင်ရန် လာမည့်ဘတ်ဂျက်တွင် ထည့်သွင်းရေးဆွဲပြီး ဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းအဖြစ် မိုင်းတုံခရိုင်အတွင်းရှိ ဒေသခံပြည်သူများ အသုံးပြုလျက်ရှိသော (၁၂)ပေအကျယ် ကတ္တရာလမ်းမကြီးအား တစ်ဖက်လျှင် (၃)ပေစီ ချဲ့ပေးပြီး (၁၈)ပေအကျယ် အများပြည်သူသုံးလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခြင်း မေးမြန်းခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်အကြောင်းအရာပါကိစ္စနှင့်စပ်လျဉ်း၍ မိုင်းတုံခရိုင်တွင် မြို့နယ်(၃)မြို့နယ်၊ ကျေးရွာအုပ်စု (၁၃)အုပ်စု၊ ကျေးရွာပေါင်း(၁၀၆)ရွာနှင့် မြို့နေရပ်ကွက်(၁၁)ရပ်ကွက်ဖြင့် ဖွဲ့စည်းထားပြီး လူဦးရေပေါင်းခြောက်သောင်းကျော်ရှိပါတယ်။ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပြီး အဓိကအားဖြင့် စိုက်ပျိုးမွေးမြူရေးကို လုပ်ကိုင်စားသောက်ကြပါတယ်။ နိုင်ငံတော်မှ ပြည်သူများအတွက် သာရေး၊ နာရေး၊ စီးပွားရေးနှင့် ပညာရေးတို့တွင် သွားလာရလွယ်ကူချောမွေ့အဆင်ပြေစေရန် လမ်းပန်းဆက်သွယ်ရေးကို နေရာအနှံ့ နှစ်စဉ်နှစ်တိုင်း အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ မိုင်းတုံခရိုင်အတွင်းတွင်လည်း မိုင်းတုံ - ပုံပါကျင် ချိတ်ဆက်ထားသော အရှည်(၃၄)မိုင်၊ အကျယ်(၁၂)ပေရှိ ကတ္တရာခင်းပြီးအများပြည်သူသုံးလမ်းနှင့် နားကောင်းမူး - မုံးကျွတ် ချိတ်ဆက်ထားသော အရှည် (၂၆)မိုင်၊ အကျယ် (၁၂)ပေရှိ ကတ္တရာခင်းပြီး အများပြည်သူသုံးလမ်းဟူ၍ လမ်းမကြီးနှစ်ခုရှိပါတယ်။ ထိုအများပြည်သူသုံးလမ်းမကြီးများသည် အကျယ်(၁၂)ပေ (ကတ္တရာ

ခင်းပြီး)သာရှိပြီး ကျဉ်းမြောင်းသောကြောင့် ယာဉ်မတော်တဆမကြာခဏဖြစ်ကာ ပြည်သူများ ထိခိုက်သေဆုံးမှုများ နှစ်စဉ်လတိုင်း ကြုံတွေ့နေရပါတယ်။ ထို့အပြင် ပြီးခဲ့သည့်နှစ်တွင် မိုခါမုန်တိုင်းနှင့် ရာဂီမုန်တိုင်းတို့ကြောင့် မိုးများပြီး လမ်းဘေးနှစ်ဖက်မှာ များစွာပျက်စီး၍ ယာဉ်(၂)စီးတိမ်းရှောင်သည့်အခါ များစွာအခက်အခဲဖြစ်စေပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုအများပြည်သူအသုံးပြုလျက်ရှိသော လမ်းမကြီးအား တစ်ဖက်လျှင်(၃)ပေ ချဲ့ပေးပြီး (၁၈)ပေအကျယ် အများပြည်သူသုံးလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါက ပြည်သူများယာဉ်အန္တရာယ်ကင်းရှင်းပြီး လမ်းပန်းဆက်သွယ်မှုပိုမိုလုံခြုံချောမွေ့စေမှာဖြစ်ပါတယ်။ ထို့အတူ သာရေး၊ နာရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် စိုက်ပျိုးရေးကိစ္စရပ်များနှင့် သွားလာသည့်အခါ အဆင်ပြေချောမွေ့ပြီး လူနေမှုဘဝအဆင့်အတန်းတိုးတက်မြင့်မားလာမှာဖြစ်ပါတယ်။ အကျိုးပြုမည့် မြို့နယ်ပေါင်း(၃)မြို့နယ်နှင့် လူဦးရေပေါင်းခြောက်သောင်းကျော်ဖြစ်ပါတယ်။ ထို့ကြောင့် အများပြည်သူသုံးလမ်းမကြီးအား တစ်ဖက်(၃)ပေခန့် တိုးချဲ့ပေးခြင်းဖြင့် လမ်းအကျယ်(၁၈)ပေအဖြစ် ဘေးကင်းစွာ ပြည်သူများသွားလာနိုင်ရေး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးအိုက်ပလိပ်မေးမြန်းတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၄ ခုနှစ်အတွင်း နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားရရှိပြီးဖြစ်သည့် မိုင်းဆတ်မြို့မှ ၄၂ မိုင်ကွာဝေးတဲ့ မိုင်းတုံမြို့ဟာ မြို့ပေါ် (၃)ရပ်ကွက်၊ အိမ်ခြေ (၁၀၄၅)အိမ်နှင့် ကျေးရွာအုပ်စု(၁၃)အုပ်စု၊ ကျေးရွာပေါင်း (၁၀၆)ရွာမှာ အိမ်ခြေ(၁၂၂၈၅)အိမ်၊ အိမ်ထောင်စု (၁၉၆၈၈)စုရှိပြီးတော့ လက်ရှိမြို့ပေါ်မှာ (၃)ရပ်ကွက်ရှိ အိမ်ခြေ(၈၁၂)အိမ်အား 150kVA Perkin’s, 300kVA Scania

နှင့် 500kVA Perkin's ဒီဇယ်ဓာတ်အားပေးစက် (၃)လုံးဖြင့် တစ်ရက်လျှင် (၃)နာရီ ဓာတ်အား ဖြန့်ဖြူးပေးနေခြင်း ဖြစ်ပါတယ်။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ဓာတ်အားစနစ် မရောက်ရှိသေးသည့်ဒေသများအား နိုင်ငံတော်ဓာတ်အား စနစ်ဖြင့် ဓာတ်အားတိုးချဲ့ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်းများ လျာထားအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နမ့်စန် - မိုင်းပျဉ်း - ကျိုင်းတုံ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း၊ ၂၃၀ ကေဗွီ မိုင်းပျဉ်းပင်မဓာတ်အားခွဲရုံနှင့် ၂၃၀ ကေဗွီ ကျိုင်းတုံပင်မဓာတ်အားခွဲရုံများအား တည်ဆောက်အကောင်အထည်ဖော်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)သို့ ၂၀၂၀ ခုနှစ်တွင် နိုင်ငံတော်ဓာတ်အားစနစ် စတင် ဝင်ရောက်ရှိခဲ့ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း အဆိုပါ ၂၃၀ ကေဗွီ ပင်မဓာတ်အား ခွဲရုံများမှ မြို့/ ကျေးရွာများသို့ ဆက်လက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေးအတွက် ဘဏ္ဍာနှစ် အလိုက် ဘဏ္ဍာငွေခွင့်ပြုရရှိမှုအရ ၆၆ ကေဗွီနှင့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ထပ်မံတည်ဆောက်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ မိုင်းပျဉ်းမြို့အား ၇-၆-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ ကျိုင်းတုံမြို့အား ၂၇-၆-၂၀၂၀ ရက်နေ့တွင်လည်းကောင်း၊ မိုင်းခုတ်မြို့အား ၁ - ၂ - ၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မိုင်းဆတ်မြို့အား ၁ - ၆ - ၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ မိုင်းခတ်မြို့အား ၂၂ - ၁၁ - ၂၀၂၅ ရက်နေ့တွင်လည်းကောင်း နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် အသီးသီးတိုးချဲ့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိသည့်မြို့များအား နိုင်ငံတော် ဓာတ်အားစနစ်ဖြင့် တိုးချဲ့ဓာတ်အားပေးနိုင်ရေးအတွက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၏ မြေမျက်နှာသွင်ပြင်နှင့်မြို့များအကြား ဝေးကွာသည့်တည်နေရာများအရ ကုန်ကျစရိတ် ကြီးမားတဲ့ ၆၆ ကေဗွီ တာဝါတိုင်ဓာတ်အားလိုင်းရှည်များနှင့် ဓာတ်အားခွဲရုံများထပ်မံ တည်ဆောက်သွားရမည်ဖြစ်ပါသဖြင့် ဘဏ္ဍာနှစ်အလိုက် တစ်ဆင့်ချင်းစီ အချိန်ယူ ဆောင်ရွက်သွားရမည်ဖြစ်ပါတယ်။

မိုင်းတုံမြို့အား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး အတွက် မိုင်းဆတ်မြို့ ၆၆ ကေဗွီ ဓာတ်အားခွဲရုံမှ မိုင်းတုံမြို့သို့ ၄၂ မိုင် ဆာဖေး တိုင်းတာခြင်းလုပ်ငန်းအား ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုရန်ပုံငွေမှ စတင်လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှ စတင်၍ ပြည်ထောင်စုရန်ပုံငွေမှ ဘဏ္ဍာငွေခွင့်ပြုရရှိမှုအရ ဆက်လက်လျာထားဆောင်ရွက်

သွားမည်ဖြစ်ပါတယ်။ မိုင်းတုံခရိုင်ရှိ ပုံပါကျင်မြို့နယ်ခွဲနှင့် မုံးထမြို့နယ်ခွဲများကိုလည်း မိုင်းတုံမြို့သို့ နိုင်ငံတော်ဓာတ်အားစနစ်မှ လျှပ်စစ်ဓာတ်အားရရှိပြီးသောအခါတွင် ပြည်ထောင်စုရန်ပုံငွေမှ ဘဏ္ဍာငွေခွင့်ပြုရရှိမှုအရ ဆက်လက်လျာထားဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီး၏ ဒုတိယမေးခွန်းအား ဖြေကြားရ မည်ဆိုလျှင် မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်အတွင်းရှိ မိုင်းတုံ - ပုံပါကျင် ချိတ်ဆက် ထားသော အရှည်(၃၄)မိုင်ရှိ လမ်းပိုင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်နှင့် ပုံပါကျင်မြို့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မိုင်းတုံ- ပုံပါကျင်-ဘီပီဝမ်းလမ်းပိုင်းဖြစ်ပြီး စုစုပေါင်းလမ်းမိုင်အရှည်မှာ (၄၃/၇.၅)မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းသည် ပြည်နယ်မှစီမံခန့်ခွဲသောလမ်းဖြစ်ပြီး တစ်ရက်ပျမ်းမျှ ယာဉ်စီးရေမှာ (၉၉)စီးဖြစ်ပါတယ်။ ၎င်းလမ်း၏ (၃၁.၃.၂၀၂၆)ရက်နေ့ရှိ လမ်းအခြေ အနေမှာ (၁၈)ပေအကျယ် ကတ္တရာလမ်း (၀/၄.၆၅၇)မိုင်နှင့် (၁၂)ပေအကျယ် ကတ္တရာ လမ်း(၃၈/၄.၀၂၃)မိုင်နှင့် (၃၄)ပေအကျယ် မြေလမ်း (၄/၆.၈၂)မိုင်၊ စုစုပေါင်း (၄၃/ ၇.၅)မိုင် ဖြစ်ပါတယ်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ယာဉ်သွားလာမှု အဆင်ပြေ ချောမွေ့စေရန်နှင့် ယာဉ်/ လမ်းအန္တရာယ် ကင်းရှင်းစေရန်အတွက် လမ်းပခုံးအား ကျောက်ရောမြေ ဖြည့်ခင်းကြိတ်ခြင်းလုပ်ငန်းအား (၄/၄.၇)မိုင်၊ လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လောင်းခြင်းလုပ်ငန်း (၀/၅.၃)မိုင်နှင့် ကတ္တရာလမ်း ပေါက်ဖာခြင်းလုပ်ငန်း (၁၂၄၀၅)စတုရန်းပေ စသည့်လုပ်ငန်းများကို စီမံဆောင်ရွက် လျက်ရှိပါတယ်။ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်အတွင်း နားကောင်းမူ - မုံးကျွတ် ချိတ်ဆက်ထားသော အရှည်(၂၆)မိုင်ရှိ လမ်းပိုင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မိုင်းတုံခရိုင်အတွင်းရှိ ပုံပါကျင်မြို့နှင့် မုံးထမြို့မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော နားကောင်းမူ - မုံးကျွတ် - မုံးထလမ်းပိုင်းဖြစ်ပြီး စုစုပေါင်း လမ်းမိုင်အရှည်မှာ (၃၉/၂)မိုင် ဖြစ်ပါတယ်။ အဆိုပါလမ်းသည် ပြည်နယ်မှစီမံခန့်ခွဲသော လမ်းဖြစ်ပြီး တစ်ရက်ပျမ်းမျှယာဉ်စီးရေမှာ (၈၄)စီးဖြစ်ပါတယ်။ ၎င်းလမ်း၏ (၃၁-၃-၂၀၂၆) ရက်နေ့ရှိ လမ်းအခြေအနေမှာ (၁၈)ပေအကျယ် ကွန်ကရစ်လမ်း (၃/၀.၆၈)မိုင်၊ (၁၂)ပေအကျယ် ကတ္တရာလမ်း (၃၂/၇.၂၈၆)မိုင်နှင့် အမာခံလမ်း (၃/၂.၀၃၄)မိုင် စုစုပေါင်း (၃၉/၂)မိုင်ဖြစ်ပါတယ်။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ယာဉ်သွားလာမှု

အဆင်ပြေချောမွေ့စေရန်နှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်အတွက် (၁၈)ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား (၀/၁.၄၄)မိုင်၊ လမ်းအနိမ့်အမြင့် ဖြေညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်းလုပ်ငန်း (၀/၃.၈)မိုင်၊ ကတ္တရာလမ်းပေါက်ဖာခြင်းလုပ်ငန်း (၁၉၂၇၇.၆)စတုရန်းပေနှင့် ကျောက်ရောမြေခင်းခြင်းလုပ်ငန်း (၁/၁)မိုင်စသည့်လုပ်ငန်းများကို စီမံဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ မိုင်းတုံ-ပုံပါကျင်- ဘီပီဝမ်းလမ်းနှင့် နားကောင်းမူး - မုံးကျွတ် - မုံးထလမ်းပေါ်ရှိ လမ်းပိုင်းများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရန်နှင့် ဘေးကင်းစွာသွားလာနိုင်ရေးအတွက် မူလလမ်း(၁၂)ပေမှ (၁၈)ပေအကျယ် ရရှိစေရန် လမ်းချဲ့ခင်းခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံပြီး ခွဲဝေရရှိမှုအပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဒီဂေါလ်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာနံနက်ခင်းပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်လွှတ်တော်၊ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးဒီဂေါလ်ဖြစ်ပါတယ်။ ယနေ့ကျင်းပပြုလုပ်သော အစည်းအဝေးမှာ လမ်းပန်းဆက်သွယ်ရေးနှင့်စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဟာ ဒင်္ဂါးတစ်ပြားရဲ့ “ခေါင်း”နဲ့”ပန်း”လို အမြဲတမ်းဒွန်တွဲဆက်စပ်လျက်ရှိပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ချောမွေ့ပါက ဒေသဖွံ့ဖြိုးတိုးတက်ပြီး လမ်းပန်းဆက်သွယ်ရေးညံ့ဖျင်းပါက ဒေသမှာလည်း နောက်ကျကျန်ရစ်မှာဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်အတွင်းမှာရှိတဲ့ ထမ့်ဆန်း - ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်းဟာ လမ်းဦးစီးဌာနမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ဟိုပုံးမြို့နယ်အတွင်း ၁၇ မိုင် ၁ ဖာလုံခန့်ရှိပါတယ်။ အဆိုပါလမ်းကို ဟိုပုံးမြို့နယ်အတွင်းရှိ ကျောက်တန်းကျေးရွာအုပ်စု၊ ဘော်ကုန်းကျေးရွာအုပ်စုမှ ပြည်သူများအပြင် လွိုင်လင်ခရိုင်အတွင်းရှိ

ပြည်သူများ အသုံးပြုသွားလာနေသောလမ်းဖြစ်ပါတယ်။ မြို့နယ်၊ ခရိုင်ချင်းဆက် လမ်းလည်းဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိအသုံးပြုနေတဲ့ တောင်ကြီး - လွိုင်လင် - ကျိုင်းတုံလမ်းဟာ ကျွန်တော်တို့အခေါ် လွိုင်ဆမ်ဘို၊ မိုင်းပွန်နှင့် လွိုင်လင်ကြားမှာရှိတဲ့ အများအခေါ် ဒေသအခေါ် ခေါင်းနွဲ့တောင်ဟာ ရာသီဥတုကြောင့်လည်းကောင်း မြေပြိုကျပြီး ယာဉ်မတော်တဆမှုများဖြစ်ပြီး လမ်းများပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားလျက်ရှိပါတယ်။ ထိုကဲ့သို့ အခြေနေများဖြစ်ပေါ်လာပါက ထမ့်ဆန်း - ဖက်နမ် - ပင်လုံလမ်းကို အသုံးပြုသွားလာနိုင်မှာဖြစ်ပါတယ်။ အဆိုပါလမ်းဟာ ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့ကို သွားလာဆက်သွယ်နေသော လမ်းတစ်လမ်းဖြစ်ပါတယ်။ လက်ရှိလမ်းအခြေအနေဟာ (၁၂)ပေ အကျယ်သာရှိပြီး ရေစီးတိုက်စားမှုများသဖြင့် လမ်းနှုတ်ခမ်းသားများ ပိုမိုကျဉ်းမြောင်းလာပြီး မကြာခဏ ယာဥ်မတော်တဆ ဖြစ်ပွားမှုဖြစ်ခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ထမ့်ဆန်း - ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်းကို လက်ရှိ(၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် ကတ္တရာလမ်း အဖြစ်သို့ အဆင့်မြှင့်တင်ပေးပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် တင်ပြအပ်ပါတယ်။ ကျွန်တော်ရဲ့တင်ပြမှုအပေါ်မှာ မည်ကဲ့သို့ဆောင်ရွက်သွားမည်ကို သိရှိလိုပါသဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ အထူးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သကြရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ဦးဒီဂေါလ် မေးမြန်းတဲ့ ဟိုပုံးမြို့နယ်အတွင်းရှိ ထမ့်ဆန်း - ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်းနှင့်ပတ်သက်၍ ဖြေကြားရမည်ဆိုလျှင် ကိုယ်စားလှယ်တော်ကြီး ပြောကြားထားသည့်အတိုင်း ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)နှင့် (မြောက်ပိုင်း)ကို အဓိကလမ်းတိုတိုနဲ့ ဒုတိယအထောက်အကူပြုသည့် အရေးကြီးသည့်လမ်းဖြစ်သည်ကို တွေ့ရှိရပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ထမ့်ဆန်း - ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊

လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ ထမ့်ဆန်း - ကျောက်တန်းလမ်းနှင့် ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်းဖြစ်ပြီး ထမ့်ဆန်းမှ ပင်လုံမြို့သို့ ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းဖြစ်ပါတယ်။ အဆိုပါ လမ်း(၂)လမ်းသည် ပြည်နယ်မှစီမံခန့်ခွဲသောလမ်းများဖြစ်ပါတယ်။ ထမ့်ဆန်း - ကျောက်တန်းလမ်းဟာဆိုရင် လမ်းအရှည်(၇/၄)မိုင်ရှိပြီး လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်မှ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်း လမ်းအရှည်သည် (၂၉/၅)မိုင်ရှိပြီး လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ ဟိုပုံး မြို့နယ်မှ မိုင်(၀/၀ မှ ၉/၅ ထိ) ၉/၅ မိုင်ကိုလည်းကောင်း၊ လမ်းဦးစီးဌာန၊ လွိုင်လင်ခရိုင်၊ ပင်လုံမြို့မှ မိုင်(၉/၅ မှ ၂၉/၅ ထိ) ၂၀/၀မိုင်ကိုလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိတဲ့လမ်းဖြစ်ပါတယ်။ ထမ့်ဆန်း - ကျောက်တန်းလမ်း (၇/၄)မိုင်၏ (၃၁- ၃- ၂၀၂၆)ရက်နေ့ လမ်းအခြေအနေမှာ (၁၂)ပေအကျယ် ကတ္တရာ လမ်းအဆင့် (၇/၄)မိုင် ဖြစ်ပါတယ်။ ကျောက်တန်း - ဖက်နမ် - ပင်လုံလမ်း၏ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်အပိုင်း၊ ကျောက်တန်း - ဖက်နမ်တံတားအထိ (၉/၅)မိုင်၏ (၃၁-၃-၂၀၂၆)ရက်နေ့ရှိ လမ်းအခြေအနေမှာ (၁၂)ပေအကျယ် ကတ္တရာ လမ်းအဆင့် (၉/၅)မိုင်ဖြစ်ကြောင်းတွေ့ရှိရပါတယ်။ ထမ့်ဆန်း - ကျောက်တန်း လမ်းတွင် တစ်ရက်ပျမ်းမျှ ယာဉ်စီးရေမှာ (၁၉၁)စီးခန့်၊ ကျောက်တန်း- ဖက်နမ် တံတားလမ်းအပိုင်းတွင် တစ်ရက်ပျမ်းမျှယာဉ်စီးရေမှာ (၁၅၈)စီးခန့်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်မှ ထမ့်ဆန်း- ကျောက်တန်းလမ်း (၇/၄)မိုင်တွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် ယာဉ်များ လွယ်ကူချောမွေ့စွာ သွားလာနိုင်ရန်အတွက် ၁၂ပေအကျယ် ကတ္တရာ လမ်းအား ကတ္တရာထပ်ပိုးလွှာခင်းခြင်း (၀/၁)မိုင်၊ လမ်းနိမ့်မြင့်ဖြေညှိ၍ ကတ္တရာရေ ပိတ်လွှာလောင်းခြင်း (၀/၀.၈) မိုင်၊ လမ်းပခုံးနိမ့်ကျမှုအားပြုပြင်ခြင်း (၀/၁)မိုင်နှင့် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရန် လျာထားလျက်ရှိပါတယ်။ လမ်းဦးစီးဌာန၊ တောင်ကြီးခရိုင်၊ ဟိုပုံးမြို့နယ်မှ ကျောက်တန်း - ဖက်နမ်တံတား လမ်းပိုင်းအထိ (၉/၅)မိုင်တွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ရေစီး ရေလာကောင်းမွန်စေရေး လမ်းဘေး ဝဲ/ ယာ ရေမြောင်းတူးခြင်းနှင့် သာမန်ပြင်ဆင် ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်ရန်လျာထားပါတယ်။ ထမ့်ဆန်း -

ကျောက်တန်းလမ်းပိုင်း (၇/၄)မိုင်နှင့် ကျောက်တန်း- ဖက်နမ်တံတားအထိ လမ်းအပိုင်း (၉/၅)မိုင်တွင် (၁၂)ပေအကျယ် ကတ္တရာလမ်းအား ပထမအဆင့်အနေဖြင့် ယာဉ်များ လွယ်ကူချောမွေ့စွာသွားလာနိုင်ရေးအတွက် ကတ္တရာလမ်းပြင်ဆင်ခြင်းနှင့် လမ်းကွေ့များ ပြုပြင်ဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် (၁၂)ပေအကျယ် ကတ္တရာလမ်းမှ (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ် အလိုက် ရန်ပုံငွေထည့်သွင်းလျာထားတင်ပြပြီး ခွင့်ပြုရရှိမှုအပေါ်မူတည်၍ အကောင် အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံးမင်္ဂလာ ပါခင်ဗျား။ ရိုသေလေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသော တာဝန်ရှိဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းကြပါစေကြောင်း ဦးစွာဆုမွန်ကောင်း ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ကျိုင်းတုံခရိုင်၊ မိုးခတ်မြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးရန်အောင် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူများ၏ အမှန်တကယ်လိုအပ်နေသော ပြည်သူတို့၏ ဆန္ဒသဘောထားတစ်ခု ကို တင်ပြမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင် (လားဟူ)ရွာသည် အိမ်ခြေ(၈၀)အိမ်၊ လူဦးရေ(၃၅၀)ဦးကျော် နေထိုင်ကြပါတယ်။ ၎င်းကျေးရွာရှိ ပြည်သူများသည် လယ်ယာလုပ်ငန်း၊ တောင်ယာလုပ်ငန်း တိရစ္ဆာန်မွေးမြူခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြပါတယ်။ ယခုအခါ လူဦးရေတိုးပွားလာခြင်းကြောင့် သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိနေပါတယ်။၂၀၂၅ ခုနှစ်၊ ဩဂုတ်လ တွင်လည်း မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင်(လားဟူ)ရွာအတွက် ရေထွက်မှကျေးရွာအရောက် (၁၆၉၀၀)ပေရှည်ပြီး (2”)PVC ပိုက်အချောင်း (၁၃၀၀)

နှင့် ဂါလန်(၁၅၀၀)ဆံ့ရေလှောင်ကန် တည်ဆောက်ပေးရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြတောင်းဆိုထားပြီးဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင်(လားဟူ)ရွာအတွက် (2")PVC ပိုက် အချောင်း(၁၃၀၀)နှင့် ဂါလန်(၁၅၀၀)ဆံ့ ရေလှောင်ကန်တည်ဆောက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းအနေနဲ့တော့ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်ပေးနိုင်ရေး ရည်ရွယ်ပြီး ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်ဗျ။ ယနေ့ကျင်းပသော ပြည်နယ်လွှတ်တော်အစည်းအဝေးမှာ ပြည်သူများ၏ အမှန်တကယ်လိုအပ်နေသော ပြည်သူတို့၏ဆန္ဒသဘောထားတစ်ခုကို တင်ပြမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာသည် အိမ်ခြေ(၁၀၄)အိမ်၊ လူဦးရေ(၄၃၀)ဦးကျော်ခန့် စုပေါင်းနေထိုင်ကြသော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ကျေးရွာနေပြည်သူများ၏ အဓိကလုပ်ငန်းမှာ စပါးစိုက်ပျိုးခြင်း၊ တောင်ယာလုပ်ကိုင်ခြင်းနှင့် ရွှေ့ပြောင်းတောင်ယာလုပ်ကိုင်ခြင်းများသာ အဓိကလုပ်ကိုင်သောကျေးရွာဖြစ်ပါတယ်။ ၎င်းလယ်ယာမြေသွားလမ်းတွင် လယ်(၈၃)ကေ၊ ယာ (၁၅၁)ကေနှင့် ရွှေ့ပြောင်းတောင်ယာ(၄၀)ကေရှိပါတယ်။ ရွာမှ (၂)မိုင်ခွဲဝေးသောနေရာလည်းဖြစ်ပါတယ်။ ၎င်းလယ်ယာမြေသွားရာလမ်းသည် မတ်စောက်၍ သွားလာရခက်ခဲသောလမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စု၊ နမ့်မော်ခမ်းကျေးရွာသည် လယ်(၈၃)ကေ၊ ယာ(၁၅၁)ကေနှင့် ရွှေ့ပြောင်းတောင်ယာ(၄၀)ကေရှိ လယ်ယာမြေသွားလမ်းအား ကုန်ထုတ်လမ်းအဖြစ် ဖောက်လုပ်ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း (၂)ခုလုံးကို တစ်ဆက်တည်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးရန်အောင်၊ မိုင်းခတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်း(၂)ခုလုံးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ ဝမ်ခုတ်ကျေးရွာအုပ်စု၊ ယန်းမိုင် (လားဟူ)ရွာသည် အိမ်ခြေ(၈၀)စု၊ လူဦးရေ(၃၅၀)ကျော် နေထိုင်တဲ့ ရွာကြီးဖြစ်ရာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၃-၂၀၂၄ခု ဘဏ္ဍာရေးနှစ်မှစတင်၍ ခေတ်မီစံပြကျေးရွာ စီမံကိန်းဆောင်ရွက်လျက်ရှိသော ကျေးရွာဖြစ်ပါတယ်။ ၂၀၂၃ - ၂၀၂၄ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးရွာခန်းမဆောင် ဆောက်လုပ်ခြင်း၊ ကျေးရွာခန်းမဆောင် ချိန်းလင့်ကာရံခြင်း၊ လယ်ယာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း (၁)မိုင်၊ Box Culvert (၁)စင်း၊ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာအဝင်ဆိုင်းဘုတ်ပြုလုပ်ခြင်း၊ ကျေးရွာစာကြည့်တိုက်နှင့် ခြံစည်းရိုးကာရံခြင်း၊ တစ်အိမ်သုံး ဆိုလာတပ်ဆင်ခြင်း(၆၀)W (၅၉)စုံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာတွင်း ကွန်ကရစ်လမ်း (၄၆၀'x ၁၂'x၆'')၊ ရေပိုက်ထောက်ပံ့ခြင်း၂''PVC ပိုက် (၁)မိုင် လုပ်ငန်းများ ဆောင်ရွက်ထားပြီးဖြစ်ရာ ယခုအခါ ကျေးရွာရေထွက်မှ ကျေးရွာအရောက် သောက်သုံးရေရောက်ရှိပြီးဖြစ်၍ ကျေးရွာရှိ မူလအများသုံး အုတ်ရေကန် ဂါလန်(၅၀၀၀)ဆံ့ အုတ်ရေကန်မှ သုံးစွဲလျက်ရှိပါတယ်။ ကျေးရွာရှိ အိမ်ခြေ(၂၀)ခန့်မှာ အမြင့်ပိုင်းတွင်တည်ရှိပါသဖြင့် မူလဂါလန် (၅၀၀၀)ဆံ့ အုတ်ရေကန်မှ ရေရယူသုံးစွဲလျက်ရှိပါတယ်။ ရေထွက်မှကျေးရွာအရောက် (၁၆၉၀၀)ပေအတွက် လိုအပ်သော (2")PVCပိုက် (၁၉'အရှည်)ပိုက်အချောင်း (၈၉၀)ချောင်းနှင့် ဂါလန်(၂၀၀၀)ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၀၂၆-၂၀၂၇ ခု ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေမှာ စီမံကိန်းလျာထားမှုစာရင်းတွင် ထည့်သွင်းလျာထားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။ မရရှိပါက ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်စီမံကိန်းလျာထားမှုစာရင်းတွင် ထည့်သွင်းလျာထားဆောင်ရွက်သွား

ပေးသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒုတိယမေးခွန်းကို ဆက်လက်ဖြေကြားပေး သွားမှာဖြစ်ပါတယ်။ ကျိုင်းတုံခရိုင်၊ မိုင်းခတ်မြို့နယ်၊ တုံဖကော်ကျေးရွာအုပ်စုသည် နယ်မြေပိုင်းခြား သတ်မှတ်ချက်အရ နတလနယ်မြေတွင် ပါဝင်ပါတယ်။ မြေပြင်တွင် မိုင်းနွံး - မိုင်းကာကျေးရွာသွားကားလမ်းမကြီးဘေးမှ နမ့်မော်ခမ်း - နမ့်ဆော်တိုင် ကျေးရွာသို့ ဆက်သွယ်ထားသော (၂/၄)မိုင်လမ်းပိုင်းဖြစ်ပြီး ကိုယ်ထူကိုယ်ထ အစီအစဉ်ဖြင့် ဆောင်ရွက်ထားသော လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါလမ်းအား ကျေးရွာ (၂)ရွာ၊ အိမ်ခြေ(၈၉)အိမ်၊ လူဦးရေ(၄၈၃)ဦးအတွက် အကျိုးပြုတဲ့လမ်းဖြစ်ပါတယ်။ နမ့်မော်ခမ်း - နမ့်ဆော်တိုင် ကျေးရွာချင်းဆက် (၂/၄)မိုင် မြေသားလမ်းလုပ်ငန်း၊ Box Culvert လုပ်ငန်းနှင့် ရေကျော်တည်ဆောက်ခြင်းလုပ်ငန်းတို့အား ဘဏ္ဍာငွေခွဲဝေ ရရှိမှုအပေါ်မူတည်၍ နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားဆောင်ရွက်ပေး သွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်မေနှင်းသက် မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစား အပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေ ကြောင်း ဦးစွာပဏာမ ဆုမွန်ကောင်းတောင်း၍ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ရှင်။ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ကျွန်မ ဒေါ်မေနှင်းသက်က မိုင်းပျဥ်းမြို့၏ ဝန်ကန်စံပြကျေးရွာဒေသဖွံ့ဖြိုးရေးအတွက် ယခု မေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ ဝမ်ကန်စံပြကျေးရွာသည် အိမ်ခြေ (၅၅)အိမ်ရှိပြီး ဗမာ၊ ရှမ်း၊ လားဟူ၊ လီရှောစသည့် တိုင်းရင်းသားများစုပေါင်း

နေထိုင်ကြပြီး လူဦးရေ(၂၂၀)ခန့် ရှိပါတယ်ရှင်။ တိုင်းရင်းသားများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကိုလုပ်ကိုင်လျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ အသက်မွေးဝမ်းကျောင်းပြု နေထိုင်ကြပါတယ်။ ဝန်ကန်စံပြကျေးရွာသည် နမ့်ပိန်းချောင်း၏ အနောက်ဘက်ခြမ်းမှာတည်ရှိပြီး အခြေခံပညာမူလတန်းကျောင်း (၁)ကျောင်းရှိသည့်အပြင် ကျေးရွာမှာရှိတဲ့လူထု ကူးလူးဆက်သွယ်သွားလာနိုင်ရန် အတွက် နိုင်ငံတော်မှ အရှည်ပေ(၆၀)ရှိတဲ့ ကွန်ကရစ်တံတား(၁)စင်းကို ဆောက်လုပ်ပေးထားပါတယ်။ ဝမ်ကန်စံပြကျေးရွာကို စံပြကျေးရွာ၏ ဂုဏ်အင်္ဂါနှင့်ကိုက်ညီစေမည့် ဖွံ့ဖြိုးမှုရှိစေဖို့အတွက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကလည်း ဖြည့်ဆည်းပံ့ပိုး အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်ရှင်။ ဝမ်ကန်စံပြကျေးရွာ၏ ရွာတွင်းကွန်ကရစ်လမ်းကိုလည်း အကောင်အထည်ဖော်ခင်းကျင်းပြီး ဖြစ်ပါတယ်။ သို့ပေမယ့်လည်း ကျေးရွာ၏အနောက်ဘက် လယ်ယာလုပ်ငန်းခွင်သို့ သွားလာအသုံးပြုနေသောလမ်းသည် ခိုင်ခံ့သေသပ်တဲ့ ကွန်ကရစ်လမ်းဖောက်လုပ်နိုင်ခြင်းမရှိသေးတဲ့အတွက် လယ်ယာ၊ တောင်ယာ ထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် အခက်အခဲများရှိနေပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပျဉ်းမြို့နယ်၊ ဟောင်ကန်ကျေးရွာအုပ်စု၊ ဝမ်ကန်စံပြကျေးရွာ၏အနောက်ဘက် လယ်ယာကိုသွားတဲ့ မြေသားလမ်းကို အဆင့်မြှင့်တင်ပြီးတော့ ကတ္တရာလမ်းဖြစ်စေ၊ ကွန်ကရစ်လမ်းဖြစ်စေ လာမည့်ဘဏ္ဍာရေးနှစ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

ဆက်လက်၍ မေးခွန်းနံပါတ်(၂)ကို မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မိုင်းပျဉ်းမြို့နယ်၊ နားကျောင်းကျေးရွာအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ဝေးလံခေါင်သီတဲ့ ကျေးရွာအုပ်စုတစ်ခုဖြစ်ပါတယ်။ နားကျောင်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ နားကျောင်း(၂)ရွာနှင့် မယ်ပီရွာတို့ကို ကျေးရွာချင်းဆက်လမ်းအဖြစ် ကိုယ်ထူကိုယ်ထ မြေသားလမ်းအကြမ်းကို ဖောက်လုပ်အသုံးပြုလျက်ရှိပါတယ်။ အဆိုပါလမ်းသည် မြေသားလမ်းကြမ်းဖြစ်သည့်အတွက် မိုးရာသီတွင် သွားလာရေး အခက်အခဲတွေအများကြီးကြုံတွေ့နေရပါတယ်။ အဆိုပါ မြေသားလမ်းက နားကျောင်းကျေးရွာအုပ်စုတစ်ခုလုံး အသုံးပြုနေရတဲ့ အဓိက

ပင်မလမ်းကြီးပဲဖြစ်ပါတယ်။ အဆိုပါလမ်းကို ဖောက်လုပ်ပေးနိုင်ခဲ့ရင် နားကျောင်းအုပ်စု၊ ကျေးရွာ(၁၃)ရွာ၊ အိမ်ထောင်စုပေါင်း(၂၆၆)စု၊ လူဦးရေ (၁၆၅၇)ဦးတို့ကို အကျိုးပြုပြီး အကျိုးခံစားခွင့်ရရှိနိုင်မှာဖြစ်တဲ့အတွက် နားကျောင်းအုပ်စု၊ နားကျောင်း (၂)ရွာနှင့် မယ်ပီရွာ ရွာချင်းဆက်မြေသားလမ်း (၁၀)မိုင် ဖောက်လုပ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၂)ခုကို တစ်ဆက်တည်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ်မှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး မိုင်းပျဉ်းမြို့နယ် ဟောင်ကန်ကျေးရွာအုပ်စု၊ ဝမ်ကန်ကျေးရွာမှ ဖာခမ်းကျေးရွာအုပ်စု၊ ပိန်းပေါင် - ပင်းပန်း - ဖာခမ်းကျေးရွာသို့ ဆက်သွယ်ထားသော (၁၀)မိုင်လမ်းပိုင်းသည် ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ ကျေးလက်လမ်းဦးစီးဌာနမှ နတလဦးစီးဌာနသို့ လွှဲပြောင်းပေးထားသောလမ်းပိုင်း ဖြစ်ပြီး နတလဦးစီးဌာနအနေနဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်း (၆)မိုင် နှင့် (၅)ပေ Box Culvert (၃)စင်း တည်ဆောက်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါ (၁၀)မိုင်အနက် (၆)မိုင် မြေသားလမ်းဖောက်လုပ်ပြီးဖြစ်တဲ့အတွက် ကျန် (၄)မိုင်အား မြေသားလမ်းအဖြစ် ဆောင်ရွက်ပေးရန်အတွက် (၆)မိုင်ကိုလည်း ကတ္တရာလမ်း အဆင့်မြှင့်တင်ဆောင်ရွက်ရန် ဘဏ္ဍာငွေခွဲဝေမှုအတွက် ပြည်ထောင်စု / ပြည်နယ် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်မှာ လျာထားနိုင်ရေး ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအနေနဲ့ မိုင်းပျဉ်းမြို့နယ်၊ နားကျောင်းကျေးရွာအုပ်စု၊ မိုင်းပျဉ်း-မိုင်းဆတ်လမ်းမကြီးဘေးရှိ ရွှေပဲကျေးရွာလမ်းခွဲမှ နားကျောင်း - ၂ - မယ်နားမူ - ဟွေပိန်းဆန်း - မယ်ပီးကျေးရွာသို့ ဆက်သွယ်ထားသောလမ်းသည် (၁၀)မိုင် လမ်းပိုင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ဆောင်ရွက် ထားသော လမ်းပိုင်းဖြစ်ပါတယ်။ အဆိုပါမြေသားလမ်းကို ပြည်ထောင်စု / ပြည်နယ်

ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ပြည်ထောင်စုကိုလည်းတင်ပြပြီး နှစ်ဆက်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ထည့်သွင်းလျာထား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း(၁)နှင့်(၂)ကို တစ်ဆက်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်လွှတ်တော် လဲချားမြို့နယ် မဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုး ဖြစ်ပါတယ်ရှင်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မရဲ့ မေးခွန်း(၁)နှင့်(၂)ကို မေးမြန်းခွင့်ပြုပါရှင်။ လဲချားမြို့နယ်သည် အစိုးရဌာနဆိုင်ရာပေါင်း(၂၉)ဌာနရှိပြီး ခွင့်ပြုဝန်ထမ်းဦးရေ (၁၄၅၄)ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ နိုင်ငံ့တာဝန်များကို ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများသည် ကျေးရာကဏ္ဍအသီးသီးမှာ နိုင်ငံတော်၏မူဝါဒများ၊ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနေကြသူများလည်း ဖြစ်ပါတယ်။ နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများဟာ တာဝန်ကျရာ နေရာများကို သွားရောက်ထမ်းဆောင်ကြရာတွင် မိမိ၏ မွေးရပ်ဇာတိမဟုတ်သော အခြားနယ်များသို့လည်း သွားရောက်တာဝန်ထမ်းဆောင်ကြရပါတယ်ရှင်။ လဲချားမြို့နယ်တွင် ဝန်ထမ်းအိမ်ရာမရှိခြင်းကြောင့် တာဝန်ကျနိုင်ငံ့ဝန်ထမ်းများသည် ပြင်ပတွင် အိမ်ငှားနေထိုင်နေရသဖြင့် နေထိုင်ရေး၊ စားဝတ်နေရေး ကုန်ကျစရိတ်များ မြင့်တက်လျက်ရှိနေပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် လုံလောက်သော ဝန်ထမ်းအိမ်ရာများ စီစဉ်ပေးနိုင်ခြင်းအားဖြင့် နေထိုင်ရေးအခက်အခဲများ လျှော့နည်းစေခြင်း၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အထောက်အကူပြုစေတဲ့အပြင် တာဝန်ထမ်းဆောင်မှုအပေါ် ပိုမိုအာရုံစိုက်နိုင်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်များ တိုးတက်လာခြင်း၊ အများပြည်သူဝန်ဆောင်မှုပေးရာတွင်လည်း အရည်အသွေးများ မြှင့်တင်ပေးနိုင်မည်ကို တွေ့မြင်နေရပါတယ်။ သို့ဖြစ်ပါ၍ လဲချားမြို့နယ်အတွက် ဌာနဆိုင်ရာ(၂၉)ဌာန၏ နိုင်ငံ့ဝန်ထမ်း(၁၄၅၄)ဦးအတွက် ဝန်ထမ်းအိမ်ရာကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်

ကာလတွင် ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်ရှင်။ အကယ်၍ အစီအစဉ်မရှိသေးပါက ဦးစားပေးအစီအစဉ်အနေဖြင့် ဆောက်လုပ်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းခွင့်ပြုပါရှင်။ လဲချား - မိုင်းနောင် - မိုင်းရှူး - မိုင်းကောင်လမ်းနှင့် ပတ်သက်သည့်မေးခွန်းအား မေးမြန်းခွင့်ပြုပါရှင်။ လဲချား - မိုင်းနောင် - မိုင်းရှူး - မိုင်းကောင်လမ်းသည် ပြည်နယ်မှစီမံခန့်ခွဲရသော လမ်းဖြစ်ပြီး (၂၈)မိုင် ရှည်လျားပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသော ၎င်းလမ်းသည် (၁၈)ပေကျယ်သော ကတ္တရာလမ်းမိုင် အရှည် (၇)မိုင်(၄.၁)ဖာလုံ နှင့် (၁၂)ပေကျယ်သော ကတ္တရာလမ်းမိုင်သည် (၂၀)မိုင် (၃.၉) ဖာလုံ ဖောက်လုပ်ဆောင်ရွက်ထားသည်ဟု သိရှိထားပါတယ်။ ယခု ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင်လည်း (၁၂)ပေအကျယ်မှ (၁၈)ပေအကျယ် ကတ္တရာလမ်းအဆင့်မြင့် လမ်းပိုင်းအရှည်(၃.၇၈)ဖာလုံ ကျထားတယ်လို့ သိရှိထားပါတယ်။ ၂၀၂၄ ခုနှစ်မှ ယခုအချိန်အထိ အခြေအနေအကြောင်းကြောင်းကြောင့် မိုင်းရှူး၊ ကျေးသီးမြို့နယ်မှ ပြည်သူများအပါအဝင် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ပြည်သူများသည် ၎င်းလဲချား-မိုင်းနောင်-မိုင်းရှူး-မိုင်းကောင်လမ်းကို ယာဉ်ကြီး/ ယာဉ်ငယ် ယာဉ်ပေါင်းစုံတို့သည် ဖြတ်သန်းအသုံးပြုပြီး ပြည်မနဲ့အဓိက ကုန်သွယ်သွားလာနေရသော ဆက်သွယ်သွားလာနေရသော အရေးကြီးလမ်းတစ်လမ်းအဖြစ် အသုံးပြုနေသည်ကိုတွေ့ရှိရပါတယ်။ သို့ပါသော်လည်း ၎င်းလမ်းသည် ကျဉ်းမြောင်းနေခြင်းနှင့် လမ်းပခုံးများ စောက်နက်နေခြင်းတို့ကြောင့် လမ်းချော်ခြင်း၊ ယာဉ်မတော်တဆများ ဖြစ်ပွားခြင်းတို့မှာ မကြာခဏဖြစ်ပွားနေသည်ကို တွေ့ရှိရပါတယ်။ ၎င်းလမ်းပိုင်းတွင် (၁၂)ပေလမ်းအကျယ်မှ (၁၈)ပေအကျယ် ကတ္တရာလမ်း အဆင့်မြှင့်တင်နိုင်ရန် (၂၀)မိုင် ၊ (၀.၁၂)ဖာလုံ ကျန်ရှိနေသေးပါတယ်။ ထို(၁၈)ပေအကျယ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် လိုအပ်နေသော (၂၀)မိုင်၊ (၀.၁၂)ဖာလုံအား အဆင့်မြှင့်ဆောင်ရွက်ပေးမည်ဆိုပါက ၎င်းလမ်းအားအသုံးပြုနေသောခရီးသွားပြည်သူများနှင့် ယာဉ်ကြီး/ ယာဉ်ငယ် ယာဉ်ပေါင်းစုံတို့သည် အန္တရာယ်ကင်းစွာ ဘေးကင်းလုံခြုံစွာ သွားလာနိုင်မှာဖြစ်ပါတယ်ရှင့်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်အစိုးရမှ ရှမ်းပြည်နယ်ပြည်သူလူထု၏ အကျိုးစီးပွားကို မျှော်မှန်းကြည့်ရှု စောင့်ရှောက်ပေးနိုင်ပါရန် လဲချား - မိုင်းနောင် -

မိုင်းရှူး - မိုင်းကောင်လမ်းအား (၁၈)ပေ အဆင့်မြှင့်တင်ရန် ကျန်နေသေးသော (၂၀)မိုင်၊ (၀.၁၂)ဖာလုံအား ဆောင်ရွက်ပေးနိုင်ပါရန်နှင့် အနီးဆုံးဘဏ္ဍာနှစ်တွင် အကုန်လုံးနီးပါး သို့မဟုတ် အပြည့်အဝ မလုပ်နိုင်ပါသော်လည်း လမ်းပိုင်းမိုင်များ အတွက် လျာထားရန်ပုံငွေကို ပိုမိုချပေးနိုင်ပါရန် ရှမ်းပြည်နယ်ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ လဲချား မြို့နယ်၊ ကိုယ်စားလှယ်အမှတ် (၁) ဒေါ်နန်းအက်(စ်)ကီးမိုး မေးမြန်းတဲ့ ပထမမေးခွန်းကို ဖြေကြားရမည်ဆိုလျှင် ကိုယ်စားလှယ်တော်ကြီး မေးမြန်းသလိုပါပဲ။ မြို့နယ်များတွင် ဝန်ထမ်းအိမ်ရာအခက်အခဲများစွာ ရှိကြတာကို သိရှိကြပါတယ်။ ဒီအတွက်လည်း တတ်နိုင်သလောက် ကြိုးစားဆောင်ရွက်လျက်ရှိတာကိုလည်း တင်ပြလိုပါတယ်။ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနပိုင်မြေ နေရာတော့မရှိသေးပါဘူး။ မြေနေရာရှိမှသာလျှင် လျာထားဆောင်ရွက်လို့ရမှာ ဖြစ်တဲ့အတွက် လတ်တလောဒီကာလအတွင်းမှာတော့ ဝန်ထမ်းအိမ်ရာနှင့်ပတ်သက်၍ တည်ဆောက်ရန် လျာထားမှုမရှိသေးပါကြောင်း ဖြေကြားလိုပါတယ်။ တစ်ဆက် တည်းမှာပဲ မြေနေရာကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပြီး မြေနေရာရရှိ ပြီးပါက ရန်ပုံငွေဦးစားပေး လျာထားတင်ပြပြီးတော့ ရရှိပါက ဦးစားပေးထည့်သွင်း လျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြ ဖြေကြားလိုပါတယ်။

ဒုတိယမေးခွန်းကို ဖြေကြားရမည်ဆိုလျှင် လဲချား - မိုင်းနောင် - မိုင်းကောင် လမ်းဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းပိုင်း

ဖြစ်ပါတယ်။ လမ်းအရှည်မှာ (၁၁၁)မိုင်ရှိပါတယ်။ အဆိုပါလမ်းသည် ပြည်နယ်မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ လဲချား- မိုင်းနောင်- မိုင်းရှူး- မိုင်းကောင် လမ်း၏ လဲချားမြို့နယ်အပိုင်း မိုင် (၀/၀ မှ ၂၈/၀ ထိ ၂၈/၀ မိုင်)အား လမ်းဦးစီးဌာန၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်မှ လမ်းအဆင့်မြှင့်တင်ခြင်းနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ ၃၁-၃-၂၀၂၆ ရက်နေ့အထိ လမ်းအခြေအနေမှာ ၁၈ ပေ ကတ္တရာလမ်း (၇/၄.၁) မိုင်နှင့် ၁၂ပေကတ္တရာလမ်း (၂၀/၃.၉)မိုင်ဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အဆိုပါလမ်းပိုင်းတွင် တစ်နေ့ပျမ်းမျှယာဉ်စီးရေမှာ (၇၄၂)စီးခန့် ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရှိရပါတယ်။

လဲချား - မိုင်းနောင် - မိုင်းရှူး - မိုင်းကောင်လမ်း၊ လဲချားမြို့နယ်အပိုင်း (၂၈/၀)မိုင်တွင် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဖြစ်သည့် (၁၂)ပေမှ (၁၈)ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း (၀/၃.၇၈) မိုင်၊ (၁၈)ပေအကျယ်ရရန် ဒု-အခြေခံလွှာချဲ့ခင်းခြင်း (၃/၁.၉၄)မိုင်နှင့် လမ်းချောမွေ့စွာ သွားလာနိုင်ရေးအတွက် ကတ္တရာလမ်းပြုပြင်ခြင်း (၈၃၉၃)စတုရန်းပေ၊ အမာခံလမ်းပခုံးခင်းကြိတ်ခြင်း (၁/၂.၇၈)မိုင်နှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်လျာထားပါကြောင်း တင်ပြပါတယ်။ လဲချား - မိုင်းနောင် - မိုင်းရှူး - မိုင်းကောင်လမ်းအား လဲချားမြို့နယ်အပိုင်းတွင် ယာဉ်များအန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် (၁၂)ပေအကျယ် ကတ္တရာလမ်းအဖြစ် ကျန်ရှိသည့်(၂၀)မိုင်၊ (၀.၁၂)ဖာလုံအား (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေထည့်သွင်းလျာထားတင်ပြပြီး ခွင့်ပြုရရှိမှုအပေါ်မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က တတိယမေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ခုနက လဲချား - မိုင်းနောင် - မိုင်းရှူး - မိုင်းကောင်လမ်းနှင့်

ပတ်သက်၍ ဆက်စပ်မေးခွန်းကို ထပ်မံတင်ပြမေးမြန်းခွင့်ပြုပါရှင်။ ၎င်းလမ်းမှာ (၂၈)မိုင် ရှည်လျားပါသော်လည်း (၁၈)ပေအကျယ် ကတ္တရာလမ်းအဆင့်မြှင့်တင်ရန်မှာ (၂၀)မိုင်၊ (၀.၁၂)ဖာလုံ ကျန်ရှိနေပါသေးသည်ဟု တင်ပြထားပါတယ်။ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ လျာထားမှုအပေါ်တွင် ပိုမိုချပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ဝန်ကြီးကိုလည်း လေးလေးစားစား တင်ပြအပ်ပါတယ်ရှင်။ ဘာဖြစ်လို့လဲဆိုရင် (၂၈)မိုင်တွင် (၈)မိုင်ခန့်ကိုသာ (၁၈)ပေအကျယ်ချဲ့နိုင်ပြီး ပေ (၂၀)ကျန်ရှိနေသေးသည်ကို တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ၎င်းလမ်းအားလျာထားရန်ပုံငွေတွင် ဦးစားပေး ပိုမိုချထားဆောင်ရွက်ပေးနိုင်ပါရန် လေးလေးနက်နက်လေးစားစွာ တင်ပြတောင်းဆိုအပ်ပါတယ်ရှင့်။

တတိယမေးခွန်းကို ဆက်လက်မေးမြန်းသွားမှာဖြစ်ပါတယ်။ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းရှိ တတ်မောက်ကျေးရွာအုပ်စုနှင့် ဝမ်လေကျေးရွာအုပ်စုချင်းဆက်လမ်းတွင် လိုအပ်နေသော တံတားကိစ္စနှင့်ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။ တတ်မောက်ကျေးရွာအုပ်စုသည် မိုင်းကိုင်မြို့နယ်နှင့် ကျေးသီးမြို့နယ်တို့၏ နယ်နိမိတ်ချင်းဆက်စပ်နေသော လဲချားမြို့၏အစွန်ဆုံးကျေးရွာ ဝေးလံခေါင်ဖျားသည့် ကျေးရွာအုပ်စုဖြစ်ပါတယ်ရှင်။ အိမ်ခြေ(၂၂၉)အိမ်နှင့် လူဦးရေ (၁၁၈၂)ဦးနေထိုင်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်စားသောက်နေကြသောကျေးရွာအုပ်စုဖြစ်ပါတယ်။ အကြောင်းကိစ္စအမျိုးမျိုးကြောင့် မြို့တွင်းသို့ ဆက်သွယ်သွားလာရာတွင် (၁) တတ်မောက်ကျေးရွာအုပ်စုမှ ဝမ်လေကျေးရွာအုပ်စု၊ ဝမ်လေကျေးရွာအုပ်စုမှ ဝမ်စေကျေးရွာအုပ်စု၊ ဝမ်စေကျေးရွာအုပ်စုမှ မြို့တွင်းသို့တစ်လမ်းနှင့် (၂) တတ်မောက်ကျေးရွာအုပ်စုမှ ဝမ်ဟမ်ကျေးရွာအုပ်စု၊ ဝမ်ဟမ်ကျေးရွာအုပ်စုမှ ဝမ်ထီကျေးရွာအုပ်စု၊ ဝမ်ထီကျေးရွာအုပ်စုမှ ဝမ်စေကျေးရွာအုပ်စု၊ ဝမ်စေကျေးရွာအုပ်စုမှ မြို့တွင်းသို့တစ်လမ်းဟူ၍ လမ်းနှစ်လမ်းအား အသုံးပြုလျက်ရှိပါတယ်။ ပထမလမ်းဖြစ်သော တတ်မောက်ကျေးရွာအုပ်စုမှ ဝမ်လေကျေးရွာအုပ်စု၊ ဝမ်လေကျေးရွာအုပ်စုမှ ဝမ်စေကျေးရွာအုပ်စု၊ ဝမ်စေကျေးရွာအုပ်စုမှ မြို့တွင်းသို့ ဆက်သွယ်သောလမ်းသည် လမ်းခရီးပိုမိုတိုတောင်းပြီး ကျန်းမာရေးကိစ္စကြောင့် အရေးပေါ်သွားလာရာတွင်လည်းကောင်း၊ ကုန်ထွက်သီးနှံများကို သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း ပိုမိုလျင်မြန်လွယ်ကူစွာ သွားလာနိုင်တာကို တွေ့ရှိရပါတယ်ရှင်။

တတ်မောက်ကျေးရွာအုပ်စုမှ ဝမ်လေကျေးရွာအုပ်စုအတွင်းရှိသော ပေ(၅၀)တံတား မှာ နှစ်ရှည်လများစွာ အသုံးပြုမှုကြောင့်လည်းကောင်း၊ ရာသီဥတုနှင့် သဘာဝဘေး အန္တရာယ်ကြောင့်သော်လည်းကောင်း တံတားမှာများစွာပျက်စီးယိုယွင်းနေခြင်းနှင့် ခိုင်ခံ့မှုမရှိခြင်းတို့ကြောင့် ပြည်သူများအတွက် လူမှုရေး၊ ကျန်းမာရေးနှင့် စီးပွားရေး အရများစွာ အခက်အခဲကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ ၎င်းကျေးရွာချင်းဆက်သော တံတားကို အရေးတကြီး ပြန်လည်တည်ဆောက်ပေးရန် အမှန်တကယ်လိုအပ်နေ ပါတယ်။ တံတား၏ ပျက်စီးနေသော မှတ်တမ်းဓာတ်ပုံနှင့် တည်နေရာများကိုလည်း လွိုင်လင်ခရိုင်၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့ ပေးပို့ထားပြီးဖြစ်ပါတယ်။ ၎င်းတံတားကို ကွန်ကရစ်တံတားအဖြစ် ပြန်လည် တည်ဆောက်ပေးခြင်းအားဖြင့် တတ်မောက်ကျေးရွာအုပ်စုမှ အိမ်ခြေ(၂၂၉)အိမ်နှင့် လူဦးရေ (၁၁၈၂)ဦး၊ ဝမ်လေကျေးရွာအုပ်စုမှ အိမ်ခြေ(၂၄၉)အိမ်နှင့် လူဦးရေ (၁၂၃၅)ဦး၊ ဝမ်စေကျေးရွာအုပ်စုမှ အိမ်ခြေ(၂၇၁)အိမ်နှင့် လူဦးရေ(၁၄၇၄)ဦး၊ စုစုပေါင်း အိမ်ခြေ(၇၄၉)အိမ်နှင့် လူဦးရေ(၃၈၉၁)ဦးတို့၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စများအတွက် အကျိုးကျေးဇူးများစွာရရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လဲချားမြို့နယ်၊ တတ်မောက်ကျေးရွာအုပ်စုနှင့် ဝမ်လေကျေးရွာအုပ်စုကြားကျေးရွာ ချင်းဆက်လမ်းပေါ်တွင်ရှိနေသော ပေ(၅၀)တံတားအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်သည့်အချိန်တွင် တည်ဆောက်ပေးမည့်အစီအစဉ်ကို သိရှိလိုပါတယ်ရှင်။ အကယ်၍ အစီအစဉ်မရှိသေးပါက အနီးစပ်ဆုံးဘဏ္ဍာနှစ်တွင် ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါ တယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ရှမ်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ လဲချားမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်(စ်)ကီးမိုး မေးမြန်းသွားတဲ့ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်အတွင်းမှာရှိတဲ့ တံတားသည် တတ်မောက်ကျေးရွာအုပ်စုနှင့် ဝမ်လေကျေးရွာအုပ်စုသို့ ဆက်သွယ်

ထားသော မြေသားလမ်းပေါ်တည်ရှိပြီး ဒေသခံများအနေနဲ့ ယာယီသစ်သားတံတား ဆောင်ရွက်ထားရှိပြီး သွားလာအသုံးပြုလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အဆိုပါ ပေ (၅၀)တံတားကို ကွန်ကရစ်တံတား ဆောင်ရွက်ရန်အတွက် လာမည့်အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်နိုင်ရေးအတွက် လျာထားဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဥက္ကဋ္ဌကြီး၊ ရှမ်းပြည်နယ်ဥပဒေချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်သို့ လာရောက်လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးခမ်းလူဖြစ်ပါတယ်။ ယနေ့ ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)တွင် မက်မန်းမြို့နယ်အတွင်းရှိ ခက်ခဲကြမ်းတမ်းသော ကျေးရွာလမ်းများစွာအနက် အခက်အခဲဆုံးဖြစ်သော ကွန်ဟောင်းကြီးရွာလမ်းကို အဆင့်မြှင့်တင်ပေးနိုင်ပါရန်ရည်ရွယ်ပြီး ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ် "ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်၊ မန်ဝိန်းကျေးရွာအုပ်စု၊ ကွန်ဟောင်းကြီးကျေးရွာသည် မက်မန်းမြို့နယ်၏ မြောက်ဘက်(၁၉/၄)မိုင် အကွာတွင် တည်ရှိပြီး "ဝ"တိုင်းရင်းသားများနှင့် ရှမ်းတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသော ကျေးရွာ(၁)ရွာ ဖြစ်ပါတယ်။ အိမ်ခြေ (၅၅)လုံး၊ အိမ်ထောင်စု (၅၁)စု၊ လူဦးရေ(၄၃၄)ဦး ကျော်ခန့်ရှိပြီး သာယာဝပြောသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကွန်ဟောင်းကြီးရွာလမ်းသည် နာကြားရွာ၊ ကွန်ဟောင်းကြီးရွာ၊ ပန်ဟုန်းရွာ၊ ဟိုတရွာ၊ ဝမ်နောက်ရွာ၊ ဖန်လတ်ရွာ၊ မန်ဝိန်းရွာ၊ မုလုရွာစသည့်ကျေးရွာပေါင်း(၈) ရွာ၊ အိမ်ခြေ(၃၀၀)ကျော်၊ လူဦးရေ (၁၈၀၀)ဦးကျော်တို့ စုပေါင်းအသုံးပြုသော

လမ်းမကြီး (၁)စင်းဖြစ်ပါတယ်။ ၎င်းလမ်းသည် မြေသားလမ်းသာဖြစ်သေး၍ အမှတ် (၁၀၁၀) နယ်ခြားစောင့်တပ်အကျော်လမ်းခွဲမှ နာကြားရွာအထိလမ်းသည် အရှည် (၄)မိုင်ရှိပြီး မတ်စောက်ကျဉ်းမြောင်းသဖြင့် မိုးရာသီတွင် လမ်းများချော်ကာ သွားလာရ ခက်ခဲလွန်းလှပါတယ်။ တောင်ကုန်းတောင်တန်းများပေါ်များသည့် ကျေးရွာဖြစ်သောကြောင့် လမ်းများအဆင်မပြေဖြစ်ကာ မိုးရာသီတွင် တောင်ပြိုခြင်း၊ လမ်းသား ပဲ့ခြင်း၊ လမ်းချော်ခြင်းစသည့်အခက်အခဲများစွာ ကြုံတွေ့ရသောကြောင့် မက်မန်းမြို့သို့ ကားများဖြင့်သွားလာ၍မရခြင်း၊ မော်တော်ဆိုင်ကယ်များဖြင့် သွားလာရာတွင် အန္တရာယ်များခြင်းစသည့် အခက်အခဲများကြုံတွေ့နေရပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံတိုင်းရင်းသားများနှင့် မန်ဝိန်းကျေးရွာအုပ်စု အတွင်း နိုင်ငံ့တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းကောင်းများ ရာသီမရွေး သွားလာရေး အလွယ်တကူချောမွေ့စေရန် ကွန်ဟောင်းကြီးရွာလမ်းကို ကျောက်ချော လမ်းဖြစ်စေ၊ ကွန်ကရစ်လမ်းဖြစ်စေ ရှမ်းပြည်နယ်အစိုးရအနေဖြင့် လာမည့်ဘဏ္ဍာနှစ် များ၌ အစီအစဉ်ရေးဆွဲဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ၊ စီမံချက်များရှိပါက မည်သည့် လမ်းအမျိုးအစားနှင့် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင် ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးခမ်းလူ၊ မက်မန်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၏ ကြယ်ပွင့်ပြမေးခွန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြား ပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းမှ “ဝ”နှင့် ဒေသခံတိုင်းရင်းသားများနေထိုင်ရာ မက်မန်းမြို့နယ်၊ အေးကျန့်ကျေးရွာအုပ်စု နာကြားကျေးရွာသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော အေးကျန့် -

ကွန်ဟောင်းကြီး လမ်းပေါ်တွင်တည်ရှိပါတယ်။ အေးကျန့် - ကွန်ဟောင်းကြီးလမ်းသည် အရှည်(၁၄.၄)မိုင်ရှိပြီး ကွန်ဟောင်းကြီးရွာမှ(၉.၁၅)မိုင်မှ (၁၄.၄)မိုင်အတွင်း ကျောက်လမ်း(၅.၂၅)မိုင် ဆောင်ရွက်ပြီးဖြစ်ပါတယ်။ အဆိုပါ အေးကျန့် - နာကြား - ကွန်ဟောင်းကြီးရွာချင်းဆက်လမ်းသည် Class A အဆင့်ရှိပြီး ဒေသခံကျေးရွာ(၉)ရွာ၊ အိမ်ခြေ (၃၈၁)စု၊ လူဦးရေ(၂၆၄၇)ဦးရေတို့အား အကျိုးပြုနေသော လမ်းဖြစ်ပါတယ်။ ကျန်ရှိနေသော (၉/၁.၅)မိုင် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား နီးစပ်ရာဘဏ္ဍာရေးနှစ်မှစ၍ အပိုင်းလိုက်၊ နှစ်အလိုက် လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌကြီး၊ ပြည်နယ်ဥပဒေချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင်ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းတင်ပြလိုတဲ့ အကြောင်းအရာကတော့ ကွန်ဟိန်းမြို့နယ်အတွင်း ဆက်သွယ်ရေး တာဝါတိုင်(၂)ခုတည်ဆောက်ပေးနိုင်ရေးပဲ ဖြစ်ပါတယ်။ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်အတွင်းတွင် ကျေးရွာအုပ်စု(၁၄)အုပ်စုနှင့် ကျေးရွာပေါင်း (၁၃၈)ရွာ ရှိပါတယ်။ ၎င်းတို့အနက်မှ ကျေးရွာအုပ်စု (၉)အုပ်စု၊ ကျေးရွာ(၇၂)ရွာ၊ အိမ်ခြေ (၁၉၁၂)အိမ်နှင့် လူဦးရေ(၈၆၈၇)ဦးတို့တွင် ဆက်သွယ်ရေးကွန်ယက် အသုံးပြုခွင့်မရှိသဖြင့် ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုတွင် များစွာ နှောင့်နှေးလျက်ရှိပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တင်ပြပါ ကျေးရွာအုပ်စုများထဲမှ ကျေးရွာအချို့တွင်သာ Star link ဆက်သွယ်ရေးကွန်ယက် အသုံးပြုနေကြပါတယ်။ အဆိုပါ ဆက်သွယ်ရေးကွန်ယက်

သည့်လည်း နိုင်ငံတော်အစိုးရထံမှ တရားဝင်မှတ်ပုံတင်ခွင့်ပြုထားခြင်းမရှိဟု သိရှိထား ပါတယ်။ ကွန်ယက်အသုံးပြုခွင့်ခအနေဖြင့်(၂၄)နာရီတစ်ရက်လျှင် ငွေကျပ်တစ်ထောင် ကျသင့်ပြီး Social Platform များကိုသာ အသုံးပြု၍ရရှိပါတယ်။ Data Package သာ အသုံးပြုခွင့်ရှိပြီး ဖုန်းခေါ်ဆိုသုံးစွဲနိုင်မှုမရှိပါ။ ထိုသို့သုံးစွဲရာတွင်လည်း ဆက်သွယ်ရေး ကွန်ယက်တိုင်ထောင်ထားသော နေရာအနီးတစ်ဝိုက်တွင်သာ သုံးစွဲ၍ရရှိပါသည်။ ဒါ့ကြောင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ကျေးရွာ အရောက် (၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် မှတ်ပုံတင်များဆောင်ရွက်ခြင်း၊ EID၊ UID လုပ်ငန်းများဆောင်ရွက်ရာတွင် ဆက်သွယ်ရေးအင်တာနက်လိုင်းမရှိ၍ ဝန်ကြီးဌာန ဆာဗာများဖြင့် ဆက်သွယ်၍မရရှိသည့်အတွက် ကျေးရွာအရောက် OSS စနစ်ဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိဘဲ ကျေးလက်နေပြည်သူများအား မြို့ပေါ်သို့ ခေါ်ယူ ဆောင်ရွက်နေရသည့် အခက်အခဲလည်းရှိပါတယ်။ အနီးစပ်ဆုံး ကျင်းပပြီးစီးခဲ့တဲ့ အထွေထွေရွေးကောက်ပွဲကြီးမှာလည်း တင်ပြပါကျေးရွာများရှိ မဲရုံကြီးကြပ်များ၊ မဲရုံမှူးများနှင့် မဲပေးနိုင်မှုအခြေအနေအရပ်ရပ်တို့သည် အထက်ဌာနများမှ ဆက်သွယ် ဆောင်ရွက်ရာတွင် အခက်အခဲများစွာဖြစ်ပေါ်ခဲ့သည်ကိုလည်း တွေ့ရှိရပါတယ်။ Star link ဆက်သွယ်ရေးကွန်ယက် ငှားရမ်းသုံးစွဲပြီး အထက်ဌာနများသို့ ဆက်သွယ် သတင်းပို့ခြင်းများ ဆောင်ရွက်ခဲ့သည်ကိုလည်း သိရှိရပါတယ်။ ၎င်းကွန်ယက် အသုံးပြု ရသည့်အတွက် ဆက်သွယ်ရေးလုံခြုံမှုမှာလည်း အားနည်းခဲ့သည်ဟု သိရှိရပါတယ်။ လာမည့် အထွေထွေရွေးကောက်ပွဲများကျင်းပရာတွင်လည်း ဆက်သွယ်ရေးကွန်ယက် မှာ မရှိမဖြစ်လိုအပ်နေမှာဖြစ်ပါတယ်။ ကွန်ဟိန်းအနီးတဝိုက်တွင် လက်ရှိတာဝါတိုင် ပွိုင့် (၄)ခုရှိပါတယ်။ တစ်ခုကတော့ နမ့်စန်၊ နောက်တစ်ခုက ကာလေကျေးရွာ၊ ဆိုင်းမွန်ကျေးရွာနှင့် ကွန်ဟိန်းမှာရှိပြီးတော့ ကျိုင်းတောင်းမှာလည်း ဆက်သွယ်ရေး တာဝါတိုင်ပွိုင့်(၅)ခုရှိပါတယ်။ အဲဒီ (၅)ခု၏အလယ်မှာ လစ်လပ်နေတာဖြစ်ပါတယ်။ တင်ပြပါ ကျေးရွာအုပ်စု(၂)ခုမှာ တောင်းဆိုသည့်တာဝါတိုင်က ကြားထဲမှာဖြစ်ပါ တယ်။ တာဝါတိုင်များသည် သိရသလောက် ကုမ္ပဏီများနှင့် MOU ထိုးပြီး လုပ်ငန်း ဆောင်ရွက်နေတာလို့ သိရှိရပါတယ်။ လျှပ်စစ်မီးမရရှိသည့်အတွက် တာဝါတိုင် လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းမရှိဘူးဆိုရင်လည်း လက်ရှိဆောင်ရွက်နေတဲ့ တာဝါတိုင် များသည် ဆိုလာစနစ်နှင့် ဘက်ထရီစနစ်ကိုရောပြီး အသုံးပြုနေသည့်တာဝါတိုင်များ

ဖြစ်ပါတယ်။ နေ့ခင်းနေရောင်ခြည်ရရှိသည့် အချိန်တွင် ဆိုလာ(၁၆)ချပ် အသုံးပြု ဆောင်ရွက်နေတာဖြစ်ပြီး (၄၈)ဗို့ ဘက်ထရီများဖြင့် အသုံးပြုနေတာ ဖြစ်ပါတယ်။ ညနေပိုင်း နေရောင်ခြည်မရရှိသည့်အချိန်တွင် မီးစက်ဖြင့် အော်တို run ပြီး (၄)နာရီကြာ ဆက်သွယ်ရေးလည်ပတ်နေတယ်လို့ သိရှိရပါတယ်။ ဒီနေရာမှာ အကြံပြုချက်အနေဖြင့် နေရောင်ခြည်မရရှိသည့်အချိန်တွင် ဒီဇယ်ကိုအသုံးပြုရတာ ဖြစ်တဲ့အတွက် လက်ရှိနိုင်ငံတော်သမ္မတ၏ ဒီဇယ်ဆီအခွန်ကင်းလွတ်ခွင့်မူဝါဒအရ အခွန်များလျှော့ချပြီး ဈေးနှုန်းသက်သာစွာဖြင့် ကုမ္ပဏီများကဝယ်ယူရရှိမည်ဆိုပါက လာရောက်ရင်းနှီးမြှုပ်နှံမည့်ကုမ္ပဏီတွေအနေနဲ့ကလည်း လုပ်သာကိုင်သာရှိမယ်လို့ ယူဆပါတယ်။ အထက်က တင်ပြတဲ့ (၈၆၈၇)ဦးဆိုတာက မြေပြင်မှာလူဦးရေ ဒီထက် ပိုများနိုင်ပါတယ်။ လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာမှာ ကောက်ယူလို့မရသည့် နေရာများရှိပါတယ်။ လက်ရှိမြေပြင်တွင် ပြည်ထဲရေးမပေါက်တဲ့ ကျေးရွာများလည်း ရှိပါတယ်။ (၁၃၈)ရွာဆိုတာက ပြည်ထဲရေးမှာစာရင်းပေါက်နေတဲ့ ကျေးရွာများ ဖြစ်ပါတယ်။ ပြည်ထဲရေးအမည်မပေါက်တဲ့ရွာ (၁၂)ရွာ ရှိနေပါတယ်။ လူဦးရေတွေက ခုနက ဖော်ပြထားတဲ့ ကိန်းဂဏန်းများထဲတွင် မပါရှိပါဘူး။ ဒါကိုလည်း ပြည်သူ့ လွှတ်တော်မှတစ်ဆင့် မြေပြင်တွင် ပြည်ထဲရေးအမည်ပေါက်ရွာတွေ မြေပြင် ကွင်းဆင်းပြီး ဆောင်ရွက်ပေးနိုင်ဖို့လည်း တင်ပြထားပါတယ်။ အမှန်တကယ်ဆိုရင် ဒီအုပ်စုထဲမှာ လူဦးရေ (၁၀၀၀၀)ကျော်လောက် ရှိနေနိုင်မည်လို့ ယူဆထားပါတယ်။ နောက်တစ်ချက်အနေနဲ့ နိုင်ငံတော်နှင့် အကျိုးတူဆောင်ရွက်နေတဲ့လုပ်ငန်းဖြစ်သည့် အတွက် ပြည်သူများ၏အကျိုးကို ငဲ့ညှာသောအားဖြင့် Operator များနှင့် နိုင်ငံတော်နဲ့ MOU ထိုးရာတွင် (၅၅:၄၅)အချိုးရှိတယ်လို့ သိရှိထားပါတယ်။ ဒါကိုလည်း ကုမ္ပဏီများ လုပ်သာကိုင်သာရှိအောင် အကျိုးခံစားခွင့်အချိုးအပေါ်မှာ ဖြေလျှော့ပေးနိုင်မည်ဆိုရင် လည်း ကုမ္ပဏီတွေကလာရောက်ပြီး လုပ်သာကိုင်သာရှိနိုင်မယ်လို့ ယူဆပါတယ် ခင်ဗျား။ သို့ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်အတွင်း ဝမ်လောကျေးရွာအုပ်စုတစ်ဝိုက်နှင့် ကျိုင်းလွန်းကျေးရွာအုပ်စု အနီးတစ်ဝိုက်တို့တွင် သင့်လျော်ရာ Operatorတစ်ခုခုမှ ဆက်သွယ်ရေး တာဝါတိုင်(၂)ခုတည်ဆောက်ပေးနိုင်မည်ဆိုပါက ဒေသဆိုင်ရာ အုပ်ချုပ်ရေးယန္တရားများမှာလည်း ပိုမိုချောမွေ့အဆင်ပြေနိုင်မည်ဖြစ်ခြင်း၊ ဒေသခံ ပြည်သူများ၏ လူမှုဘဝများလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ခြင်းတို့ကြောင့်

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကွန်ဟိန်း မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးဝင်းလှိုင် မေးမြန်းတဲ့မေးခွန်းကို ပြန်လည် ဖြေကြားရမည်ဆိုလျှင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် ပြည်နယ်နှင့် တိုင်းဒေသ ကြီးမြို့တော်များ၊ ခရိုင်မြို့ကြီးများ၊ စီးပွားရေးကောင်းမွန်ပြီး လူနေထူထပ်သည့် မြို့ကြီးများအပြင် ကျေးလက်နေပြည်သူများအတွက်လည်း ပညာရေး၊ ကျန်းမာရေး၊ လူနေမှုအဆင့်အတန်းမြင့်မားရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးတို့အတွက် ရင်းနှီးမြှုပ်နှံ ရမည့် ဘဏ္ဍာငွေရရှိနိုင်မှု၊ အဝေးဆက်သွယ်ရေး (မိုက္ကရိုဝေ့ဗ်/ဖိုင်ဘာ)ဆက်ကြောင်း များ ချိတ်ဆက်နိုင်မှု၊ လျှပ်စစ်ဓာတ်အားရရှိနိုင်မှုနှင့် နယ်မြေပထဝီဝင်အနေအထား များပေါ်မူတည်၍ မိုဘိုင်းစခန်းများ တည်ဆောက်တပ်ဆင်ဝန်ဆောင်မှုပေးခြင်းများ ကိုဆောင်ရွက်ပေးလျက်ရှိပါတယ်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ကွန်ဟိန်း မြို့နယ်တွင် GSM/UMTS/LTE မိုဘိုင်း စနစ်(၁၁)ခုနှင့် CDMA 450 စနစ် (၁)ခု တည်ဆောက်တပ်ဆင်၍ ဆက်သွယ်ရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိ ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းလာသည့် ကွန်ဟိန်းမြို့နယ် အတွင်းရှိ ကျိုင်းလွန်းကျေးရွာနှင့် ဝမ်လောကျေးရွာတို့တွင် ဆက်သွယ်ရေး တာဝါတိုင် အသစ်(၂)တိုင် တည်ဆောက်တပ်ဆင်ရန် လျှပ်စစ်မီးမရရှိခြင်း၊ အဝေးဆက်သွယ်ရေး ဆက်ကြောင်းများ တည်ဆောက်ရန် ခက်ခဲခြင်းတို့အပြင် တာဝါတိုင်တည်ဆောက်ရန် တည်ဆောက်မှုစရိတ်နှင့် မိုဘိုင်းစခန်းများအား လစဉ်ထိန်းသိမ်းပြုပြင်စရိတ် မြင့်မား ခြင်းတို့ကြောင့် GSM/ UMTS/ LTE မိုဘိုင်းစခန်းအသစ် တည်ဆောက်တပ်ဆင်ရန်

လတ်တလောအားဖြင့် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ သို့ပေမဲ့လည်း မနေ့ကကျွန်တော် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနဲ့ ဆက်သွယ်မှုရတဲ့အခါမှာ ဒီတစ်နှစ် ရှမ်းပြည်နယ်(တောင်ပိုင်း)မှာ တာဝါတိုင်(၄)တိုင်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှာ တာဝါတိုင်(၂)တိုင် ထပ်မံတည်ဆောက်ဖို့ရှိတဲ့နေရာမှာ နမ့်စန်မြို့နယ်လည်း(၁)တိုင်ပါရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ ကိုယ်စားလှယ်ကြီးရဲ့ မြို့နယ်နှင့်ဆက်စပ်မယ်ဆိုရင်လည်း အကျိုးသက်ရောက်မှုရရှိစေမယ်လို့ ထင်မြင်မိပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ လိုအင်ဆန္ဒပြည့်ဝပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးစိုင်းခမ်းကော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိုင်းရယ်မြို့နယ်၊ နားခိုကျေးရွာအုပ်စုနှင့် မိုင်းရယ်မြို့သို့ ဆက်သွယ်ထားသည့် မြေသားလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ မိုင်းရယ်မြို့နယ်အနေနဲ့ နားခိုကျေးရွာအတွင်းရှိ ကျေးရွာများနှင့် မိုင်းရယ်မြို့သို့ ဆက်သွယ်ထားသည့် စကားဝါလမ်းသွယ်(၁)သည် မြေသားလမ်းအရှည်(၁)မိုင်ခွဲ၊ ပေအားဖြင့် (၇၇၈၀)ပေ၊ လမ်းအကျယ်(၁၂)ပေခန့်ရှိပြီး မိုးတွင်းကာလ၌ ဒေသနေပြည်သူလူထုများ သွားလာရာတွင် ခက်ခဲခြင်း၊ ယာဉ်မတော်တဆမှုများ မကြာခဏဖြစ်ပွားခြင်း၊ လမ်းချော်ခြင်းများဖြစ်ပွားလျက်ရှိပါတယ်။ အဆိုပါလမ်းအား နားခိုကျေးရွာအတွင်းရှိ ကျေးရွာပေါင်း (၁၁)ရွာ၊ အိမ်ထောင်စု (၄၅၈)စု၊ လူဦးရေအားဖြင့် (၂၁၀၅)ဦးတို့နှင့် မြို့နေပြည်သူများအသုံးပြုသည့်လမ်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါနားခိုကျေးရွာနှင့် မိုင်းရယ်မြို့သို့ ဆက်သွယ်ထားသည့် မြေသားလမ်းအား ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးမည်ဆိုပါက နားခိုကျေးရွာအတွင်းရှိ

ပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှု ပိုမိုလွယ်ကူမြန်ဆန်စေမည် ဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရမှ မည်သည့်အချိန်၊ မည်သည့်ကာလမှာ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါ၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ်ကိုယ်စားလှယ် အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းခရိုင်၊ မိုင်းရယ်မြို့နယ်၊ နားခိုကျေးရွာအုပ်စုသည် ကျေးရွာ (၁၁)ရွာ၊ အိမ်ခြေ(၄၅၈)အိမ်၊ လူဦးရေ(၂၁၀၅)ဦးရှိပြီး မိုင်းရယ်မြို့နှင့် ၁/၄ မိုင် ဝေးကွာ၍ ကျေးရွာအုပ်စုသို့ ဆက်သွယ်သည့်လမ်းမှာ ကိုယ်ထူကိုယ်ထဆောင်ရွက် ထားရှိသည့် မြေသားလမ်း ဖြစ်ပါတယ်။ ၎င်းလမ်းဟာ နယ်မြေပိုင်းခြားမှုအရ ကျေးလက်ဧရိယာတွင် ပါဝင်သော်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းတွင် ပါဝင်ခြင်းမရှိသေးပါသဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောလမ်းအဖြစ်ဆောင်ရွက်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနသို့ တင်ပြဆောင်ရွက်သွားမည်ဖြစ်ပြီး လမ်းစာရင်းသိမ်းသွင်းပြီးပါက နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် အပိုင်းလိုက်၊ ဘဏ္ဍာနှစ်အလိုက် လျာထားတင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားရှင်းလင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးစိုင်းခမ်းကော်၊ မိုင်းရယ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ဆက်စပ်မေးခွန်း ထပ်ဆင့်တင်ပြပါရစေခင်ဗျား။ အဆိုပါနားခိုကျေးရွာမှ မြို့ပေါ်ဆက်သွယ်တဲ့ လမ်းဟာ မြို့နှင့်လည်း နီးကပ်နေပါတယ်။ ပြီးခဲ့သည့် အစိုးရအဖွဲ့က ဝန်ကြီးချုပ်

ဦးအောင်အောင်ရဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နောက်ဆုံး ခရီးစဥ်မှာ မိုင်းရယ်မြို့ကို ရောက်ရှိပြီး မြို့လူထုတွေ့ဆုံပွဲ ပြုလုပ်ခဲ့ပါတယ်။ ဦးအောင်အောင်သည် ဗိုလ်မှူးဘဝက မိုင်းရယ်မြို့၊ ခမရ (၃၂၅)တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ ဒါ့ကြောင့် မိုင်းရယ်ကျေးရွာအုပ်စုနှင့် နားခိုကျေးရွာနှင့်ဆက်သွယ်ထားသည့် နားခိုလမ်းကို မြေသားလမ်းမှ ကွန်ကရစ်လမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပေးပါမယ်လို့ လူထုတွေ့ဆုံပွဲတွင် ပြောသွားသည့်အတွက်ကြောင့်မလို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီလမ်းကို ဝန်ကြီးကနေတစ်ဆင့် အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်မှာ အမြန်ဆုံးနှင့် ဦးစားပေး(၁)ဆောင်ရွက်ပေးပါရန် ထပ်ဆင့်တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဟုတ်ကဲ့ပါ။ ဝန်ကြီးအနေနဲ့လည်း ပြီးခဲ့တဲ့အစိုးရလက်ထက်မှာ စီမံခဲ့တဲ့အနေအထားဖြစ်တဲ့အပေါ်မှာတော့ အတတ်နိုင်ဆုံးနှင့် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ဖို့ ညှိနှိုင်းပေးပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း(၁)နှင့် (၂)ကို တစ်ဆက်တစ်စပ်တည်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးညီညီဇော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းသွားမှာကတော့ သီပေါမြို့နယ်၊ နမ့်မော်ဆွေကျေးရွာအုပ်စုမှ မန်ကျောင်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသော ပျက်စီးနေသည့် ကျေးရွာချင်းဆက်လမ်းအား ပြန်လည်ပြုပြင်ပေးပါရန် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သီပေါမြို့နယ် နမ့်မော်ဆွေကျေးရွာအုပ်စုနှင့် မန်ကျောင်းကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့်လမ်းပိုင်းမှာ ယခုလက်ရှိတွင် ကျောက်ချောလမ်းခင်းထားပြီး ပျက်စီးယိုယွင်းနေပါသဖြင့် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ထိုလမ်းမှာ အရှည်(၁၈)မိုင်၊ အကျယ်ပေ(၃၀)ရှိပြီး ကျေးရွာပေါင်း

(၁၆)ရွာ၊ အစိုးရမူလွန်ကျောင်း (၁)ကျောင်း၊ ဘာကကျောင်း (၂)ကျောင်းရှိပါတယ်။ ခန့်မှန်းလူဦးရေမှာ (၂၀၀၀)ဦးမှ (၂၅၀၀)ကြားရှိပါတယ်။ အသက်မွေးဝမ်းကျောင်း အနေဖြင့် စပါး၊ ပြောင်း၊ ပဲပုတ်၊ မြေပဲနှင့် ရာသီပေါ်သီးနှံများစိုက်ပျိုးကြပါတယ်။ ထိုလမ်းအားပြုပြင်ပေးမည်ဆိုပါက ဒေသနေပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဆက်သွယ်ရေးတို့ကို လျင်မြန်ချောမွေ့စေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နမ့်မော်ဆွေ-မန်ကျောင်းလမ်းကို ပြုပြင်ပေးရန် လျာထားချက် ရှိ/ မရှိနှင့် မရှိပါကလည်း ဦးစားပေးအစီအစဉ်တွင် ဆောင်ရွက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌ မှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။

တစ်ဆက်တည်း ဒုတိယမေးခွန်းကိုမေးမြန်းခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယမေးခွန်းအနေဖြင့် သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လုပ်ဆောင်ပေးပါရန် ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းသွားမှာဖြစ်ပါတယ်ခင်ဗျား။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လုပ်ဆောင်ရန် နမ့်လန်ပြည်သူများမှ တောင်းဆိုထားပါတယ်ခင်ဗျား။ နမ့်လန်ကျေးရွာ အုပ်စုသည် အိမ်ခြေ (၂၇၈၇)အိမ်၊ လူဦးရေ (၂၂၆၆၃)ဦးရှိပြီး အိမ်ထောင်စု (၅၄၀၂)စု ရှိပါတယ်။ အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် ပုံစံ(၁၀) မွေးတိုးထပ်ထည့်ရန်လည်း အများအပြားရှိနေပါတယ်။ နမ့်လန်ပြည်သူများက သီပေါမြို့နှင့် မိုင်ပေါင်း (၃၇)မိုင်၊ (၂)ဖာလုံ ဝေးကွာသည့်နေရာတွင် သွားရောက် လုပ်ဆောင်ရန် အခက်အခဲများစွာရှိပါသဖြင့် သီပေါမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးရန် သီပေါမြို့နယ်ဦးစီးမှူးထံ ဆက်သွယ်ညှိနှိုင်းကြည့်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီး ဌာနမှ လုံခြုံရေးလိုအပ်ကြောင်းနှင့် သီပေါတံတားဖြတ်သန်းရန် အခက်အခဲများရှိနေ သည်ဟု သိရှိရပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ယခု ရက်(၁၀၀)စီမံကိန်းကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လျင်မြန်လွယ်ကူစွာ လုပ်ဆောင်ပေးနိုင်ပါရန် မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးစိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ သီပေါမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီဇော် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး သီပေါမြို့နယ်၊ နမ့်မော်ဆွေကျေးရွာအုပ်စုနှင့် မန်ကျောင်းကျေးရွာအုပ်စုကို ဆက်သွယ်ထားသည့်လမ်းပိုင်းသည် ရေဖြူ - ကိုးယုံး - ဝမ်ကုန်း (နမ့်မော်ဆွေ၊ ကိုးယုံးနှင့် မန်ကျောင်းအုပ်စု ၃ အုပ်စု ဆက်သွယ်ထားသည့်လမ်း) အရှည် (၁၀)မိုင်ရှိပါတယ်။ ၎င်းလမ်းပိုင်းအား နတလဦးစီးဌာန၏ ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာရေးနှစ်မှာ ဖြုန်းလမ်း (၇)မိုင်၊ ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်တွင်း ဖြုန်းလမ်း (၃)မိုင်၊ ၁၅ ပေကွန်ကရစ်တံတား (၁)စင်းနှင့် (၅)ပေ Box Culvert (၈)စင်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါတယ်။ အဆိုပါလမ်းပိုင်းအား ကတ္တရာလမ်းအဆင့်မြှင့်တင်ဆောင်ရွက်မည်ဆိုပါက ကျောက်လမ်းဦးစွာဆောင်ရွက်ရမည်ဖြစ်သောကြောင့် နီးစပ်ရာရန်ပုံငွေနှင့် ပြည်ထောင်စု / ပြည်နယ်ဆောင်ရွက်နိုင်ရေးအတွက် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ဒုတိယမေးခွန်းအား ဆက်လက်ဖြေကြားသွားမှာဖြစ်ပါတယ်။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုမှာရှိသည့် ဒေသခံပြည်သူများ၏ အသက် (၁၀) နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းနေထိုင်သူများကို ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများမှတ်ပုံတင်ရေးအက်ဥပဒေ၊ ၁၉၅၁ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အတွင်းနေထိုင်သူများ မှတ်ပုံတင်ရေးနည်းဥပဒေ၊ ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသား ဥပဒေတို့နှင့်အညီ အိမ်ထောင်စု လူဦးရေစာရင်း ဆောင်ရွက်ပေးခြင်းနှင့် နိုင်ငံသား/ ဧည့်နိုင်ငံသား/ နိုင်ငံသား ပြုခွင့်ရသူ ဟုတ်/မဟုတ် ဥပဒေနှင့်အညီစိစစ်၍ ကိုင်ဆောင်သင့်သည့်ကတ်တစ်မျိုးမျိုး ထုတ်ပေးခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း

ထုတ်ပေးခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးမှူးရုံးများတွင် သာမက တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်ပေးခဲ့ပြီး မိုးပွင့်စီမံချက်အဆင့် (၁ မှ ၇) ထိ၊ အထူးမိုးပွင့် စီမံချက်အဆင့် (၁ မှ ၂)အထိ၊ သစ္စာစီမံချက်၊ ပန်းခင်းစီမံချက်အဆင့် (၁ မှ ၃) အထိ တို့ဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စုများသို့ အကြိမ်ကြိမ်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၂၃ ခုနှစ် အကြမ်းဖက်ဖြစ်စဉ်များကြောင့် သီပေါမြို့နယ်ဦးစီးမှူးရုံးကို တောင်ကြီးမြို့၊ ဆရာဝန်များအသင်းခန်းမသို့ ပြောင်းရွှေ့ပြီး ယာယီရုံးခွဲဖွင့်လှစ်၍ စစ်ရှောင်ပြည်သူများကို နိုင်ငံသားလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သီပေါမြို့နယ်အား သောင်းကျန်းသူအဖွဲ့အစည်းထံမှပြန်လည်ရရှိပြီး လုံခြုံရေး အခြေအနေကောင်းမွန်လာသဖြင့် ၂၁- ၁၀- ၂၀၂၅ ရက်နေ့မှာ မူလဒေသ၌ မြို့နယ်ရုံး ပြန်လည်ဖွင့်လှစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အသက်(၁၀)နှစ်ပြည့် (၉၆၆)ဦး၊ အသက်(၁၈) နှစ်ပြည့် (၂၁၂၄)ဦး၊ လဲလှယ်(၁၆၀၁)ဦး၊ ပျောက်ဆုံး/ ပျက်စီး မိတ္တူ (၁၁၇၉)ဦး၊ အိမ်ထောင်စုလူဦးရေစာရင်း ဆောင်ရွက်ပေးမှုအနေဖြင့် ပြောင်းဝင် (၂၂၈)ဦး၊ ပြောင်းထွက် (၄၄၅)ဦး၊ မွေးဖွား (၂၁၄)ဦး၊ သေဆုံး (၁၁၆)ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပါတယ်။

နိုင်ငံတော်သမ္မတရဲ့ လမ်းညွှန်ချက်အရ ရက်(၁၀၀)လမင်းစီမံချက်ကာလအတွင်း ဝန်ကြီးဌာနအနေဖြင့် အသက်(၁၈)နှစ်ပြည့်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ် မရသေးသူများကို ၂၀ -၄ - ၂၀၂၆ ရက်နေ့မှ ၃၁-၇-၂၀၂၆ ရက်နေ့အထိ မြို့နယ်ဦးစီးမှူးရုံးများမှာ ဆောင်ရွက်ပေးလျက်ရှိပြီး အသက်(၁၀)နှစ်ပြည့် ကျောင်းသား/ကျောင်းသူများကိုလည်း ပညာရေးဝန်ကြီး ဌာနနှင့် ညှိနှိုင်းပြီး အခြေခံပညာအလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း များမှာ ကျောင်းစတင်ဖွင့်လှစ်တဲ့ ၁-၆- ၂၀၂၆ ရက်နေ့မှစတင်ပြီး ၃၁ - ၇ - ၂၀၂၆ ရက်နေ့အထိ မြေပြင်ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID ကတ်များကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ရက်(၁၀၀) လမင်းစီမံချက်ပြီးဆုံး သော်လည်း ကာလတို တိုးမြှင့်သတ်မှတ်ပြီး ပြီးဆုံးအောင်ကျန်တာများကို ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ရက်(၁၀၀) လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးလျက်ရှိရာ သီပေါမြို့နယ်တွင် စီမံချက်စတင်သည့် ၁- ၄- ၂၀၂၆ ရက်နေ့မှစ၍ ၃၁- ၅- ၂၀၂၆ ရက်နေ့အထိ နိုင်ငံသားစိစစ်ရေးကတ်ပြား အသက်(၁၀) နှစ်ပြည့် (၃၀၄) ဦး၊ အသက်(၁၈)နှစ်ပြည့်(၉၅) ဦး၊ လဲလှယ်(၆၆၃)ဦး၊ မိတ္တူ(၂၁၆)ဦး စုစုပေါင်း(၁၂၇၈) ဦးအား ဆောင်ရွက်ပေးခဲ့ပါတယ်။ သီပေါမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုအချို့မှာ လုံခြုံရေးအခြေအနေအရ ကန့်သတ်ချက်များရှိပါကြောင်း၊ နမ့်လန်ကျေးရွာအုပ်စုသည် သီပေါမြို့နှင့် မိုင်(၂၃)မိုင်ကွာဝေးတဲ့အတွက် သီပေါတံတားမှာလည်း ယာယီပိတ်ထားသဖြင့် နမ့်လန်ကျေးရွာသို့ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှတစ်ဆင့် ဆောင်ရွက်လိုတဲ့ ပြည်သူများကို မြို့နယ်ရုံးများသို့စုစည်း၍ လာရောက်ပါက နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်း၊ မွေးတိုး/ သေဆုံး၊ ပြောင်းဝင်/ ပြောင်းထွက်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ဥပဒေအရ အကျုံးဝင်တဲ့ နိုင်ငံသားအမှုတွဲများ ပြီးပြည့်စုံပါက အမြန်ရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စုရှိ အသက် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ရန်ကျန် ဒေသခံပြည်သူများကို လမင်းစီမံချက်ဖြင့် ရက်(၁၀၀)ကာလအတွင်း သီပေါမြို့နယ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းတင်ပြအပ်ပါတယ်။ ပြည်နယ်အနေနဲ့လည်း ပြည်ထောင်စုကို ထပ်မံတင်ပြထားပါတယ်။ နမ့်လန်ကျေးရွာမှာ လာရောက်လုပ်ပေးနိုင်ရေး ပြည်နယ်မှူးအနေနဲ့ နေပြည်တော်ကို ခရီးတစ်ခုနဲ့ သွားတဲ့အချိန်မှာတစ်ခါတည်း ပြည်ထောင်စုဝန်ကြီးထံ ခွင့်တောင်းပြီး ဆောင်ရွက်လို့ရပါက ပြည်နယ်အနေနဲ့ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။

# ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၆)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ဒုတိယနေ့) ၁၀.၆.၂၀၂၆ ရက်နေ့မှာ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီးတော့ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းပေးပို့လာခြင်းမရှိတဲ့အတွက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးညွန့်ဝင်း | မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးခွန်ကြည် | တောင်ကြီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဒေါ်နန်းအက်(စ်)ကီးမိုး | လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဒေါ်မေနှင်းသက် | မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဦးသန်းထိုက်ဇော် | ကျောက်မဲမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုးကမ္ဘာစိတ် | မိုင်းမောမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၇) | ဒေါ်စိုးစိုးငြိမ်း | မန်တုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဗိုလ်မှူး ဇော်ဝင်းဦး | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူး ဒေါ်ခင်သန္တာအုန်းသိန်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ကြီး သော်ဇင်ဝင်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်းကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေး ကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ၁၀- ၆- ၂၀၂၆ ရက်နေ့မှာ တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေး ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်းမရှိတဲ့အတွက် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေး နှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာဖြစ်ပါတယ်-

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်** | **တာဝန်** |
|---|---|---|---|
| (၁) | ဦးစိုင်းကျော်မိုး | မိုင်းပန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးသန်းစိုး | နမ့်ခမ်းမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဦးခွန်သက်နိုင် | လွိုင်လင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးနိုင်ဝင်းအောင် | လွိုင်လင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဒေါ်ဝါဝါထွေး | နမ့်စန်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဒေါ်နန်းသီတာနွယ် | ကျေးသီးမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးကျော်စွာဝင်း(ခ)<br>Mအောင်ဂျာ | မူဆယ်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးညီညီဇော် | သီပေါမြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဦးစိုင်းဝင်းမြင့် | ပန်ဝိုင်မြို့နယ်<br>ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၁၀) | ဒုတိယဗိုလ်မှူးကြီး<br>ညီညီတင် | တပ်မတော်သား<br>လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၁၁) | ဗိုလ်မှူးကျော်သူဝင်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၂) | ဗိုလ်မှူး အောင်သူရ | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၃) | ဗိုလ်မှူးအောင်ကိုကို | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် တို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့တင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီမှ ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်များ၊ ယင်းကော်မတီ၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အောက်ပါပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန်လျာထားပါကြောင်း လွှတ်တော်ကို တင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းဟွမ်နွဲ့ | ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးဇော်လွင် | နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဒေါ်နန်းမှတ်နွမ်း | မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းဟောင်ခမ်း | မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဦးအိုက်ပလိပ် | ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးမောင်မောင် | ကွမ်းလုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးသီဟလှိုင် | သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးခမ်းလူ | မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူး ဒေါ်ဝေနှင်းအောင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ကြီး ဒေါ်ဖြိုးသဇင်ကျော် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းဟွမ်နွဲ့၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) တို့ဖြစ်ကြောင်း တင်ပြပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ လွှတ်တော်သို့ လာရောက်ဖြေကြားပေးပါသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ရှေ့နေချုပ်နှင့်တကွ လာရောက်လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းမြေ့ပါစေကြောင်း ကျွန်တော့်အနေနဲ့ ဆုတောင်းမေတ္တာ ဂါရဝပြုတင်ပြအပ်ပါတယ်။ ယနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြသွားမှာဖြစ်ပါတယ်။

### ကော်မတီ၏သက်တမ်း

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်းတစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုးတာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီသည် ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍ၊ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆည်မြောင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) စိုက်ပျိုးရေးကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) တောင်သူလယ်သမားများအတွက် အကျိုးစီးပွားမြှင့်တင်နိုင်ရေးကို ဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကူညီဆောင်ရွက်သွားရန်နှင့် တောင်သူလယ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်ရန် ဥပဒေများ၊ နည်းဥပဒေများကို ခေတ်နှင့်လျော်ညီစွာ ဖြစ်စေနိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ပေါင်းစပ်ညှိနှိုင်း၍ ပြင်ဆင်၊ ဖြည့်စွက်၊ အကြံပြုရမည်။

(၂) ရှမ်းပြည်နယ်၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်မြေရိုင်းများ၊ ပျက်စီးနေသောတောများတွင် စိုက်ခင်းများ ထူထောင်ခြင်းနှင့် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော သဘာဝမြေဩဇာများကို စိုက်ပျိုးသူများ သုံးစွဲနိုင်စေရန် အားပေးကူညီရမည်။ ပြည်နယ်မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်။

(၃) တောင်သူလယ်သမားများအတွက် ဥပဒေနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ရရှိရေးလျှောက်ထားရာတွင် ကူညီဆောင်ရွက်ပေးရမည်။

(၄) လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုပြဿနာများကို ဖြေရှင်းဆောင်ရွက်ပေးရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီဆောင်ရွက်ပေးရမည်။

(၅) ပြည်သူများဘေးအန္တရာယ်ကင်းစွာ စားသုံးနိုင်စေရေးအတွက် သဘာဝသြဂဲနစ် စိုက်ပျိုးရေးထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်စေရန်နှင့် သဘာဝပတ်ဝန်းကျင်ပျက်စီးစေခြင်းမှ ကာကွယ်နိုင်ရန် အကြံပြုဆောင်ရွက်ရမည်။

(၆) စိုက်ပျိုးမြေများကို အခြားနည်းအသုံးပြုခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် စိစစ်လေ့လာတင်ပြရမည်။

(၇) လယ်ယာထွက်ကုန်သီးနှံများ အရည်အသွေးကောင်းမွန် မြင့်မားရေးအတွက် မျိုးကောင်းမျိုးသန့်နှင့် နည်းပညာရရှိရေးကို ကူညီဆောင်ရွက်ပေးပြီး လယ်ယာထွက်ကုန်များဖြစ်သည့် ကောက်ပဲသီးနှံများကို သင့်တင့်မျှတသည့် ဈေးနှုန်းရရှိရေးအတွက် ကူညီဆောင်ရွက်ပေးရမည်။

(၈) တောင်သူလယ်သမားများအတွက်စိုက်ပျိုးစရိတ်ချေးငွေ လုံလောက်စွာရရှိရေး၊ လယ်ယာထွက်ကုန် ရောင်းချမှုအပေါ် အကျိုးအမြတ်လုံလောက်စွာရရှိရေးကို ကူညီဆောင်ရွက်ပေးရ မည်။

(၉) လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးရမည်။

(ခ) မွေးမြူရေးကဏ္ဍနှင့် စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ ခေတ်မီမွေးမြူရေးနည်းပညာများ ရရှိရေးတို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးရမည်။

(၂) မွေးမြူရေးလုပ်ငန်းများကြောင့် ကူးစက်ရောဂါများ မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ခြင်း၊ ဖြစ်ပွားသည့်အခါ

စနစ်တကျ တုံ့ပြန်ထိန်းချုပ်ခြင်းတို့ ဆောင်ရွက်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ စနစ်တကျအကောင်အထည်ဖော်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်။

(၃) တိရစ္ဆာန်မွေးမြူရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်စေရန်၊ စားကျက်မြေများကို ထိန်းသိမ်း စောင့်ရှောက်ရန်နှင့် မွေးမြူထုတ်လုပ်မှု အမျိုးအစား နှင့် ဇီဝလုံခြုံမှု စံနှုန်းများသတ်မှတ်၍ ကျင့်သုံးလိုက်နာ မွေးမြူ စေရေး စစ်ဆေးကြပ်မတ်ရမည်။

(ဂ) ဆည်မြောင်းကဏ္ဍနှင့်စပ်လျဉ်း၍အောက်ဖော်ပြပါအတိုင်းဆောင်ရွက် ရမည်-

(၁) စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန် အတွက် ဆည်မြောင်းတည်ဆောက်ခြင်းလုပ်ငန်းများ အကောင် အထည်ဖော်ဆောင်ရွက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန် အတွက် စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းကူညီဆောင်ရွက်ရမည်။

(၂) ဆည်မြောင်းများ သဘာဝဘေးအန္တရာယ်ကျရောက်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ကျရောက်လာပါက ပျက်စီးဆုံးရှုံးမှု နည်းပါးစေရေးအတွက် အရေးပေါ်လုပ်ငန်းများကို သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများ၊ ပြည်သူများနှင့်အတူပူးပေါင်း ကူညီဆောင်ရွက်ရမည်။

(ဃ) လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌမှပေးအပ်သော အခြားတာဝန်များကို ဆောင်ရွက်ရမည်။

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦး ပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုသော်လည်းကောင်း၊ ကော်မတီကဆွေးနွေးသော ဆွေးနွေးချက် များကိုသော်လည်းကောင်း၊ ပြင်ပသို့ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီ

အစည်းအဝေး မှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်း မပြုရ။ ပြည်နယ်လွှတ်တော်သို့ ပေးပို့သောအစီရင်ခံစာမိတ္တူကို အစည်းအဝေး မှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အပိုဒ်(၂)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့်နေရာဒေသများသို့ သွားရောက် စစ်ဆေးနိုင်သည်။

(ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအားဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

(ဂ) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ဃ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

(င) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(စ) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုး အကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့် ရှိသည်။

**ကော်မတီ၏ရပိုင်ခွင့်**

၅။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်ရုံးတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင်လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်ကသတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

(ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာအဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဖွဲ့စည်းရန် လျာထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်စပ်လျဉ်းပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်(သောကြာနေ့)မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ညနေ(၄)နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

**ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ရှမ်းပြည်နယ်လွှတ်တော်အတွက် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့်အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ တင်ပြခြင်း။**

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၀) ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂ အရ သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်များ၊ ယင်းကော်မတီ၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို အောက်ပါ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်(၁၀)ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ရန် လျာထားပါကြောင်း လွှတ်တော်သို့ တင်ပြပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | ရာထူး |
|---|---|---|---|
| (၁) | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းဆိုင်မွန်း | တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးမင်းထွန်းအောင် | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးခွန်ညီမောင် | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းခစ်နွဲ့ | မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (၆) | ဦးစိုင်းဘွန်းစီ | မိုင်းယောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၇) | ဦးကျော်သိန်းအောင် | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဗိုလ်မှူးကျော်စိုးလင်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူး အောင်အောင်မျိုး | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ကြီးကျော်ဝင်းလှိုင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ဖြစ်ကြပြီး သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ဦးစိုင်းခတ္တိယ၊ မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁)နှင့် အတွင်းရေးမှူးအဖြစ် ဒေါ်နန်းဆိုင်မွန်း၊ တန့်ယန်းမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)တို့ဖြစ်ကြောင်း တင်ပြပါတယ်။

## သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၁) ဖြစ်ပါတယ်။ သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်းပြီး ဖတ်ကြားရှင်းလင်းပေးပါရန် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌအား ဖိတ်ခေါ်ပါတယ်။

**ဒုတိယဥက္ကဋ္ဌ။** ကျွန်တော်က ဆက်လက်ပြီး ကနေ့နောက်ဆုံးဖွဲ့စည်းတဲ့ ကော်မတီဖြစ်တဲ့ သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း

ကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီရဲ့ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်နှင့် ရပိုင်ခွင့်များကို လွှတ်တော်သို့ တင်ပြသွားမှာ ဖြစ်ပါတယ်။

**ကော်မတီ၏သက်တမ်း**

၁။ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဝင်များ၏ သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါ ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်နိုင်သည်။

**ကော်မတီ၏တာဝန်**

၂။ ကော်မတီသည် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) သစ်တောကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) သစ်တောများ ထိန်းသိမ်းကာကွယ်နိုင်ရေးအတွက် မူဝါဒများကို လေ့လာသုံးသပ်စိစစ်ရမည်။

(၂) သဘာဝပတ်ဝန်းကျင်ပျက်စီးမှု ဖြစ်ပေါ်စေရေးအတွက် တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်ထုတ်လုပ်မှုများကို စောင့်ကြည့်ရမည်။ မြေဆီလွှာထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(၃) ရေ၊ မြေ၊ တော၊ တောင်၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝပေါက်ပင်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ကူညီဆောင်ရွက်ရမည်။

(၄) နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်တောကဏ္ဍ၏ အရေးပါမှုကို ပြည်သူများနားလည်သဘောပေါက်ပြီး သစ်တောများ ပြုန်းတီးမှုမဖြစ်အောင် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်နိုင်ရေး၊ သစ်တောများပြန်လည်ထူထောင်ရေး

အတွက် သစ်ပင်စိုက်ပျိုးခြင်းတို့အတွက် ပညာပေး၊ စည်းရုံး ဆောင်ရွက်သွားရမည်။

(ခ) သတ္တုနှင့် သယံဇာတကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) သတ္တုနှင့် သဘာဝသယံဇာတပစ္စည်းများကို စနစ်တကျထုတ်ယူ သုံးစွဲနိုင်ရေး အားပေးကူညီရမည်။

(၂) သတ္တုတူးဖော်ခြင်းလုပ်ငန်းများနှင့်ပတ်သက်ပြီး ဥပဒေနှင့် ညီညွတ်မှု ရှိ/ မရှိ စောင့်ကြည့်ရမည်။

(၃) သတ္တုနှင့် သယံဇာတထုတ်ယူမှုကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု လျော့နည်းစေရန် အကြံပြုခြင်း၊ ဒေသခံပြည်သူများ၏ အကျိုးစီးပွားကို ထိန်းသိမ်းကာကွယ်ပေးခြင်းတို့ကို ဆောင်ရွက် ရမည်။

(ဂ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍနှင့်စပ်လျဉ်း၍ အောက်ဖော် ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာမူဝါဒနှင့် လုပ်ငန်းစဉ်များ အား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်ရေး သက်ဆိုင်ရာ ဌာန/ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ရမည်။

(၂) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် မြှင့်တင်ရေးတို့အတွက် လည်းကောင်း၊ ပတ်ဝန်းကျင်တွင် ညစ်ညမ်းမှု မဖြစ်စေရန် ကာကွယ်ရေး၊ ထိန်းချုပ်ရေးနှင့် လျော့နည်းပပျောက်ရေးတို့ အတွက်လည်းကောင်း အစီအစဉ်များ ချမှတ်ရာတွင် ကူညီ ဆောင်ရွက်ပေးရမည်။

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိအမြင်ပြန့်ပွားရေး အတွက် ပညာပေးအစီအစဉ်များကို အများပြည်သူတို့သိရှိပြီး

ပူးပေါင်းပါဝင်မှု ပိုမိုတိုးတက်လာစေရေးအတွက် ဆောင်ရွက်ရမည်။

(၄) သက်ဆိုင်ရာ အစိုးရဌာနများ၊ အဖွဲ့အစည်းများသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ သင့်လျော်သည့် အကြံပြုချက်များနှင့် တိုက်တွန်းချက်များ ပေးပို့နိုင်ရေး ဆောင်ရွက်ရမည်။

(၅) နိုင်ငံတော်၏ သယံဇာတအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းရန်၊ ထုတ်ယူသုံးစွဲရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းစဉ်များကို ဟန်ချက်ညီညီ သဟဇာတရှိရှိ ဖြစ်စေရေး စောင့်ကြည့်လေ့လာ ဆောင်ရွက်ရမည်။

(၆) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လေ့လာစိစစ်၍ ပြင်ဆင်ရန် လိုအပ်သည်များကို အကြံပြုတင်ပြနိုင်ရေး ဆောင်ရွက်ရမည်။

(၇) သတ္တုတူးဖော်ခြင်းလုပ်ငန်း၊ စက်မှုလုပ်ငန်းနှင့် အခြားလုပ်ငန်းများမှ ဖြစ်ပေါ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများ မဖြစ်ပေါ်စေရေးအတွက် လိုအပ်သည့် အကြံပြုချက်များ ပေးရမည်။

(၈) နှစ်စဉ် ဇန်နဝါရီလမှ မေလအတွင်း တောင်ယာများ မီးရှို့ခြင်း၊ တောမီးရှို့ခြင်းတို့ကြောင့် မြူခိုးမြူငွေ့များ ထူထပ်စွာဖြစ်ပွားလျက်ရှိသဖြင့် တောင်ယာနှင့် တောမီးရှို့မှု မပြုလုပ်စေရေးအတွက် ပညာပေးစည်းရုံးဆောင်ရွက်နိုင်ရေး အကြံပြုတင်ပြဆောင်ရွက်ရမည်။

(ဃ) ကော်မတီသည် လျှပ်စစ်ရေးရာနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ရမည်-

(၁) နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့်အညီ လျှပ်စစ်ဆိုင်ရာကိစ္စရပ်များကို စနစ်တကျသုံးစွဲခြင်းဖြင့် လျှပ်စစ်ဓာတ်အား ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ရမည်။

(၂) လျှပ်စစ်ဓာတ်အားသုံးစွဲသူများသည် စံချိန်စံညွှန်းနှင့် ကိုက်ညီသော ဗို့အားနှင့် ကြိမ်နှုန်းရှိသည့်လျှပ်စစ်ဓာတ်အားကို အသုံးပြုခွင့်ရရှိစေရန်နှင့် စံချိန်စံညွှန်း မကိုက်ညီသော လျှပ်စစ်ဓာတ်အားကြောင့် သုံးစွဲသူများ၏ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးရခြင်းမှ အကာအကွယ်ပေးနိုင်ရေး ကူညီဆောင်ရွက်ရမည်။

( ၃) လျှပ်စစ်ဓာတ်အားစနစ်ဖွံ့ဖြိုးမှု စီမံရေးဆောင်ရွက်ရာတွင် ကျေးလက်ဒေသ မီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်သည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရမည်။

၃။ ကော်မတီအစည်းအဝေးတွင် ကော်မတီဝင်တစ်ဦးပြောဆိုသော သို့မဟုတ် ပြုလုပ်သောကိစ္စကိုလည်းကောင်း၊ ကော်မတီက ဆွေးနွေးသော ဆွေးနွေးချက်များကိုလည်းကောင်း ပြင်ပသို့ ပေါက်ကြားခြင်း မရှိစေရ။ ကော်မတီအစည်းအဝေးမှတ်တမ်းတွင် ဆွေးနွေးချက်အားလုံးကို အသေးစိတ်မှတ်တမ်းတင်၍ ကော်မတီက အတည်ပြုထားရမည်။ ယင်းအစည်းအဝေးမှတ်တမ်းကို ဖြန့်ဝေခြင်းမပြုရ။ ပြည်နယ်လွှတ်တော်သို့ပေးပို့သော အစီရင်ခံစာမိတ္တူကို အစည်းအဝေးမှတ်တမ်းများနှင့်အတူ ပူးတွဲ၍ အမှုတွဲအဖြစ် တစ်ပေါင်းတည်း ထိန်းသိမ်းထားနိုင်ရန် လွှတ်တော်သို့ ပေးပို့ရမည်။

**ကော်မတီ၏ လုပ်ပိုင်ခွင့်**

၄။ ကော်မတီ၏ လုပ်ပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အပိုဒ်(၂)ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် နေရာဒေသများသို့ သွားရောက် စစ်ဆေးနိုင်သည်။ ကျွန်တော် ထပ်ပြောမယ်။ လိုအပ်သည့် နေရာများသို့ သွားရောက်စစ်ဆေးနိုင်သည်။

( ခ) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဖြေကြားနိုင်သည့် တာဝန်ရှိ ပုဂ္ဂိုလ်များအား ဖိတ်ကြား၍ မေးမြန်းဆွေးနွေးနိုင်သည်။

( ဂ) ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၆၅ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

(ဃ) ကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းနှင့်စပ်လျဉ်း၍ ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၆ ပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။

( င) ကော်မတီအဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်လျှင် လွတ်လပ်စွာ ပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

( စ) ကော်မတီအဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုရန် ခိုင်လုံသော အကျိုး အကြောင်းဖော်ပြလျက် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြနိုင်ခွင့်ရှိ သည်။

**ကော်မတီ၏ ရပိုင်ခွင့်**

၅။ ကော်မတီ၏ ရပိုင်ခွင့်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီလုပ်ငန်းတာဝန်များကို ဆောင်ရွက် ရန်ဖြစ်စေ၊ အစည်းအဝေးတက်ရောက်ရန်ဖြစ်စေ၊ ပြည်နယ်လွှတ်တော် ရုံးတွင် ရောက်ရှိနေစဉ်၌လည်းကောင်း၊ တာဝန်အရ ခရီးသွားရာတွင် လည်းကောင်း၊ ယင်းတို့နှင့်သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များ ဆိုင်ရာဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

( ခ) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

( ဂ) ကော်မတီအစည်းအဝေးများ တက်ရောက်နေစဉ်အတွင်း သက်ဆိုင်ရာ အဖွဲ့၏ အကြီးအမှူးမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက် မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

(ဃ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဖွဲ့စည်းရန် လျာထားသော သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီဝင်များ၏ အမည်စာရင်း၊ ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်စပ်လျဉ်းပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်( သောကြာနေ့) မှာ ဆွေးနွေးနိုင်ပါတယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဒီကနေ့ အစည်းအဝေးရပ်နားတဲ့အခါ ညနေ(၄) နာရီ နောက်ဆုံးထားပြီး ပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးသွင်းဖို့ ဖြစ်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (တတိယနေ့) ရပ်နားကြောင်းနှင့် အစည်းအဝေး(စတုတ္ထနေ့) ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို ရပ်နားပါမယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက် (သောကြာနေ့) နံနက်(၁၀)နာရီအချိန်မှာ ဆက်လက်ကျင်းပသွားမှာဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကို နေ့လယ် ၁၂:၃၀ အချိန်တွင် ရပ်နားပါသည်။)**

# ရှမ်းပြည်နယ်

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး

## (စတုတ္ထနေ့)မှတ်တမ်း

## ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

## ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၂ ရက်

## [ သောကြာနေ့ ]

တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးခန်းမ၌ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်ကို နံနက်(၁၀) နာရီအချိန်တွင် စတင်ကျင်းပပါသည်။

ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဦးလှမျိုး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ရှမ်းပြည်နယ်လွှတ်တော်ရုံးကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ဦးဟန်သူထွန်း၊ ဦးစီးအရာရှိကလည်းကောင်း ဆောင်ရွက်ပါသည်။

## တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်

## ဒုတိယပုံမှန်အစည်းအဝေး စတင်ကျင်းပခြင်း။

**အခမ်းအနားမှူး။** အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မကြာမီအချိန်အတွင်း တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)အား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကိုယ်စားလှယ်တော်များ သတ်မှတ်ထားသောနေရာများတွင် နေရာယူပေးကြပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**(ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည် သတ်မှတ်ထားသော စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။)**

အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်နယ်လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၂) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)မှာ လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိသည့်အနက် ဒီကနေ့အစည်းအဝေးကို (၁၂၁)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးကို တက်ရောက်ခွင့်ရှိသော လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏ (၉၁.၆၇) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၀၊ ပုဒ်မခွဲ(ခ)နှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနှင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဂ)အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်အစည်းအဝေး (စတုတ္ထနေ့)အစီအစဉ်ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၃) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ (ခ)အရ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေထားသော အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီက ခွင့်ပန်ကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၄) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ(က)အရ ယနေ့အစည်းအဝေး မတက်ရောက်နိုင်တဲ့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအတွက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီမှ ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ယခု ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဦးခင်အောင်ဆွေ၊ နမ့်စန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်သို့ လာရောက်လေ့လာနေသူများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။

ယနေ့ ကျင်းပပြုလုပ်တဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) ၁၂-၆-၂၀၂၆ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များကိုယ်စား လားရှိုးမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ကျွန်တော် ဦးခင်အောင်ဆွေမှ ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှာ-

(၁) ဦးစိုင်းထိန်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ကိုယ်တိုင်ဆောင်ရွက်ရန် အတွက် ခွင့်(၁)ရက်။

(၂) ဦးစိုင်းဝမ်းလှိုင်းတစ်ပ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၃) ဦးကိန်မိုင်၊ ကချင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၄) ဒေါ်အေးချိုစိန်၊ ကယန်း(ခ)ပဒေါင် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး က ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၅) ဒေါ်ခင်ထွေးအောင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၆) ဦးဝီလ်ဆင်မိုး၊ လားဟူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၇) ဒေါ်ငွေလှိုင်၊ လီဆူ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၈) ဦးထွန်းအောင်၊ အာခါ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင် ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

(၉) ဒေါ်တင်တင်ရီ၊ အင်းသား တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ကိုယ်တိုင်ဆောင်ရွက်ရန်အတွက် ခွင့်(၁)ရက်။

ယခင်က ခွင့်ပန်ကြားထားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၂)ဦးရှိပြီး ယနေ့ ခွင့်ပန်ကြားသူ (၉)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန် ကြားသူ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၉)ဦးအား ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှမ်းပြည်နယ် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ခွင့်ပန်ကြားချက်အားလုံးကို ခွင့်ပြုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး **(စတုတ္ထနေ့)**ကို တက်ရောက်

ခွင့်ရှိတဲ့ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ ( ၁၃၂ )ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ( ၂ )ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၉)ဦး ဖြစ်ပါတယ်။ စုစုပေါင်းခွင့်ပြုထားသူ(၁၁)ဦးရှိပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို ပြည်နယ်လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး **(စတုတ္ထနေ့)**သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်ကသဘောတူပါသည်။)**

ပြည်နယ်လွှတ်တော်က သဘောတူတဲ့အတွက် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်း တင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၅) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်နယ်လွှတ်တော်သို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို မေးမြန်းခြင်းနှင့်ဖြေကြားခြင်း အစီအစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ယခုလွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးက မေးမြန်းတဲ့မေးခွန်းများကို သက်ဆိုင်ရာ ပြည်နယ်အဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားသွားဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း(၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူဧည့်သည်

တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ် မဲဆန္ဒနယ်ကိုယ်စားလှယ်အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာ ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမဲ့ မေးခွန်းနံပါတ်(၁)ကတော့ နမ့်တုံချောင်း မူလချောင်းဟောင်းအတိုင်း ပြန်လည်စီးဆင်းနိုင်ရေးဆိုတဲ့ မေးခွန်းပဲဖြစ်ပါတယ်။

ကျွန်တော်တို့ မိုင်းတုံချောင်းဟာ မိုင်းတုံ - မိုင်းဆတ် (၆)မိုင်ကနေစပြီးတော့ ချောင်း(၅)ချောင်းပေါင်းပြီး စီးဆင်းလာတဲ့ နမ့်တုံချောင်းရယ်လို့ ဖြစ်ပေါ်လာပါတယ်။ ကျွန်တော်တို့ မိုင်းတုံမြို့ဟာဆိုရင် မိုင်းတုံချောင်း (အရှေ့)ဘက် ချောင်းတစ်လျှောက်မှာ နေထိုင်ကြပါတယ်။ ချောင်း(အနောက်)ဘက်မှာကတော့ လယ်ယာတွေဖြစ်ပါတယ်။ ကျွန်တော်တို့ နမ့်တုံချောင်းဟာ မိုးရာသီမှာ အဟုန်ပြင်းစွာ ရေစီးဆင်းပြီးတော့ နောင်ပါရင်ရပ်ကွက်ကို ဖြတ်ပြီးတော့ မိုင်းတုံ - ပန်ဆန်းလမ်းဆုံမှာရှိတဲ့ နမ့်ဟောင်ချယ် ဆည်ရေရောက်တဲ့အချိန်မှာ ရေစီးကတန့်ပြီးတော့ လူနေရပ်ကွက်တွေမှာ ဝင်ရောက်ခြင်းကို ကျွန်တော်တို့နှစ်တိုင်း ခံစားနေရပါတယ်။ အဲ့ရပ်ကွက် နှစ်တိုင်းရေကြီးရေလျှံမှုကို ခံစားနေရတဲ့အတွက်ကြောင့်မို့ နမ့်တုံချောင်း မူလချောင်းအတိုင်း ပြန်လည်စီးဆင်းမှု ရှိအောင် ပြန်လည်ပြုပြင်ဖို့အတွက်ဆို ကျွန်တော်မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ချောင်း(အရှေ့)ဘက်မှာဆိုရင် လူနေရပ်ကွက်ကို တိုက်စားပြီးတော့ ချောင်း(အနောက်)ဘက်မှာ လယ်ယာကေများစွာကို တိုက်စားခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ နောင်ပါရင် ရပ်ကွက်ဆိုရင် အိမ်ခြေပေါင်း (၁၈၉)အိမ် နေထိုင်လျက်ရှိပါတယ်။ လယ်ကေပေါင်း (၁၃၈)ကေ၊ ပြန်လည်ပြုပြင်ပြီးလယ်ကေ(၆၀) ရေတိုက်စားပြီး ပျက်စီးသွားတဲ့လယ် (၁၅)ကေရှိပါတယ်။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၂၄ - ၂၀၂၅ ခုနှစ်မှာဖြစ်ပေါ်ခဲ့တဲ့ ရာဂီမုန်တိုင်းအရှိန်ကြောင့် ချောင်းတစ်လျှောက် သဲနုန်းဖုံးလွှမ်းခြင်း၊ ချောင်းလမ်းကြောင်း ပြောင်းလဲပြီး လူနေအိမ်ရပ်ကွက် ရေတိုက်စားခြင်း၊ လယ်ယာမြေ ရေတိုက်စားခြင်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် နောင်ပါရင်ရပ်ကွက်နေ ပြည်သူများနှင့်ပျက်စီးဆုံးရှုံးသွားတဲ့ လယ်သမားများရဲ့ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို (၁၂.၅.၂၀၂၆)ရက်နေ့ ရှမ်းပြည်နယ်ဝန်ကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်ဝန်ကြီးများ မြေပြင်ကွင်းဆင်းလာသည့်အချိန် ဝန်ကြီးချုပ်အား တင်ပြတောင်းဆိုခဲ့ပြီးဖြစ်ပါတယ်။ ဝန်ကြီးချုပ်ကလည်း ကုန်ကျစရိတ်ကို အမြန်တွက်ချက်တင်ပေးရန်နှင့် မိုးဦးမကျမီ အမြန်ဆောင်ရွက်ရန် မှာကြားခဲ့ပြီး မိုင်းဆတ်ဆည်မြောင်းဦးစီးဌာန၏ တွက်ချက်မှုကိုလည်း လုပ်ထုံးလုပ်နည်းဖြင့် တင်ပြပြီးဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းခွင့်ပြုပါခင်ဗျား။ မိုင်းတုံမြို့နယ်၊ လွယ်ခမ်းလုံကျေးရွာအုပ်စု၊ ပန်ပြတ်ရွာတွင်းလမ်းဖြစ်ပါတယ်။ မိုင်းတုံမြို့ရဲ့ မြေပြင်အနေအထားအရ ပန်ပြတ်ရွာတစ်ရွာတည်းကို ၃ နေရာခွဲပြီး ရွာတည်ထားတာကို တွေ့ရှိရပါတယ်။ ပန်ပြတ်အောက်ရွာ၊ ပန်ပြတ်အလယ်ရွာ၊ ပန်ပြတ်အပေါ်ရွာဆိုပြီး ရှိပါတယ်။ ကျွန်တော်မေးမဲ့မေးခွန်းကတော့ ပန်ပြတ်အထက်ရွာတွင်းလမ်းဖြစ်ပါတယ်ခင်ဗျား။ ပန်ပြတ်အထက်ရွာမှာဆိုရင်တော့ မိုင်းတုံ - မိုင်းဆတ် နယ်စပ်မှာရှိတဲ့ရွာကလေးဖြစ်ပါတယ်။ အဲ့ဒီပန်ပြတ်ရွာအတွင်းလမ်းဟာ ခြေတော်ရာသွားတဲ့ လမ်းပေါ်မှာ တည်ရှိပါတယ်ခင်ဗျား။ ခြေတော်ရာသွားတဲ့ လမ်းဟာဆိုလို့ရှိရင် ကျောက်ကြမ်းလမ်းခင်းပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ လမ်းကြိတ်စက် သေချာကြိတ်ခင်းထားခြင်းမရှိတဲ့အတွက် ကျောက်ချောလမ်းတော့မဟုတ်ပါဘူး။ ပြည်သူများသွားလာရန် အင်မတန်ခက်ခဲပါတယ်။ ၎င်းပန်ပြတ်ရွာ၏ အိမ်ခြေ(၅၉)အိမ်၊ လူဦးရေ (၃၀၀)ဦး နေထိုင်ပြီး စိုက်ပျိုး၊ မွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြသူများဖြစ်ပါတယ်။ ထို့ကြောင့် ခြေတော်ရာဘုရားဖူးပြည်သူများနှင့် ပန်ပြတ်ရွာသူရွာသားများ သွားလာမှုအဆင်ပြေချောမွေ့စေရန်အတွက် ၎င်းကျောက်ကြမ်းလမ်းအား အရှည် (၄၀၀)ပေ၊ အကျယ်(၁၂)ပေအား ကွန်ကရစ်အဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဘုရားဖူးပြည်သူများနှင့် ရွာသူရွာသားများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း(၂) ခုလုံးကို တစ်ဆက်တည်းဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဦးစောမူးလာ၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တော်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်း(၂)ခုစလုံးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက တစ်ဆက် တစ်စပ်တည်း ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်၊ မိုင်းတုံမြို့နယ်ရှိ နမ့်တုံချောင်းသည် မြောက်မှတောင်သို့ ဖြတ်သန်းစီးဆင်းနေသောချောင်းဖြစ်ပြီး မိုင်းတုံမြို့၏ စိုက်ပျိုးရေးနှင့် သောက်သုံးရေရရှိရေးအတွက် အဓိကကျသောချောင်း ဖြစ်ပါတယ်။ ခန့်မှန်းမြေပုံအညွှန်း ၉၃(I/၁၅) ၇၅၃၆၀၄၊ ရေဆင်းဧရိယာ ၉၁.၅၉ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၅၄.၈ နှင့် ချောင်းရေစီးအား ၉၉၈၉ ကုဗပေ/ စက္ကန့်ရှိပါတယ်။ ၂၀၂၄ ခုနှစ်တွင်ဖြစ်ပေါ်ခဲ့တဲ့ ရာဂီမုန်တိုင်းကြောင့် နမ့်တုံချောင်းသည် ရေကြီးရေလျှံမှုဖြစ်ကာ ချောင်းလမ်းကြောင်း ပြောင်းလဲမှုဖြစ်ပွားခဲ့ပြီး မိုင်းတုံ မြို့နယ်ရှိ လယ်မြေ(၂၀၃)ကေအား သဲနုန်းများဖုံးလွှမ်းခြင်း ဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် နမ့်တုံချောင်းအား အ.ထ.က (မိုင်းတုံ)ကျောင်းအောက်ဘက်မှ တံတားအထိ ချောင်းပိုင်း အလျား ၃၅၀၀ ပေ၊ အောက်ခြေ အကျယ် ၆၀ ပေဖြင့် သဲနုန်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ မူလချောင်းအတိုင်း ရေစီးရေလာကောင်းမွန်ရေးအား ယခုနှစ် မိုးရာသီ တွင် စောင့်ကြည့်တိုင်းတာရမှုအပေါ်မှာ လိုအပ်ချက်ရှိလာပါက အနီးဆုံးဘဏ္ဍာနှစ် တွင် ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မူလ ချောင်းဟောင်းရေစီးရေလာ ကောင်းမွန်သွားပါက နောင်ပါရင်ရပ်ကွက်ရှိ လူနေအိမ်

များနှင့် လယ်မြေ(၂၀၃)ကေအား ချောင်းရေတိုက်စားမှုမှ ကာကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒုတိယမေးခွန်းကို ဆက်လက်ပြီးတော့မှ ဖြေကြားပေးသွားမှာဖြစ်ပါတယ်။ မိုင်းတုံမြို့နယ်၊ လွယ်ခမ်းလုံကျေးရွာအုပ်စု၊ ပန်ပြတ်ကျေးရွာသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ပန်ပြတ်-အထက်လွယ်ခါးလမ်းပေါ်တွင် ရှိပါတယ်။ ပန်ပြတ် - အထက်လွယ်ခါးလမ်းသည် အရှည် (၅/၄) မိုင်ရှိတဲ့ ကျောက်ကြမ်းလမ်းဖြစ်ပါတယ်။ အဆိုပါပန်ပြတ် - အထက်လွယ်ခါးလမ်းသည် Class A အဆင့်ရှိသောလမ်းဖြစ်ပြီး ကျေးရွာ(၂)ရွာ၊ အိမ်ခြေ (၈၂) အိမ်၊ လူဦးရေ (၄၅၀) ဦးတို့အား အကျိုးပြုသော လမ်းဖြစ်ပါတယ်။ ပန်ပြတ်- အထက်လွယ်ခါးကျောက်ကြမ်းလမ်းအား ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား နီးစပ်ရာဘဏ္ဍာရေးနှစ်မှစ၍ လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၁) က ပထမမေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ အစိုးရဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါရစေရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်လွှတ်တော် လဲချားမြို့နယ်ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်နန်းအက်(စ်)ကီးမိုး ဖြစ်ပါတယ်ရှင်။ ကျွန်မရဲ့ ပထမမေးခွန်းကို မေးမြန်းခွင့်ပြုပါရှင်။ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်ရဲ့အကျယ်အဝန်းဟာ (၉၁၃.၉၂) စတုရန်းမိုင်ရှိပါတယ်ရှင်။ မြို့ပေါ် (၄)ရပ်ကွက်မှာ (၁.၅၁)စတုရန်းမိုင် ကျယ်ဝန်းပြီး ပထဝီနယ်နိမိတ်ချင်းထိစပ်လျက်ရှိနေသော မြို့မကျေးရွာအုပ်စုသည် (၁၄.၈၇) စတုရန်းမိုင်ကျယ်ဝန်းပါတယ်ရှင်။ မြို့ပေါ် (၄)ရပ်ကွက်တွင် အိမ်ခြေ (၁၃၄၃)အိမ်နှင့် လူဦးရေ (၈၅၂၂)ဦးရှိပြီး မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိနေသော မြို့မကျေးရွာအုပ်စုသည်

အိမ်ခြေ(၁၈၄၅)အိမ်နဲ့ လူဦးရေ (၁၁၆၁၄)ဦး ရှိပါတယ်ရှင်။ မြို့မကျေးရွာအုပ်စုသည် မြို့နှင့် တိုက်ရိုက်ထိစပ်နေပြီး ဒေသအတွင်း လျှပ်စစ်မီးအပါအဝင် အခြေခံအဆောက်အအုံများအားလုံး ပြည့်စုံစွာရရှိနေပြီးဖြစ်ပါတယ်ရှင်။ မြို့ပြလူနေမှုပုံစံ အပြည့်အဝဖြစ်နေပါသော်လည်း ကျေးရွာအုပ်စုအဖြစ် တည်ရှိနေခြင်းကြောင့် မြို့ပြဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်ရေးဆိုင်ရာဝန်ဆောင်မှုများ ရယူရာတွင် အခက်အခဲများစွာ ဖြစ်ပေါ်နေပါတယ်ရှင်။ ဥပမာ- ၂၀၂၅ ရွေးကောက်ပွဲကာလတွင် မြို့မကျေးရွာအုပ်စုအတွင်းရှိ ဟိုဖိုင်ကျေးရွာ- ဖွေးဟိုင်းကျေးရွာ - နောင်ပန်ကျေးရွာ - နောင်မုန်းကျေးရွာ - ဟိုနောင်လုံကျေးရွာ- ဟိုနောင်အွမ်ကျေးရွာ- ဟိုရင်ကျေးရွာနှင့် ကုန်းမောက်စံကျေးရွာစသော ရွာ(၈)ရွာအတွက် သက်ဆိုင်ရာ ရပ်ကျေးစာရေးမှ မဲစာရင်းများပြုစုရာတွင် မဲဆန္ဒရှင် (၇၁၆၇)ဦးအတွက် ပြည့်စုံမှုမရှိဘဲ ပြဿနာများစွာ ပေါ်ပေါက်ခဲ့ရသော ဖြစ်စဉ်များ ဖြစ်ခဲ့ဖူးပါတယ်ရှင်။ သို့ဖြစ်ပါ၍ မြို့ပြဧရိယာပိုမိုကျယ်ပြန့်လာမှုနဲ့ လူဦးရေတိုးတက်လာမှုအရ အုပ်ချုပ်ရေးစနစ်ပိုမိုထိရောက်စေရန်သော်လည်းကောင်း၊ မြို့ပြအင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်သော်လည်းကောင်း၊ ပြည်သူများအတွက် ဝန်ဆောင်မှုများ ပိုမိုလွယ်ကူစွာရရှိနိုင်စေရန်အတွက်သော်လည်းကောင်း မြို့မကျေးရွာအုပ်စုအား လဲချားမြို့၏ရပ်ကွက်အဖြစ် တိုးချဲ့သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ရှင်။ ထိုသို့ ရပ်ကွက်အဖြစ် တိုးချဲ့သတ်မှတ်ခြင်းအားဖြင့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ဆောင်မှုများတွင် မြို့နှင့်ပေါင်းစပ်၍ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်မည့်အနေအထားတွင် ရှိနေပါသည်ဟု လေ့လာတွေ့ရှိရပါတယ်ရှင်။ ပြည်သူ့အသံ၊ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ၊ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ ဆောင်ပုဒ်အတိုင်း လဲချားမြို့နယ်ပြည်သူများအကျိုးကို လိုလားတောင်းတသောအားဖြင့် လူမှု၊ စီးပွားဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ရှမ်းပြည်နယ်အစိုးရမှ မြို့မကျေးရွာအုပ်စုအား ရပ်ကွက်အဖြစ် တိုးချဲ့ဆောင်ရွက်ပေးနိုင်ပါရန် မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။** ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းအက်(စ်)ကီးမိုး၏ လွိုင်လင်ခရိုင်၊ လဲချားမြို့နှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိနေသော မြို့မကျေးရွာအုပ်စုဟာ မြို့ အဆင့် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းသည့်မေးခွန်းကို ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့ ဟာ ရပ်ကွက်(၄)ရပ်ကွက်၊ ကျေးရွာအုပ်စု (၁၉)အုပ်စု၊ ကျေးရွာပေါင်း(၁၃၄)ရွာတို့ဖြင့် ဖွဲ့စည်းထားတဲ့ မြို့ဖြစ်ပါတယ်။ မြို့နှင့်တစ်ဆက်တစ်စပ်တည်းတည်ရှိနေတဲ့ မြို့မ ကျေးရွာအုပ်စုဟာ အိမ်ခြေ (၁၈၄၅)၊ လူဦးရေ (၁၁၆၁၄) ဦး မှီတင်းနေထိုင်တဲ့ ကျေးရွာ ပေါင်း(၈)ရွာဖြင့် ဖွဲ့စည်းထားရှိတဲ့ မြို့မကျေးရွာအုပ်စုအား မြို့အဖြစ်သတ်မှတ် မည်ဆိုပါက မြို့အင်္ဂါရပ်နှင့်အညီ ဖွဲ့စည်းဆောင်ရွက်ရမည်ဖြစ်သောကြောင့် စိုက်ပျိုး မြေများအား သိမ်းဆည်းရမည်ဖြစ်ပြီး မလိုလားအပ်သော ပြဿနာများရှိလာနိုင်ခြင်း၊ စိုက်ပျိုးမြေများဆုံးရှုံးပါက ဒေသဝမ်းစာအခက်အခဲရှိလာနိုင်ခြင်းတို့ကြောင့် မြို့ အဆင့်သတ်မှတ်ရန် လောလောဆယ်ဆယ် အစီအစဉ်မရှိပါကြောင်းနှင့် မြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသည့် မြို့မကျေးရွာအုပ်စုရှိ ဟိုဖိုင်ကျေးရွာ၊ ကုန်းမောက်စံ ကျေးရွာ၊ ဖွေးဟိုင်းကျေးရွာ၊ ဟိုနောင်လုံကျေးရွာ၊ ဟိုရင်ကျေးရွာနှင့် ဟိုနောင်အွမ် ကျေးရွာ (၆)ရွာတို့အား ဒေသခံပြည်သူများ၏ သဘောထားဆန္ဒအရ စည်ပင်သာယာ ရေးနယ်နိမိတ်အတွင်း ထည့်သွင်းလိုပါက လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၊ သက်ဆိုင်ရာကော်မတီများ၊ မြို့မိမြို့ဖများနှင့် ပေါင်းစပ်ညှိနှိုင်း၍ သက်ဆိုင်ရာ ဌာနဆိုင်ရာများနှင့်အတူ ရှမ်းပြည်နယ်စည်ပင် သာယာရေးဥပဒေပုဒ်မ ၁၅(က)အရ ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပြီး ဖွဲ့စည်းပုံ

အခြေခံဥပဒေပုဒ်မ ၅၄ အရ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြပြီး နိုင်ငံတော်သမ္မတက ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖြည့်စွက်တင်ပြ ရှင်းလင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မရဲ့ ဒုတိယမေးခွန်းကို ဆက်လက်မေးမြန်းခွင့်ပြုပါရှင်။ လဲချားမြို့နယ်၊ ဝမ်ထီကျေးရွာအုပ်စုအတွင်းရှိ တံတားနှင့်ပတ်သက်ပြီး မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။ လဲချားမြို့နယ်အတွင်းရှိ ဝမ်ထီကျေးရွာအုပ်စုတွင် အိမ်ခြေ (၂၉၉)အိမ်၊ လူဦးရေ (၁၇၂၁)ဦးရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အဓိက လုပ်ကိုင်ဆောင်ရွက်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ဝမ်ထီကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအချင်းချင်း လွယ်ကူချောမောစွာ ဆက်သွယ်သွားလာနိုင်ရန်အတွက် (က) စလိုင်း-ဖာဝေါင်တံတား အရှည်(၁၀)ပေ၊ အကျယ်(၉)ပေ၊ အနက်(၅)ပေ၊ (ခ) စလိုင်း-နောင်ကျိုင်းတံတား အရှည်(၁၀)ပေ၊ အကျယ်(၈)ပေ၊ အနက် (၅)ပေ၊ (ဂ) ဖာဝေါင်-နောင်ကျိုင်း တံတား အရှည်(၁၂)ပေ၊ အကျယ်(၉)ပေ၊ အနက်(၆)ပေ လိုအပ်နေပါတယ်ရှင်။ မြန်မာနိုင်ငံရဲ့ လူနေမှုဘဝအတွက် မြို့ပြ ၃၀ ရာခိုင်နှုန်းနဲ့ ကျေးလက် လူဦးရေ (၇၀)ရာခိုင်နှုန်းဖြင့် နေထိုင်လုပ်ကိုင်စားသောက်နေသည်ကို တွေ့ကြရပါတယ်ရှင်။ ရာခိုင်နှုန်းပိုများနေသော ကျေးရွာနေပြည်သူလူထုများ၏ လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ဖွံ့ဖြိုးတိုးတက်နိုင်မှုသည် ဆက်သွယ်သွားလာရေး ကောင်းမွန်မှသာ ကျေးလက်မှ မြို့ပြ၊ မြို့ပြမှ နိုင်ငံတော်အဆင့်ဆင့် ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ လဲချားမြို့နယ်အတွင်းရှိ ဝမ်ထီကျေးရွာအုပ်စုမှ ပြည်သူလူထုများ ကောင်းမွန်စွာ သွားလာနိုင်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၎င်းတံတား (၃)စင်းအား မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံ ပြည်သူများကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒေါ်နန်းအက်(စ်)ကီးမိုး၊ လဲချားမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)၊ ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာဖြစ်ပါတယ်။

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်ခရိုင်၊ လဲချားမြို့နယ်၊ ဝမ်ထီကျေးရွာ အုပ်စုအတွင်း ကျေးရွာချင်းဆက်သွယ်သွားလာနိုင်ရန်အတွက် လိုအပ်သော စလိုင်း-ဖာဝေါင် အရှည်(၁၀)ပေ တံတား(၁)စင်းနှင့် ဖာဝေါင်-နောင်ကျိုင်း အရှည် (၁၂)ပေတံတား(၁)စင်းတို့သည် အကျိုးပြုကျေးရွာ (၃)ရွာ၊ အိမ်ခြေ (၁၄၆)အိမ်၊ လူဦးရေ (၈၄၁)ဦး နေ့စဉ်အသုံးပြုလျက်ရှိသော Class A လမ်းအမျိုးအစား၊ ဆလိုင်းခုံ-ဖာဝေါင်- နောင်ကင် မြေလမ်းအရှည် (၈/၀)မိုင်ပေါ်တွင် တည်ရှိပြီး၊ စလိုင်း-နောင်ကျိုင်း အရှည် (၁၂)ပေ တံတား(၁)စင်းမှာ အကျိုးပြုရွာ (၂)ရွာ၊ အိမ်ခြေ (၁၂၁) အိမ်၊ လူဦးရေ (၇၁၄)ဦး နေ့စဉ်အသုံးပြုလျက်ရှိသော Class A လမ်းအမျိုးအစား၊ စလိုင်းခုံ - နောင်ကင်လမ်းမြေလမ်းအရှည် (၄/၀)မိုင်ပေါ်တွင် တည်ရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ လိုအပ်နေတဲ့ အဆိုပါတံတား(၃)စင်းကို ကွန်ကရစ်တံတားများအဖြစ် နီးစပ်ရာဘဏ္ဍာရေးနှစ်မှစတင်၍ လျာထားတင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ပထမမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါ။ ဒီကနေ့ ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ

တက်ရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များနှင့် ဒီနေ့ဧည့်သည်တော်များ၊ လာရောက်လေ့လာတဲ့မိသားစုတွေအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပြီးတော့ လိုရာဆန္ဒတွေပြည့်ဝပါစေကြောင်း ဦးအောင်ကျော်ညွန့်မှ ပထမဦးဆုံး နှုတ်ခွန်းဆက်သတင်ပြအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးမေးခွန်းမေးမြန်းမဲ့ အကြောင်းအရာကတော့ ရပ်စောက်မြို့နယ်အတွင်း မြို့ရှောင်လမ်း (၁၈.၉၁)ကီလိုမီတာ၊မိုင်အားဖြင့် ၁၁ မိုင် ၆ ဖာလုံအား အဆင့်မြင့်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။

အပိုဒ်(၁) အထက်ပါအကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏လူမှု၊ စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ဒေသတွင်းကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန်ချောမွေ့စေရန်အတွက် အလွန်အရေးကြီးပြီး ဗျူဟာမြောက်သည့် ရပ်စောက်မြို့ရှောင်လမ်းသည် စုစုပေါင်း အရှည် (၁၈.၉၁)ကီလိုမီတာ၊ မိုင်အားဖြင့် (၁၁)မိုင် (၆)ဖာလုံ လမ်းအူကြောင်းရှိပြီး ဖြစ်ပါတယ်။ လက်ရှိတွင် ဆောက်လုပ်ရေးဦးစီးဌာန၊ လမ်းဦးစီးဌာနမှကြီးကြပ်၍ မြို့ရှောင်လမ်းအဖြစ် စီမံခန့်ခွဲမည့် လမ်းအူကြောင်း ဖော်ထုတ်မည့်လုပ်ငန်း ရာနှုန်းပြည့် ပြီးစီးထားပါတယ်။ ပြီးစီးထားတဲ့အပြင် လမ်းပေါ်တွင် မရှိမဖြစ်လိုအပ်နေတဲ့ တံတား(၂)စင်း၊ ဇော်ဂျီချောင်းကိုဖြတ်တဲ့တံတား (၂)စင်းလည်း တည်ဆောက်ထားပြီးလည်း ဖြစ်ပါတယ်။ လက်ရှိအသုံးပြုနေသော ရွှေညောင် - ရပ်စောက် - အင်တော - ကျောက်ဂူ - နောင်ချိုလမ်းသည် မြို့ပတ်လမ်း BOT စနစ်ဖြင့် လည်ပတ်နေပြီး ကုန်တင်ယာဉ်ကြီးများနှင့် မော်တော်ယာဉ်များ နေ့စဉ်တိုးတက်များပြားလာပါသဖြင့် မြို့တွင်းယာဉ်ကြောပိတ်ဆို့မှုနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲများ ဖြစ်ပေါ်လျက်ရှိပါတယ်။ ၎င်းမြို့ရှောင်လမ်းအား အဆင့်မြင့်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးသွားမည်ဆိုပါက ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို အဓိကထားပြီး လုပ်ကိုင်လျက်ရှိသော ဒေသခံပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းပြီး လမ်းပန်းဆက်သွယ်မှု ပိုမိုလုံခြုံ

ချောမွေ့စေမည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အဆိုပါမြို့ရှောင်လမ်း (၁၈.၉၁) ကီလိုမီတာ မိုင်အားဖြင့် (၁၁) မိုင် (၆)ဖာလုံအား အချိန်မရွေး သွားလာမှုအဆင်ပြေချောမွေ့စေရေး အတွက် ကတ္တရာ/ ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံ ပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များ၊ တက်ရောက်လေ့လာသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်ကိုယ်စားလှယ်အမှတ်(၁) ကိုယ်စားလှယ် ဦးအောင်ကျော်ညွန့် မေးမြန်းတဲ့မေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ကျွန်တော် ဦးခွန်သန်းထူးက ဖြေကြားသွားမှာဖြစ်ပါတယ်။ ကိုယ်စားလှယ်မေးမြန်းတဲ့ ရပ်စောက်မြို့ရှောင်လမ်းနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်အတွင်းရှိတဲ့ ထင်းကွင်း- လယ်မီး- နန်းဟူး - နန်းလင်း - ဟွေး - ဘန်းကွေး- ရပ်စောက်လမ်း လမ်းအရှည် (၁၁)မိုင် (၆)ဖာလုံ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ ကြီးကြပ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)မှ တာဝန်ယူဆောင်ရွက်လျက်ရှိပြီး တော့ ပြည်နယ်မှစီမံခန့်ခွဲသော Class A လမ်းအမျိုးအစား ဖြစ်ပါတယ်။ (၃၁.၃.၂၀၂၆)ရက်နေ့တွင် တည်ရှိသည့်လမ်းအခြေအနေမှာ (၁၂ပေ)အကျယ် ကတ္တရာ လမ်း (၁/၁.၀၅)မိုင်၊ (၁၆)ပေအကျယ် ကျောက်လမ်း (၁၀/၄) မိုင်နှင့် (၁၀)ပေအကျယ် မြေသားလမ်း (၀/၀.၉၅)မိုင်၊ စုစုပေါင်း (၁၁/ ၆) မိုင်ရှိသော လမ်း(၁)လမ်းဖြစ်ပါသည်။ Class A လမ်း၏ ရည်ရွယ်ချက်ဖြစ်သော ကျေးရွာချင်းဆက်လမ်းများမှသည် လမ်းဦးစီး

ဌာနပိုင် ရွှေညောင် - ရပ်စောက် - အင်တော - ကျောက်ဂူ - နောင်ချိုလမ်းမကြီးနှင့် ချိတ်ဆက်ထားရှိပါတယ်။ သို့ရာတွင် လက်ရှိလမ်းအခြေအနေအရ ရပ်စောက်မြို့ရှောင် လမ်းအဖြစ် အသုံးပြုမည်ဆိုပါက လမ်း၏သတ်မှတ်လျှောစောက်အမြင့်များ၊ ကားကြီး များနှင့် ကုန်တင်ယာဉ်ကြီးများအတွက် လုံလောက်သောအကျယ်အဝန်းရှိသည့် လမ်းအကွေ့နေရာများ၊ အသုံးပြုသည့် နေ့စဉ်ယာဉ်သွားလာမှု (AADT)အတိုင်း ဆောင်ရွက်ရမည့် လမ်းအကျယ်နှင့် လမ်းလွှာအထူများ အဆင့်မြှင့်တင်တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိနယ်မြေလုံခြုံရေး အခြေအနေအပေါ် မူတည်၍ ကွင်းဆင်းဆောင်ရွက်နိုင်မည်ဆိုပါက အထက်ဖော်ပြပါ လုပ်ငန်းစဉ် အဆင့်ဆင့်အား ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ နှစ်အလိုက် ရန်ပုံငွေတင်ပြတောင်းခံ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား တင်ပြအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ဖြည့်စွက် မေးခွန်းလေး တင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော်တို့ ဒီလမ်း(၁)လမ်းကို မေးခွန်းအဖြစ် ကျွန်တော်တို့ တင်ပြတဲ့အခါမှာ ရပ်စောက်မြို့နယ်အတွင်းမှာ အရေးကြီးလမ်းပေါင်း (၅)လမ်းရှိပါတယ်။ ဒီ(၅)လမ်းရဲ့ လိုအပ်နေတာတွေက အများကြီးရှိပါတယ်။ ဒါကြောင့်မို့ Five Year Development Plan မှာ (၅)နှစ်လုံးလုံးလည်း ဆွဲထည့်ထားပြီး လည်း ဖြစ်ပါတယ်။ ဒီထဲမှာမှ ပထမဦးဆုံး First Priority အဖြစ် အရေးကြီးတဲ့ ဒီလမ်းကို ကျွန်တော်တို့က လွှတ်တော်မှာ ဒါအရေးတကြီး မေးမြန်းရတဲ့ အကြောင်း အရင်းက ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ (မြောက်ပိုင်း)ကို ဆက်တဲ့လမ်းကို နေ့/ည မရွေး အဆက်မပြတ်သွားလာနိုင်ရန်နှင့် အဲဒီဖက်လမ်းက ကျွန်တော်တို့ ဒီဖက်အဝါ လမ်းကြောင်းဟာဆိုရင် ကျွန်တော်တို့ လက်ရှိ ရပ်စောက် - ရွှေညောင် - အင်တော- ကျောက်ဂူ - နောင်ချိုလမ်းဖြစ်ပါတယ်။ အခု ဟိုဘက်လမ်းအစိမ်းဟာ ကျွန်တော်တို့ ဖောက်မဲ့လမ်းအူကြောင်းဖြစ်ပါတယ်။ ဒီနေရာမှာ ဘာလို့ အဲသလောက်ထိ ရှောင်သွားတာလဲဆိုရင် ကျွန်တော်တို့တပ်ရဲ့ လုံခြုံရေးအတွက် တပ်ရဲ့ဧရိယာဖြစ်နေ လို့ မနက် ၆ နာရီ ည ၆နာရီမှာ ဖြတ်သန်းရတာရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အရေးကြီးအဆို အနေနဲ့တင်ပါတယ်။ ပြီးရင် စစ်တပ်ရဲ့ လုံခြုံရေးရ ဗျူဟာအရလည်း

အင်မတန်မှ အချက်အခြာကျတဲ့ ကျွန်တော်တို့ ရပ်စောက်မြို့ရဲ့ ဗထူးတပ်မြို့ဆိုတာ အရေးကြီးပါတယ်ဗျ။ ဒါကြောင့် ကျွန်တော်တို့က အရေးကြီးမေးခွန်းအနေနဲ့ ကျွန်တော်တို့က မေးမြန်းသွားပေးတာဖြစ်ပါတယ်။ ဒါကို ကျွန်တော့်အနေနဲ့ ပထမဦး ဆုံး တင်ပြချင်တာက ဒီလမ်းသည် ဖြစ်နိုင်ရင် ကျွန်တော်တို့အစိုးရအဖွဲ့လက်ထက်မှာ အမြန်ဆုံး ဆောင်ရွက်သင့်တဲ့လမ်းဖြစ်ပါတယ်။ ဒါကြောင့်မို့ မည်သည့် Budget ကနေမဆို ရှမ်းပြည်နယ်ရဲ့ Budget ရနိုင်ရင်လည်း ရနိုင်သလောက် ပြီးရင် ကျွန်တော် တို့ရဲ့ RE ဆိုတဲ့ ရေးဆွဲမယ့် ကျွန်တော်တို့လက်ရှိ ၂၀၂၅- ၂၀၂၆ မှာ RE Budget ထဲမှာ လည်း ဆွဲပေးနိုင်လျှင် ဆွဲပေးဖို့ပါ။ အဓိကကတော့ ကားကြီးတွေ ဟိုဖက်မြောက်ပိုင်းက ကားလမ်းဟာ ဒီတစ်လမ်းပဲရှိတာဖြစ်တဲ့အတွက် ဒါလေးကို အမြန်ဆောင်ရွက် ပေးနိုင်ဖို့အတွက် ကျွန်တော် ဒါထပ်ဆင့်မေးခွန်းလေး မေးမြန်းချင်တာကတော့ ဒီလမ်းသည် အရေးကြီးလမ်းဖြစ်တာဖြစ်တဲ့အတွက် ကျွန်တော်တို့ဒီနေ့ ဒီအချိန် ဒီအခါကစပြီး ကျွန်တော်တို့မေးခွန်းတင်တဲ့ အချိန်ကစပြီးတော့ ကျွန်တော်တို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကောါ၊ ကျွန်တော်တို့ လွှတ်တော်ကကော၊ ကျွန်တော်တို့ ရပ်စောက်မြို့နယ်အတွက်ကော၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)နဲ့(တောင်ပိုင်း)က ပြည်သူတွေအတွက်ကော စဉ်းစားပေးရမဲ့ စဉ်းစားရမဲ့ လမ်းတစ်လမ်း ဖြစ်တယ်ဆိုတဲ့ အကြောင်း ကျွန်တော့်အနေနဲ့ ဒါလေးကို ထပ်ဆင့်မေးခွန်းအနေနဲ့ ဆောင်ရွက်နိုင်ခြင်း ရှိ/ မရှိ ဒါလေးကို ဆက်ပြီးတော့ ဖြေနိုင်ရင်လည်းဖြေပေးပါ။ မဖြေနိုင်ရင်လည်း ကျွန်တော်တို့ ဖြည်းဖြည်းမှ ကျွန်တော်တို့ကို စာနဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ ဖြေဆိုလို့ ရပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဝန်ကြီး ဖြေပေးလို့ ရရင်လည်း ဖြေပေးလိုက်ပါ။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** ကိုယ်စားလှယ်ကြီး ဆက်စပ်မေးခွန်းနဲ့ ပတ်သက်ပြီးတော့ မှန်ပါတယ်။ ဒီ ကျွန်တော်တို့ ရှမ်းပြည်နယ် (တောင်ပိုင်း)နဲ့ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာ အဓိက ဆက်သွယ်ထားတဲ့ ရွှေညောင် - ရပ်စောက်- အင်တော- ကျောက်ဂူ- နောင်ချိုလမ်းမ ဟာဆိုရင် ကျွန်တော်တို့ နောက်နောင်များမှာ အင်မတန်မှ အရေးကြီးတဲ့လမ်းပိုင်း အဖြစ်နဲ့တည်ရှိမဲ့ လမ်းတစ်လမ်းဖြစ်ပါတယ်။ သို့ပေမဲ့လည်း ခုနက ကျွန်တော်

တင်ပြပါတယ်။ ဒီမြို့ရှောင်လမ်းအဖြစ် အသုံးပြုမည်ဆိုပါက ကျွန်တော်တို့ ဆောင်ရွက်ရမဲ့ အဆင့်ဆင့်နေရာမှာ ဒါတွေဆောင်ရွက်ဖို့လိုမှာ ဖြစ်ပါတယ်။ အဲ့ဒီလို ဆောင်ရွက်ပြီးတဲ့အခါမှသာလျှင် လုပ်ငန်းစဉ်တစ်ဆင့်ချင်း ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရမဲ့နေရာမှာ လက်ရှိနယ်မြေအခြေအနေအရ ကွင်းဆင်းဆောင်ရွက်ဖို့ အခက်အခဲရှိနေသေးကြောင်းလည်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် နယ်မြေအခြေအနေ ကွင်းဆင်းဆောင်ရွက်ပြီးတာနဲ့ ဒါကျွန်တော်တို့ ခုနက ဖော်ပြထားတဲ့ လုပ်ငန်းစဉ်အဆင့်ဆင့်ကို အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်ပုံငွေမှာ အမြန်ဆုံး တင်ပြတောင်းခံပြီးတော့ ရန်ပုံငွေရရှိတဲ့အပေါ်မှာ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ရှင်းလင်းဖြေကြားလိုပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က ဒုတိယမေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ညွန့်၊ ရပ်စောက်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါ။ ဒီကနေ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးမှာ ကျွန်တော့်ရဲ့ (၆)ခုမြောက်မေးခွန်း နောက်ဆုံးမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကတော့ ပညာရေးနဲ့ပတ်သက်တာဖြစ်ပြီးတော့ ပညာရေးပိုင်းနဲ့ ပတ်သက်ပြီး တော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရပ်စောက်မြို့နယ်အတွင်းရှိ ကျေးရွာ (၁၂)ရွာတွင် အခြေခံကျောင်းများ၌ ဆရာ/ ဆရာမများ လိုအပ်ချက်ဖြစ်ပေါ်နေမှုအား ဖြည့်ဆည်း ပေးပါရန်နှင့်စပ်လျဉ်း၍ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ဒီနေရာမှာလည်း ကျွန်တော့်အနေနဲ့ ရပ်စောက်မြို့နယ်မှာဆိုရင် အုပ်စု(၁၈)အုပ်စု ရှိတာကို ကျွန်တော့အနေနဲ့ အုပ်စုလေး(၄)စုပဲ အခြေခံတင်ပြထားတာ ရှိပါတယ်။ အဲ့ဒီ အုပ်စုကတော့ ပွေးကျေးရွာအုပ်စု၊ အလယ်ချောင်ကျေးရွာအုပ်စု၊ ကောင်းမွန် ကျေးရွာအုပ်စု၊ ကျောက်တောကျေးရွာအုပ်စု၊ ဒီအုပ်စု(၄)အုပ်စုမှာမှ တိုင်းရင်းသား လူမျိုး ပလောင်တိုင်းရင်းသားတွေ အင်မတန်မှရိုးသားပြီးဖြူစင်တဲ့ ပလောင် တိုင်းရင်းသားတွေအတွက် ပညာရေးဟာ ဒီအချိန်မှာ အရမ်းအရေးကြီးနေတာ ဖြစ်တဲ့ အတွက် ပလောင်တိုင်းရင်းသားတွေရဲ့ကျေးရွာအုပ်စုကို ပလောင်တောင်တန်းကို မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

အပိုဒ်(၁) ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ် အတွင်းရှိ ကျေးလက်ဒေသ အခြေခံပညာကျောင်းများတွင် ပညာရေးဝန်ထမ်း(ဆရာ/ ဆရာမ) အင်အား လုံလောက်မှုမရှိခြင်းသည် ကလေးငယ်များ၏သင်ကြားရေးနှင့် ပညာရေး စံနှုန်းကို တိုက်ရိုက်ထိခိုက်နေပြီး ဒေသခံပြည်သူများမှာ မိမိတို့၏အစီအစဉ်ဖြင့် စရိတ်စက စိုက်ထုတ်ကာ ရွာရန်ပုံငွေများဖြင့် ကိုယ်ထူကိုယ်ထ ငှားရမ်းသင်ကြားနေရသည့် ဝန်ထုပ်ဝန်ပိုးများဖြင့် ရင်ဆိုင်နေရပါတယ်။

အပိုဒ်(၂) လက်ရှိမြေပြင်တွင် အခြေခံပညာကျောင်းများ၌ ဆရာ/ ဆရာမ လိုအပ်ချက်အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပွားနေပြီး အဆိုပါလိုအပ်ချက်များကို မြို့နယ်ပညာရေးမှူးထံသို့လည်း စနစ်တကျ တင်ပြတောင်းခံထားပြီးဖြစ်ပါတယ်။ နံပါတ်(၁) ဟွေးကျေးရွာအုပ်စုမှာ အမက (လဲချား)၊ ခွင့်ပြု(၅)ဦးရှိရာ (၁)ဦးသာရှိတာဖြစ်တဲ့အတွက် လိုအပ်နေတဲ့ ဆရာ/ ဆရာမ ဦးရေ (၄)ဦးဖြစ်ပါတယ်။ အလယ်ချောင်ကျေးရွာအုပ်စု ပလောင်ကျေးရွာမှာ ထင်းရှူးပြားပလောင်ရွာမှာ လိုအပ်နေတဲ့ ဦးရေမှာ (၂)ဦးဖြစ်ပါတယ်။ တောင်ပျိုပလောင်ရွာမှာ (၂)ဦးဖြစ်ပါတယ်။ ဆင်သေ ပလောင်ရွာမှာ (၂)ဦးဖြစ်ပါတယ်။ ဇီးဖြူတောင်ပလောင်ရွာမှာ (၂)ဦးဖြစ်ပါတယ်။ ရေပုံပလောင်ရွာမှာ (၂)ဦး ဖြစ်ပါတယ်။ နောက် ကောင်းဘို့ကျေးရွာအုပ်စုမှာ ယမ်းတွင်း ပလောင်ရွာ ရွာရန်ပုံငွေဖြင့် ငှားရမ်းနေရတာရှိပါတယ်။ ထပ်လိုတာက (၃)ဦး ဖြစ်ပါတယ်။ ကောင်းဘို့ကျေးရွာအုပ်စု၊ ရွာမပလောင်ရွာမှာ (၃)ဦးလိုပါတယ်။ ရွာဟောင်းပလောင်ရွာက (၃)ဦးလိုပါတယ်။ ငှက်ပျောကျင်းပလောင်ရွာက (၄)ဦး လိုပါတယ်။ ကျောက်တလုံးပလောင်ရွာက (၂)ဦးလိုအပ်ပါတယ်။ ဒီနေရာမှာ ကျောက်တောကျေးရွာအုပ်စု ပလောင်တိုင်းရင်းသားခေါင်းဆောင်ကို သွားရောက်ပြီး စာရင်းယူခိုင်းတဲ့အခါမှာ ရပ်ကြီးပလောင်ရွာမှာ (၂)ဦးလိုပါတယ်။ ဒါပေမယ့် ရပ်ကြီး ပလောင်မှာ ကျွန်တော် ပြန်လည်စိစစ်တဲ့အခါမှာ ကိုယ်ထူကိုယ်ထ ကျောင်းတွေ သူတို့ပါသူတို့ တည်ဆောက်ပြီး ဆရာ/ ဆရာမများ ငှားထားတဲ့ကျောင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် လိုအပ်တဲ့(၂)ဦးကို တင်ပြခြင်းဖြစ်ပါတယ်။ လတ်တလော ပလောင်ဒေသ ပလောင်တိုင်းရင်းသားများအတွက် ဒီနှစ်ပညာရေးမှာ စုစုပေါင်း (၃၁)ဦးကို ရမယ်

ဆိုရင် ဦးစားပေးအစီအစဉ်အနေနဲ့ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ညွှန်ကြားပေးဖို့ ကျွန်တော့အနေနဲ့ တင်ပြခြင်း ဖြစ်ပါတယ်။

အပိုဒ်(၃)အရ သို့ဖြစ်ပါ၍ ရပ်စောက်မြို့နယ်အတွင်းရှိ အထက်ဖော်ပြပါ ကျေးရွာ(၁၂)ရွာမှ ကျောင်းများတွင် လိုအပ်နေသော ဆရာ/ ဆရာမ အင်အား (၃၁)ဦး ကို ယခုပညာသင်နှစ်အတွင်း အရေးပေါ်အစားထိုးဖြည့်တင်းခန့်အပ်ပေးရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကိုသော်လည်းကောင်း၊ ပြည်သူများမှ ရန်ပုံငွေများဖြင့် ကိုယ်ထူကိုယ်ထ ငှားရမ်းသင်ကြားနေရသည့် ဝန်ထုပ်ဝန်ပိုးမှ ကင်းဝေးစေရန် မည်သည့်အချိန်ကာလအတွင်း အပြီးသတ် ဖြည့်ဆည်းဆောင်ရွက်ပေးမည်ကို သိရှိလို ပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်ဥက္ကဋ္ဌမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** လူမှုရေးရာဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါ်နန်းခမ်းလူ(ခ)နန်းလဲ့လဲ့ဖြိုး၊ လူမှုရေးရာဝန်ကြီး။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ တက်ရောက်လာကြသော ဧည့်သည်တော် များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သ အပ်ပါတယ်ရှင်။ ရပ်စောက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအောင်ကျော်ညွန့်၏ တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်အတွင်း ကျေးရွာ(၁၂)ရွာရှိ အခြေခံပညာ ကျောင်းများတွင် ဆရာ/ ဆရာမအင်အား လုံလောက်မှုမရှိသောကြောင့် ဒေသခံ ပြည်သူများအနေဖြင့် မိမိတို့အစီအစဉ်ဖြင့် ဆောင်ရွက်နေရခြင်းအား ဆရာ/ ဆရာမ အင်အားကို ယခုနှစ် ပညာသင်နှစ်အတွင်း အစားထိုး ဖြည့်တင်းခန့်ထားပေးရန် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်နည်း။ မည်သည့်အချိန်ကာလတွင် အပြီးသတ်ဖြည့်ဆည်း ခန့်ထားပေးမည်ကို သိရှိလိုပါသည်နှင့်စပ်လျဉ်းသည့် မေးခွန်းအပေါ် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်ကိုယ်စား ပြည်နယ်လူမှုရေးရာဝန်ကြီး ကျွန်မဒေါ်နန်းခမ်းလူမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်ရှင်။

တောင်ကြီးခရိုင်၊ ရပ်စောက်မြို့နယ်အတွင်း ကျေးရွာ(၁၂)ရွာရှိ အခြေခံ ပညာကျောင်းများဖြစ်သော မူလွန်-လဲချား၊ အလက(ခွဲ) ထင်းရှူးပြား၊ အမက-

ဆင်သေနားပုံ၊ အမက-တောင်ပြို၊ အမက-ရေပျံ၊ အမက(ခွဲ) ငှက်ပျောကျင်းကျောင်း၊ (၆)ကျောင်းတွင် ကလေးငယ်များ၏ ပညာသင်ကြားရေးနှင့် ပညာရေးစံနှုန်းကို မထိခိုက်အောင် လိုအပ်သော ဆရာမ(၁)ဦးစီကို တွဲဖက်တာဝန်ပေးအပ်ထားပြီး ဖြစ်ပါသဖြင့် သွားရောက်တာဝန်ထမ်းဆောင်ပြီးဖြစ်ပါတယ်ရှင်။ အမက - ဇီးဖြူတောင်၊ အထက(ခွဲ) ယမ်းတွင်း၊ အမက - ပလောင်ရွာဟောင်း၊ အမက - ပလောင်ရွာမ၊ အမက - ကျောက်တလုံး (၅)ကျောင်းတွင် မြို့နယ်ပညာရေးအစီအစဉ်ဖြင့် အလှည့်ကျ ဆရာ၊ ဆရာမများ စေလွှတ်ကာ သင်ကြားရေးမပျက်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်ရှင်။ ရပ်ကြီးကျေးရွာကျောင်းသည် ကိုယ်ထူကိုယ်ထကျောင်းဖြစ်သောကြောင့် အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ်သို့ တိုးမြှင့်ရန် ဆန္ဒပြုလာပါက အခြေခံပညာဦးစီးဌာနသို့ တင်ပြပြီး ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြရမည်ဖြစ်ပြီး စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုချက်ရရှိမှသာ ကျောင်းအဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိမည် ဖြစ်ပါတယ်။ ရပ်စောက်မြို့နယ်အတွက် ဆရာလိုအပ်ချက်များကို ရပ်စောက်နယ်ခံ ကျောင်းသူ/ ကျောင်းသားများဖြစ်သောတောင်ကြီးပညာရေးဒီဂရီကောလိပ်မှ (၁/၂၀၂၆) လေးနှစ်သင်တန်းဆင်း ကျား (၉)ဦး၊ မ(၁၃)ဦး၊ ပေါင်း(၂၂)ဦးတို့ကို အလယ်တန်းပြအဖြစ်လည်းကောင်း၊ ပညာရေးနှင့်သင်ပြနည်းပညာဒီပလိုမာသင်တန်း (၁/၂၀၂၅) သင်တန်းဆင်း (၂၆)ဦးတို့ကို မူလတန်းပြအဖြစ်လည်းကောင်း၊ ကျား(၉)ဦး၊ မ(၃၉)ဦး၊ ပေါင်း (၄၈)ဦး ဒေသခံကျောင်းဆင်းများရှိပါတယ်ရှင်။ အခြေခံပညာဦးစီးဌာနမှ ခွင့်ပြုမိန့်ရသည့်အချိန်တွင် ကိုယ့်ဒေသမှာ တာဝန်ထမ်းဆောင်နိုင်အောင် ချက်ချင်းခန့်ထားနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ရှင်။ လွှတ်တော်ကိုယ်စားလှယ်များရှင်။ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိဒေသ၊ မိမိမြို့နယ်ရှိအခြေခံပညာရေး၊ ကျန်းမာရေးကိစ္စရပ်များအား လိုအပ်သောဒေတာအချက်အလက်များနှင့် စုစည်းတင်ပြတောင်းခံပါရန်လည်း မှာကြားလိုပါတယ်ရှင်။ ကျွန်မတို့အစိုးရအဖွဲ့အနေနဲ့ ဇီးရိုးကျောင်းများ၊ ဆရာ/ ဆရာမအင်အားနည်းပါးသော ကျောင်းများကို ပြည်သူလုထုလိုအပ်ချက်များအဖြစ် ဆရာ/ ဆရာမများ ဖြည့်ဆည်းဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ မိမိဒေသလိုအပ်ချက်ကို တင်ပြ

ပေးပါသော လွှတ်တော်ကိုယ်စားလှယ်များအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်မေနှင်းသက် မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၂)က မေးခွန်း (၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လေ့လာသူဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာပဏာမ ဆုမွန်ကောင်းတောင်း၍ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဒီကနေ့ ကျွန်မတို့ မိုင်းပျဉ်းမြို့နယ်အတွင်းမှာရှိတဲ့ ဒေသခံတိုင်းရင်းသားများရဲ့ လိုအပ်ချက်တစ်ခုဖြစ်တဲ့ ကြိုးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ဖို့အတွက် တင်ပြတောင်းဆိုသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ မိုင်းပျဉ်းမြို့နယ်၊ ဖာခမ်းကျေးရွာအုပ်စုအတွင်းမှာ တိုင်းရင်းသားဒေသခံတွေဟာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စရပ်တွေအတွက် မိုင်းပျဉ်းမြို့အတွင်းကိုလာလို့ရှိရင် နမ့်ပိန်းချောင်းကို ဖြတ်ရပါတယ်ရှင်။ အဆိုပါနမ့်ပိန်းချောင်းကို ဖြတ်တဲ့အခါမှာ ဝါးတံတားနဲ့ ဖြတ်သန်းလာရပါတယ်ရှင်။ ဖာခမ်းကျေးရွာအုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာ(၅)ရွာမှာ လူဦးရေ (၃၀၀)ကျော်ဟာ ဒီဒေသခံတွေက ခြေကျင်နဲ့သော်လည်းကောင်း၊ ဆိုင်ကယ်နဲ့လည်းကောင်း အဆိုပါ ခနော်ခနဲ့ဝါးတံတားကို အန္တရာယ်ရှိစွာ ဖြတ်သန်းလာရပါတယ်ရှင်။ အဲ့လိုဖြတ်သန်းလာရတဲ့အခါမှာ အန္တရာယ်များတဲ့ ခနော်ခနဲ့ ဝါးတံတားအစား ခိုင်ခံ့တဲ့ သံမဏိကြိုးတံတား(၁)စင်း တည်ဆောက်ပေးနိုင်ခဲ့ရင် စိုးရိမ်ပူပန်မှုကင်းစွာ၊ အန္တရာယ်ကင်းစွာနဲ့ ဖြတ်သန်းသွားလာနိုင်မှာဖြစ်ပါတယ်ရှင်။ သို့ဖြစ်ပါ၍ ဖာခမ်းကျေးရွာအုပ်စုအတွင်းမှာ ဒေသခံများ အန္တရာယ်ကင်းစွာနဲ့ နမ့်ပိန်းချောင်းကို ဖြတ်သန်းသွားလာနိုင်ဖို့အတွက် အရှည်ပေ(၁၀၀)ရှိတဲ့ သံမဏိကြိုးတံတား(၁)စင်း

တည်ဆောက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ဆက်လက်၍ ဒုတိယမေးခွန်းကို မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့ ရှမ်းပြည်နယ်၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့နယ်အတွင်းမှာရှိတဲ့ ဝမ်တာခက်ကျေးရွာအုပ်စု၊ ဝမ်တာခက်ကျေးရွာက ကျွန်မတို့ မိုင်းပျဉ်းမြို့နယ်ရဲ့ မြောက်ဘက်အစွန်ဆုံးမှာကျတဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်ရှင်။ အဲဒီရွာက မိုင်းပျဉ်း - မက်မန်းသွားတဲ့လမ်းဘေးမှာရှိပြီးတော့ အိမ်ခြေ (၂၅)အိမ်ရှိတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်ရှင်။ ရှမ်းလူမျိုးအများစု နေထိုင်ပြီး နမ့်ခချောင်းကို အမှီပြုပြီးတော့ တံငါလုပ်ငန်း၊ သဲ၊ ကျောက်ထုတ်လုပ်ရေးလုပ်ငန်းတွေ လုပ်ကိုင်ပြီးတော့ အေးချမ်းတည်ငြိမ်စွာ နေထိုင်ကြတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်ရှင်။ ကျေးရွာမှာ ဘုန်းကြီးကျောင်းတစ်ကျောင်းနဲ့ ရှေးဟောင်းစေတီ တစ်ဆူရှိပြီးတော့ ဝမ်တာခက်ကျေးရွာအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သောက်ရေ၊ သုံးရေအတွက် ရေပိုက်တွေထုတ်ပေးပြီးတော့ ရေကောင်းရေသန့်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သော်လည်း ထိုရေများကို သိုလှောင်၍ အချိန်မရွေး၊ ရာသီမရွေး အသုံးပြုနိုင်တဲ့ ကွန်ကရစ်ရေအုတ်ကန်တစ်ကန် လိုအပ်လျက်ရှိပါတယ်ရှင်။ သို့ဖြစ်ပါ၍ ဝမ်တာခက်ကျေးရွာအုပ်စု၊ ဝမ်တာခက်ကျေးရွာကို ကျေးရွာမှာရှိတဲ့ ဒေသခံများက ရေကို သိုလှောင်ပြီးတော့ အချိန်မရွေးရာသီမရွေး အသုံးပြုနိုင်တဲ့ ရေစုကန်ကြီး တစ်ကန်ကို ကျေးရွာဘုန်းကြီးကျောင်းအနီး တောင်ထိပ်မှာတည်ဆောက်ပေးနိုင်ပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ ညွှန့်သည်တော်ကြီးများခင်ဗျား။ ဒေါ်မေနှင်းသက်၊ မိုင်းပျဉ်းမြို့နယ်ကိုယ်စားလှယ် အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ကြယ်ပွင့်ပြမေးခွန်း(၂)ခုစလုံးကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး

ဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ပထမ မေးခွန်းအဖြေကတော့ မိုင်းပျဉ်းမြို့နယ်၊ ဖာခမ်းကျေးရွာအုပ်စုရှိ ကျေးရွာမှ ဒေသခံများသည် မိုင်းပျဉ်းမြို့နယ်အတွင်းသို့ သွားလာရာတွင် နမ့်ပိန်းချောင်းကို ဖြတ်သန်းသွားလာကြရသည့် အဆိုပါဝါးတံတားသည် ဖာခမ်းအုပ်စု၊ မိုင်းပျဉ်း - မက်မန်းလမ်းနှင့် ဟာကျလောကျေးရွာသို့ ဆက်သွယ်ထားသော ဆိုင်ကယ်လမ်း (၄)မိုင်ပေါ်တွင် တည်ရှိပါတယ်။ ၎င်းလမ်းသည်နယ်မြေပိုင်းခြားမှုအရ ကျေးလက်ဧရိယာမှာပါရှိသော်လည်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် လမ်းစာရင်းတွင်ပါဝင်ခြင်းမရှိသေးပါသဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲပိုင်ခွင့်ရှိသောလမ်းအဖြစ် ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းစာရင်းသိမ်းသွင်းပြီးပါက နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် လျာထားတင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကို ဆက်လက်ပြီးတော့မှ ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မိုင်းပျဉ်းမြို့နယ်၊ ဝမ်တာခက်ကျေးရွာအုပ်စု၊ ဝမ်တာခက်ကျေးရွာသည် အိမ်ခြေ (၂၁) အိမ်၊ လူဦးရေ (၁၀၈)ဦးအတွက် ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၂ လက်မ PVC ရေပိုက်စိမ့်စမ်းရေ (၀/၇)မိုင်သွယ်တန်းခြင်းလုပ်ငန်းအား မြစိမ်းရောင် အတိုးရငွေ ကျပ် (၁၂)သန်းဖြင့် ခွင့်ပြုဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ ဒေသခံပြည်သူများ သန့်ရှင်းသော ရေကောင်းရေသန့် သောက်သုံးရေရရှိရေးအတွက်လည်း ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ အင်တိုက်အားတိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျေးရွာအတွက် ထပ်မံလိုအပ်တဲ့ ဂါလန် ၂၀၀၀ဆံ့ အုတ်ရေကန်အား ၂၀၂၆ - ၂၀၂၇ခု ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ကျပ် (၁၅)သန်း ချထားပေးပြီး ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားစေမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်း (၁)နဲ့(၂)ကို တစ်ဆက်တည်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခမ်းလူ၊ မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ရှိသေလေးစား အပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှဝန်ကြီးများ၊ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ လာရောက် လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ရှေးဦးစွာ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးခမ်းလူ ဖြစ်ပါတယ်။ ယနေ့ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)တွင် မက်မန်းမြို့နယ်၊ အေးကျန့် ကျေးရွာအုပ်စု၊ ဝမ်ပါလောင်းကျေးရွာသူ/ ကျေးရွာသားများ ထာဝရအလင်းရရှိရေး အတွက် ဆိုလာမီးအလုံးရေ (၄၆)စုံကို ခွဲဝေချပေးနိုင်ပါရန်အတွက် ကြယ်ပွင့်ပြ မေးခွန်းအဖြစ် မေးမြန်းတင်ပြသွားမှာပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းခရိုင်၊ မက်မန်းမြို့နယ်၊ အေးကျန့်ကျေးရွာအုပ်စု ဝမ်ပါလောင်းကျေးရွာသည် လားဟူတိုင်းရင်းသားများ စုပေါင်းနေထိုင်ကြပြီး အိမ်ခြေ (၄၅)အိမ်၊ လူဦးရေ (၂၃၀)ဦးကျော်ခန့်ရှိသော ရွာလေးတစ်ရွာဖြစ်ပါတယ်။ ရွှေ့ပြောင်း တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပြီး စပါး၊ ပြောင်း၊ ပဲအမျိုးမျိုး၊ ကန်စွန်းဥ၊ ပိန်းဥ စသည့် စားဥအမျိုးမျိုးတို့ကိုအဓိက စိုက်ပျိုးကြပါတယ်။ ဝမ်ပါလောင်းကျေးရွာသည် မက်မန်းမြို့နယ်၏ မြောက်ဘက်စွန်းတွင်တည်ရှိပြီး နယ်စပ်ရွာလေးတစ်ရွာဖြစ်ကာ လျှပ်စစ်မီးမရရှိသော ကျေးရွာဖြစ်ပါတယ်။ ကျေးရွာသာယာဖွံ့ဖြိုးဝပြောရေးအတွက် မီးရရှိရေး လိုအပ်လျက်ရှိနေပါတယ်။ မက်မန်းမြို့မှ လျှပ်စစ်မီးသည် မြို့ပေါ်အတွက် သာလောက်ပြေီး ကျေးရွာနေဒေသခံတိုင်းရင်းသားများအတွက် ဖြန့်ဖြူးပေးဖို့ မလုံ လောက်သဖြင့် ဝမ်ပါလောင်းကျေးရွာကို Solar မီးရရှိရန် ဆောင်ရွက်ပေးမည်ဆိုပါက ဒေသခံပြည်သူများအတွက် လျှပ်စစ်စွမ်းအင်တစ်ခုတည်းရရှိခြင်းသာ မဟုတ်ဘဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများနှင့် စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူး များစွာကိုရရှိနိုင်မှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်း

မြို့နယ်၊ အေးကျန့်ကျေးရွာအုပ်စု၊ ဝမ်ပါလောင်းကျေးရွာ ထာဝရအလင်းရရှိရေး အတွက် အိမ်ခြေ (၄၅)အိမ်၊ အ.မ.က ကျောင်း(၁)ကျောင်းတို့အတွက် စုစုပေါင်း (၄၆)လုံး Solar မီး (၄၆)စုံကို ရှမ်းပြည်နယ်အစိုးရအနေဖြင့် ခွဲဝေချပေးနိုင်ခြင်း ရှိ/ မရှိ စီမံချက်များရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

ဒုတိယမေးခွန်းကို မေးမြန်းခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မက်မန်းမြို့နယ် မက်မန်း - အေးကျန့်နယ်ခြားလမ်းသည် အရှည် (၅)မိုင်ရှိသည့်အနက် ကျန်ကျောက်ခင်းလမ်း (၄)မိုင်အား အကြီးစားပြင်/ ထိန်း ဆောင်ရွက်ပေးရန် သို့မဟုတ် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ပေးနိုင်ပါရန် ရည်ရွယ်ပြီး ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ "ဝ" ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း၊ မက်မန်းခရိုင်၊ မက်မန်းမြို့မှ အမှတ်(၁၀၁၀) နယ်ခြားစောင့်တပ်တို့ ဆက်သွယ်ဖောက်လုပ်ထားသည့်လမ်းသည် အရှည် (၅)မိုင်ရှိပြီး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (၃၀၀.၁၁)သန်းကျပ်ဖြင့် ကျောက်ခင်း လမ်း(၂)မိုင်အား မန္တလာရွှေကြာကုမ္ပဏီမှလည်းကောင်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေး နှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (၂၉၆.၇၂၇)သန်းကျပ်ဖြင့် ကျောက်ခင်းလမ်း (၂)မိုင်အား အောင်မြင်ခိုင်မာကုမ္ပဏီမှလည်းကောင်း၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေး နှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ (၁၃၇.၇၄၅)သန်းကျပ်ဖြင့် ကျောက်ခင်းလမ်း (၂)မိုင်အား ကျိုင်းတုံစွမ်းအင်ကုမ္ပဏီမှလည်းကောင်း ဖောက်လုပ်နိုင်ခဲ့ပါတယ်။ သို့ရာတွင် ရာသီဥတုဒဏ်ကြောင့် အဆိုပါကျောက်ခင်းလမ်းများ ချို့ယွင်းပျက်စီးမှုများ ဖြစ်ပေါ်ပြီး မော်တော်ယာဉ်သွားလာမှုများအတွက် အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် လမ်းအဆင့်မြှင့်တင်နိုင်ရေး တင်ပြဆောင်ရွက်ခဲ့ရာမှာ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေး နှစ်တွင် ပြည်နယ်ဖြည့်စွက်ရန်ပုံငွေ (၂၅၁.၉၄၀)သန်းကျပ်ဖြင့် လမင်းကမ္ဘာမြေကုမ္ပဏီ မှ (၀/၄)မိုင်နှင့် မက်မန်းဗလကုမ္ပဏီမှ (၀/၄)မိုင် ကွန်ကရစ်လမ်းခင်းခြင်းအား ဆောင်ရွက်ခဲ့သည်ဟု လေ့လာသိရှိခဲ့ရပါတယ်။ လက်ရှိအခြေအနေတွင် ကျန်

ကျောက်ခင်းလမ်း (၄)မိုင်မှာ မိုးရေတိုက်စားမှုကြောင့်လည်းကောင်း၊ မော်တော်ယာဉ်ကြီးများသွားလာမှုကြောင့်လည်းကောင်း၊ လမ်းသားများ ပျက်စီးခြင်း၊ Box Culvetများ ချို့ယွင်းပျက်စီးခြင်းများကြောင့် မော်တော်ယာဉ်များ သွားလာမှုအခက်အခဲဖြစ်ပေါ်လျက်ရှိနေပါတယ်။ အဆိုပါလမ်းသည် မက်မန်းမြို့မှ အမှတ်(၁၀၁၀) နယ်ခြားစောင့်တပ်တို့ ဆက်သွယ်ထားသည့် အဓိကလမ်းမကြီးတစ်ခုဖြစ်ပြီး ၎င်းလမ်းတွင် အမှတ်(၁၀၁၀) နယ်ခြားစောင့်တပ်နှင့် အေးကျန့်ကျေးရွာအုပ်စု၊ မန်ဝန်းကျေးရွာအုပ်စုတို့မှ ဒေသခံပြည်သူများ ကူးလူးဆက်သွယ်သွားလာမှုအတွက် များစွာအထောက်အကူပြုလျက်ရှိပါသဖြင့် မော်တော်ယာဉ်များ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် လက်ကျန် ကျောက်ခင်းလမ်း (၄)မိုင်အား အကြီးစားပြင်/ထိန်းဆောင်ရွက်ပေးခြင်း သို့မဟုတ် ကွန်ကရစ်လမ်း အဆင့်မြှင့်တင်ပေးခြင်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဆောင်ရွက်ပေးနိုင်ပါရန် ရှိ/ မရှိ၊ ရှိမည်ဆိုပါက မည်သည့်လမ်းအမျိုးအစားနှင့် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက မေးခွန်း(၂)ခုလုံးကို တစ်ဆက်တည်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီး စိန်ဝင်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး။** ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါခင်ဗျား။ မက်မန်းမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခမ်းလူ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ကျွန်တော် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်းက တင်ပြသွားမှာ ဖြစ်ပါတယ်။

မက်မန်းမြို့နယ်၊ အေးကျန့်ကျေးရွာအုပ်စု၊ ဝမ်ပါလောင်းကျေးရွာဟာ မက်မန်းမြို့နယ်ရဲ့ မြောက်ဘက်စွန်းမှာတည်ရှိပြီးတော့ လားဟူတိုင်းရင်းသား အိမ်ခြေ (၄၅)အိမ်၊ လူဦးရေ(၁၈၀)ဦးကျော် နေထိုင်တဲ့ လျှပ်စစ်မီးမရရှိသေးတဲ့ နယ်စပ်ရွာတစ်ရွာဖြစ်ကြောင်း သိရှိရပါတယ်။ ဒီကျေးရွာနဲ့ ပတ်သက်လို့ ဆိုလာမီး (၄၆)စုံ တပ်ဆင်နိုင်ရေး

အတွက် ဘဏ္ဍာငွေကို နီးစပ်ရာဘဏ္ဍာရေးနှစ်မှာရရှိရေး လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ မက်မန်းမြို့နယ်ကိုယ်စားလှယ် ဦးခမ်းလူ တင်ပြတဲ့ ဒုတိယမေးခွန်းအနေနဲ့ မက်မန်းမြို့နယ် မက်မန်း - အေးကျန့် - ကန်နကျေးရွာအထိ (၁၄)မိုင်ရှိပြီးတော့ ပြည်ထောင်စုရန်ပုံငွေနဲ့ ၂၀၁၈ -၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ (၂)မိုင် ကျောက်ခင်းခြင်း၊ (၅ ပေ) Box Culvert (၃) စင်း တည်ဆောက်ခြင်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ (၂)မိုင် ကျောက်ခင်းခြင်း၊ (၅ ပေ) Box Culvert (၆)စင်း တည်ဆောက်ခြင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှာ (၁)မိုင် ကျောက်ခင်းခြင်းတို့အားလည်းကောင်း၊ ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်မှာ (၁)မိုင် ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ထားရှိခဲ့ပါတယ်။ ကျန်လမ်းပိုင်း (၄)မိုင် ကျောက်ကြမ်းလမ်းအား ပြည်ထောင်စု/ ပြည်နယ် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီး ၂၀၂၇ - ၂၀၂၈တွင် လျာထားနိုင်ရေးအတွက် ပြည်ထောင်စုလည်းတင်ပြပြီးတော့ ကျွန်တော်တို့ပြည်နယ်အနေနဲ့လည်း လျာထားနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ် (၂)က မေးခွန်းမေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းနော်၊ မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနဲ့ လေ့လာသူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ရှင်။ ကျွန်မကတော့ မိုင်းဆတ်ခရိုင်၊ မိုင်းဆတ်မြို့နယ်ကိုယ်စားလှယ်အမှတ်(၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းနော် ပဲဖြစ်ပါတယ်ရှင်။

ကျွန်မ မေးမြန်းမဲ့မေးခွန်းကတော့ ယန်းကြိမ်ကျေးရွာအုပ်စု၊ ကျိုင်းတုံ - မိုင်းလားလမ်းမကြီးမှ ဝမ်ဆာရွာသွားလမ်းသည် မြေသားလမ်းအစား ကွန်ကရစ်လမ်းဖြစ်စေ၊ ကတ္တရာလမ်းဖြစ်စေ အဆင့်မြှင့်တင်ပေးနိုင်ရန်အတွက် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်ရှင်။

ရှမ်းပြည်နယ် အရှေ့ပိုင်း၊ ကျိုင်းတုံခရိုင်၊ ယန်းကြိမ်ကျေးရွာအုပ်စု၊ ကျိုင်းတုံ - မိုင်းလားလမ်းမကြီးမှ ဝမ်ဆာရွာသွားလမ်းသည် မြေလမ်းအမျိုးအစားဖြစ်ပြီး လမ်းအရှည် (၁/၂)မိုင်၊ လမ်းအကျယ် ၁၀ပေခန့်ရှိပြီး မိုးတွင်းကာလ၌ လမ်းပေါ်ရေဝပ်ခြင်းကြောင့် ဒေသခံနေပြည်သူလူထုများ သွားလာရာတွင် ခက်ခဲခြင်း၊ ယာဉ်မတော်တဆများ မကြာခဏဖြစ်ပွားခြင်း၊ လမ်းချော်ခြင်းများ ဖြစ်ပွားလျက်ရှိပါတယ်ရှင်။ အဆိုပါလမ်းအား ကျိုင်းတုံမြို့နယ်၊ ယန်းကြိမ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ (၃)ရွာများသို့ ဆက်သွယ်ရာတွင် အသုံးပြုလျက်ရှိပြီး၊ အိမ်ခြေ (၁၀၂)အိမ်နှင့် လူဦးရေ (၅၆၀)ဦးခန့်အား အကျိုးပြုလျက်ရှိပါတယ်ရှင်။ သို့ဖြစ်ပါ၍ ကျိုင်းတုံ - မိုင်းလားလမ်းမကြီးမှ ဝမ်ဆာရွာသွားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးမည်ဆိုပါက ကျိုင်းတုံမြို့နယ်အတွင်းရှိ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်မှုပိုမိုလွယ်ကူချောမွေ့စေမှာဖြစ်ပါသဖြင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မည်သည့်အချိန်၊ မည်သည့်ကာလတွင် စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများခင်ဗျား။ ဒေါ်နန်းနော်မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်၊ ယန်းကြိမ်ကျေးရွာအုပ်စု၊ ကျိုင်းတုံမိုင်းလားလမ်းမကြီးမှ ဝမ်ဆာရွာသွားလမ်းသည် Class (A) လမ်းအမျိုးအစားဖြစ်ပြီး လမ်းအရှည်မှာ(၁.၂)မိုင်ရှိပါတယ်။ ကျေးရွာ (၃)ရွာ၊ အိမ်ခြေ (၁၀၂)အိမ်နှင့် လူဦးရေ (၅၆၉)ဦး နေ့စဉ်အသုံးပြုလျက်ရှိပါတယ်။

အဆိုပါလမ်းကို ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းအား နီးစပ်ရာဘဏ္ဍာရေးနှစ်မှစတင်၍ ပြည်နယ်ရန်ပုံငွေအဖြစ် လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** အားလုံးပဲ မင်္ဂလာပါရှင်။ လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်၊ တပ်မတော်သား ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ ပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ကျေးသီးမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဒေါ်နန်းမွန်းအောင် ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ကျေးသီးမြို့နယ်၊ မြို့မဈေးကြီးအတွင်း ပုံကျဈေးသည်များ ဈေးအတွင်း၌ နေရာအတည်တကျ ဈေးရောင်းနိုင်ရန် နေရာသတ်မှတ်ပေးခြင်းကိစ္စနှင့် ပတ်သက်သော မေးခွန်းများကို မေးမြန်းပါရစေရှင်။

အထက်ပါအကြောင်းအရာနှင့်စပ်လျဉ်း၍ မိုင်းရှူးခရိုင်၊ ကျေးသီးမြို့နယ်သည် မြို့ပေါ် (၆)ရပ်ကွက်တွင် အိမ်ခြေ (၁၀၈၂)အိမ်နှင့် လူဦးရေ (၅၇၆၄) ဦးရှိပါတယ်ရှင်။ ကျေးသီးမြို့နယ် မြို့မဈေးကြီးကို ဒေသခံပြည်သူများ စားဝတ်နေရေးအတွက် ရောင်းဝယ်ဖောက်ကားနေသော နေရာကြီးတစ်ခုဖြစ်ပါတယ်ရှင်။ သို့ပေမယ့်လည်း ကျေးသီးမြို့နယ်တွင် မြို့မဈေးကြီးအတွင်းမှ ဈေးဆိုင်ခန်းပိုင်ရှင်အချို့သည် ၎င်းတို့ ပိုင်ဆိုင်သော ဆိုင်ခန်းများတွင်သာမက မြို့မဈေး၏ အပြင်ဘက်တွင်လည်း ထွက်ရောင်းနေကြပါတယ်ရှင်။ ယခင်ပုံကျဈေးအတွက် သတ်မှတ်ထားသောနေရာတွင် ကျေးသီးမြို့နယ် စည်ပင်သာယာရေးဦးစီးဌာနမှ အဝေးမှလာရောက်ရောင်းချသော ဈေးသည်များအတွက်နေရာကို နာမည်ပေါက်ဖြင့် ရောင်းချခွင့်ပြုထားသည်ကို တွေ့ရပါတယ်ရှင်။ ယင်းပုံကျဈေးနေရာတွင် အဝေးမှလာရောက်ရောင်းချသော

ဈေးသည်များ ဈေးရောင်းခွင့်ရရှိပြီး ဒေသခံပြည်သူများမှ ၎င်းတို့ စိုက်ပျိုးထားသော သီးနှံများကို လာရောက်ရောင်းချရာတွင် ပုံကျနေရာ၌ ရောင်းချခွင့်မရှိဘဲ မြို့မဈေးကြီး၏အပြင်ဘက် လမ်းမကြီးဘေး ဝဲ၊ ယာ နှစ်ဖက်တွင် ရောင်းချနေရပါတယ်ရှင်။ လမ်းမကြီး၏ဘေးတွင် ရောင်းချခွင့်ရသော ဒေသခံပြည်သူများ၏ ဈေးရောင်းရာနေရာတွင် ယာဉ်ကြီး၊ ယာဉ်ငယ်နှင့် ဆိုင်ကယ်များ ဖြတ်သန်းသွားလာနေပါသဖြင့် လွန်စွာမှ အန္တရာယ်ကြီးလှပါတယ်ရှင်။ သို့ဖြစ်ပါ၍ ကျေးသီးမြို့၏ မြို့မဈေးအတွင်း ပုံကျဈေးသည်များတို့အတွက် နေရာအတည်တကျ သတ်မှတ်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရမှ မည်ကဲ့သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး ဦးခွန်ထွန်းဖြူ ဖြစ်ပါတယ်။

ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)မှ ဒေါ်နန်းမွန်းအောင် မေးမြန်းတဲ့ မေးခွန်းကို ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လွိုင်လင်ခရိုင်၊ ကျေးသီးမြို့နယ်၊ မြို့မဈေးကြီးအတွင်းမှ ဈေးဆိုင်ခန်းပိုင်ရှင်အချို့ဟာ မြို့မဈေးအပြင်ဘက်မှာ ဈေးထွက်ရောင်းကြခြင်း၊ ပုံကျဈေးသည်များအတွက် မြို့မဈေးကြီးအတွင်း နေရာချထားပေးပြီးဖြစ်သော်လည်း မရောင်းချဘဲ လမ်းမကြီးဘေးတွင် ခင်းကျင်းရောင်းချနေခြင်းများကြောင့် ကားကြီး၊ ကားငယ်နှင့် ဆိုင်ကယ်များသွားလာရာတွင် အလွန်အန္တရာယ်များသည့်အတွက် အဆိုပါမြို့မဈေးအတွင်းရှိ ဈေးဆိုင်ခန်းပိုင်ရှင်များနှင့် ပုံကျဈေးသည်များအတွက် နေရာအတည်တကျ သတ်မှတ်ပေးထားပြီးဖြစ်ပါ၍ ဈေးဆိုင်ခန်းပိုင်ရှင်များအနေဖြင့် မိမိဆိုင်ခန်းတွင်သာ ရောင်းချရန်နှင့် ပုံကျဈေးသည်များသည်လည်း ဈေးအတွင်း သတ်မှတ်ထားရှိသည့်နေရာတွင်သာ စနစ်တကျ

ရောင်းချနိုင်ရန်အတွက် စည်ပင်သာယာရေးဌာနမှ ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဒေါ်နန်းမွန်းအောင်၊ ကျေးသီးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** ဆက်စပ်မေးခွန်း မေးမြန်းပါရစေရှင်။ ယခင်ပုံကျဈေးသည်များအတွက် သတ်မှတ်ထားသောနေရာတွင် ကျေးသီးမြို့နယ် စည်ပင်သာယာရေးဌာနမှ အဝေးမှလာရောက်ရောင်းချသော ဈေးသည်များအတွက် သတ်မှတ်ထားသောနေရာ၏ တစ်ဝက်ကိုနာမည်ပေါက်ဖြင့် ရောင်းချခွင့်ပြုထားပြီး ကျန်တဲ့တစ်ဝက်ကိုပဲ ဒေသခံပြည်သူများရဲ့ ပုံကျဈေးသည်များအတွက် နေရာများမလောက်နိုင်ပါဘူးရှင်။ သို့ဖြစ်ပါ၍ ပုံကျဈေးသည်များအတွက် နေရာထပ်မံသတ်မှတ်ပေးနိုင်ပါရန် မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ။** ဆက်စပ်မေးခွန်းနှင့်ပတ်သက်ပြီး ဝန်ကြီးပြန်လည် ဖြေကြားပေးနိုင်လျှင် ဖြေကြားပေးပါ။ ဖြေကြားပေးလို့ အဆင်မပြေရင်လည်း သေချာလေးကွင်းဆင်းပြီးတော့ ဆောင်ရွက်ပေးနိုင်တဲ့ အခြေအနေလေး ဆောင်ရွက်ပေးပါ။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျ။ လက်ရှိထပ်မံမေးခွန်းနဲ့ ပတ်သက်ပြီးတော့မှ ကျေးသီးစည်ပင်သာယာရေးဌာနအနေနဲ့ အခုထပ်တိုးလာတဲ့ ပုံကျဈေးသည်များအတွက် မြေပြင်ကွင်းဆင်းပြီးတော့မှသူတို့အတွက် နေရာရရှိရေးအတွက်ကို ပြန်လည်ပြီးတော့ ဖြေကြားတင်ပြပေးသွားမှာဖြစ်ပါတယ်ခင်ဗျ။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းလှိုင်၊ ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသောလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ဒုတိယဥက္ကဋ္ဌကြီး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနှင့်ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်

ကတော့ ကွန်ဟိန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁) ဦးဝင်းလှိုင် ဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းတင်ပြချင်တဲ့အကြောင်းအရာကတော့ ကွန်ဟိန်းမြို့နယ်၊ လိုက်တပ်ကျေးရွာအုပ်စု၊ ဟိုကျယ်ကျေးရွာ လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြမေးမြန်းခြင်းဖြစ်ပါတယ်။

နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ် လိုက်တပ်ကျေးရွာအုပ်စု၊ ဟိုကျယ်ကျေးရွာတွင် အိမ်ခြေ(၁၆၂)အိမ်၊ လူဦးရေ (၈၈၈)ဦး မှီတင်းနေထိုင်လျက်ရှိပါတယ်။ ကွန်ဟိန်းမြို့ကို တောင်ကြီးမြို့ဘက်မှ လာရောက်ပါက မြို့အဝင် ညာဘက် မြို့အနီးတွင်ရှိတဲ့ ကျေးရွာဖြစ်ပါတယ်။ ၂၀၂၀ ခန့်က ဂျာမနီနဲ့ပူးပေါင်း၍ NEP အစီအစဉ်တွင် ပါဝင်ခဲ့ပြီးတော့မှ အိမ်တွင်းမီးကြိုးများ၊ မီတာဘောက်(စ်)များ ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ သို့ရာတွင် NEP အစီအစဉ်များ ရပ်ဆိုင်းသွားတဲ့အတွက် မီးသွယ်တန်းရေးလုပ်ငန်းစဉ်များလည်း ရပ်တန့်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်ကမှ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနဲ့အဖွဲ့ လာရောက်၍ ထပ်မံကြည့်ရှုသည့်အတွက် ကျေးရွာနေပြည်သူလူထုမှ ဝမ်းမြောက်ဝမ်းသာဖြစ်ခဲ့ကြပါတယ်။ သို့သော်လည်း ရှမ်းပြည်နယ်အပါအဝင် ငလျင်ဘေးဒဏ်သင့်ခဲ့မှုများ ဖြစ်ပေါ်ခဲ့သောကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ကြောင်း သိရှိရပါတယ်။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပါဝါပွိုင့်အသုံးပြုခွင့်ပေးနိုင်ပါရန် တောင်းခံအပ်ပါတယ်ခင်ဗျား။ တင်ပြပါမြေပုံကတော့ ကွန်ဟိန်းမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အထက်ဌာနများကို နှစ်စဉ်ဦးစားပေးတင်ပြခဲ့တဲ့ အဆိုပြုမြေပုံဖြစ်ပါတယ်။ ကွန်ဟိန်းဓာတ်အားခွဲရုံမှ တင်ပြပါ အစိမ်းရောင်တြိဂံလေးကတော့ ကွန်ဟိန်းဓာတ်အားခွဲရုံဖြစ်ပါတယ်။ စကာခ ကွန်ဟိန်းတပ်ပိုင်မြေကို ရှောင်ကွင်းပြီးတော့မှ အရှေ့ဘက်ကနေပတ်ပြီးတော့မှ အလယ်ခေါင်က တပ်ပိုင်မြေဖြစ်ပါတယ်။ ဒီပစ်ကူကုန်းကြီးဖြစ်ပါတယ်။ အရှေ့ဘက်ကနေပတ်ပြီး တင်ပြပါအနီရောင်မျဉ်းအတိုင်း ဟိုကျယ်ကျေးရွာသို့ သွယ်တန်းမဲ့အနေအထားဖြစ်ပါတယ်။ ဓာတ်အားလိုင်း အရှည် 11 KV ACSR 95mm Square (၃)မိုင်

ဖြစ်ပြီးတော့မှ ၄၀၀ ဗို့ခတ်အားလိုင်း AC 95mm Square (၉) မီတာ ကွန်ကရစ်ဗို့ (၁.၄၆မိုင်) ဖြစ်ပါတယ်။ ကျွန်တော်တို့ မြေပြင်ကွင်းဆင်းကြည့်ရှုရာမှာ တင်ပြပါ အဆိုပြုမြေပုံနှင့်အတိုင်း လမ်းကြောင်းတစ်ကြောင်း ကျွန်တော်တို့ထပ်မံတွေ့ရှိ ထားပါတယ်။ တင်ပြပါအတိုင်း ကွန်ဟိန်းခတ်အားခွဲရုံမှ အရှေ့ဘက်တောင်ကို အရှေ့ဘက်ကနေပတ်ပြီးတော့မှ အသုံးမပြုဘဲနဲ့ တောင်ရဲ့အနောက်ဘက်ကနေပတ် ပြီးတော့မှ သွားမဲ့လမ်းကြောင်းဖြစ်ပါတယ်။ တင်ပြပါအဝါရောင်မျဉ်းဟာဆိုလို့ရှိရင် နမ့်စန်မြို့ကနေပြီးတော့မှ စကခ ကွန်ဟိန်းတပ်မြေကိုဖြတ်သန်း၍ ကွန်ဟိန်း ခတ်အားခွဲရုံသို့ (66 KV) ခတ်အားလိုင်း ဝင်ရောက်ထားတဲ့ လမ်းကြောင်းဖြစ်ပါတယ်။ ပြည်ထောင်စုကားလမ်းမကြီးနှင့်အပြိုင် ကျွန်တော်တို့ ဝင်ရောက်လာတာဖြစ်ပါ တယ်။ ကာကွယ်ရေးဝန်ကြီးဌာန ခွင့်ပြုချက်အရ ဖောက်လုပ်သွယ်တန်းထားတဲ့ လမ်း ကြောင်းဖြစ်ပါတယ်။ ၎င်း (66 KV) လမ်းကြောင်းရဲ့ဘေးကနေယှဉ်ပြီးတော့မှ Dotted line အနီရောင်လေးတွေ ပြထားတဲ့အတိုင်းယှဉ်ပြီးတော့မှ induce အကွာအဝေး (၂၀)ပေ လောက်ခွာပြီးတော့မှ နမ့်စန်ဘက်ကိုပြန်လည်သွယ်တန်းပြီးတော့မှ နမ့်မန်း ဂိတ်လမ်းဆုံအထိ၊ ၎င်းမှ ဟိုကျယ်ကျေးရွာသို့ သွယ်တန်းမဲ့လမ်းကြောင်းဖြစ်ပါတယ်။ ခတ်အားလိုင်းအရှည် (၁.၆၂)မိုင်သာရှိတော့မည်ဖြစ်၍ ယခင်တင်ပြချက် (၃)မိုင်ရဲ့ ထက်ဝက်ခန့်သာကွာဝေးတော့မှာဖြစ်ပါတယ်။ ယခုလမ်းကြောင်းကိုအသုံးပြု နိုင်မည်ဆိုပါက နံပါတ်(၁) ခရီးမိုင်ထက်ဝက်လျော့ချနိုင်၍ ပြည်နယ်အစိုးရ၏ ဘတ်ဂျက်သုံးစွဲကုန်ကျမှု ထက်ဝက်လျော့နည်းစေမည်ဖြစ်ပါတယ်။ နံပါတ်(၂) ခတ်အားလိုင်းအပြည့်ဖြစ်ပေါ်လာပါက ချက်ချင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိန်းသိမ်းခြင်းလုပ်ငန်းများလည်း ပိုမိုအဆင်ပြေစေမည်ဖြစ်ပါတယ်။ နံပါတ်(၃) ယခင် ကကန ခွင့်ပြုပြီးသား (၆၆ KV) ခတ်အားလိုင်းနှင့်အပြိုင် ပြန်လည် ဆောင်ရွက်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ သီးခြားလမ်းကြောင်း ရှာဖွေဖော်ထုတ်ရန် မလိုတော့ကြောင့် အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာလည်း ဖြစ်ပါတယ်။ လမ်းအူကြောင်းရှိပြီးသားဖြစ်ပါတယ်။ အဝါရောင်မျဉ်းဘေးကနေ (၂၀)ပေ induce ခွာပြီးတော့ ဆွဲလိုက်လို့ရှိရင် အမြန်ဆုံးဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဒီနေရာမှာ ဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်ရန်တစ်ခုပဲလိုအပ်မှာဖြစ်ပါတယ်။ လျှပ်စစ်ဝန်ကြီး ဌာနအနေနဲ့ ကာကွယ်ရေးဝန်ကြီးဌာနကို ညှိနှိုင်းဆောင်ရွက်ရန်လိုအပ်မှာ ဖြစ်ပါတယ်။

ကကန ကနေပြီးတော့ ကကကြည်း ကကထောက်တို့ကနေတစ်ဆင့် သက်ဆိုင်ရာ ရလခကို သဘောထားမှတ်ချက်တောင်းခံလာမယ်လို့ ကျွန်တော်တို့သိရှိရပါတယ်။ အဲ့ဒီလို တောင်းခံလာလို့ရှိရင် ရလခအနေနဲ့ ခွင့်ပြုပေးနိုင်ရန် လက်ရှိ ရလခ ခေတ္တတိုင်းမှူးကို ကျွန်တော်က တင်ပြဆောင်ရွက်ထားပြီးဖြစ်ပါတယ်ခင်ဗျား။ ဓာတ်အားခွဲရုံမှ ဝင်ရောက်နိုင်ကြောင်းကိုလည်း အောက်ပါအချက်အလက်များအရ သိရှိနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (11)KV မြို့တွင်းအခြေအနေရဲ့ အများဆုံးဝင်အားကတော့ 0700 AMမှ0.9 MW ဖြစ်ပြီးတော့မှ 1830 PM မှာ 0.88 ဖြစ်ပါတယ်။ National Grid ရောက်ရှိတဲ့ ၂၀၁၄ နောက်ပိုင်း အများဆုံးဝင်အားကတော့ 1.2 MW ပဲ ဖြစ်ပါတယ်။ စက်တပ်ဆင်အင်အား (5 MVA)ဖြစ်ပြီးတော့မှ ၎င်းရဲ့ ၈၀ ရာခိုင်နှုန်း အသုံးပြုနိုင်စွမ်းအပေါ် တွက်ချက်ရင်တောင်မှ လေးပုံတစ်ပုံသာ အများဆုံးသုံးစွဲမှုရှိတဲ့အတွက် ဝင်အားနိုင်နင်းကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟိုကျယ်ကျေးရွာသို့ လျှပ်စစ် ဓာတ်အား ရောက်ရှိဖြန့်ဖြူးသုံးစွဲခွင့်ရရှိပြီးလျှင် ၎င်းကျေးရွာမှတစ်ဆင့် နမ့်စန် - ကွန်ဟိန်း ပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ကျေးရွာတွေဖြစ်တဲ့ နိမ့်ဟိုင်း ကျေးရွာ၊ သံတံတားကျေးရွာ၊ လိုက်တပ်ကျေးရွာများရှိ အိမ်ခြေ (၁၉၃)၊ လူဦးရေ (၉၁၂)ဦးတို့ကိုလည်း လျှပ်စစ်ဓာတ်အားသွယ်တန်းခြင်း ဆက်လက်ဆောင်ရွက်ပေးနိုင်မှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျေးလက်နေပြည်သူလူထုများအနေနဲ့ အသေးစား၊ အလတ်စားစက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်ခြင်း၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့်အတူ လူမှုစီးပွားအဖက်ဖက်မှ တိုးတက်လာမည်ဖြစ်ပါတယ်။ 5 Years Planning အနေနဲ့ ထည့်သွင်းဆောင်ရွက်ထားပြီးဖြစ်သလို ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်အတွက်လည်း First Priority အနေနဲ့တင်ပြတောင်းခံထားပြီး ဖြစ်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါ၍ ကွန်ဟိန်းမြို့နယ်၊ လိုက်တပ်ကျေးရွာအုပ်စု၊ ဟိုကျယ်ကျေးရွာမှအစပြု၍ နိမ့်ဟိုင်းကျေးရွာ၊ သံတံတားကျေးရွာ၊ လိုက်တပ်ကျေးရွာများရှိ အိမ်ခြေစုစုပေါင်း (၃၅၅ )၊ လူဦးရေ (၁၈၀၉)ဦး၏ လူမှုဘဝများတိုးတက်လာစေရေး လျှပ်စစ်မီးသွယ်တန်းပေးမည့် အစီအစဉ်နှင့်ပတ်သက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပေးနိုင်ပါရန် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်

ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဦးဝင်းလှိုင်၊ ကွန်ဟိန်းမဲဆန္ဒနယ် ကိုယ်စားလှယ်အမှတ်(၁)၊ မေးမြန်းထားတဲ့ ကွန်ဟိန်းမြို့နယ်၊ လိုက်တပ်ကျေးရွာအုပ်စု၊ ဟိုကျယ်ကျေးရွာမှာ ကျွန်တော်တို့ အိမ်ခြေ (၁၆၂)အိမ်၊ အိမ်ထောင်စု(၁၆၂)စု၊ စုစုပေါင်း လူဦးရေ (၈၈၀)ဦး (၂၄)နာရီ လျှပ်စစ်မီးရရှိရေးနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသွားမှာဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကွန်ဟိန်းမြို့နယ်၊ လိုက်တပ်ကျေးရွာအုပ်စု၊ ဟိုကျယ်ကျေးရွာ လျှပ်စစ်မီးရရှိဖို့အတွက် ၆၆/၁၁ ကေဗွီ၊ (၅) ကွန်ဟိန်းဓာတ်အားခွဲရုံမှ 11 ကေဗွီဓာတ်အားလိုင်း (၃)မိုင်၊ ၁၁/၀.၄ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးနှင့် ကျေးရွာတွင်း (၄၀၀ဗို့) ဓာတ်အားလိုင်း (၁.၄၆)မိုင် တည်ဆောက်သွားရမှာဖြစ်ပါတယ်။ ဒီနေရာမှာ ခုန ကိုယ်စားလှယ်တော်ကြီး Power Point နဲ့ တင်ပြဆွေးနွေးပြီးတော့ ရလခ၊ တပ်တွင်းအတွင်းမှာ ၆၆ လိုင်းနှင့် အပြိုင်ဆွဲမယ်ဆိုလျှင် (၁.၄)မိုင်တိုသွားမှာပေါ့နော်။ တိုသွားမှာဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနများနဲ့ အဆိုပြုညှိနှိုင်းပြီးတော့ လိုအပ်သလိုဆောင်ရွက်ပေးသွားမယ်လို့ ကျွန်တော့်အနေနဲ့ ပထမဦးစွာ ရှင်းလင်းတင်ပြလိုပါတယ်။ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာနှစ်မှာ ကျွန်တော်တို့ ခုနက တင်ပြခဲ့တဲ့ (၃)မိုင်ခန့်မှန်းဒေသပေါက်ဈေးအရ 11 ကေဗွီ ဓာတ်အားလိုင်း (၃)မိုင်အတွက် ခန့်မှန်းကုန်ကျငွေကတော့ (၅၇၂.၁)ကျပ်သန်း၊ ၁၁/၀.၄ ကေဗွီ (၁၆၀)ကေဗွီအေ ထရန်စဖော်မာ (၁)လုံးအတွက် ခန့်မှန်းကုန်ကျစရိတ် (၁၀၃.၉၄၈)ကျပ်သန်းနှင့် ကျေးရွာတွင်း (၄၀၀ဗို့) ဓာတ်အားလိုင်း (၁.၄၆)မိုင်အတွက် ခန့်မှန်းကုန်ကျငွေစရိတ် (၁၉၈.၀၉၆)ကျပ်သန်း စုစုပေါင်းခန့်မှန်းကုန်ကျငွေ

(၈၇၄.၁၄၄)ကျပ်သန်း ကုန်ကျမှာဖြစ်ပါတယ်။ ဒီနေရာမှာ ခုနက ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့တဲ့ လမ်းကြောင်းကနေဆွဲမယ်ဆိုရင်တော့ ကျပ်သန်း(၂၆၀)ကျော်လျော့ကျပြီးတော့ ကျွန်တော်တို့ ပြည်နယ်အစိုးရရန်ပုံငွေ သက်သာစေမှာဖြစ်ပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်အစိုးရငွေလုံးငွေရင်းရန်ပုံငွေနဲ့ ၂၀၂၇ - ၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်ပြီးတော့ ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီးတော့ ဘဏ္ဍာငွေခွင့်ပြုရရှိမှုအပေါ် ဆက်လက်ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ ဟိုကျယ်ကျေးရွာ ဓာတ်အားရရှိပြီးပါက နိမ့်ဟိုင်းကျေးရွာပါ တစ်ပါတည်း ဓာတ်အားရရှိမည်ဖြစ်ပါကြောင်းဖြေကြားလိုပါတယ်။ ဟိုကျယ်ကျေးရွာ ဓာတ်အားရရှိပြီးပါက သံတံတားကျေးရွာ ဓာတ်အားရရှိရေးအတွက် ဟိုကျယ်ကျေးရွာမှ 11 ကေဗွီ ဓာတ်အားလိုင်း (၄.၈)မိုင်၊ လိုက်တပ်ကျေးရွာအတွက် ခိုလိတ်ကျေးရွာမှ 11 ကေဗွီ ဓာတ်အားလိုင်း (၁.၈)မိုင် သွယ်တန်းရမှာဖြစ်တဲ့အတွက် အဆိုပါကျေးရွာ(၂)ရွာအတွက် ရှမ်းပြည်နယ်အစိုးရ ငွေလုံးငွေရင်းရန်ပုံငွေနှင့် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားသွားမှာဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုအပေါ် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ရှေးဦးစွာဆုမွန်ကောင်းတောင်း ဂါရဝပြုမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်စားလှယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်ပလိပ် ဖြစ်ပါတယ်။ ယနေ့ကျင်းပသော တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ပြည်နယ်လွှတ်တော်အစည်းအဝေးတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊

မိုင်းတုံခရိုင်၊ ပုံပါကျင်မြို့ရှိ ဒေသခံပြည်သူများအတွက် ရေဖြန့်ဝေပေးသောဆည် စနစ်တကျ တည်ဆောက်ပေးရန်နှင့် ပိုက်များဖြင့် ရေစနစ်တကျဖြန့်ဝေပေးရန် အစီအစဉ် ရှိ/ မရှိနှင့်စပ်လျဉ်းသည့် ကြယ်ပွင့်ပြမေးခွန်းအား မေးမြန်းသွားမည် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအကြောင်းအရာကိစ္စနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်အတွင်းရှိ ပုံပါကျင်မြို့သည် နားကောင်းမူးကျေးရွာအပါ ကျေးရွာအုပ်စု (၃)အုပ်စု၊ ကျေးရွာပေါင်း (၄၆)ရွာ၊ မြို့နေရပ်ကွက်(၅)ရပ်ကွက်နှင့်ဖွဲ့စည်းထားပြီး စုစုပေါင်း လူဦးရေ (၃)သောင်းကျော် ရှိပါတယ်။ တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပြီး စိုက်ပျိုး၊ မွေးမြူရေးကို အဓိကထား လုပ်ကိုင်စားသောက်ကြပါတယ်။ ယခုအချိန်ကာလတွင် သစ်တောပြုန်းတီးမှု၊ လူဦးရေတိုးပွားများပြားလာမှုနှင့် ယခင်ထက်ပိုပြီး ရာသီဥတုပူပြင်းခြောက်သွေ့လာမှုများကြောင့် နေရာအနှံ့ ချောင်းရေ၊ အိုင်ရေ၊ တွင်းရေ၊ စိမ့်စမ်းရေများ ခမ်းခြောက်ကုန်ပါသည်။ ထိုကဲ့သို့ဖြစ်စဉ်များကြောင့် ဒေသခံပြည်သူများသည် သန့်ရှင်းသော သောက်သုံးရေ ရရှိနိုင်ရေးအတွက် များစွာအခက်အခဲဖြစ်စေပါတယ်။ ဒေသခံပြည်သူများသည် တစ်ရွာနှင့်တစ်ရွာ အလုအယက် လွယ်ချီလိပ်တောင်ခြေမှ စီးဆင်းလာသောချောင်းကို ပိုက်များနှင့်သွယ်ယူပြီး အသုံးပြုကြရပါသည်။ ငွေကြေးချမ်းသာပြီး တတ်နိုင်သောသူများသာ ရေကိုကောင်းမွန်စွာ သွယ်ယူအသုံးပြုနိုင်ပြီး မတတ်နိုင်သော ပြည်သူများအတွက်မှာမူ သောက်သုံးရေ များစွာအခက်အခဲဖြစ်နေပါတယ်။ ရေကို ဒေသခံပြည်သူများ အလုအယက်သွယ်ယူသောကြောင့် ဒေသခံပြည်သူများ တစ်ရွာနှင့်တစ်ရွာ မကြာခဏ စကားများရန်ဖြစ်ခြင်းနှင့် မလိုလားအပ်သော ပြဿနာများ ပေါ်ပေါက်လာမည်ကို မိဘပြည်သူများက စိုးရိမ်နေကြပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထို့ကြောင့်ဒေသခံပြည်သူများ သောက်သုံးရေ၊ ရေကောင်းရေသန့် ညီတူညီမျှကောင်းမွန်စွာ ရရှိအသုံးပြုနိုင်ရန် ရေဖြန့်ဝေပေးသော ဆည်များ စနစ်တကျ တည်ဆောက်ပြီး ပိုက်ဖြင့်စနစ်တကျရေဖြန့်ဝေပေးခြင်းဖြင့် သောက်သုံးရေများ အဆင်ပြေစေရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီစဉ်ဆောင်ရွက်ပေးနိုင်မှု ရှိ/မရှိနှင့် ရှိလျှင် မည်သည့်အချိန်ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဒေသခံပြည်သူများ

ကိုယ်စားကြယ်ပွင့်ပြမေးခွန်းဖြင့် လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အတွက် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြမေးခွန်းကို (၆)ခု တင်ပြသွားခဲ့ပါတယ်။ ကျွန်တော် (၆) ခုလုံး တင်ပြသွားတဲ့ ကြယ်ပွင့်ပြမေးခွန်းဟာ ပြီးခဲ့တဲ့ စည်းရုံးရေးကာလတုန်းက ကျွန်တော်တို့ ခရိုင်တစ်ခုလုံးနီးပါးကို ကွင်းဆင်းတဲ့အခါမှာ ဒေသခံပြည်သူအများဆုံး တောင်းဆိုတဲ့လိုအပ်ချက်တွေဖြစ်ပါတယ်။ တစ်ချို့ ကျေးရွာ၊ ရပ်ကွက်အနည်းစု တောင်းဆိုတဲ့အရာကိုတော့ ကြယ်ပွင့်မပြမေးခွန်းအဖြစ် ထည့်ထားတယ်။ ခရိုင်တစ်ခုလုံး အများတောင်းဆိုတဲ့အရာကိုတော့ ကြယ်ပွင့်ပြမေးခွန်းအဖြစ် ကျွန်တော်(၆)ခုစလုံး မေးမြန်းခဲ့တဲ့ဟာကို ဒေသခံပြည်သူအများရဲ့ လိုအပ်ချက်ဖြစ်တဲ့အတွက်ကြောင့် အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးစေချင်ပါတယ်ဆိုတာ ပြည်သူကိုယ်စား ထပ်လောင်းပြီးတော့မှ ဖော်ပြချင်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးလင်းအောင်ဆွေ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ လေ့လာသူ ဧည့်သည်တော်ကြီးများခင်ဗျား။ ဦးအိုက်ပလိပ်၊ ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)၊ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဖြစ်သူ ကျွန်တော် ဦးလင်းအောင်ဆွေက ဖြေကြားတင်ပြပေးသွားမှာ ဖြစ်ပါတယ်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းတုံခရိုင်အတွင်းရှိ ပုံပါကျင်မြို့နယ်ခွဲတွင် ကျေးရွာအုပ်စု(၃)အုပ်စု၊ ကျေးရွာပေါင်း(၄၆)ရွာအနက် ဝင်ထွက်သွားလာ၍ မရသော "ဝ"လူမျိုးများနေထိုင်သည့်ကျေးရွာ (၂၂)ရွာရှိပါတယ်။ ကျန်(၂၄)ရွာအနက် စိမ့်စမ်းရေရရှိရေးလုပ်ငန်းများအား မိုင်းဟန်အုပ်စုအတွင်းရှိ နားကောင်းမူးကျေးရွာတွင်

၂၀၁၄ - ၂၀၁၅ နှင့် ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ လွယ်ချီလိပ် ကျေးရွာတွင် ၂၀၂၄ - ၂၀၂၅ ခုဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ဆီင်းကျေးရွာတွင် ၂၀၂၅ - ၂၀၂၆ ခုဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ နမ့်ဟူးခွန်ကျေးရွာအုပ်စုအတွင်းရှိ တာကွမ်ကျေးရွာတွင် ၂၀၁၈ - ၂၀၁၉ ခုဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ နမ့်ဟူးခွန် ကျေးရွာနှင့် နမ့်ချန်ကျေးရွာတွင် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ နမ့်ယွန်း(လားဟူ)ကျေးရွာတွင် ၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ပွေအောကျေးရွာအုပ်စုအတွင်းရှိ မုံးကျွတ်(ရှမ်း)ကျေးရွာတွင် ၂၀၁၃ - ၂၀၁၄ နှင့် ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်များတွင်လည်းကောင်း၊ ကုန်းဆာကျေးရွာတွင် ၂၀၁၈ - ၂၀၁၉ ခု ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ပွေအောကျေးရွာတွင် ၂၀၂၂ - ၂၀၂၃ ခု ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိပြီး ကျေးရွာပေါင်း (၁၀)ရွာ၌ စိမ့်စမ်းရေသွယ်ယူခြင်းလုပ်ငန်း (၁၂)ခု ဆောင်ရွက်ထားရှိပေးပြီးဖြစ်ပါတယ်။

အဆိုပါ ကျေးရွာအုပ်စု(၃)အုပ်စုမှ ကျန်ရှိနေတဲ့ ကျေးရွာ (၁၄)ရွာအနက် နမ့်ဟူးခွန် ကျေးရွာအုပ်စုအတွင်းရှိ ကြယ်ပဲ၊ ပါချီး၊ အောင်းလောင်း(ရွာဟောင်း)ကျေးရွာ(၃)ရွာ၊ ပွေအောကျေးရွာအုပ်စုအတွင်းရှိ ကုန်းဆာ(လားဟူ)ကျေးရွာ(၁)ရွာ၊ မိုင်းဟန် ကျေးရွာအုပ်စုရှိ မိုင်းဟန်ကျေးရွာ၊ နားကောင်းမူး အပိုင်း(၁)၊ နားကောင်းမူး အပိုင်း(၂) မလူးကျေးရွာ၊ ယန်းခမ်းကျေးရွာနှင့် ပန်ပေါင်ကျေးရွာ(၆)ရွာ၊ စုစုပေါင်းကျေးရွာ (၁၀) ရွာရှိ ဒေသခံပြည်သူများအတွက် သန့်ရှင်းသောသောက်သုံးရေရရှိနိုင်ရန် စိမ့်စမ်းရေ သွယ်ယူခြင်းလုပ်ငန်းအား ၂၀၂၇ - ၂၀၂၈ ခု၊ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းလျာထားမှု စာရင်းတွင် ထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ဘဏ္ဍာငွေရရှိမှုပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ဖြေကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးထင်အောင်နိုင် မိုင်းတုံမြို့နယ် ကိုယ်စားလှယ် အမှတ်(၂) က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ် ပါသော ရှမ်းပြည်နယ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် များနှင့် လေ့လာသူများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂)မှ ဦးထင်အောင်နိုင် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းခတ် မြို့နယ်၊ မိုင်းကာ(အရှေ့)ကျေးရွာအုပ်စု၊ ပန်နော်လောင်းကျေးရွာမှာ လွန်ခဲ့တဲ့ (၂)နှစ် လောက်ကစပြီးတော့ နှစ်စဉ်ရေကြီးရေလျှံမှုဖြစ်စဉ်နှင့်ပတ်သက်ပြီးတော့မှ ကြယ်ပွင့်ပြမေးခွန်းကို မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော့်ကို ပါဝါပွိုင့်အသုံးပြုခွင့်ပြုပါခင်ဗျား။ ပန်နော်လောင်းကျေးရွာဟာဆိုရင် အိမ်ခြေ(၅၀)၊ လူဦးရေ (၂၉၃)ဦးရှိပြီးတော့မှ ကျွန်တော်တို့ အာခါတိုင်းရင်းသား၊ လားဟူတိုင်းရင်းသား၊ အားခေတိုင်းရင်းသားများရောနှောနေထိုင်တဲ့ ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ မိုင်းခတ် - မိုင်းယန်းကားလမ်းမပေါ်မှာ တည်ရှိပြီးတော့ မိုင်းခတ်မြို့ ကနေပြီးတော့ ၈ ကီလိုမီတာ၊ မိုင်အားဖြင့် ၅ မိုင်ခန့်သာ ကွာဝေးပါတယ်။ ကျေးရွာသားများဟာဆိုရင် ကျေးရွာအနီးမှာရှိတဲ့ လယ်(၅၈)ကေကျော်နဲ့ တောင်ယာ များကို လုပ်ကိုင်စားသောက်ကြပါတယ်။ တင်ပြပါပုံကတော့ ရွေးကောက်ပွဲ ကျင်းပပြီးကာလမှာ မဲပေးကြတဲ့ကျေးရွာလူထုကို သွားရောက်ပြီးတော့ တွေ့ဆုံပြီး ကျေးဇူးတင်စကားပြောပါတယ်။ ဒီလိုပြောတဲ့အခါမှာ ကျေးရွာသားများကတော့ ကျွန်တော်တို့ကို မဲထည့်တာ တာဝန်ကျေခဲ့ပြီ။ ကျွန်တော်တို့က ကျေးရွာအတွက် လိုအပ်ချက်တွေရှိရင် ဘာတွေလုပ်ပေးရမလဲလို့ မေးမြန်းတဲ့အခါမှာ ကျေးရွာသား များက အကုန်လုံး အသံတစ်စုတစ်စည်းတည်းထွက်လာတာကတော့ သူတို့ကျေးရွာ ရေကြီး၊ ရေလျှံမှုဖြစ်နေတဲ့ကိစ္စများကို ဆောင်ရွက်ပေးဖို့ ဆိုတာလေးကိုပဲ တောင်းဆိုလာတာဖြစ်ပါတယ်။ မိုးကြီးလို့ မိုးအုံ့လာပြီဆိုရင် ကျေးရွာထဲ ရေဝင်လာမလား၊ သူတို့စိုက်ပျိုးထားတဲ့အပင်တွေ ရေနစ်မြုပ်မလားဆိုတာကို အမြဲတမ်းစိုးရိမ်နေရပါတယ်ဆိုပြီးတော့မှ ပြောကြားလာပါတယ်။ ဖြစ်စဉ်ကို ပြန်လည်စိစစ်တဲ့အခါမှာ အနီရောင်ပြထားတာကတော့ မိုင်းခတ်ကနေ မိုင်းယန်းကို သွားတဲ့ကားလမ်းဖြစ်ပါတယ်။ ရွာလေးကတော့ ညာဘက်အောက်ထောင့်မှာရှိတဲ့ ရွာလေးဖြစ်ပါတယ်။ အဝါရောင်ပြထားတာကတော့ လယ်မြေများဖြစ်ပါတယ်။ လိမ္မော်ရောင်တြိဂံနေရာလေးကတော့ ဟိုးအရင်တုန်းက ရာဂီမုန်တိုင်းမတိုင်ခင်

ကတော့ လှိုထဲကနေ ဆင်းလာတဲ့ရေတွေဟာ အဲ့ဒီနေရာမှာ သဘာဝအရကျောက်ခေါင်းပေါက်ကြီး ရှိတယ်လို့ပြောပါတယ်။ ဒီရေဝင်ပေါက်ကြီးထဲမှာပဲ ဝင်ဝင်သွားပြီးတော့ ရာဂီမုန်တိုင်းဖြစ်တဲ့အချိန်မှာ ဒီအပေါက်ကြီးဟာ သဲတွေပိတ်ပြီးတော့ တင်ပြပါအတိုင်း ကားလမ်းပေါ် လယ်တွေနဲ့ကျေးရွာအတွင်းကို စီးဆင်းလာတဲ့ အနေအထားမျိုးဖြစ်ပါတယ်။ ရာဂီမုန်တိုင်းကြောင့်လည်း လယ် ၅၈ ဧကထဲက နေပြီးတော့ ၇ ဧကကျော်ဟာ သဲဖုံးပြီးတော့မှ ပျက်စီးသွားတဲ့ အနေအထားရှိပါတယ်။ ဒါကတော့ ရာဂီမုန်တိုင်းဖြစ်ပြီးတဲ့အချိန်မှာ သက်ဆိုင်ရာဌာနဆိုင်ရာများ ကွင်းဆင်းစစ်ဆေးခဲ့တာဖြစ်ပါတယ်။ စစ်ဆေးရေးအဖွဲ့တွေရဲ့ဘေးမှာ သဲလေးတွေနဲ့ ပုံထားတဲ့ ဘောင်လေးတွေ့ရပါမယ်။ ဒီဘောင်လေးကတော့ ယာယီလမ်းကြောင်း ပွင့်အောင်နဲ့ ရေမြောင်းတွေ မပိတ်အောင် ဆယ်ပြီးတော့မှဖို့ထားတဲ့ အနေအထား မျိုးရှိပါတယ်။ ဒါကတော့ ဗီဒီယိုကလစ်ပါ။ မိုးရွာတဲ့အချိန်မှာ တင်ပြပါရွာနဲ့ ကားလမ်းမပေါ်မှာ ရေကြီးရေလျှံမှုနဲ့ လယ်အတွင်းကို ရေတွေစီးဝင်မှုဖြစ်ပါတယ်။ တင်ပြပါဗီဒီယိုကလစ်တိုင်းပါပဲ။ အဲ့ဒီဒေသမှာ မိုး နှစ်နာရီ / သုံးနာရီလောက် အဆက်မပြတ်ရွာသွန်းပြီဆိုလျှင် မိုင်းယန်း - မိုင်းခတ်ကားလမ်းမပေါ် ရေကြီးရေလျှံမှုဖြစ်ပေါ်ခြင်း၊ ကျေးရွာအတွင်း ရေဝင်ရောက်ခြင်းနှင့် ကျေးရွာကစိုက်ထားတဲ့ စိုက်ပျိုးသီးနှံများ ရေဝင်၍ ပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ယခုပန်နော်လောင်း ကျေးရွာအနီး ရေကြီးရေလျှံမှုဖြစ်ပေါ်နေတဲ့ကိစ္စများကို အထူးကိစ္စတစ်ရပ်အနေနဲ့ စီစဉ်ဆောင်ရွက်ပေးနိုင်ပါရန် ကျေးရွာနေပြည်သူများကိုယ်စား ကြယ်ပွင့်ပြမေးခွန်းအဖြစ် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်သန်းထူး၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး။** လေးစားရပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဧည့်သည်တော်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဦးထင်အောင်နိုင်၊ မိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) မေးမြန်းတဲ့မေးခွန်းကို ဖြေကြားရမယ်ဆိုလျှင် မိုင်းခတ်မြို့နယ်၊ မိုင်းကာ(အရှေ့)

ကျေးရွာအုပ်စု၊ ပန်နော်လောင်းကျေးရွာဟာဆိုရင် မိုင်းခတ်မြို့မှ မိုင်းယန်းမြို့သို့ သွားတဲ့ ကားလမ်းပေါ်တွင်ရှိပြီးတော့ မိုင်းခတ်မြို့မှ (၄)မိုင်ခန့် အကွာမှာ တည်ရှိတာ ဖြစ်ပါတယ်။ အဆိုပါကျေးရွာဟာဆိုရင် လျှိုမြောင်တောင်တန်းများအကြား ကုန်းမြေ လွင်ပြင်တွင်တည်ရှိနေပြီး တစ်နှစ်ပတ်လုံး ရေစီးဆင်းနေတဲ့ချောင်းအနေအထား မတွေ့ရဘဲ မိုးရွာသွန်းချိန်တွင်သာ မြေနိမ့်ပိုင်းတစ်လျှောက် ရေဖြတ်သန်းစီးဆင်းလေ့ ရှိကြောင်း သိရှိရပါတယ်။ လယ်မြေများအတွင်းမှာ သဲနုန်းမြေများဖုံးလွှမ်းမှုကို လျော့ချ နိုင်ရန်အတွက် ချောင်းတူးဖော်ခြင်းသည် ရေတိုဖြေရှင်းချက်လို့ ကျွန်တော်တို့အနေနဲ့ ထင်မြင်ပါတယ်။ သို့ပေမယ့်လည်း မြေပြင်အနေအထားပေါ်မှာ သေချာကွင်းဆင်းစိစစ် တိုင်းပြီးမှသာ အဖြေထုတ်လို့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ချောင်းအတွင်းမှာ သဲနုန်းမြေ များမှ ချောင်းကိုတူးဖော်မယ်ဆိုလျှင် ရေတိုဖြေရှင်းချက်အနေနဲ့ ချောင်းအတွင်း သဲနုန်းများပြန်လည်ပို့ချသွားမှာဖြစ်ပြီးတော့ နှစ်စဉ်တူးဖော်ရန် လိုအပ်နေမှာဖြစ်ပါ တယ်။ ချောင်းအဖြစ်တူးဖော်မည့်နည်းလမ်းအစားပေါ့ သဲနုန်းစီးဆင်းမှု လျော့ချစေဖို့ အတွက် သင့်တော်တဲ့ လျှိုမြောင်များတွေမှာ သဲနုန်းထိန်းတဲ့တမံတည်ဆောက်ခြင်း ဟာ ပိုမိုသင့်လျော်မယ်လို့ ယူဆရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာ ဆည်မြောင်း ဦးစီးဌာနနဲ့ ညှိနှိုင်းပြီးတော့ သဲနုန်းထိန်းတမံတည်ဆောက်မည့်မြေနေရာနဲ့ ကုန်ကျ စရိတ်ကို ကွင်းဆင်းစိစစ်တွက်ချက်စေမှာဖြစ်ပြီးတော့ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်၍ သင့်တော်သောဘဏ္ဍာရေးနှစ်မှာထည့်သွင်း လျာထား သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါ တယ်။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးညီညီဇော်၊ သီပေါမြို့နယ်ကိုယ်စားလှယ် အမှတ်(၁)က မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးညီညီဇော်၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁)။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တော်ကြီး များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးညီညီဇော် ဖြစ်ပါတယ်ခင်ဗျား။

ကျွန်တော်မေးမြန်းမှာကတော့ နမ့်လန်ကျေးရွာအုပ်စု၊ နမ့်လန်ကျေးရွာအတွင်း အများပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေသော စည်းကမ်းမဲ့ အမှိုက်ပစ်မှုများ၊ စနစ်တကျမရှိသော အမှိုက်သိမ်းနေသည့်စနစ်များကို ပြုပြင်ပြောင်းလဲ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် ကြယ်ပွင့်ပြမေးခွန်းဖြင့် မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု၊ နမ့်လန်ကျေးရွာသည်အိမ်ခြေ (၂၇၈၇) အိမ်၊ လူဦးရေ(၂၂၆၆၃)ဦးရှိပြီး အိမ်ထောင်စု (၅၄၀၂)စုရှိပြီး ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်နယ်ရန်ပုံငွေအသုံးပြုကာ စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ သို့ရာတွင် နမ့်လန်ကျေးရွာအတွင်း နမ့်လန်မြို့မဈေးကြီးအနီးတစ်ဝိုက်၊ နမ့်လန်အဝင်နှင့် နမ့်လန်အတွင်းပိုင်းရှိ လမ်းများတွင် စည်းကမ်းမဲ့ အမှိုက်ပစ်မှုများကိုတွေ့ရှိရပါတယ်။ ထို့အပြင် နမ့်လန်စည်ပင်သာယာရေးကော်မတီ၏ လုပ်ဆောင်မှုမှာ များစွာအားနည်းမှုရှိကြောင်း တွေ့ရှိရပါတယ်။ လူနေမှုအဆင့်အတန်းမြင့်မားစေရန်၊ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်လှပစေရန်နှင့် အမှိုက်ကင်းစင်စေပြီး ကျန်းမာသာယာသောဘဝ ရရှိစေရန်အတွက် ရည်ရွယ်ပါသည်ခင်ဗျား။ သို့ဖြစ်ပါ၍ နမ့်လန်ကျေးရွာအုပ်စု၊ နမ့်လန်ကျေးရွာအတွင်း အများပြည်သူများအား စိတ်အနှောင့်အယှက်ဖြစ်စေသော စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ၊ စနစ်တကျမရှိသော အမှိုက်သိမ်းနေသည့်စနစ်များကို ပြုပြင်ပြောင်းလဲ အရေးယူဆောင်ရွက်ပေးနိုင်ပါရန် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ မည်ကဲ့သို့စီမံ ဆောင်ရွက်ပေးမည်ကိုသိရှိလိုပါသဖြင့် ဒေသခံပြည်သူများ၏ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** စည်ပင်သာယာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဦးခွန်ထွန်းဖြူ၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအားလုံးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ထပ်မံပြီးတော့ နှုတ်ခွန်းဆက်သအပ်

ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ စည်ပင်သာယာရေး ဝန်ကြီး ဦးခွန်ထွန်းဖြူ ဖြစ်ပါတယ်။ သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) ဦးညီညီဇော် မေးမြန်းထားတဲ့ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီးတော့ ပြန်လည် ဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ကျောက်မဲခရိုင်၊ သီပေါမြို့နယ်၊ နမ့်လန်ကျေးရွာအုပ်စု၊ နမ့်လန်ကျေးရွာဟာ အိမ်ခြေ( ၂၇၈၇ )အိမ် ၊ အိမ်ထောင်စု ( ၅၄၀၂ )စုနှင့် လူဦးရေ( ၂၂၆၆၃ )ဦးရှိပြီး သီပေါ မြို့နယ်စည်ပင်သာယာရေးဌာနမှ စည်ပင်သာယာရေးနယ်နိမိတ်အဖြစ် သတ်မှတ် ကြေညာပြီး စည်ပင်သာယာရေးလုပ်ငန်းများအား ဒုတိယဦးစီးမှူး (ရုံးတာဝန်ခံ)(၁)ဦး၊ အငယ်တန်းစာရေး(၁)ဦး၊ အခွန်ကောက်-၅ (၁)ဦး၊ ယာဉ်မောင်းနှင့် သန့်ရှင်းရေး(၄)ဦး၊ ဈေးညစောင့်ဝန်ထမ်း(၃)ဦးတို့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နမ့်လန်ကျေးရွာသည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ ကူးသန်းသွားလာသောလမ်းမကြီးပေါ်မှာ တည်ရှိသကဲ့သို့ မြို့ကဲ့သို့ ဖွံ့ဖြိုးတိုးတက် စည်ကားသည့် ကျေးရွာတစ်ခုလည်းဖြစ်ပါတယ်။ ရပ်ကွက်ကြီး(၁၁)ခု ရှိပါတယ်။ ရပ်ကွက်(၁၁)ခုနှင့် မြို့မဈေးမှထွက်ရှိတဲ့ အမှိုက်များအား ဌာနမှ(၃)တန်တင်ပါ အမှိုက်သိမ်းယာဉ်(၁)စီးဖြင့် နေ့စဉ် ရပ်ကွက်(၁၁)ရပ်ကွက်အား အလှည့်ကျ သိမ်းဆည်း ပေးလျက်ရှိပြီးတော့ မြို့မဈေးကို နေ့စဉ်သိမ်းဆည်းပေးလျက်ရှိပါတယ်။ နေ့စဉ် ရပ်ကွက် (၁၁)ခုနှင့် မြို့မဈေးမှ ထွက်ရှိတဲ့ အမှိုက်တန်ချိန်စုစုပေါင်း (၂၄)တန် ခန့်ရှိရာ ဌာနမှ နေ့စဉ်(၆)တန်ခန့်သာ သိမ်းဆည်းပေးနိုင်လျက်ရှိပါတယ်။ စည်းကမ်းမဲ့အမှိုက် စွန့်ပစ်မှုများ မရှိစေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများရှိပါက စည်ပင်သာယာရေး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါတယ်။ နေ့စဉ်ရပ်ကွက် (၁၁)ခု နှင့် မြို့မဈေးက ထွက်ရှိတဲ့အမှိုက်ပမာဏဟာ များပြားပြီး ဌာနမှ ယာဉ်အင်အား၊ ဝန်ထမ်းအင်အား နည်းပါးသဖြင့် အမှိုက်သိမ်းဆည်းပေးနိုင်သည့် ပမာဏမှာ မျှတမှု မရှိခြင်းတို့ကြောင့် နမ့်လန်ကျေးရွာရှိ ရပ်ကွက်(၁၁)ခုလုံးသို့ အမှိုက်သိမ်းဆည်းမှု ရာနှုန်းပြည့်လွှမ်းခြုံနိုင်ရေးအတွက် ပုဂ္ဂလိကအမှိုက်သိမ်းဆည်းရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း လေးစားစွာဖြင့် ဖြေကြားတင်ပြ အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ဆက်လက်ပြီး ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)က မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဇော်လွင်၊ နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)။** လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့်တကွ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြတဲ့ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နမ့်ဆန်မြို့နယ်မဲဆန္ဒနယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ကိုယ်စားလှယ်ဖြစ်သူ ဦးဇော်လွင် ဖြစ်ပါတယ်ခင်ဗျား။

ယနေ့အချိန်မှာ နိုင်ငံတော်အစိုးရအနေဖြင့် အစိုးရအသစ်တစ်ရပ်ပေါ်ပေါက်လာပြီး နိုင်ငံတော်သမ္မတမှ နိုင်ငံတစ်ဝှမ်းလုံးမှာ ကဏ္ဍပေါင်းစုံ ရက်(၁၀၀)စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါတယ်။ ရက်ပေါင်း(၁၀၀)အတွင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းများအား သိရှိလိုပါ၍ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကြယ်ပွင့်ပြမေးခွန်းအား လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာလဆိုင်း၊ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာလဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်လွင်ရဲ့ နိုင်ငံတော်သမ္မတမှ နိုင်ငံတစ်ဝှမ်းလုံးတွင်ကဏ္ဍပေါင်းစုံ ရက်(၁၀၀) စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရက်ပေါင်း(၁၀၀)အတွင်း တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ရသော လုပ်ငန်းများသိရှိလိုပါသည်ဟူသော မေးခွန်းနှင့်

ပတ်သက်၍ ခြုံငုံရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ ကွပ်ကဲမှုအောက်ရှိဌာနများနှင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို အဓိကဆောင်ရွက်ရသည့် ပြည်နယ်အဆင့်ဌာန(၂၉)ခုကိုရွေးချယ်၍ ဌာနတစ်ခုချင်းအလိုက် ပြည်သူအတွက် အမှန်တကယ်အကျိုးရှိပြီး ရက်(၁၀၀)အတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မယ့် လုပ်ငန်းများကို အဆိုပြုတင်ပြစေကာ အဆိုပြုလုပ်ငန်းများအား ပြည်နယ်အစိုးရအဖွဲ့မှ စိစစ်အတည်ပြုပြီး ရက်(၁၀၀)လုပ်ငန်းစီမံချက်ဖြင့် ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။ ဌာန(၂၉)ခုအနက် လုပ်ငန်းသဘောသဘာဝအရ လုပ်ငန်းအရေအတွက်သတ်မှတ်ရန်ခက်ခဲသည့် ပြည်နယ်မီးသတ်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးတို့မှအပ ကျန်(၂၈)ဌာနတို့မှ လုပ်ငန်းအသီးသီးအကောင်အထည်ဖော်ဆောင်ရွက်ရန် စိစစ်အတည်ပြုခဲ့ရာ စိစစ်အတည်ပြုချက်များအရ လမ်းလုပ်ငန်း(၁၈၀)ခု၊ တံတားလုပ်ငန်း(၅၇)ခု၊ မီးလင်းရေးလုပ်ငန်း(၃၁)ခု၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း(၆၄)ခု၊ ပညာရေးလုပ်ငန်း (၉၅)ခု၊ ကျန်းမာရေးလုပ်ငန်း(၁၆)ခု၊ ဆက်သွယ်ရေးလုပ်ငန်း(၅)ခု၊ စိုက်ပျိုးရေးလုပ်ငန်း(၂၈)ခု၊ မွေးမြူရေးလုပ်ငန်း(၆)ခု၊ ဓာတ်သတ္တုလုပ်ငန်း(၃၀)ခု၊ ရေရရှိရေးလုပ်ငန်း (၇၃)ခု၊ မြို့သာယာလှပရေးလုပ်ငန်း (၁၇၆)ခု၊ ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း (၃၈)ခု၊ ကျေးရွာမြေငှားဂရန် ထုတ်ပေးရေးလုပ်ငန်း(၁၈)ခု၊ သင်ကြားလေ့ကျင့်ရေးသင်တန်း (၁၇၂)ခု၊ ဝန်ဆောင်မှုလုပ်ငန်း(၁၄၈)ခုနှင့် အခြားလုပ်ငန်း (၄၅၉)ခုတို့ဖြစ်ပြီး အဆိုပါလုပ်ငန်းများဆောင်ရွက်ရန်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေ ကျပ်သန်း (၄၃၂၈.၁၀၈)၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ကျပ်သန်း (၁၀၆၇၃.၄၈)သန်း၊ စုစုပေါင်းကျပ်သန်း(၁၅၀၀၁.၅၈၈)ဖြစ်ပြီး ဘီလီယံအားဖြင့် ကျပ်ဘီလီယံ(၁၅)ဖြစ်ပါတယ်။ အဆိုပါလုပ်ငန်းများကို ပြည်နယ်အတွင်းရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (၂)ခု၊ ခရိုင်(၁၉)ခုနှင့် မြို့နယ်(၄၁)ခုတို့တွင် ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်နယ်မီးသတ်ဦးစီးဌာနအနေဖြင့် မီးဘေးကြိုတင်ကာကွယ်ရေး၊ အသိပညာပေးခြင်းနှင့် ဇာတ်တိုက်လေ့ကျင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့် လူဦးရေ(၄၂၃၈၂)ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးနိုင်ရေး လျာထားစီမံဆောင်ရွက်လျက်ရှိပါတယ်။ စီမံချက်ကာလအနေဖြင့် ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ

သတ်မှတ်ထားပါတယ်။ ယနေ့အချိန်အထိ လုပ်ငန်းပြီးစီးမှုအနေဖြင့် ပျမ်းမျှအားဖြင့် ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ အထက်ပါလုပ်ငန်းစီမံချက်များအပြင် ရက်(၁၀၀) စီမံကိန်းကာလအတွင်း သီးခြားဆောင်ရွက်နိုင်သည့် လုပ်ငန်းများအနေဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးရာသီစိုက်ပျိုးရေးစရိတ်များကို တိုးမြှင့်ထုတ်ချေးပေးလျက်ရှိရာ စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်သီးနှံများအတွက် လက်ရှိတစ်ဧကနှုန်းထား (၁၅၀,၀၀၀)ကျပ်မှ (၃၀၀,၀၀၀)ကျပ်၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံ၊ ကြက်သွန်နီ၊ ငရုတ်၊ ချက်ကြံ၊ အစေ့ထုတ်ပြောင်းများအတွက် လက်ရှိတစ်ဧကနှုန်းထား (၁၀၀,၀၀၀) ကျပ်မှ (၂၅၀,၀၀၀)ကျပ်၊ ပန်းနှမ်း၊ ဆီမုန်ညှင်း၊ ဂုံလျှော်အတွက် လက်ရှိတစ်ဧက နှုန်းထား(၁၀၀,၀၀၀)ကျပ်မှ (၁၅၀,၀၀၀)ကျပ်အထိ အတိုးနှုန်း တစ်နှစ် ၅ ရာခိုင်နှုန်းဖြင့် ထုတ်ချေးပေးလျက်ရှိပြီး မိုးရာသီချေးငွေများကို ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် (၁၆)မြို့နယ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)တွင် (၂)မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် (၄)မြို့နယ်၊ စုစုပေါင်း(၂၂)မြို့နယ် သီးနှံစိုက်ဧက (၁၁၁၃၀၉)ဧကအတွက် ချေးငွေ ကျပ်သန်းပေါင်း (၁၄,၃၈၈.၉၀)သန်းအား ထုတ်ချေးပေးရေးဆောင်ရွက်လျက်ရှိပါတယ်။ လယ်ယာသုံးစက်ကိရိယာ ချေးငွေများကိုလည်း နှစ်ချင်းဆပ်တစ်နှစ်ချေးငွေနှုန်းထား ကျပ်သိန်း(၁၀၀)မှ ကျပ်သိန်း (၅၀၀)၊ နှစ်တိုချေးငွေ(၃)နှစ်၊ ချေးငွေနှုန်းထား ကျပ်သိန်း(၅၀၁)မှ ကျပ်သိန်း(၁၀၀၀)၊ နှစ်စဉ်ချေးငွေ(၅)နှစ်၊ ချေးငွေနှုန်းထား ကျပ်သိန်း(၁၀၀၁)မှ ကျပ်သိန်း(၃၀၀၀)၊ နှစ်ရှည်ချေးငွေ(၅)နှစ် ချေးငွေနှုန်းထား ကျပ်သိန်း(၃၀၀၁)မှ ကျပ်သိန်း(၅၀၀၀)ထိ ဝန်ကြီးဌာနခွင့်ပြုချက်ဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် လက်မှတ်ရေးထိုးထားသည့် လယ်ယာသုံးစက်ကိရိယာရောင်းချသောကုမ္ပဏီများနှင့် ချိတ်ဆက်ချေးငှားရောင်းချပေးလျက်ရှိပြီး ချေးငွေအတိုးမှာ တစ်နှစ်လျှင် ၆ ရာခိုင်နှုန်းဖြစ်ပါတယ်။ တောင်သူများချေးငွေမရရှိသည့်အတွက် ကြုံတွေ့နေရသည့်အခက်အခဲများကို ဖြေလျော့ပေးသည့်အနေဖြင့် ငွေချေးသည့်တောင်သူ၏ အိမ်ထောင်စုစာရင်း ပုံစံ ၆၆/ ၆ မှာ မိသားစုအားကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူခွင့်ပြုခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အမည်ပြောင်းလျှောက်လွှာပုံစံ(၉) မိတ္တူတင်ပြနိုင်ပါက ချေးငွေထုတ်ချေးနိုင်ခြင်း၊ ပုံစံ(၇)အမည်ပေါက်ပါသူကိုသာ ထုတ်ချေးသည်ကိုသိရှိပြီး အမည်ပြောင်းခြင်းကို မဖြစ်မနေဆောင်ရွက်ပါမည်ဟု ဝန်ခံကတိရယူပြီး ထုတ်ချေးသွားခြင်းစသည်တို့ကို ပြုလုပ်ပေးလျက်ရှိပါတယ်။ စားသုံးသူဦးစီးဌာနအနေဖြင့် ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး

သင်တန်းကို တောင်ကြီးမြို့တွင် သင်တန်းသားဦးရေ(၂၄)ဦးဖြင့် ဖွင့်လှစ်သင်ကြား ပေးခဲ့ပါတယ်။ စားသုံးသူအသိပညာပေး ဟောပြောပွဲများအနေဖြင့် တောင်ကြီး မြို့နယ်၊ ကလောမြို့နယ်၊ ပင်းတယမြို့နယ်၊ နမ့်ဆန်မြို့နယ်၊ ကျိုင်းတုံမြို့နယ်တို့တွင် စုစုပေါင်း(၈)ကြိမ်၊ တက်ရောက်သူဦးရေ(၂၁၀)ဦးဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် ရှမ်းပြည်နယ်အတွက် လစဉ်ရရှိသော စားအုန်းဆီ တန်(၉၀၀)အား မြို့နယ်ပေါင်း (၂၈)မြို့နယ်၊ လူဦးရေ(၃၆၂၈၁၃၂)ဦး အိမ်ထောင်စု (၇၆၅၃၅၇)စုတို့ကို စားအုန်းဆီ ဖြန့်ဖြူးရောင်းချပေးခဲ့ပါတယ်။ တန်ချိန်ပေါင်းက (၁၅၇၅)တန် ဖြစ်ပါတယ်။ အသိပညာပေးသင်တန်းများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ဧည့်ကြိုဝန်ဆောင်မှုသင်တန်း၊ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်း၊ အိပ်ခန်းဆောင် ထိန်းသိမ်းရေးသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ ရုရှားဘာသာစကားမွန်းမံ သင်တန်းများကို စုစုပေါင်း အကြိမ်(၄)ကြိမ်၊ သင်တန်းသား (၂၁၃)ဦးဖြင့် ဖွင့်လှစ် ဆောင်ရွက်ပေးခဲ့ပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ရှမ်းပြည်နယ်သူ၊ ပြည်နယ်သားများ၏ အလုပ်အကိုင်အခွင့်အရေးရရှိရေး၊ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးများ ဆောင်ရွက်နေ ကြောင်း ရှင်းလင်းပြောကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ယနေ့အတွက် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာ ကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက် ရယူခြင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ ဖွဲ့စည်းကြောင်းကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၆) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) ၁၁.၆.၂၀၂၆ ရက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာ ကော်မတီတွင် ထည့်သွင်းဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်အမည်စာရင်းပေးပို့လာခြင်း မရှိတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာဖြစ်ပါတယ်-

| **စဉ်** | **အမည်** | **မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ်** | **ရာထူး** |
|---|---|---|---|
| (၁) | ဦးစိုင်းဟွမ်နွံ | ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဦးဇော်လွင် | နမ့်ဆန်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အတွင်းရေးမှူး |
| (၃) | ဒေါ်နန်းမှတ်နွမ်း | မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၄) | ဦးစိုင်းဟောင်ခမ်း | မိုင်းကိုင်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၅) | ဦးအိုက်ပလိပ် | ကျိုင်းတုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးမောင်မောင် | ကွမ်းလုံမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၇) | ဦးသီဟလှိုင် | သီပေါမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဦးခမ်းလူ | မက်မန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |

(၉) ဗိုလ်မှူး တပ်မတော်သား အဖွဲ့ဝင်
ဒေါ်ဝေနှင်းအောင် လွှတ်တော်ကိုယ်စားလှယ်

(၁၀) ဗိုလ်ကြီး တပ်မတော်သား အဖွဲ့ဝင်
ဒေါ်ဖြိုးသဇင်ကျော် လွှတ်တော်ကိုယ်စားလှယ်

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ လျာထားချက်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ ဖွဲ့စည်းကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၇) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) ၁၁.၆.၂၀၂၆ ရက်နေ့မှာ သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတွင် ထည့်သွင်း ဖွဲ့စည်းမည့် အဖွဲ့ဝင်ဦးရေ၊ အမည်စာရင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်တို့ကို တင်ပြခဲ့ပြီးဖြစ်ပါတယ်။

သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့

လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းပေးပို့လာခြင်းမရှိတဲ့အတွက် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းမှာဖြစ်ပါတယ်-

| စဉ် | အမည် | မဲဆန္ဒနယ်/ ကိုယ်စားလှယ်အမှတ် | တာဝန် |
|---|---|---|---|
| (၁) | ဦးစိုင်းခတ္တိယ | မိုင်းဆတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | ဥက္ကဋ္ဌ |
| (၂) | ဒေါ်နန်းဆိုင်မွန်း | တန့်ယန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အတွင်းရေးမှူး |
| (၃) | ဦးမင်းထွန်းအောင် | ကွန်ဟိန်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၄) | ဦးခွန်ညိုမောင် | ဟိုပုံးမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၅) | ဦးစိုင်းခစ်နွဲ့ | မိုင်းဖြတ်မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၆) | ဦးစိုင်းဘွန်းစီ | မိုင်းယောင်းမြို့နယ် ကိုယ်စားလှယ်အမှတ်(၁) | အဖွဲ့ဝင် |
| (၇) | ဦးကျော်သိန်းအောင် | ပန်ဆန်း(ပန်ခမ်း)မြို့နယ် ကိုယ်စားလှယ်အမှတ်(၂) | အဖွဲ့ဝင် |
| (၈) | ဗိုလ်မှူးကျော်စိုးလင်း | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၉) | ဗိုလ်မှူး အောင်အောင်မျိုး | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |
| (၁၀) | ဗိုလ်ကြီးကျော်ဝင်းလှိုင် | တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် | အဖွဲ့ဝင် |

တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်ကိုယ်စားလှယ်များက သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။ လွှတ်တော်က သဘောတူပါသည်။)**

လွှတ်တော်ကိုယ်စားလှယ်များက သဘောတူတဲ့အတွက် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်တို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော် လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၈) ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဟာဆိုရင် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို အောင်မြင်စွာကျင်းပပြုလုပ်နိုင်ခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်း ဆောင်ရွက်ခဲ့တဲ့ လလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှ စတင်ပြီး ယနေ့ ဇွန်လ ၁၂ ရက်နေ့အထိ အစည်းအဝေးရက်ပေါင်း (၄)ရက် ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးမှာ ဥပဒေပြုရေးဆိုင်ရာကော်မတီ နှင့် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဦးရေ ပြင်ဆင်နိုင်ခဲ့ပြီး ကော်မတီအသစ် (၆)ခု ဖြစ်တဲ့ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေး ဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီ၊ တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာကော်မတီ၊ သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီတို့ကို ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီအသီးသီးရဲ့ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ လျာထားချက်များကို ဖတ်ကြားရှင်းလင်းပြီး ကော်မတီအဖွဲ့ဝင် ဦးရေ၊ အဖွဲ့ဝင်များရဲ့ အမည်စာရင်း၊ ကော်မတီ၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ရဲ့ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့တင်ပြပြီး လွှတ်တော်ရဲ့ အတည်ပြုချက်ရယူဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပထမပုံမှန်အစည်းအဝေးကျင်းပပြီးနောက် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူကြားထဲကကွင်းဆင်းပြီး ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ ဆန္ဒ၊ ပြည်သူများရဲ့ မျှော်လင့်ချက်တွေကိုသိရှိပြီး လွှတ်တော်ကတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်း ဆောင်ရွက်ခဲ့ကြရာမှာ ကျွန်တော်တို့လွှတ်တော်ကိုယ်စားလှယ်(၁၇)ဦးက ကြယ်ပွင့်ပြမေးခွန်း (၇၀)ခုကို လွှတ်တော်ကတစ်ဆင့် မေးမြန်းခဲ့တဲ့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် တာဝန်ရှိသူများက လွှတ်တော်မှာ ဖြေကြားပေးခဲ့ ကြပြီးဖြစ်ပါတယ်။ ဒါ့အပြင် လွှတ်တော်ကိုယ်စားလှယ် (၂၆)ဦးက ပေးပို့တဲ့ ကြယ်ပွင့် မပြမေးခွန်း (၁၆၉)ခုကိုလည်း လွှတ်တော်ကတစ်ဆင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့ ပေးပို့ခဲ့ပြီးဖြစ်ပါတယ်။ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် စပ်လျဉ်းပြီး လက်တွေ့အကောင်အထည်ဖော်နိုင်မှုအခြေအနေကို ကျွန်တော်တို့ ရှမ်းပြည်နယ်လွှတ်တော်က ဖွဲ့စည်းထားတဲ့ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီက လိုအပ်သလို စိစစ်သွားမှာ ဖြစ်ပါတယ်။

ပြည်သူတွေရဲ့လိုလားချက်ကို အကောင်အထည်ဖော်တဲ့အနေနဲ့ အဆိုတွေတင်သွင်းခြင်းနှင့်မေးခွန်းတွေမေးမြန်းတဲ့နေရာမှာ ဥပဒေ၊ နည်းဥပဒေကို လေးစားလိုက်နာကြစေလိုပါတယ်။ မေးခွန်းမေးမြန်းရာမှာလည်း ပြီးပြည့်စုံတဲ့မေးခွန်းဖြစ်စေဖို့ ရှမ်းပြည်နယ်လွှတ်တော်ရုံးကနေ လွှတ်တော်ကိုယ်စားလှယ်များထံ နမူနာပုံစံပေးပို့ထားပြီးဖြစ်ပါတယ်။ မေးခွန်းမေးမြန်းတဲ့နေရာမှာ ပြည့်ပြည့်စုံစုံရေးသားဖော်ပြမှသာ ဖြေကြားပေးမဲ့ သက်ဆိုင်ရာအစိုးရ၊ ဌာန၊ အဖွဲ့အစည်းတွေအနေနဲ့ကလည်း ပြည့်စုံတဲ့ ဖြေကြားချက်ကို ပေးနိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်

လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၇ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း ကြယ်ပွင့်ပြမေးခွန်းများကို အစည်းအဝေးမတိုင်မီ အနည်းဆုံး(၁၀)ရက်ကြိုတင်ပြီး လွှတ်တော်ရုံးကို ပေးပို့ရမှာဖြစ်ကြောင်း သတိပြုကြစေလိုပါတယ်။ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်းတွေ ပြုလုပ်တဲ့အခါမှာ မိမိတို့မေးမြန်းလိုတဲ့ အကြောင်းအရာတင်ပြချက်၊ ဖြေကြားချက်များကို ပါဝါပွိုင့်များနဲ့တင်ပြခြင်းဟာ ပိုမိုကောင်းမွန်တဲ့ တင်ပြချက်၊ ပိုမိုကောင်းမွန်တဲ့ ဖြေကြားချက်များဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များအနေနဲ့ ပါဝါပွိုင့်နဲ့ တင်ပြလိုတဲ့ကိစ္စရပ်များရှိပါက စီဒီ သို့မဟုတ် ဒီဗီဒီများဖြင့် ရှမ်းပြည်နယ်လွှတ်တော်ရုံးသို့ (၁)ရက်ကြိုတင်ပြီးပေးပို့သွားရမှာဖြစ်ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီ(၁၀)ခုဖွဲ့စည်းတဲ့နေရာမှာ လွှတ်တော်ကိုယ်စားလှယ်အားလုံး မျှတစွာပါဝင်ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း)၊ (မြောက်ပိုင်း)၊ (အရှေ့ပိုင်း) အားလုံးပါဝင်စေရေးအတွက် စနစ်တကျနဲ့ အတည်ပြုဖွဲ့စည်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ လုပ်ငန်းတာဝန်လည်း သတ်မှတ်ထားပြီးဖြစ်တဲ့အတွက် ကော်မတီတွေအနေနဲ့ လွှတ်တော်ရပ်နားထားစဉ်မှာ ကော်မတီအလိုက် ဆောင်ရွက်ရမယ့်ကိစ္စများကို ထဲထဲဝင်ဝင် သိရှိအောင်လေ့လာပြီး အားထုတ်ကြိုးပမ်းဆောင်ရွက်ကြစေလိုပါတယ်။ ကော်မတီဝင်တွေအနေနဲ့ မိမိသက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းတာဝန်တွေနဲ့ဆက်စပ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကိုလည်း နားလည်သဘောပေါက်အောင် လေ့လာဆည်းပူးကြစေလိုပါတယ်။ ဒါမှသာ ဆောင်ရွက်ရတဲ့လုပ်ငန်းစဉ်တွေဟာ မှန်ကန်မြန်ဆန်လာပြီး နိုင်ငံ့အကျိုး၊ ပြည်နယ်အကျိုး၊ ပြည်သူလူထုအကျိုးတွေ ပိုမိုဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

နောင်ကျင်းပမဲ့ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ တတိယပုံမှန်အစည်းအဝေးမှာဆိုရင် ဘတ်ဂျက်နှင့်ပတ်သက်ပြီး ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွေ၊ ဒေသန္တရစီမံကိန်းဥပဒေကို ဘယ်လိုရေးဆွဲရတယ်ဆိုတာတွေကို ကြိုတင်လေ့လာထားကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။ ဥပဒေပြုရေးဆိုင်ရာကော်မတီအနေနဲ့လည်း ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား(၂)မှာ ဖော်ပြထားတဲ့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းထားတဲ့ အကြောင်းအရာခေါင်းစဉ်တွေကိုလေ့လာပြီး မိမိပြည်နယ်အတွက်

လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းနိုင်ဖို့၊ ဖြည့်စွက်နိုင်ဖို့နဲ့ ခေတ်စနစ်နဲ့မကိုက်ညီတဲ့ဥပဒေ ပြင်ဆင်နိုင်ဖို့အတွက် ထဲထဲဝင်ဝင်လေ့လာထားကြပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားကြဖို့လည်း ပြောကြားလိုပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ကျင်းပစဉ်ကာလအတွင်း အစည်းအဝေးရပ်နားတဲ့အချိန်တွေမှာ လွှတ်တော်ကိုယ်စားလှယ်များအတွက် မိမိတို့ ဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ အထောက်အကူ ဖြစ်စေရန် Capacity Building စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်းတဲ့ ဆွေးနွေးပွဲ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆွေးနွေးပွဲ တွေကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ နောင်လွှတ်တော်အစည်းအဝေးတွေမှာလည်း ယခုလိုပြည်နယ်အဆင့်ဌာနဆိုင်ရာများနှင့် ဆွေးနွေးပွဲများ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပထမနေ့မှ စတုတ္ထနေ့အထိ အစည်းအဝေးတက်ရောက်မှုအခြေအနေအားလုံးကို မှတ်တမ်း တင်ခြင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရှမ်းပြည်နယ်လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကို ပြည်သူများ အချိန်နှင့် တစ်ပြေးညီ သိရှိနိုင်ရေးအတွက် ရှမ်းပြည်နယ်လွှတ်တော် YouTube Channel, Shan State Hluttaw Website တို့ကနေ သတင်းထုတ်ပြန်ခြင်းကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကာလအတွင်း မှာ လွှတ်တော်အစည်းအဝေးသို့ မီဒီယာ(၉)ခုတို့က သတင်းရယူစေခဲ့ပါတယ်။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ဒုတိယပုံမှန်အစည်းအဝေးကာလအတွင်းမှာ လေ့လာသူ(၂၁)ဦး လာရောက်လေ့လာခဲ့ကြောင်း တင်ပြအပ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ လွှတ်တော်အစည်းအဝေးကာလမှာ လွှတ်တော်အတွင်း တာဝန်များကိုထမ်းဆောင်ခဲ့ကြသလို လွှတ်တော်ပြင်ပတာဝန် များကိုလည်း မိမိတို့ရောက်ရှိရာ မိမိတို့တာဝန်ကျရာဒေသမှာ ကြုံတွေ့ရတဲ့ အခြေအနေ

ပေါ်မူတည်ပြီး မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ပြီး စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ကြပါစေ။ ပြည်သူတို့၏လိုအင်နှင့်ဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ကြပါစေ။ လာမည့်တတိယပုံမှန်အစည်းအဝေးကိုလည်း ယခုလိုပဲ စုံစုံညီညီနဲ့ ပြန်လည်ဆုံတွေ့ကြပါစို့လို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

## ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့) အစီအစဉ် ပြီးစီးကြောင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ပြီးမြောက်ကြောင်း ကြေညာခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ်(၉) ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့) အစီအစဉ် ပြီးစီးပါပြီ။ သို့ဖြစ်ပါ၍ တတိယအကြိမ် ရှမ်းပြည်နယ် လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးမြောက်ကြောင်း ကြေညာပါတယ်ခင်ဗျား။

**အခမ်းအနားမှူး။** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ပါပြီ ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**(တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)ကို နေ့လယ် ၁၂း၁၀ အချိန်တွင် ရပ်နားပါသည်။)**

## ရှမ်းပြည်နယ်လွှတ်တော်

## မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်နေ့မှ နယုန်လပြည့်ကျော် ၁၃ ရက်နေ့ထိ (ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့မှ ဇွန်လ ၁၂ ရက်နေ့ထိ) တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည့် တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆုံးဖြတ်ချက်များ

**ပထမနေ့ (၉- ၆- ၂၀၂၆) အင်္ဂါနေ့**

၁။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦး၊ တက်ရောက်သူ (၁၂၁)ဦး၊ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦး၊ ခွင့်မဲ့ ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၂။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားခြင်းကို လွှတ်တော်က မှတ်တမ်းတင်သည်။

၃။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး(တတိယနေ့)၌ ၃၀.၃.၂၀၂၆ ရက်နေ့တွင် လွှတ်တော်မှ အတည်ပြုဖွဲ့စည်းခဲ့သော **"ဥပဒေပြုရေး ဆိုင်ရာကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီတို့၏ ကော်မတီဝင်ဦးရေ"** အား ဒုတိယပုံမှန်အစည်းအဝေး (ပထမနေ့)၌ ကော်မတီဝင်ဦးရေ ပြင်ဆင်သတ်မှတ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်းဆုံးဖြတ်သည်။

**ဒုတိယနေ့ (၁၀- ၆- ၂၀၂၆) ဗုဒ္ဓဟူးနေ့**

၄။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ (၁၂၆)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၆)ဦးရှိရာ

ခွင့်မဲ့ပျက်ကွက်သူ မရှိကြောင်း အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင် သည်။

၅။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ပထမနေ့) ၉.၆.၂၀၂၆ ရက်၌ လွှတ်တော်တွင် တင်ပြခဲ့သည့် **"ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာကော်မတီ"**တို့အား အစည်းအဝေး(ဒုတိယနေ့)တွင် လွှတ်တော်မှ အတည်ပြုဖွဲ့စည်းကြောင်းဆုံးဖြတ်သည်။

**တတိယနေ့(၁၁- ၆- ၂၀၂၆) တနင်္လာနေ့**

၆။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိ၍ တက်ရောက်သူ (၁၁၇)ဦးရှိသဖြင့် ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၇။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(ဒုတိယနေ့) ၁၀.၆.၂၀၂၆ ရက်၌ လွှတ်တော်တွင် တင်ပြခဲ့သည့် **"စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကော်မတီနှင့် တရားဥပဒေစိုးမိုးရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် တိုင်ကြားစာများစိစစ်ရေးကော်မတီ"**တို့အား အစည်းအဝေး (တတိယနေ့)တွင် လွှတ်တော်မှ အတည်ပြုဖွဲ့စည်းကြောင်းဆုံးဖြတ်သည်။

**စတုတ္ထနေ့(၁၂- ၄- ၂၀၂၆) သောကြာနေ့**

၈။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(စတုတ္ထနေ့)၌ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၂)ဦးရှိပြီး တက်ရောက်သူ(၁၂၁)ဦးရှိ၍ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၁)ဦးရှိရာ ခွင့်မဲ့ပျက်ကွက်သူမရှိကြောင်း အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်က အတည်ပြုမှတ်တမ်းတင်သည်။

၉။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) ၁၁.၆.၂၀၂၆ ရက်၌ လွှတ်တော်တွင် တင်ပြခဲ့သည့် **"စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဆိုင်ရာ ကော်မတီနှင့် သစ်တော၊ သတ္တု၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးနှင့် လျှပ်စစ်ရေးရာကော်မတီ"** တို့အား အစည်းအဝေး(စတုတ္ထနေ့)တွင် လွှတ်တော်မှ အတည်ပြု ဖွဲ့စည်းကြောင်းဆုံးဖြတ်သည်။

၁၀။ တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (စတုတ္ထနေ့)၌ **"ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များအပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာ များအား ရှင်းလင်းတင်ပြခြင်း"** ကို လွှတ်တော်က မှတ်တမ်းတင်သည်။